

# ခြောက်ထပ်ကြီး
# ရွှေသာလျောင်းဘုရားကြီးသမိုင်း

အရှင်ခေမိန္ဒသာမိ
ဂဏဝါစက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ ပြုစုသည်

# ခြောက်ထပ်ကြီး
# ရွှေသာလျောင်းဘုရားကြီးသမိုင်း


အရှင်ခေမိန္ဒသာမိ

ဂဏဝါစက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ

ပြုစုသည်



သာသနာ- ၂၅၅၇ ကောဇာ- ၁၃၇၅ ခရစ်-၂၀၁၃

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**

တတိယအကြိမ်၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ**

၃၀၀၀

**မျက်နှာဖုံးပန်းချီ**

ပန်းချီ-ဦးဘကြည်

**ထုတ်ဝေသူ**

**မမျိုးမျိုးလတ် "ရွှေခေတ်စာပေ"**

အမှတ်(၂၁)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးဒီဇိုင်း**

ကိုဝေထက်အောင်(သဇင်)

**ကွန်ပျူတာစာစီနှင့် ဖလင်**

Stars Empire

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးတင်သောင်း၊ Revenue ပုံနှိပ်တိုက်

**တန်ဖိုး**

ဓမ္မဒါန

# ကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ ရေးသားပြုစုတော်မူသည့် **"ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးသမိုင်း"** ကို တတိယအကြိမ် ထုတ်ဝေရန်အတွက် စာမူကိုစိစစ်ပေးပါသော ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓ (ဓမ္မာစရိယ၊ ဓမ္မကထိက) အားလည်းကောင်း၊ ကွန်ပျူတာစာစီပေးပါသော STARS EMPIRE One Stop Printing Service မှ မန်နေဂျာ ဒေါ်မေနန်းထွန်းနှင့် မပန်းအိဖြူ တို့အားလည်းကောင်း၊ မျက်နှာဖုံး ပန်းချီအတွက် နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘကြည်၏ ရုပ်စုံဗုဒ္ဓ သာသနာဝင်မှ ပုံတော်အမှတ် (၃၆) အား အသုံးပြုခွင့်ပေးပါသော ဆရာကြီးဦးဘကြည်၏ သမီးကြီးသြရသ ဒေါ်ဝေဝေကြည် (အငြိမ်းစား ဥပဒေပါမောက္ခ) မိသားစုအားလည်းကောင်း၊ ဆရာကြီး ဦးဘကြည်၏ ပန်းချီကားကို ကွန်ပျူတာဒီဇိုင်းဖန်တီးပေးပါသော THAZIN DIGITAL & FILM PHOTO မှ ကိုဝေထက်အောင် အားလည်းကောင်း၊ ကွန်ပျူတာစာစီပြီးစာမူကို သေချာစွာစိစစ်ပေးပါသော ပြည်တွင်းအခွန်များဦးစီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူး ဆရာဦးကေကေ အားလည်းကောင်း၊ စာမူကိုပုံနှိပ်ပေးပါသော Revenue ပုံနှိပ်တိုက် အားလည်းကောင်း ကျေးဇူးဥပကာရ အထူး တင်ရှိပါကြောင်း ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

**စီစဉ်သူ**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိတ်ဆက်နိဒါန်း | ထ |
| | **နိဒါန်း** | |
| ၂။ | ရာဇဝင်နှင့်သမိုင်း | ။ |
| ၃။ | အချိန်အတော်လင့်ခဲ့ပြီ | ဃ |
| ၄။ | စေတီသုံးပါးကို မြတ်စွာဘုရားခွင့်ပြုတော်မူခြင်း | လ |
| ၅။ | စေတီသုံးပါး စေတီလေးပါး | ဝ |
| ၆။ | ထူပါရဟာပုဂ္ဂိုလ်လေးပါး | ဟ |
| ၇။ | စေတီနှင့်ပုထိုးအထူး | ဠ |
| ၈။ | ဥဒ္ဒိဿကစေတီ စတင်တည်ထားရာခေတ် | အ |
| ၉။ | မြန်မာနိုင်ငံတော်၌ ဗုဒ္ဓရုပ်ပွားတော် စတင် ကိုးကွယ်သည့်ခေတ် | ကက |
| ၁၀။ | ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး | ခခ |
| ၁၁။ | သမိုင်း၏မှီရာ | ဂဂ |
| ၁၂။ | ကျေးဇူးပြုကြသည့်ပုဂ္ဂိုလ်များ | ဂဂ |
| ၁၃။ | မျက်နှာဖုံးသရုပ်ဖော်ပုံ | ဃဃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးသမိုင်း** | |
| ၁၄။ | ခြောက်ထပ်ကြီးရွှေသာလျောင်း ဘုရားကြီးနှင့် ပတ်သက်သောပုံများ | |
| ၁၅။ | ငါးထပ်ကြီးဘုရားသမိုင်းအကျဉ်း | ၂ |
| ၁၆။ | ငါးထပ်ကြီးဘုရားကိုတည်ခြင်း | ၃ |
| ၁၇။ | ဆာဘိုးသာ ခြောက်ထပ်ကြီးဘုရားကို တည်ခြင်း | ၄ |
| ၁၈။ | မူလခြောက်ထပ်ကြီးဘုရားတည်ရန် နှိုးဆော်စာ | ၆ |
| ၁၉။ | ဘုရားကြီးတည်သောခုနှစ် | ၈ |
| ၂၀။ | ခြောက်ထပ်ကြီးဟုဘွဲ့တော်တွင်ခြင်း | ၈ |
| ၂၁။ | မူလ ခြောက်ထပ်ကြီးဘုရားကြီး၏ အတိုင်းအထွာတော်များ | ၁၀ |
| ၂၂။ | ဘုရားကြီးသမိုင်းရေးလျှင် ဘုရားကြီး ဆရာတော်ကို ချန်ထား၍မဖြစ် | ၁၁ |
| ၂၃။ | တန်ဖိုးမသိက ပတ္တမြားအလှကိုပင် စွန့်ပစ်ကြသည် | ၁၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | တက္ကသိုလ် မြကျွန်းသာ | ၁၅ |
| ၂၅။ | ဘုရားကြီးကျောင်းတိုက် ကြီးပွားလာခြင်းအကြောင်းများ | ၁၅ |
| ၂၆။ | ဆာဘိုးသာ သာသနာတော်ကို ချီးမြှောက်ပုံ | ၁၇ |
| ၂၇။ | ဆာဘိုးသာ၏လျှောက်ထားချက် | ၁၈ |
| ၂၈။ | ခေတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးကို ဖွဲ့စည်းခြင်း | ၁၉ |
| ၂၉။ | အညာသိကောဏ္ဍည | ၂၀ |
| ၃၀။ | ကျောင်းတိုက်ကြီး ကျယ်ဝန်းလာခြင်း | ၂၁ |
| ၃၁။ | မြေသစ်ဝယ်ယူရန် နှိုးဆော်စာ | ၂၂ |
| ၃၂။ | ဘုရားကြီးကိုပြုပြင်ရန် မိုးညှင်းဆရာတော်ကြီး တိုက်တွန်းခြင်း | ၂၅ |
| ၃၃။ | မိုးညှင်းဆရာတော်ကြီး ဩဝါဒ | ၂၆ |
| ၃၄။ | ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆွေးနွေးခြင်း | ၂၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ဘုရားကြီးပြန်လည်ပြုပြင်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခြင်း | ၂၈ |
| ၃၆။ | အပိုင်းသုံးပိုင်း | ၃၀ |
| ၃၇။ | ဘုရားကြီးပြုပြင်ရေးအဖွဲ့၏ နှိုးဆော်စာ | ၃၁ |
| ၃၈။ | ဘုရားကြီးပြုပြင်ရေးအဖွဲ့ကို ဒုတိယအကြိမ် ဖွဲ့စည်းခြင်း | ၃၄ |
| ၃၉။ | အင်ဂျင်နီယာများက အကြံဉာဏ်ပေးခြင်း | ၃၆ |
| ၄၀။ | ဆရာတော်ကြီးများထံ ဩဝါဒတောင်းခံခြင်း | ၃၈ |
| ၄၁။ | ပြုပြင်ရေးအဖွဲ့၏ လျှောက်လွှာ | ၃၉ |
| ၄၂။ | ဆရာတော်ကြီးများ၏ ဩဝါဒ | ၄၂ |
| ၄၃။ | တက္ကသိုလ်ဆရာတစ်ဦးက မှာဖူးသည့် နှုတ်ရည် | ၄၈ |
| ၄၄။ | မန်လည်ဆရာတော်ဘုရားကြီး၏ အနုဂ္ဂဟစာတမ်း | ၅၀ |
| ၄၅။ | တတိယအကြိမ် တိုးချဲ့ဖွဲ့စည်းခြင်း | ၅၃ |
| ၄၆။ | ပြုပြင်ရေးအဖွဲ့၏ နှိုးဆော်စာ | ၅၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | စည်သူချုပ်သင်း ဦးဘတင်အား တာဝန်လွှဲအပ်ကြခြင်း | ၆၄ |
| ၄၈။ | ဘုရားကြီးကို စတင်၍ဖျက်ခြင်း | ၆၅ |
| ၄၉။ | ဘုရားဖျက်လို့ ပုံလွှန်လျှင် သင်္ချိုင်း၌ လူသေရှိမှာ မဟုတ် | ၆၆ |
| ၅၀။ | ဝသဘမင်းကြီးဝတ္ထု | ၆၇ |
| ၅၁။ | အသက်ရှည်ကြောင်းတရား(၆)ပါး | ၆၈ |
| ၅၂။ | ဘုရားကြီးဆရာတော်ပျံလွန်တော်မူခြင်း | ၇၀ |
| ၅၃။ | ဦးစန္ဒောဘာသကို တည်ဆောက်ရေး အဖွဲ့၏ နာယကတင်မြှောက်ခြင်း | ၇၂ |
| ၅၄။ | ရော့စန်ကုမ္ပဏီအား ကန်ထရိုက်ပေးခြင်း | ၇၄ |
| ၅၅။ | တည်ဆောက်ရေးစာချုပ် | ၇၄ |
| ၅၆။ | သံတန်ဆောင်းတော်ကြီးအုတ်မြစ်ချခြင်း | ၇၈ |
| ၅၇။ | တိုင်ထူမင်္ဂလာပွဲကျင်းပခြင်း | ၇၉ |
| ၅၈။ | ဆောက်လုပ်ရေးဖင့်နှေးကြန့်ကြာနေခြင်း | ၈၁ |
| ၅၉။ | ရန်ကုန်သတင်းစာ၏ရေးသားချက် | ၈၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀။ | သံတန်ဆောင်းတော်ကြီး သွပ်မိုးပြီးစီးခြင်း | ၈၇ |
| ၆၁။ | သံတန်ဆောင်းတော်ကြီးအလှူရှင်များစာရင်း | ၈၉ |
| ၆၂။ | ဦးခေါင်းတော်အရွှေ့ပြုရန် ဩဝါဒခံယူခြင်း | ၉၈ |
| ၆၃။ | ပဲခူးရွှေသာလျောင်းဘုရားကြီး | ၁၀၂ |
| ၆၄။ | ကုလားငဇင်ကာ၏ ဖျက်ဆီးခြင်းကိုခံရခြင်း | ၁၀၃ |
| ၆၅။ | ရွှေသာလျောင်းဘုရားကြီး ပြန်လည်တည်ထားခြင်း | ၁၀၅ |
| ၆၆။ | ဓာတ်တော်နှင့်အောင်မြေများ လှူဒါန်းခြင်း | ၁၀၆ |
| ၆၇။ | မိုးညှင်းဆရာတော်ကြီး၏ပေးစာ | ၁၀၇ |
| ၆၈။ | ဓာတ်တော်များကိုပင့်ဆောင်ခြင်း | ၁၀၉ |
| ၆၉။ | မုံရွာဆရာမြ၏ နမူနာပုံတော် | ၁၁၀ |
| ၇၀။ | တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး၏ အစီရင်ခံစာ | ၁၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | အစီရင်ခံစာကိုဆွေးနွေးကြခြင်း | ၁၁၇ |
| ၇၂။ | ချုပ်သင်းဦးဘတင်၏လျှောက်ထားလွှာ | ၁၁၈ |
| ၇၃။ | ဆရာတော်ကြီးများ၏ဩဝါဒ | ၁၂၀ |
| ၇၄။ | စည်းမျဉ်းဥပဒေရေးဆွဲခြင်း | ၁၂၂ |
| ၇၅။ | တည်ဆောက်ရေးအဖွဲ့ဥပဒေ | ၁၂၄ |
| ၇၆။ | အဖွဲ့သစ်ကို ထပ်မံဖွဲ့စည်းခြင်း | ၁၂၉ |
| ၇၇။ | ပခုက္ကူဆရာတော်ကြီး၏ ဩဝါဒကိုခံယူခြင်း | ၁၃၁ |
| ၇၈။ | ပခုက္ကူဆရာတော်ကြီး၏ ဩဝါဒမိန့်ခွန်း | ၁၃၃ |
| ၇၉။ | ပလ္လင်ကြီးကို ပြင်ဆင်ခြင်း | ၁၃၅ |
| ၈၀။ | ဆရာသောင်းနှင့် စာချုပ်ချုပ်ခြင်း | ၁၃၇ |
| ၈၁။ | တည်ဆောက်ရေးစာချုပ် | ၁၃၇ |
| ၈၂။ | ရွှေသာလျောင်းဘုရားကြီး စတင်တည်ခြင်း | ၁၄၀ |
| ၈၃။ | အမာခံကွန်ကရိအုတ်မြစ်တိုင်ချမင်္ဂလာ | |
| ၈၄။ | မင်္ဂလာဩဘာစာ | ၁၄၅ |
| ၈၅။ | မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပခြင်း | ၁၄၉ |
| ၈၆။ | ဥက္ကဋ္ဌကြီးဦးမြင့်ထူး၏ လျှောက်ထားလွှာ | ၁၅၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၇။ | ရွှေဘုန်းပွင့်ဆရာတော်၏ဩဝါဒ | ၁၅၄ |
| ၈၈။ | ဆရာတော် ဦးသေဋ္ဌိလ၏ဩဝါဒ | ၁၅၆ |
| ၈၉။ | ဘုရားကြီးဆရာတော်၏ဩဝါဒ | ၁၅၉ |
| ၉၀။ | မဟာစည်ဆရာတော်၏ဩဝါဒ | ၁၆၂ |
| ၉၁။ | ဘုံပျံဆရာတော်၏ဩဝါဒ | ၁၆၆ |
| ၉၂။ | အာသီသပတ္ထနာဂါထာများ | ၁၆၉ |
| ၉၃။ | ပထမအကြိမ် ဌာပနာတိုက်ပိတ်ခြင်း | ၁၇၂ |
| ၉၄။ | ဦးခေါင်းတော်ကြီးတပ်ဆင်ခြင်း | ၁၇၃ |
| ၉၅။ | ဖန်သားမျက်လုံးတော်နှစ်ဆူ ဆက်သလာခြင်း | ၁၇၅ |
| ၉၆။ | ဖန်မျက်လုံးတော်တပ်ဆင်ပူဇော်ပွဲကြီး ကျင်းပခြင်း | ၁၇၈ |
| ၉၇။ | မော်ကွန်းတင်ရတုပိုဒ်စုံသုံးပုဒ် | ၁၈၀ |
| ၉၈။ | ရွှေသာလျောင်းဘုရားကြီး အကြမ်းထည်ပြီးစီးခြင်း | ၁၈၂ |
| ၉၉။ | ခြောက်ထပ်ရှင်ပင် မျက်နှာသွင် | ၁၈၃ |
| ၁၀၀။ | ခြောက်ထပ်ကြီးလျောင်းတော်မှုဘွဲ့တေးထပ် | ၁၈၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | ဂုဏ်တော်ဘွဲ့ဂါထာ | ၁၈၄ |
| ၁၀၂။ | အနေကဇာတင်ရန် တိုက်တွန်းတော်မူခြင်း | ၁၈၅ |
| ၁၀၃။ | ဗုဒ္ဓါဘိသေကမင်္ဂလာ | ၁၈၇ |
| ၁၀၄။ | ၁၉၆၇-ခုနှစ် အမှုဆောင်လူကြီးများ | ၁၈၈ |
| ၁၀၅။ | ဂဏဝါစကများအလှည့်ကျနာယကအဖြစ် ဆောင်ရွက်ကြခြင်း | ၁၉၀ |
| ၁၀၆။ | လက်ယာနံစောင်းဖြင့်သာ လဲလျောင်းတော်မူသည် | ၁၉၂ |
| ၁၀၇။ | လျောင်းတော်မူ လေးပါး | ၁၉၄ |
| ၁၀၈။ | မန္ဒုဟာဘုရားကြီး | ၁၉၅ |
| ၁၀၉။ | ပရိနိဗ္ဗာန်ပုံတော် | ၁၉၆ |
| ၁၁၀။ | ပေါင်းလည်းပုံတော် | ၁၉၇ |
| ၁၁၁။ | မကုဋ္ဌဗန္ဓနအဆောက်အအုံ | ၁၉၈ |
| ၁၁၂။ | ရွှေသာလျောင်းပုံတော် | ၂၀၀ |
| ၁၁၃။ | နေရဗာန်ပုံတော် | ၂၀၃ |
| ၁၁၄။ | ရာဟုအသူရိန်နတ်မင်းကြီးဝတ္ထု | ၂၀၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၅။ | အနုစိတ်အချောကိုင်လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၂၀၆ |
| ၁၁၆။ | ဥဏ္ဏာလုံမွေးရှင်တော် | ၂၀၇ |
| ၁၁၇။ | ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး၌ ဥဏ္ဏာလုံမွေးရှင်တော်ကပ်လှူခြင်း | ၂၀၉ |
| ၁၁၈။ | မသေမီသရဏဂုံတင်လိုခြင်း | ၂၁၀ |
| ၁၁၉။ | ဆရာတော်ကြီးတစ်ပါးကြွလာခြင်း | ၂၁၁ |
| ၁၂၀။ | လက်ဝတ်ရတနာများကို ရေစက်ချ လှူဒါန်းခြင်း | ၂၁၃ |
| ၁၂၁။ | ဥဏ္ဏာလုံတော်သစ်ကို ထပ်မံပြုလုပ်ခြင်း | ၂၁၄ |
| ၁၂၂။ | ဥဏ္ဏာလုံမွေးရှင်တော်ကပ်လှူခြင်း | ၂၁၅ |
| ၁၂၃။ | ဥဏ္ဏာလုံတော်သစ်၏ ကာလတန်ဖိုး | ၂၁၆ |
| ၁၂၄။ | ဆရာသောင်း၏ ကျောင်းသားတင်နည်း | ၂၁၇ |
| ၁၂၅။ | တတိယအကြိမ်ဌာပနာတော်တိုက်ပိတ်ခြင်း | ၂၂၀ |
| ၁၂၆။ | ရွှေသင်္ကန်းကပ်လှူခြင်း | ၂၂၁ |
| ၁၂၇။ | ပလ္လင်တော်ကြီးမှန်စီပြီး ကျောက်ပြားခင်းခြင်း | ၂၂၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၈။ | စက်လက္ခဏာတော်ထုလုပ်ခြင်း | ၂၂၆ |
| ၁၂၉။ | တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော်များ | ၂၂၇ |
| ၁၃၀။ | စက်လက္ခဏာတော်လင်္ကာကြီး | ၂၃၂ |
| ၁၃၁။ | အာရုံခံတန်ဆောင်းကြီးကို တိုးချဲ့ဆောက်လုပ်လျက်ရှိခြင်း | ၂၃၄ |
| ၁၃၂။ | ၁၉၈၁-ခုနှစ် အမှုဆောင်လူကြီးများ | ၂၃၇ |
| ၁၃၃။ | ဆင်းတုတော်ထုလုပ်နည်းလင်္ကာ | ၂၃၈ |
| ၁၃၄။ | ဆရာသောင်း၏လျှောင်းတော်မူ ရုပ်ပွားတော်စနစ်များ | ၂၃၉ |
| ၁၃၅။ | ခြောက်ထပ်ကြီးဘုရားကြီး၏ အတိုင်းအထွာများ | ၂၄၁ |
| ၁၃၆။ | သံပေါက်လင်္ကာ | ၂၄၅ |
| ၁၃၇။ | ဆရာသောင်း၏ အတ္ထုပ္ပတ္တိ | ၂၄၈ |
| ၁၃၈။ | နိဂုံးနှင့်ဆုတောင်း | ၂၅၂ |

## ဓမ္မာစရိယ ဦးမောင်မောင်လေး

## ၏

# မိတ်ဆက်နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၌ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးနှင့်တကွ ဗိုလ်တထောင်၊ ဆူးလေ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးစသော တန်ခိုးကြီး ဘုရားပုထိုးများ ထင်ရှားစွာတည်ရှိပေသည်။ ယင်း ဘုရားပုထိုးများသည် မြို့တော်သူ မြို့တော်သားတို့၏ နေ့စဉ်မပြတ် သဒ္ဓါကြည်ညို ကုသိုလ်ပွားများရာ ဌာနများဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပမှ အခါအားလျော်စွာ ရောက်လာကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ ဦးညွှတ်ပူဇော်ဖူးမြော်ရာဌာနများလည်းဖြစ်၏။ မြန်မာနိုင်ငံ၌ ဘုရားပုထိုးများ တည်ထားကိုးကွယ်ခြင်းသည် ပုဂံခေတ် အနော်ရထာမင်း လက်ထက်မှစ၍အထူးထင်ရှားလာခဲ့၏။ သို့ရာတွင် ရွှေတိဂုံ၊ ရွှေမော်ဓောနှင့် သရေခေတ္တရာမှ ဘောဘောကြီးစသည်တို့ကို ထောက်သော် အနော်ရထာမင်းလက်ထက် မတိုင်မီ နှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံ၌ ဘုရားပုထိုးများ ရှိနေပြီဖြစ်ကြောင်း သိနိုင်ပေသည်။

# (၁) မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံ၌ တည်ထားကိုးကွယ်လေ့ရှိသော ဘုရားပုထိုးများမှာ အကြမ်းအားဖြင့် အထဲ၌ ဓာတ်တော်၊ မွေတော်များ ထည့်သွင်းဌာပနာ၍ တည်ထားသော မြေစိုက်ပုထိုးတော်များ၊ သက်တော်ထင်ရှားမြတ်စွာဘုရားကို ရည်မှန်းထုလုပ်အပ်သော ရုပ်ပွားတော်များဟူ၍ ပူဇော်မြတ်နိုးရာဌာနများဖြစ်သောကြောင့် "စေတိယ= စေတီတော်" ဟု ခေါ်ဆိုသတ်မှတ်အပ်သော အရာများဖြစ်ပေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အများစုအနေဖြင့်မူ ထိုစေတီတော်များကို သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် ထပ်တူပြုလျက် "ဘုရား" ဟူသော ဝေါဟာရဖြင့်ပင် သိမှတ်ခေါ်ဝေါ် ပူဇော်ဆည်းကပ်ခြင်းပြုလျက် ရှိကြပေသည်။

ရန်ကုန်မြို့ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် ရွှေတိဂုံစေတီတော်၏ အရှေ့မြောက် တာ (၅၀၀)ခန့်ကွာသည့် တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိပေသည်။ ထိုဘုရားကြီးကို လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) ကျော်က ပွဲစားကြီး ဆာဘိုးသာနှင့် ဇနီးတို့က ဦးစီးဦးဆောင်ပြုကာ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပေသည်။ ဤသို့ ဆာဘိုးသာက ခြောက်ထပ်ကြီးဘုရား တည်ထားကိုးကွယ်ခြင်းသည် ယင်းနှင့်မလှမ်းမကမ်းတွင် တည်ရှိသော ငါးထပ်ကြီးဘုရား၏ သမိုင်းနှင့်လည်း ဆက်နွယ်လျက်ရှိ၏။

မြန်မာဘုရင်တို့လက်ထက်တွင် မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်မှစ၍ ပြည်သူပြည်သားတို့သည် ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်းစသော ထာဝရကုသိုလ်ဖြင့် သာသနာတော်ကို အားပေးချီးမြှောက်လေ့ ရှိခဲ့ကြ၏။ ထိုအစဉ်အလာသည် သီပေါမင်း

ပါတော်မူ၍ တစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသောအခါ၌လည်း ပျောက်ပျက်မသွားဘဲ ဆက်လက်ရှင်သန်ခဲ့ပေသည်။ အောက်မြန်မာနိုင်ငံသည် အထက်မြန်မာနိုင်ငံထက်စော၍ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသော်လည်း ကိုလိုနီဘဝမှ အောက်မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဘာသာရေးအသိ ဘာသာရေးစိတ်ဓာတ်နှင့် ဘာသာရေးအားမာန်ကား ထက်သန်လှပေသည်။

ယင်းသို့ ဘာသာရေးစိတ်ဓာတ် အလွန်ထက်သန်သောအချိန်ဖြစ်သည့် ၁၂၄၉ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်စျေးတန်းရပ်နေ ကုန်သည်ကြီး ဦးဘေကြီးနှင့် ဇနီး ဒေါ်အုန်းခိုင်တို့က ရွှေတိဂုံစေတီ၏ အရှေ့မြောက်ဘက်ရှိ အရှေ့တောရကြီးကျောင်း၌ ဘုံငါးဆင့်ရှိသော စံကျောင်းကြီးတစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းကို အလှူခံသော ပုဂ္ဂိုလ်မှာလည်း ထိုအချိန်က ဟံသာဝတီ နယ်လေးရပ်၏ ဂိုဏ်းချုပ်ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအာသဘ ဖြစ်ပေသည်။ ထို့နောက် ဦးဘေကြီးနှင့် ဒေါ်အုန်းခိုင်တို့၏သားဖြစ်သော ဦးဘိုးအောင်နှင့် ဒေါ်စိန်ရင်တို့သည် အရှေ့တောရကြီးကျောင်းတိုက်အတွင်းရှိ ပျက်စီးနေသော ရှေးဟောင်းရုပ်ပွားတော်များကို ဖြိုဖျက်ရွှေ့ပြောင်းပြီး တောင်ကုန်းထိပ်၌ ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကို တည်ကြပြန်လေသည်။ ထိုရုပ်ပွားတော်ကို ဆရာတော် ဦးအာသဘက "မဟာသကျအတုလမာရ်အောင် ဘုရားကြီး" ဟူ၍ ကမ္ပည်းတပ်ခဲ့၏။ သို့ရာတွင် အများပြည်သူတို့ကမူ ဘုံငါးဆင့်ရှိသော ဂန္ဓကုဋီစံကျောင်းတော်ကို အစွဲပြု၍ "ငါးထပ်ကြီးဘုရား" ဟူ၍သာ အလွယ်တကူ ခေါ်ခဲ့ကြလေသည်။

## (န) မိတ်ဆက်နိဒါန်း

ငါးထပ်ကြီးဘုရားဒကာ ဦးဘိုးအောင်နှင့် ဆာဘိုးသာတို့ကား ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။ ဆာဦးဘိုးသာသည် ဦးဘိုးအောင်ကို အားကျ၍ ခြောက်ထပ်ကြီး ဘုရားကိုတည်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ထိုအချိန်က ငါးထပ်ကြီးဘုရားနှင့် ငါးထပ်ကြီးကျောင်းတိုက်တို့မှာ လမ်းပန်းအဆက်အသွယ်ကောင်း၍ စည်ကားသိုက်မြိုက်နေပြီဖြစ်သော်လည်း ခြောက်ထပ်ကြီးဘုရားမှာမူ လမ်းများ မပေါက်သေးသဖြင့် ဘုရားဖူးများ သွားရောက်ဖူးမြော်ရန် မလွယ်ကူဘဲ ရှိခဲ့သည်။ ထို့ကြောင့် ဘုရားဖူးများသည် ငါးထပ်ကြီးဘုရားကိုဖူးပြီးသောအခါ ယင်းမှ အရှေ့မြောက်ဘက်ရှိ တောင်ကုန်းပေါ်၌ ထီးထီးမားမားတည်ရှိသော လျှောင်းတော်မူ ရုပ်ပွားတော်ကြီးကို လှမ်းမျှော်ဖူးမြင်ရင်း "ဒီ ငါးထပ်ကြီးဘုရားကနေပြီး ဖူးမြင်ရတဲ့ ရုပ်ပွားတော်ကြီးကတော့ ခြောက်ထပ်ကြီးဘုရားပေါ့" ဟူ၍ ပြောဆိုလေ့ရှိခဲ့ကြသည်။ ယင်းသို့ပြောဆိုခြင်းကို အကြောင်းပြု၍ "ခြောက်ထပ်ကြီးဘုရား" ဟူသော ဘွဲ့အမည်တော် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။

ငါးထပ်ကြီးဘုရားကို အကြောင်းပြု၍ ခြောက်ထပ်ကြီးဘုရားဟူသော ဘွဲ့အမည်တော် ဖြစ်ပေါ်လာသကဲ့သို့ နောင်အခါတွင် ခြောက်ထပ်ကြီးဘုရားကို အကြောင်းပြု၍ ခြောက်ထပ်ကြီးကျောင်းတိုက်သည်လည်း ဖြစ်ပေါ်လာခဲ့၏။ ထိုကျောင်းတိုက်၏ ဒါယကာမှာလည်း ဘုရားဒါယကာ ဆာဘိုးသာပင်ဖြစ်ရာ ခြောက်ထပ်ကြီးဘုရားနှင့် ခြောက်တပ်ကြီးကျောင်းတိုက်တို့မှာ သမိုင်းကြောင်းအားဖြင့် များစွာဆက်စပ်လျက် ရှိပေသည်။ ၁၂၉၂ ခုနှစ်

တွင် သံဃာ (၆၀) ကျော်မျှဖြင့် စတင်တည်ထောင်ခဲ့သော ခြောက်ထပ်ကြီးကျောင်းတိုက်သည် ဒုတိယကမ္ဘာစစ်မှ နောက်ပိုင်းခေတ်တွင် သံဃာ(၆၀၀) ကျော်မျှရှိသော အဓိကရ စာသင်တိုက်ကြီးအဖြစ်သို့ ဆိုက်ရောက်လာခဲ့ပေသည်။ ထို့ပြင် ခြောက်ထပ်ကြီးဆရာတော် အရှင်ကောဏ္ဍညမှာလည်း လွတ်လပ်ရေးခေတ်သာသနာရေးရာတို့၌ အလွန်ထင်ရှားသော ဆရာတော်တစ်ပါးဖြစ်လာခဲ့သည်။

ဘုရားဒါယကာ ဆာဘိုးသာသည် ထက်သန်ကြီးမားလှသော စေတနာ သဒ္ဓါတရားတို့ဖြင့် ခြောက်ထပ်ကြီးဘုရားကိုတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်၏။ သို့သော် ထုထည်ပမာဏ ကြီးမား၍ ပန်းရန်၊ လက်သမားတို့၏ ညံ့ဖျင်းမှုကြောင့် ရုပ်ပွားတော်ကြီးမှာများစွာ သပ္ပာယ်ခိုင်ခံ့ခြင်း မရှိခဲ့ချေ။ သာသနာပြုစိတ်ဓာတ်ထက်သန်ပြင်းပြလှရုံသာမက ဆောက်လုပ်ရေးအမြင်မျက်စိနှင့်လည်း ပြည့်စုံတော်မူသော ဆရာတော်အရှင်ကောဏ္ဍညသည်သာသနာရေးတာဝန်များ အလွန်များပြားနေသည့်ကြားမှပင်ဤအချက်ကို ကောင်းစွာဆင်ခြင် နှလုံးသွင်းမိခဲ့ပေသည်။ ယင်းသို့ရှိနေစဉ်မှာပင် နိုင်ငံတစ်ဝန်းလုံး၏ လေးစားယုံကြည်မှုကို ခံယူရရှိတော်မူသော မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒစကားကိုကြားနာရသောအခါ ရုပ်ပွားတော်ကြီးအား ပြုပြင်တည်ဆောက်ရန်အစွမ်းကုန် အားထုတ်တော်မူခဲ့လေသည်။

ဤသို့ဖြင့် ၁၉၅၅ ခုနှစ်လောက်က အစပြုခဲ့သော ခြောက်ထပ်ကြီး ရုပ်ပွားတော်ပြုပြင်ရေးလုပ်ငန်းသည် ရာစုနှစ်တစ်ခု၏

လေးပုံတစ်ပုံကာလမျှ ရှင်သန်လှုပ်ရှားလာခဲ့ပြီး ယခုအခါ တင့်တယ်သပ္ပာယ်သော ရုပ်ပွားတော်ကြီး ကြီးမားခိုင်ခံ့သော သံတန်ဆောင်းတော်ကြီးတို့နှင့် ကောင်းစွာ အောင်မြင်ခဲ့ပေပြီ။ ဤလုပ်ငန်းကြီးကို အစပျိုးခဲ့သော ဆရာတော်အရှင်ကောဏ္ဍညမှာမူ လုပ်ငန်းကြီးတစ်ပိုင်းတစ်စဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့၏။ သို့ရာတွင် ဆရာတော်၏ အရှိန်အဝါနှင့် မေတ္တာစေတနာတို့ကို ခံယူရရှိခဲ့သော တပည့်ဒါယကာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဆရာတော်၏ မြင့်မြတ်သော ရည်မှန်းချက်ကို အခက်အခဲများစွာတို့ကြားမှ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ဤတွင် ခြောက်ထပ်ကြီးရုပ်ပွားတော် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းသည် သာမန်လုပ်ငန်းတစ်ခုမဟုတ်၊ ဘာသာရေး အမြင်ကြည်လင်ပြတ်သားမှု၊ ဆောက်လုပ်ရေးနှင့် ဗိသုကာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် တောင့်တင်းသော ဘဏ္ဍာရေးအင်အားကို များစွာလိုအပ်သော လုပ်ငန်းကြီးတစ်ခုဖြစ်ပေသည်။ ဆရာတော်အရှင်ကောဏ္ဍညသည် အမိကရ ရုပ်ပွားတော်ကြီး တစ်ဆူအား ပြုပြင်တည်ဆောက်ရာတွင် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ဘာသာရေးအမြင် ကြည်လင်ပြတ်သားမှု ရရှိစေရန်အတွက် နိုင်ငံ့ဦးသျှောင် ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်ချက်တို့ကို အကြိမ်ကြိမ် အထပ်ထပ် ရယူခဲ့ပေသည်။ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက်လည်း အင်ဂျင်နီယာချုပ် ကဲ့သို့သော ထိပ်သီးပညာရှင်ကြီးများကိုယ်တိုင် လက်တွေ့ကျကျ ပါဝင်ဆောင်ရွက်ခဲ့ပေသည်။ အရာရာတွင် စေတနာသဒ္ဓါတရား ထက်သန်မြဲဖြစ်သော

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဤကဲ့သို့ စနစ်တကျ ဆောင်ရွက်ခဲ့သော လုပ်ငန်းကြီးတစ်ခု၌ အလှူငွေများ ရက်ရောစွာ ပါဝင်လှူဒါန်းခဲ့ခြင်းမှာ အံ့ဩဖွယ်ရာ မဟုတ်ဟူ၍သာ ဆိုရပါတော့မည်။ သို့ရာတွင် ဤလုပ်ငန်းကြီး အောင်မြင်စွာ ပြီးမြောက်ခြင်း၏ အဓိကအကြောင်းရင်းကိုခြုံ၍ ဖော်ပြရသော် ယင်းသို့ရက်ရောစွာ အလှူငွေပါဝင်လှူဒါန်းခဲ့ကြသော ဗုဒ္ဓဘာသာဝင်များ၊ တည်ဆောက်ရေးလုပ်ငန်းတွင် မဆုတ်မနစ်သော လုံ့လဥဿာဟဖြင့် ဦးစီးဦးဆောင်ပြုခဲ့ကြသော ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့မှခေါင်းဆောင်ကြီးများ၏ ထက်သန်သော စေတနာနှင့် ခိုင်မာသောစိတ်ဓာတ်တို့ကို ထင်ရှားပေါ်လွင်စွာ တွေ့မြင်ရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရန်ကုန်မြို့တော်ကြီး၌ ယနေ့ခံ့ညားသပ္ပာယ်တင့်တယ်စွာ ဖူးမြင်ရသော ခြောက်ထပ်ကြီး ရုပ်ပွားတော်ကြီးသည် ရာစုနှစ်တစ်ခုနီးပါးမျှ ရှည်လျားသော အချိန်ကာလအတွင်းမှ ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့၏ စေတနာနှင့် အားမာန်ကို ဖော်ညွှန်းထားသော "ရုပ်လုံးပုံ" ဖြစ်ပါသည်။ ဤသမိုင်းကျမ်းကိုရေးသားသော ဆရာတော်အရှင်ခေမိန္ဒကလည်း ခြောက်ထပ်ကြီးကျောင်းတိုက်တွင် သီတင်းသုံးလျက် ခြောက်ထပ်ကြီး ရုပ်ပွားတော်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို လက်ပွန်းတတီး ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။ သို့ဖြစ်သည်နှင့်အညီရုပ်ပွားတော်ကြီးအား ကနဦးအစ တည်ဆောက်ခဲ့ပုံ၊ နောက်ထပ်အသစ် ပြုပြင်တည်ဆောက်ခဲ့ပုံတို့နှင့် ဆက်နွယ်သော သမိုင်းကြောင်းများကို ခိုင်လုံပြည့်စုံစွာ ဖော်ပြထားသည်မှာ များစွာပင်

အားရကြည်ညို ကုသိုလ်ပွားဖွယ် ကောင်းလှပါသည်။ ထို့ကြောင့် မိဘဘိုးဘွားတို့၏ အမွေအနှစ်ဖြစ်သော ဗုဒ္ဓဘာသာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လက်လွှဲထမ်းဆောင်ရန် တာဝန်ရှိသော မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်များအတွက် ဆရာတော် အရှင်ခေမိန္ဒ၏ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်းသည် ထွန်းလင်းတောက်ပသော မီးရှူးတန်ဆောင်ကြီး တစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ကြောင်း တင်ပြလိုက်ရပေသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

"သမိုင်းဟူသည် ရှေးရှေးက ဖြစ်ပျက်ခဲ့သောအကြောင်းအရာများကို စုပေါင်း၍ စကားပြေဖြင့်ဖြစ်စေ၊ လင်္ကာဖြင့်ဖြစ်စေ ရေးသားထားသည့် စာပေများ၏ အမည်ဖြစ်သည်" ဟု ပညာရှိများ အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။ သို့သော် အများအားဖြင့် ဘုရားတန်ဆောင်း ဂူကျောင်း ပြာသာဒ်တို့၏ ဖြစ်ရပ်ဖြစ်စဉ်ကိုသာ သမိုင်းဟူ၍ အများသိနေကြ၏။ အမှန်မှာ သမိုင်းနှင့်ရာဇဝင်သည် ရှေးအစဉ် အတိတ်အကြောင်းတို့ကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားချက်တို့ချည်းသာဖြစ်၏။ မင်းတို့၏ဖြစ်စဉ်ကို ရာဇဝင်ဟုခေါ်တွင်စေပြီး ဘုရား၊ တန်ဆောင်၊ ဂူ၊ ကျောင်း၊ ပြာသာဒ် အရပ်ရပ်တို့နှင့်တကွ တိုင်းပြည်၊ မြို့ရွာ၊ လူမှုရေးရာ၊ ဘာသာသာသနာ စာပေလုပ်ခင်း သင်ပင်းဖွဲ့စည်းတို့၏ ဖြစ်ပျက်ကြောင်းလျားတို့ကို သမိုင်းဟုခေါ်တွင်စေခဲ့သည်ဟူ၍ ရာဇဝင်နှင့်သမိုင်းဟူသော ဝေါဟာရနှစ်ခု၏ အနက်အဓိပ္ပာယ်ကို ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်းကျမ်းပြုဆရာက ကျမ်းဦးအမှာစကား၌ အကျယ်ဖွင့်ဆိုရှင်းပြထားသည်ကို မှတ်သားထားရပါသည်။

စာပေအမြင်ဖြင့် တင်ပြရပါမူ ရှေးရှေးဘုရားရှင်တို့ ပွင့်တော်မူပုံနှင့်စပ်၍ အရပ်ရပ်သော ဖြစ်တော်စဉ်များကို ဗုဒ္ဓဝင်ဟုခေါ်တွင်ပြီး တိုင်းရေးပြည်မှု အစုစုမှစ၍ မင်းတို့၏ အကြောင်းအရာများကို ရာဇဝင်ဟု ဆိုကြသလို ကျွန်းသီဟိုဠ်၏ ထိုထိုသို့သော အကြောင်းတို့ကို ဒီပဝင်၊ ဗောဓိပင်၏ ဖြစ်တော်စဉ်ကို ဗောဓိဝင်၊ စေတီပုထိုး အမျိုးမျိုးတို့၏ အကြောင်းထုပ္ပတ်အရပ်ရပ်တို့ကို ထူပဝင်စသည်ဖြင့် မဟာဝင်၊ သာသနာဝင် ဆရာစဉ်ကျမ်းများစွာတို့ကဲ့သို့ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ပြာသာဒ်အရပ်ရပ်တို့၏ ဖြစ်စဉ် ဖြစ်ရပ်တို့ကို "ဝံသ"ဟူသော ဝေါဟာရဖြင့် သုံးနှုန်းရေးသားမည်ဆိုပါကလည်း သင့်မြတ်သည်ဟုပင် ဆိုရမည်ဖြစ်၏။

သို့သော်လည်း ဝေါဟာရဟူသည် နာမပညတ်မျှသာဖြစ်၍ ခေတ်အလျောက် ပြောင်းလဲရွေ့လျားနေမည်မှာ ဧကန်ပင်ဖြစ်၏။ ထို့ကြောင့် အများနားလည်လွယ်သည့် အမည်နာမ ဝေါဟာရဖြင့် ခေါ်ဝေါ်သုံးနှုန်းခြင်းသည် အကောင်းဆုံးပင် ဖြစ်ပါသည်။ မဟာဝင် ရာဇဝင်မှစ၍ စေတီပုထိုးအမျိုးမျိုးနှင့် သိမ်၊ ကျောင်း၊ ပြာသာဒ် အရပ်ရပ်တို့၏ ဖြစ်ရပ်ဖြစ်စဉ်များကို မှတ်တမ်းတင် ကမ္ပည်းထိုးခဲ့ကြခြင်းသည် နှောင်းလူတို့ သိရှိမှတ်သားကြပြီး ကုသိုလ်ပွားကြစေရန်၊ အတုယူကြစေရန်နှင့် သင်ခန်းစာယူလျက် ရှောင်သင့်ရှောင်ထိုက်သည်တို့ကို ရှောင်ပြီး၊ ဆောင်သင့်ဆောင်ထိုက်သည်များကို ဆောင်နိုင်ကြရန်အတွက် ဖြစ်ပေသည်။

## အချိန်အတော်လင့်ခဲ့ပြီ

အခြားသော စေတီပုထိုး တန်ခိုးကြီးဘုရားများ၏ သမိုင်း

ဖြစ်စဉ်များကို မှတ်တမ်းတင်ခဲ့ကြသည့်နည်းတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၌ ကိန်းဝပ်စံပယ်တော်မူသည့် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ ဖြစ်စဉ်ဖြစ်ရပ်တို့ကိုလည်း သမိုင်းတစ်စောင် ရေးသားပြုစုထားရန် သင့်လျော်နေသည်မှာ အချိန်အတော်လင့်၍ ကြာမြင့်နေခဲ့ပါပြီ။ ဘုရားကြီး ဒုတိယဆရာတော်ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ်သည် မူလခြောက်ထပ်ကြီးဘုရားကြီး၏ သမိုင်းအကျဉ်းကို ရေးသားခဲ့ပြီး အသစ်ပြန်လည်တည်ထားပြီးသော ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ သမိုင်းကို ဆက်လက်ရေးသားရန် နှလုံးသွင်းရှိခဲ့သော်လည်း ဘဝနတ်ထံ ပျံလွန်တော်မူသွားခြင်းကြောင့် ရေးသားနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ၁၉၈၀ပြည့်နှစ်က ရွှေသာလျောင်းဘုရားကြီး၏ ခြေဖဝါးတော်နှစ်ဖက်တို့၌ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များကို ထုလုပ်ရာတွင် ဘုရားရှင်၏ စက်လက္ခဏာတော်များ အကြောင်းကို လေ့လာပြီး စက်လက္ခဏာတော် ကျမ်းစာအုပ် တစ်အုပ်ကို ရေးသားခဲ့သဖြင့် ဤစာရေးသူအား "အရှင်ဘုရား တပည့်တော် မသေခင် ဘုရားကြီးသမိုင်းကို ရေးစမ်းပါ၊ ဒါမှ တပည့်တော်က ရေးသင့်ရေးထိုက်တဲ့ အကြောင်းအရာ အချက် အလက်တွေကို အမှန်အတိုင်း ပြောပြနိုင်ပါမယ်" ဟု ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည် တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့တော်ဝန်ဟောင်း သီရိပျံချီ ဦးမောင်မောင်က ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး သမိုင်းရေးသားရန် အလေးအနက် တိုက်တွန်းလျှောက်ထားပါသည်။

ဥက္ကဋ္ဌ ဦးမောင်မောင်သည် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို ပြန်လည်ပြုပြင်တည်ထားရန် တည်ဆောက်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းချိန် ၁၃၁၅ ခုနှစ်မှစ၍ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ယခုရွှေသာလျောင်းဘုရားကြီး အသစ်ပြုပြင်တည်ဆောက်ထားပြီးသည့် ၁၃၄၃ ခုနှစ်အထိ တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌကြီးအဖြစ်ဖြင့် ဆောင်ရွက်နေဆဲ ပုဂ္ဂိုလ်ဖြစ်ပါသည်။

သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၏ ကိုယ်ပွားတော်ဖြစ်သော ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို ယခုကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပာယ်အောင် ပြန်လည်ပြုပြင်တည်ဆောက်ထားနိုင်ခြင်းသည် ဥက္ကဋ္ဌ ဦးမောင်မောင်တို့ တည်ဆောက်ရေးအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုနှင့် ရဟန်းရှင်လူ လုပ်သားပြည်သူတို့၏ ပူးပေါင်းကူညီ၍ ဝိုင်းဝန်းလှူဒါန်းခြင်းတို့ကြောင့်သာလျှင်ဖြစ်သည်ဟု ဆိုရပေမည်။

## မိမိကိုယ်စားပူဇော်ရန် စေတီသုံးပါးကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ခြင်း

ရုပ်ပွားတော်များသည် ဥဒ္ဒိဿကစေတီ မည်ပါသည်။ စေတီအပြားကို မရေးသားမီ မိမိကိုယ်စားပူဇော်ရန် စေတီသုံးပါးကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပုံအကြောင်းကို ရှေးဦးစွာ ဖော်ပြပါဦးမည်။ အခါတစ်ပါး၌ သာဝတ္ထိမြို့သူမြို့သားတို့သည် ဇေတဝန်ကျောင်းတော်ကြီးသို့ ဘုရားဖူးသွားကြလေ၏။ ထိုအချိန်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဝေနေယျသတ္တဝါတို့အား ဒေသနာ

အမြိုက်ဆေးကို တိုက်ကျွေးရန် ထိုထိုမြို့ရွာ ဇနပုဒ်တို့ကို ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူနေသဖြင့် သာ၀တ္ထိပြည်သား အဆိုပါ ဘုရားဖူးများသည် ဘုရားရှင်ကို ဖူးမြော်ခွင့်မရဘဲ ရှိကြလေ၏။ ထို့ကြောင့် ကိုယ်စိတ်ရွှင်လန်း ၀မ်းမမြောက်နိုင်ကြဘဲ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းတော်၀၌ မိမိတို့ ဆောင်ယူခဲ့ကြသော ပန်းနံ့သာတို့ကို နှလုံးစိတ်၀မ်း ညှိုးနွမ်းစွာဖြင့် ထားပစ်ခဲ့ပြီး ပြန်သွားကြပါသည်။

အရှင်အာနန္ဒာမထေရ်သည် အနာထပိဏ်သူဌေးကြီး တောင်းပန်သည့်အတိုင်း မြတ်စွာဘုရားထံ တင်ပြလျှောက်ထားရာ သဗ္ဗညုမြတ်စွာဘုရားသည် အရှင်အာနန္ဒာအား စေတီတော် အပြား သုံးပါးကို ဟောကြားလျက် ဇေတ၀န်ကျောင်းတော်ကြီး၏ အပြင်ဘက် တံခါးမုခ်အနီး၌ မဟာဗောဓိပင်ကြီးမှအသီးကို ယူဆောင်၍ ဗောဓိပင်စိုက်ပျိုးထားရန် ညွှန်ကြားပြီးလျှင် "အာနန္ဒာ ဤသို့ ဗောဓိပင် စိုက်ပျိုးထားခဲ့သော် ဇေတ၀န်ကျောင်းတော်၌ ငါဘုရား အမြဲ သီတင်းသုံးနေထိုင်သကဲ့သို့ ဖြစ်လိမ့်မည်" ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

(ဇာတ်အဋ္ဌကထာ-၄-၂၂၉)

## စေတီသုံးပါး-လေးပါး

စေတီအပြား သုံးပါးဟူသည်မှာ (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီနှင့် (၃) ဥဒ္ဒိဿကစေတီတို့ ဖြစ်၏။ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား ထိုစေတီသုံးပါးကိုပင် (၁) ပရိဘောဂစေတီ၊ (၂) ဥဒ္ဒိဿကစေတီ၊ (၃) ဓာတုစေတီဟူ၍ တစ်မျိုးပြ၏။ သာရီရိက

စေတီနှင့် ဓာတုစေတီမှာ အမည်နာမ ကွဲပြားသော်လည်း အနက်သဘောမှာ ထပ်တူပင်ဖြစ်သည်။

(နိဓိကဏ္ဍသုတ်-၁၈၈)

(၁) ပရိဘောဂစေတီ၊ (၂) ဓာတုစေတီ၊ (၃) ဓမ္မစေတီ ဟူ၍လည်း သာရတ္ထဒီပနီဋီကာ (ပ-၁၇၂) ၌ စေတီသုံးပါးကို တစ်နည်းပြသေး၏။ ထိုသို့ အဋ္ဌကထာဋီကာတို့ ပြဆိုအပ်သော စေတီအားလုံးကို အမျိုးတူရာ ပေါင်းသော် (၁) သာရီရိကစေတီ (ဓာတုစေတီ)၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿကစေတီ၊ (၄) ဓမ္မစေတီဟု စေတီလေးပါးရှိကြောင်းကို မှတ်သားထားနိုင်ပါသည်။

ထိုလေးပါးတို့တွင်-

(၁) သာရီရိကစေတီ(ဓာတုစေတီ) ဟူသည်မှာ မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်တို့ကို ထည့်သွင်း ဌာပနာ၍ တည်ထားအပ်သော စေတီတော်ကို ဆိုလိုခြင်းဖြစ်၏။

(၂) သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိပင်နှင့်တကွ ထိုမှတစ်ဆင့် မျိုးပွား၍ စိုက်ပျိုးထားအပ်သော ဗောဓိပင်များသည်လည်းကောင်း၊ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ ရေစစ် အစရှိသော မြတ်စွာဘုရားသခင်၏ အသုံးအဆောင် ပရိက္ခရာတို့ကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော စေတီတော်များသည်လည်းကောင်း ပရိဘောဂစေတီမည်၏။

(၃) ရွှေ၊ ငွေ၊ အုတ်၊ ကျောက် စသည်တို့ဖြင့် ထုလုပ်တည်ထားအပ်သော ဘုရားရှင်၏ ကိုယ်တော်ပွားဆင်းတုတော်များသည် ဥဒ္ဒိဿကစေတီမည်၏။

(၄) ပိဋကတ်သုံးသွယ် နိကယ်ငါးဖြာ ဓမ္မက္ခန္ဓာတို့ကို ရေးသားပုံနှိပ်ထားအပ်သော ရွှေပြား၊ ငွေပြား၊ ကျောက်ပြား၊ ပေစာ၊ ပုရပိုက် ကျမ်းစာအုပ်တို့ကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော စေတီတော်များသည် ဓမ္မစေတီမည်ပါသည်။

စင်စစ်အားဖြင့် စေတီဟူသည် စေတိယသဒ္ဒါမှ သက်ဆင်းပြောင်းလဲလာသော ပါဠိသက်ဝေါဟာရဖြစ်၍ ရိုသေလေးမြတ်ပူဇော်အပ်သောအရာဟူ၍ အဓိပ္ပာယ်ရ၏။ တစ်နည်းအားဖြင့် မြင့်မြင့်မောက်မောက် အုတ်၊ ကျောက် စသည်တို့ဖြင့် စီ၍ လူတို့တည်ဆောက်ထားအပ်သော အရာဟူ၍လည်း အနက်ရသေးသည်။

ထို့ကြောင့် ဘုရားမပွင့်မီက ဝေသာလီပြည်၌ နတ်ကိုးကွယ်သူတို့ ဆည်းကပ်ပူဇော်အပ်သော နတ်ကွန်း၊ နတ်နန်းကြီးများကိုလည်း စေတီဟူသော အမည်ဖြင့်ပင် သုံးနှုန်းခေါ်ဝေါ်ကြလေ၏။

## ထူပါရဟပုဂ္ဂိုလ်လေးပါး

သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ လူနတ်ဦးခိုက် စေတီပုထိုးတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်လေးပါးကို

မြတ်စွာဘုရား ဟောကြားခဲ့၏။ ထိုပုဂ္ဂိုလ်လေးပါးမှာ (၁) သဗ္ဗညု မြတ်စွာဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာနှင့် (၄) စကြဝတေး မင်းတို့ ဖြစ်ကြ၏။

## စေတီနှင့် ပုထိုးအထူး

စေတိယသဒ္ဒါနှင့် ထူပသဒ္ဒါတို့သည် အချင်းချင်း ပရိယာယ်ပုဒ်များဖြစ်ကြ၍ ထိုသဒ္ဒါနှစ်ခုတို့ကဟောသော စေတီနှင့် ပုထိုးသည်လည်း အနက်တူ မြန်မာဝေါဟာရများသာ ဖြစ်ကြလေ၏။ သို့သော်လည်း အဘိဓာန်ဋီကာကျမ်းပြု စတုရင်္ဂဗလ အမတ်ကြီးကမူ မှန်လိုဏ်မရှိသော ဘုရားကို စေတီဟူ၍သာ ခေါ်နိုင်၍ မှန်လိုဏ်ရှိ သော ဘုရားနှင့် မှန်လိုဏ်မရှိသောဘုရား နှစ်မျိုးစလုံးကို ပုထိုးဟူ၍ ခေါ်နိုင်ကြောင်း "ဧတ္ထစ ထူပသဒ္ဒေါ သမုခေပိ၊ စေတိယသဒ္ဒေါ ပန မုခရဟိတေယေဝ ဝတ္တတိ"ဟု ခွဲခြား၍ဆိုထား၏။ ထို အဘိဓာန် ဋီကာ၏ အဆိုသို့လိုက်၍ မာန်လည်ဆရာတော် ဘုရားကြီးကလည်း "မှန်လိုဏ်မထုတ် သမုတ်ရှုဋ္ဌိ ပွတ်နှယ်ညီသား စေတီဖြိုးမြိုင် အဆိုင် ဆိုင်နှင့် မှန်လိုဏ်ရှိမှဲ့ ထူးဘွဲ့သညာ ဝေါဟာခေါ်ရိုး ပုထိုးထူပ များလှပည်းထူ အဆူဆူဝယ် ကြည်ဖြူကော်ရော် ရှိပူဇော်၍"ဟု ရေးစပ်ခဲ့သည်။

(မယဒေဝအပိုဒ်-၅၈၉)

## ဥဒ္ဒိဿကစေတီ စတင်တည်ထားရာခေတ်

အထက်၌ ပြဆိုခဲ့ပြီးသော စေတီပုထိုး လေးမျိုးတို့တွင် (၁) သာရီရိကစေတီ (ဓာတုစေတီ)၊ (၂) ပရိဘောဂစေတီနှင့် (၃) ဓမ္မစေတီတို့ကို သက်တော်ထင်ရှား မြတ်စွာဘုရားလက်ထက်တော်ကပင် တည်ထားကိုးကွယ်ခဲ့ကြောင်းကို စာပေအထောက်အထားများအရ သိရှိရ၏။ (၄) ဥဒ္ဒိဿကစေတီဖြစ်သော ရုပ်ပွားဆင်းတုတော်များကိုမူ မြတ်စွာဘုရားလက်ထက်တော်က ထုလုပ်ခဲ့ဖူးကြောင်း ခိုင်လုံသော စာပေအထောက်အထားကို မတွေ့ရ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သာသနာနှစ်၂၃၅ ခုနှစ်၊ ဘီစီ ၂၇၂ ခုနှစ်လောက်အထိပင် ရုပ်ပွားဆင်းတုတော်များ ထုလုပ်သည်ကို မတွေ့ရသေးဘဲ သာသနာနှစ် အနှစ် (၄၀၀) ကျော် အေဒီ တစ်ရာစုနှစ်လောက်ရောက်မှသာ ဂန္ဓာရပြည်၊ မထူရပြည်တို့၌ စတင် ထုလုပ်ကြသည့် အထောက်အထားများကို တွေ့ရှိရကြောင်း သုတေသနပညာရှင်တို့က မိန့်ဆိုကြ၏။

အသောကမင်းတရားကြီး၏လက်ထက်တွင် တည်ထားခဲ့သော ဆန်ချီထူပါ၏ တံခါးမုခ် တုရိုဏ်တိုင်တို့၌ ကျောက်သားဖြင့် ထုလုပ်ထားသော ဗုဒ္ဓဝင်ခန်းတို့တွင် မြတ်စွာဘုရားသခင်၏ ပုံတော်များကို မတွေ့ရဘဲ မြတ်စွာဘုရားပုံတော်အစား ဗောဓိပင်၊ ခြေတော်ရာ၊ ထူပါနှင့် ဓမ္မစကြာပုံတော်များကိုသာ ထုလုပ်ထားခြင်းကြောင့် အသောကခေတ်အထိ ရုပ်ပွားဆင်းတုတော်များကို မထုလုပ်ကြသေးဟူ၍ သုတေသနပညာရှင်တို့က ယူဆခဲ့ကြခြင်း ဖြစ်ပေသည်။ သို့သော်လည်း ထိုသို့မထုလုပ်ခြင်းမှာ ကျောက်ဆစ်ပညာကို မတတ်

မြောက်၍ မဟုတ်မူဘဲ "အပ္ပဋိမ အသဒိသ" အတုမရှိသော ဘုရားရှင်၏ ရူပကာယတော်ကိုပုံတူထုလုပ်ရန် ရိုသေလေးစားသောအားဖြင့် မဝံ့မရဲကြသောကြောင့်သာ မထုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု ယူဆရပေသည်၊ မှန်၏၊ အဋ္ဌကထာကြီးတို့၌လည်း မြတ်စွာဘုရား၏ပုံတော်ကို မည်သည့် အတတ်ပညာရှင်မှလည်း တူအောင်မထုလုပ်နိုင်၊ မရေးဆွဲနိုင်၊ မည်သည့် တန်ခိုးရှင်သော်မှလည်း တူအောင်မဖန်ဆင်းနိုင်ဟူ၍ မိန့်ဆိုထားခဲ့ကြပေသည်။

(ဒီ-ဋ္ဌ-၂-၄၀။ အံ-ဋ္ဌ-၁-၉၀)

သာသနာ အနှစ် (၄၀၀) ကျော် အေဒီတစ်ရာစုနှစ်သို့ အရောက်တွင် အနောက်တိုင်းသားများသည် မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံတော်ကြီးကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်၍ သိမ်းပိုက်ကြပြီးလျှင် ၎င်းတို့၏ အတတ်ပညာ ဓလေ့ထုံးစံများနှင့် ရောနှောပေါင်းစပ်၍ မြတ်စွာဘုရား၏ ပုံတော်များကို စတင်ထုလုပ်ခဲ့ကြသည်ဟု ပညာရှင်တို့က မိန့်ဆိုကြပါသည်။

## မြန်မာနိုင်ငံတော်၌ ဗုဒ္ဓရုပ်ပွားတော် စတင်ကိုးကွယ်သည့်ခေတ်

မြန်မာနိုင်ငံ၌ကား ဗုဒ္ဓသာသနာတော်ရောက်ရှိပြီး မကြာမီ သရေခေတ္တရာ ခေတ်ဦးလောက်မှပင် ဗုဒ္ဓ၏ရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်ကို ရှေးဟောင်းအထောက်အထားများအရ သိရှိရပေသည်။ ထိုသို့ ရုပ်ပွားဆင်းတုတော်များကို ထုလုပ်ကိုးကွယ်ရာ၌လည်း ကောင်းမှုရှင်တို့၏ ဆန္ဒကိုလိုက်၍ ထိုင်၊ လျောင်း၊ ရပ်၊ သွား ဟု ဆိုအပ်သော ဣရိယာပုတ်လေးပါးတို့တွင်

မိမိတို့နှစ်သက်ရာ တစ်ပါးပါးဖြင့် တည်ထားကိုးကွယ်ကြသည်ကို တွေ့ရ၏။ "လျောင်းတော်မူလေးပါးအထူးကို ဤစာအုပ်စာမျက်နှာ (၁၉၄) ၌ လေ့လာဖော်ပြထားပါသည်။"

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး

မူလခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးကို သူဌေးကြီး ဆာဦးဘိုးသာ သူဌေးကတော်ကြီး ဒေါ်ပုတို့က ၁၂၆၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ကြ၏။ ထိုဘုရားကြီးမှာ တည်ထားစဉ်ကပင် ပန်းရန်ဆရာ၏ မကျွမ်းကျင်မှုကြောင့် အချိုးအစား ကျနသပ္ပာယ်ခြင်းမရှိဘဲ ဖြစ်နေခဲ့၏။ ၁၃၁၅ ခုနှစ်တွင် မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက မိုးညှင်းဆရာတော်ဘုရားကြီး၏ တိုက်တွန်းနှိုးဆော်ခြင်းကြောင့် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော်သည် ဘုရားကြီးကို ပြုပြင်ရန်အတွက် ဩဝါဒ ဆရာတော်ကြီးများကိုပင့်၍ ဩဝါဒကို ခံယူခဲ့၏။

(ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို စာမျက်နှာ-(၄၂) ၌ ဖော်ပြထားသည်။) ထို့နောက် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒအတိုင်း ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည် ပြု ပြင်တည်ထားရေးအဖွဲ့ကို ဖွဲ့စည်းလျက် ပြုပြင်ခဲ့ရာ ယခုအခါ၌ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးနှင့် တကွ ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီးကို ကြည်နူးဝမ်းမြောက်ဖွယ်ရာ ရဟန်းရှင်လူ လုပ်သားပြည်သူတို့ ဖူးမြော်မာန်လျော့ ပူဇော်ကန်တော့နေကြရပြီ ဖြစ်ပါသည်။

## သမိုင်း၏မှီရာ

ဤခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ သမိုင်းကို ရေးသားရာ၌ ဘုရားကြီးဒုတိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏမထေရ်၏ မူလခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး သမိုင်းစာအုပ်နှင့် ဆရာတော်၏ မှတ်စုမှတ်တမ်းတို့ကိုလည်းကောင်း၊ ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး ကွယ်လွန်သူစည်သူချုပ်သင်း ဦးဘတင်၏ မှတ်စု မှတ်တမ်း၊ စာရွက်စာတမ်းတို့ကိုလည်းကောင်း မဏ္ဍိုင်ပြုပြီးလျှင် ဘုရားကြီး တည်ထားရေးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ ပြောကြားချက်တို့နှင့် စာရေးသူလေ့လာမှတ်သားထားသော အချက်အလက်များကို ထပ်လောင်းဖြည့်စွက်၍ ရေးသားခဲ့ပါသည်။

## ကျေးဇူးပြုကြသည့် ပုဂ္ဂိုလ်များ

ထိုသို့ရေးသားနိုင်ရန် ဂဏဝါစက ဆရာတော်များဖြစ်ကြသော ဦးဥတ္တမသာရနှင့် ဦးစန္ဒောဘာသတို့က အားပေးတိုက်တွန်းကြသည့်အပြင် မိမိတို့ သိရှိသမျှကိုလည်း စာရေးသူက မေးမြန်းသည့်အခါတိုင်း မဆိုင်းမတွ စိတ်ရှည်လက်ရှည် ပြောပြလျက် ကူညီခဲ့ကြပါသည်။ ငါးထပ်ကြီး ဆရာတော်ဦးဇာဂရသည်လည်း မူလခြောက်ထပ်ကြီးဘုရားကြီး တည်ထားသောခုနှစ်ကို အတိအကျဖော်ပြနိုင်စေရန် မိမိတရိုတသေ သိမ်းဆည်းထားခဲ့သော မူလခြောက်ထပ်ကြီး ဘုရားကြီးတည်စဉ်က နှီးဆော်စာကြော်ငြာစာရွက်ကို ထုတ်၍ပေးသည့်အပြင် ငါးထပ်ကြီး ဘုရားကြီးနှင့် စပ်ဆိုင်သမျှကိုလည်း

ရှင်းလင်းပြောပြ၍ ကူညီခဲ့ပါသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်အောင် က တည်ဆောက်ရေးနှင့် စပ်ဆိုင်သော အကြောင်းအရာ စာရွက် စာတမ်းများကို ရှာဖွေပေးလျက် ကူညီခဲ့ပါသည်။

## မျက်နှာဖုံးသရုပ်ဖော်ပုံ

မြတ်စွာဘုရား၏ ဆင်းတုတော်၊ ရုပ်ပွားတော်ပုံများကို မထုလုပ်မီ အသောကခေတ်က ရုပ်ပွားဆင်းတုတော်များအစား ဗောဓိပင်၊ ဓမ္မစကြာ၊ ခြေတော်ရာနှင့် ထူပါပုံတို့ကိုသာ ထုလုပ်ကြ ကြောင်း အထက်၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် စာအုပ် မျက်နှာဖုံး သရုပ်ဖော်ပုံအတွက် ရာဟုအသူရိန် နတ်မင်းကြီး ဘုရား ရှင်ထံသို့လာ၍ ဖူးမြော်ရာ၌ အဇ္ဈောဝဟောင် ထက်ကောင်းကင်မှ လပြည့်ဝန်းကြီးကို လူသားတို့ မော့၍ကြည့်ရသလို မော့၍ဖူးမြော် နေရပုံအဖြစ် ဘုရားရှင်ကိုယ်စား ဓမ္မစကြာအမှတ်အသားနှင့် လပြည့်ဝန်းကြီးကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်း စာအုပ် ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အားပေးကူညီကြ သော ကလျာဏမိတ္တအပေါင်းအား ကျေးဇူးဥပကာရ အထူးတင်ရှိ ကြောင်း ဖော်ပြလျက် နိဒါန်းကို အဆုံးသတ်လိုက်ပါသည်။

**အရှင်ခေမိန္ဒသာမိ**

**ဂဏဝါစက သာသနဓဇသိရီပဝရ ဓမ္မာစရိယ**

**ပါဠိပါရဂူ သာသနာနုဂ္ဂဟကျောင်း၊**

**ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရန်ကုန်မြို့။**

ပုံ(၁)



မူလခြောက်ထပ်ကြီးဘုရားကြီးကို အဝေးမှဖူးမြင်ပါက ဤသို့တင်ပလ္လင်ခွေ
ထိုင်တော်မူဘုရားကြီးဟု ထင်မှတ်ရသော်လည်း

ပုံ(၂)




အနီးသို့သွား၍ ဖူးမြော်ပါမှုကား

ပုံ(၃)




လျောင်းတော်မူဘုရားကြီးအဖြစ်ဖြင့် ဤသို့ဖူးမြော်ကြရမည် ဖြစ်ပါသည်။

ပုံ(၄)



ခြောက်ထပ်ကြီးဘုရားကြီးတည်ပြီးစက တောကြီးအတိသာဖြစ်သော်လည်း

ပုံ(၅)




ငါးထပ်ကြီးဘုရားကြီးမှာမူ အာရုံခံတန်ဆောင်း ပြာသာဒ်အဆောင်တို့ဖြင့်
ရှုမငြီးအောင်ရှိနေပါသည်။

ပုံ(၆)



မူလခြောက်ထပ်ကြီးဘုရားကြီးကို ဉာဏ်သူဌေးကြီး ဆာဦးဘိုးသာက ရှေးဦးစွာ တည်ထားခဲ့သည်။

ပုံ(၇)




ခြောက်ထပ်ကြီးဘုရားကြီး တည်မည့်အကြောင်း ကြော်ငြာသည့် ရှေးက ကြော်ငြာစာတစ်စောင်

ပုံ(၈)




ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်ကို စတင် တည်ထောင်တော်မူသည့် ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍည မဟာထေရ်

ပုံ(၉)




ဘုရားကြီးကို အသစ်ပြန်လည်၍မတည်မီ ဂန္ဓကုဋီ
ဆံတန်ဆောင်းတော်ကြီးကို ဤသို့ တည်ဆောက်ခဲ့ကြ၏

ပုံ(၁၀)


ဖြ ထပ်ကြီးဘုရားစေတီတည်ပြီ

အသစ် တဖန် ပြန်လည်တည်ဆောက်မည့် မြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား၊ ရွှေသာလျောင်းမြစ်မြောက်ရေး ကော်မီတီဥက္ကဋ္ဌ နာယကဆရာတော် ဦးဝေနွှာဘာသ၊ ဒါယကာ ဒုဥက္ကဋ္ဌ ဦးမောင်မောင်၊ အင်ဂျင်နီယာချုပ်(အငြိမ်းစား) ဦးကျော်စိန်နှင့် အမှုဆောင် အဖွဲ့ဝင် များသည် ရက်တင်ဘာလ ရှိနေသော ဘုရားကြီး၏ မြေတော်တစ်ခုကို ပရိတ်ရေမိုင်ဘာဂ်တော များဖြင့် စတင် သွန်းလောင်း တည်ဆောက်ကြစဉ်။


သံတန်ဆောင်းတော်ကြီးကို တည်ဆောက်ပြီးနောက် ဘုရားကြီး
အသစ်တစ်ဖန် ပြန်လည်တည်ထားရန် ပရိတ်တော်ရေ
သွန်းလောင်းကြစဉ်

ပုံ(၁၁)




ဘုရားကြီး ပြန်လည်ပြုပြင်တည်ထားရေးအဖွဲ့၏ ဥက္ကဋ္ဌကြီး
စည်သူ ချပ်သင်း ဦးဘတင်

ဍုံန်းၜြုဲးဒၚ်ၚးဍုၚ်လဝ်ဒေၚ်ဗြဲ ဂေဝ်းကျုဲးထေက်လ ဍုၚ်လ္ၚ်ကြုဲဖ္ၚ်ဂေဝ်း



ပုံ(၁၂)

ပုံ(၁၃)



ပုံ(၁၄)



ရွှေစင်ရွှေသားဖြင့် ပြုလုပ်ပြီး စိန်များစီခြယ်ထားသော ဥဏ္ဏာလုံမွေးရှင်တော်နှင့်
အလှူရှင် ဦးဘဆင်-ဒေါ်ရင်မြ တို့၏ မိသားစု

ပုံ(၁၅)



ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည်တည်ဆောက်ရေး
အဖွဲ့၏ ဥက္ကဋ္ဌကြီး သီရိပျံချီ ဦးမောင်မောင်

ပုံ(၁၆)



ဒုတိယဥက္ကဋ္ဌ ကျောင်းဒါယကာကြီး ဦးစောဦး




တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများ

ပုံ(၁၈)



ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို တည်ထားသူ
ပန်းတော့ပညာရှင် ဆရာကြီး ဦးသောင်း

ပုံ(၁၉)




တတိယအကြိမ် ဌာပနာတော်ပိတ်ပွဲကြီး ကျင်းပနေစဉ်

ပုံ(၂၀)



တိုးချဲ့အာရုံခံတန်ဆောင်းကြီးကို ဆောက်လုပ်ရန် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ မဟာထေရ်
အုတ်မြစ်ချပေးနေစဉ်

ပုံ(၂၁)



ဂျပန်နိုင်ငံက ရိုက်ကူးခဲ့သော The Burmese Harp (ဗမာ့စောင်း)
ရုပ်ရှင်ဇာတ်ကားမှ ခြောက်ထပ်ကြီးရှေ့သာလျောင်းဘုရားကြီး




ပုံ(၂၂)




သလွန်တော်ပေါ်တွင် ပုံလျက်ကျနေသည့် သင်္ကန်းတော်အား ဘုရားဖူးများက ရင်ပြင်တော်ပေါ်မှ မတွေ့မြင်နိုင်သော်လည်း ပန်းတော့ဆရာကြီး ဆရာသောင်းက အသေးစိတ် ပြုလုပ်ပူဇော်ခဲ့သည်။

ပုံ(၂၃)




ရွှေသာလျောင်းဘုရားကြီး၏ စက်လက္ခဏာတော်နှစ်ဆူကို အနီးကပ်ဖူးတွေ့ရပုံ

ပုံ(၂၄)



ဆရာမြ၏ နမူနာပုံတော်လက်ရာ




ဆရာသောင်း၏ နမူနာပုံတော်လက်ရာ

ပုံ(၂၅)



ကျမ်းပြုဆရာတော် **အရှင်ခေမိန္ဒသာမိ**
ဂဏ်ဝါစက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ

# ဘုရားကြီးတိုက်မြေပုံ



ဦးဘွဲ့စီ
စောင်းတန်း
သိမ်
ကားလမ်း
စောင်းတန်း
ကားလမ်း
စောင်းတန်း
ဘုရားကြီး
မြောက်
ရွှေဂုံတိုင်လမ်း
ရွှေဂုံတိုင်လမ်း
ငါးထပ်ကြီး
ရည်ညွှန်းချက်
မြေသစ်
မြေဟောင်း
ဆေးရုံ
ကျောင်း
လမ်း
ရေတွင်း

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးသမိုင်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မူလခြောက်ထပ်ကြီးလျောင်းတော်မူဘုရားကြီး

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ မူလခြောက်ထပ်ကြီး လျောင်းတော်မူဘုရားကြီးကို ဘုရားဒါယကာ၊ ကျောင်းဒါယကာ သူဌေးကြီး ဆာဘိုးသာနှင့် သူဌေးကတော်ကြီး ဒေါ်ပုတို့က တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ဘုရားကြီး၏ ပုံတော်သည် တောင်ကြော၊ မြေအနေအထားသို့လိုက်၍ အနောက်မြောက်ယွန်းယွန်းသို့ ဦးခေါင်းတော်ပြုလျက် အရှေ့တောင်ထောင့်သို့ ခြေပြုထားသည်။ မျက်နှာတော်မှာမူ အနောက်တောင်ထောင့်အရပ်သို့ လှည့်နေပြီး အုံးတော်၌ လက်ထောက်လျက် ခန္ဓာကိုယ်တစ်ပိုင်းလှဲ၍ တစ်ပိုင်းမတ်နေသော ဧည့်ခံပုံတော်ဖြစ်သည်။

ခြောက်ထပ်ကြီးဘုရား၏ သမိုင်းကြောင်းသည် ငါးထပ်ကြီး ဘုရားသမိုင်းနှင့် နှီးနွယ်ဆက်စပ်လျက်ရှိနေသည်။ ခြောက်ထပ်ကြီးဘုရားသမိုင်းကိုရေးလျှင် ငါးထပ်ကြီးဘုရားသမိုင်းကိုလည်း ရှေးဦးစွာ ဖော်ပြဦးမှသာ ပိုမိုပြည့်စုံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခြောက်ထပ်ကြီးဘုရားကြီးသမိုင်းကို မရေးသားမီ ငါးထပ်ကြီးဘုရားသမိုင်းအကျဉ်းကို ရှေးဦးစွာဖော်ပြပါဦးမည်။

## ငါးထပ်ကြီးဘုရားသမိုင်းအကျဉ်း

ပဲခူးရိုးမတောင်တန်း၏ အစွန်းဖြစ်သော သိင်္ဂုတ္တရကုန်းတော်၌ တင့်တယ်စွာ ကိန်းဝပ်စံပယ်တော်မူသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့မြောက်ယွန်းယွန်း မနီးမဝေးသွားရေးလာရေးနှင့် ပြည်စုံ၍ တာ (၅၀၀) ခန့်အကွာအဝေး၌ တည်ရှိသော တောင်စွယ်တစ်ခုတွင် အမြတ်တရားကိုရှာဖွေလျက် မူရန္တစ်ပါးကို ပွားများအားထုတ်နေကြသော သူတော်သူမြတ်တို့၏ သီတင်းသုံးနေထိုင်ရာ တောရကျောင်းတစ်ကျောင်းရှိလေ၏။ ထိုတောရကျောင်းကို ၎င်းနှင့်အရှေ့အနောက်မျဉ်းဖြောင့်တည်ရှိနေကြသော ဦးပြားတောရ (အလယ်တောရ) နှင့် ဗားကရာတောရတို့ကိုထောက်ပြီးလျှင် အရှေ့တောရကြီးဟု ခေါ်ကြ၏။ ထိုအရှေ့တောရကြီးကျောင်း၌ ဆရာစဉ်ဆက်တို့ တရားဘာဝနာပွားများလျက် သီတင်းသုံးတော်မူခဲ့ကြရာ အောက်မြန်မာပြည် ဟံသာဝတီလေးရပ်၏ အကြီးအချုပ်ဂိုဏ်းအုပ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် ဦးအာသဘ၏ လက်ထက်(၁၂၄၉) ခုနှစ်တွင် ရန်ကုန်မြို့ ကုန်စျေးတန်းရပ်နေ ကုန်သည် ဦးဘောကြီး၊ ဒေါ်အုန်းခိုင်တို့က ထက်သန်သော စေတနာဖြင့် ဘုံငါးဆင့်ငါးထပ်ရှိသော အတုလရတနာမဟာမင်္ဂလာဘုံကျော် စံကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် ဆရာတော် ဦးအာသဘအား လှူဒါန်းခဲ့ကြ၏။ ထိုအတုလရတနာမဟာမင်္ဂလာဘုံကျော် စံကျောင်းတော်ကြီးသည် ယနေ့အထိအထင်အရှား တည်ရှိနေသေးလျက် တိုင်တစ်ရာကျောင်းကြီးဟု လူများစုက ခေါ်နေကြပါသည်။

# ငါးထပ်ကြီးဘုရားကိုတည်ခြင်း

၁၂၆၂ ခုနှစ်တွင် ကျောင်းဒါယကာ ဦးဘေကြီး-ကျောင်းဒါယိကာမ ဒေါ်အုန်းခိုင်တို့၏ သားဖြစ်သူ ဦးဘိုးအောင်-ဒေါ်စိန်ရင်တို့က အရှေ့တောရကြီးကျောင်းတိုက် အာရာမ်အတွင်းမှ ဟောင်းနွမ်းပျက်စီးနေသော ရှေးဟောင်းရုပ်ပွားဆင်းတုတော်များကို ဖြိုဖျက်ပြီးလျှင် တောင်ကုန်းထိပ်သို့ ရွှေ့ပြောင်း၍ ခတ်ပေါင်းစုထက်ဝယ်ဖွဲ့ခွေ(တင်ပလ္လင်ခွေ) ထိုင်တော်မူ ရုပ်ပွားတော်ကြီးတစ်ဆူကို တည်ပါသည်။ ယင်းရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ သံတောင် (၃၀)တောင်ရှိသဖြင့် ထိုခေတ်က အောက်မြန်မာနိုင်ငံတော်တွင် ဉာဏ်တော်အကြီးဆုံး တင်ပလ္လင်ခွေ ရုပ်ပွားဆင်းတုတော်ကြီးတစ်ဆူဖြစ်ကြောင်းသိရ၏။ ဆင်းတုတော်ဘုရားကြီးကို တည်ပြီးနောက် ဂန္ဓကုဋီစံကျောင်းတော်ကြီးကိုလည်း တစ်ဆက်တည်း ဆောက်လုပ်လှူဒါန်းခဲ့ရာ ယင်းဂန္ဓကုဋီစံကျောင်းတော်ကြီးသည် အမြင့်အတောင် (၁၀၀) တောင်မြင့်၍ အမိုးဘုံဆင့်ငါးဆင့်ငါးထပ်ရှိသည်။ အရန်ဖြစ်သော အာရုံခံတန်ဆောင်းကြီး (၁၀) ခု၊ ယွန်းပြာသာဒ်ပေါင်း (၂၄) ခုရှိပြီးလျှင် အုတ်တိုင်လုံးကြီးပေါင်း (၂၂၀) ရှိသည်ဟုဆိုပါသည်။ ထို ဂန္ဓကုဋီ စံကျောင်းတော်ကြီးသည် ပန်းဆွဲ၊ ပန်းတောင်၊ ခြူးပန်း ခြူးနွယ်၊ ရုပ်လုံးရုပ်ကြွတို့ဖြင့် ဝေဆာတင့်ဆန်း ဝေဇယန္တာနတ်နန်းကြီးပမာ ရှုမငြီးနိုင်ဖွယ်ရာ မြန်မာ့အနုပညာလက်ရာတို့ဖြင့် ထည်ဝါခံ့ညား တင့်တယ်လှပေသည်။

ဘုရားကြီး၏ဘွဲ့တော်ကို မဟာသကျအတုလမာရ်အောင်

ဘုရားကြီးဟု အရှေ့တောရကြီးဆရာတော် ဘဒ္ဒန္တအာသဘ မထေရ်ကြီးက ကမ္ပည်းထိုးခဲ့သော်လည်း အများပြည်သူတို့က ဘုံငါးဆင့်ငါးထပ်ရှိသော ဂန္ဓကုဋီစံကျောင်းတော်ကြီးကို အမှတ်အသားပြု၍ ငါးထပ်ကြီးဘုရားဟုပင် လွယ်ကူစွာခေါ်ခဲ့ကြလေသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေသော ငါးထပ်ကြီးသမိုင်း၌ကား သာလွန်မင်းတရာကြီး၏သားတော် မင်းရဲရန္တမိတ်၏ကောင်းမှုတော်ဖြစ်သည့် စစ်ကိုင်းမြို့မှ ငါးထပ်ကြီးဘုရားကို နမူနာပုံတော်ယူ၍တည်ခဲ့သောကြောင့် ငါးထပ်ကြီးဘုရားဟု အမည်တော်တွင်ကြောင်းဖြင့် ဖော်ပြထားသည်ကိုလည်း တစ်နည်းမှတ်သားနိုင်ကြပါသေးသည်။

ဦးဘိုးအောင်နှင့် ဒေါ်စိန်ရင်တို့သည် လွန်ကဲသော သဒ္ဓါတရားရှိကြသည့်အလျောက် ငါးထပ်ကြီးဘုရားကို တည်ပြီးနောက်တစ်နေ့လျှင် တစ်ခေါက်နှစ်ခေါက် ဘုရားသို့လာ၍ ဝတ်ပြုရှိခိုးရခြင်းဖြင့် ကျေနပ်အားရခြင်းမရှိနိုင်ကြသဖြင့် အခါခပ်သိမ်း အမြဲတစေ သွားလာဝင်ထွက်လျက် ဝတ်ပြုရှိခိုးရန်နှင့် သံဃာတော်များကိုလည်း နီးနီးနားနား ဆွမ်း၊ ကွမ်း ဝတ်ပြုလှူဒါန်းနိုင်စေရန် ရည်ရွယ်လျက် ဘုရားကြီးအနီးမှ ခြံမြေကို ဝယ်ယူ၍ အိမ်ဆောက်ပြီးလျှင် မြို့တွင်းမှ ပြောင်းရွှေ့၍နေထိုင်ခဲ့ကြလေသည်။

## ဆာဦးဘိုးသာ ခြောက်ထပ်ကြီးဘုရား တည်ခြင်း

ဆာဦးဘိုးသာနှင့် ငါးထပ်ကြီးဘုရား ဒါယကာ ဦးဘိုးအောင်တို့သည် အကျွမ်းတဝင် ရင်းနှီးခင်မင်ကြသော လုပ်ဖော်ကိုင်ဖက် စီးပွားဖက် မိတ်ဆွေကြီးများ ဖြစ်ကြလေသည်။ ဦးဘိုးသာ

သည် ဦးဘိုးအောင်နည်းတူ ဘုရားကြီးတစ်ဆူကိုတည်ရန် ကြံစည်လျက် ငါးထပ်ကြီးဘုရား၏ အရှေ့မြောက်ဘက်မှ မြေ (၄.၂၅) ဧကကို တန်ဖိုးငွေကျပ်တစ်သောင်းလေးထောင့်နှစ်ရာ (၁၄၂၀၀) ကျပ် ပေး၍ ဦးဘိုးအောင်ထံမှ ဝယ်ယူခဲ့သည်။ ကောဇာသက္ကရာဇ် ၁၂၆၈ ခုနှစ် တပေါင်းလဆန်း (၇) ရက်၊ ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီလ (၁၇)ရက်၊ တနင်္ဂနွေနေ့တွင် ငါးထပ်ကြီးကျောင်း တိုက်၌ အောက်မြန်မာပြည် ဟံသာဝတီလေးရပ်၏ အကြီးအမှူးဦးစီး အချုပ်ဂိုဏ်းအုပ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအာသဘ အမှူးပြုသည့် သံဃာတော် (၁၀၀)ကျော် နှင့် ဂုဏ်သရေရှိ မြို့မိမြို့ဖ လူကြီးလူကောင်းအပေါင်းတို့ကို ပင့်ဖိတ်၍ ဆွမ်းကပ်လှူ ကျွေးမွေးပြီးလျှင် ငါးထပ်ကြီးဘုရား၏ အရှေ့ မြောက်ဘက်မှ ကုန်းတန်းပေါ်၌ ဉာဏ်တော် အတောင် ၁၂၀ (ပေ ၁၈၀) ရှိသော ရွှေသာလျောင်း ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားမည့် အကြောင်းကို ဆရာတော်၊ သံဃာတော်များနှင့် မြို့မိမြို့ဖ အပေါင်းတို့အား အသိပေးလျှောက်ထားပန်ကြားခဲ့သည်။ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့်တကွ ဂုဏ်သရေရှိ မြို့မိမြို့ဖ လူကြီးလူကောင်း အပေါင်းတို့ကလည်း သောင်းသောင်းဖြဖြ အနုမောဒနာပြုကြလျက် အားပေးတိုက်တွန်း ကြပြီးလျှင် မိမိတို့၏ သဒ္ဓါဆန္ဒအလျောက် ပံ့ပိုးကူညီလျက် ကုသိုလ်ပါဝင်ကြရန် ဝန်ခံကတိပြုလေ၏။ ထိုနေ့က ကျင်းပသော အစည်းအဝေး၌ပင် ကုသိုလ်ရှင်တို့ထံမှ အုတ်ချပ်ရေ ၆၃၀၀၀၀ (ခြောက်သိန်းသုံးသောင်း) ပါဝင်လှူဒါန်းကြမည့်ကတိကိုရရှိခဲ့ကြောင်း သိရပေသည်။

## မူလခြောက်ထပ်ကြီးဘုရားကြီးတည်ရန် နှိုးဆော်သည့် ရှေးကကြော်ငြာစာတစ်စောင်

ဤသို့ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး တည်ထားမည့်အကြောင်းကို ဆရာတော်၊ သံဃာတော်များနှင့် မြို့မိမြို့ဖ လူကြီးလူကောင်းအပေါင်းတို့အား အသိပေးပန်ကြားလျှောက်ထားပြီးနောက် ရဟန်းရှင်လူ လုပ်သားပြည်သူတို့ သိရှိကြ၍ ကုသိုလ် ပါဝင်လှူဒါန်းနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ထားသည့် ကြော်ငြာစာတစ်စောင်ကို ငါးထပ်ကြီးဆရာတော် ဦးဇာဂရထံမှ ရရှိခဲ့ပါသည်။ ရှားရှားပါးပါး သမိုင်းအထောက်အထား တန်ဖိုးကြီးမားလှသည့် ယင်းကြော်ငြာစာကို ငါးထပ်ကြီးဆရာတော်၏ ခွင့်ပြုချက်အရ ကူးယူပြီး သုတေသီတို့ လေ့လာနိုင်ရန် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

## ညဏ်တော်အတောင် ၁၂၀ ရှိသော ရွှေသာလျောင်း ရုပ်ပွားတော်ဘုရားကြီး တည်ထားမည့်ကြော်ငြာစာ

ရန်ကုန်မြို့ကြီး၏အတွင်းရှိ ဘုရားလူကြီးများ၊ သမာဓိမြို့ဝန်များ၊ ကော်မတီလူကြီးများမှစ၍ ရုပ်ပွားတန်ဆောင်း ဂူကျောင်း စေတီ မဟီအရိုန် သိမ်ဇရပ်အမည် အလီလီသော ဒါယကာ သူဌေးကုန်သည် အသရေရှိ လူကြီးလူကောင်းအပေါင်းများစွာတို့က အထူးနှိုးဆော်ကြော်ငြာလိုက်ပါသည်။

အကြောင်းမှာ ၁၂၆၈ ခု၊ တပေါင်းလဆန်း (၇) ရက် တနင်္ဂနွေနေ့တွင် ဝန်းကျင်ပတ်ချပ် တိုက်အုပ်ဆရာတော် အမှူးရှိသော ဆရာတော်၊ သံဃာတော် (၁၀၀) ခန့်တို့ကို ဦးတည် လျှောက်

ထားလျက် အသရေရှိလူကြီးလူကောင်း အပေါင်းများစွာတို့ စုပေါင်းစည်းဝေးကြရာ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၏ အရှေ့ဘက်ကုန်းတန်းတွင် မြောက်သို့ ဦးခေါင်းတော်မူလျက် တည်ထားကိုးကွယ်ကြရန် အဆိုပါ ဆရာတော်အရှင်မြတ်များနှင့်အတူ လူကြီးလူကောင်း ပရိသတ်အပေါင်းတို့ပါသဘောညီမျှ နှစ်သက်ပြဋ္ဌာန်းကြသည့်အတိုင်း ဖြူဖြူဝမ်းသာ ထိုနေရာတွင်ပင် ပါဝင်အားထုတ် ဘုရားကြီးဒါယကာလုပ်ကြသော အုတ်ရေစာရင်းကား (၆၃၀၀၀၀) ခြောက်သိန်းသုံးသောင်း ကောင်းကောင်းကြီးဝန်ခံရရှိလေသည်။ အစိန္တေယျကျေးဇူးဂုဏ်ကို ယုံကြည်လေးမြတ်စွာ သဒ္ဓါဗလဝ ဘောဂလောက်လုံသူ ရန်ကုန်မြို့ကြီးမှစ၍ အမြို့မြို့ အရွာရွာ များစွာရှိသေးသဖြင့် အရေးဆောလျင် အောင်မြင်ပေတော့မည်ဖြစ်၍ နှစ်ရှည်သမယဉာဏ်ဋ္ဌာနတွင် ရှေ့ကစဦး မဖြစ်ဖူး၍ ထူးမြတ်ကြီးကျယ် အံ့ဖွယ်မင်္ဂလာစေမြတ်စွာကို သဒ္ဓါကြည်လင် ဘာသာဝင်တို့ အစဉ်မပျက်နှစ်သက်ကြည်နူး အဆက်ဆက် ဖူးကြရသဖြင့် အကျိုးထူးနိသံသရာဇဗ္ဗိုဟ်သူငယ်မနှင့် ဥပဝါန အရှင်တို့ကဲ့သို့ လိုချင်ရာဆုပန်လူနှင့်နတ် နိဗ္ဗာန်ချမ်းသာကြီးသုံးတန်ကို မြန်မြန်ကြီး ရလွယ်ကြပါစေသောဟု သဘောရင်းဆန္ဒဖြင့် ပသန္နအထူး အနန္တကျေးဇူးကိုညွတ်နူးအားကိုးကြရင်းအတိုင်း ဇရာမရဏကိုလည်းကြောက် အခါသမယကိုလည်းထောက် သဒ္ဓါသမျှအလျောက် ချီးမြောက်ကြည်ညို ကုသိုလ်ပါဝင်တော်မူကြပါဟု ကြော်ငြာနှိုးဆော်လိုက်ပါသည်။

မြန်မာ့သံတော်ဆင့် သတင်းစာတိုက်(မူရင်းအတိုင်း)

## ဘုရားကြီးတည်သောခုနှစ်နှင့် ပြီးစီးသောခုနှစ်

၁၂၆၁ ခုနှစ် တန်ခူးလတွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို စတင်တည်၍ ၁၂၆၆ ခုနှစ်တွင် ပြီးစီးသည်ဟူ၍ ရှေးက အမှတ်အသားအချို့ ရှိခဲ့ဖူးသော်လည်း အထက်ဖော်ပြပါ ကြော်ငြာစာအရ ဘုရားကြီးကို စတင်တည်သောခုနှစ်နှင့် ပြီးစီးသော ခုနှစ်တို့မှာ ၁၂၆၁ ခုနှစ်နှင့် ၁၂၆၆ ခုနှစ်တို့ မဖြစ်နိုင်ကြောင်း သိသာထင်ရှားနေပါသည်။ ၁၂၆၈ ခုနှစ် တပေါင်းလဆန်း (၇) ရက်နေ့မှ ဘုရားကြီးတည်ထားမည့်အကြောင်းကို ဆရာတော်၊ သံဃာတော်များနှင့် မြို့မိမြို့ဖ လူကြီးလူကောင်းအပေါင်းတို့အား အသိပေးလျှောက်ထား ကြော်ငြာသည့်အတွက်ကြောင့် ၁၂၆၈ ခုနှစ်ထဲ၌ပင် စတင်၍ တည်နိုင်ဦးမည်မဟုတ်ဘဲ နှစ်ကူးပြီးနောက် ၁၂၆၉ ခုနှစ်သို့ ရောက်မှသာ စတင်၍ တည်နိုင်ဖွယ်ရာရှိပါသည်။ ရှေးက အမှတ်အသားများ၏အဆိုအရ ဘုရားကြီးပြီးစီးသည်အထိ ခြောက်နှစ်တည်ထားရသည်ဟု ဆိုသဖြင့် ၁၂၆၉ ခုနှစ်တွင် စတင်တည်၍ ၁၂၇၄ ခုနှစ်မှာ ပြီးစီးသည်ဟုပင် မှတ်သားနိုင်ပါသည်။

## ခြောက်ထပ်ကြီးဘုရားကြီးဟူ၍ ဘွဲ့တော်တွင်လာခြင်း

လက်ဦးပထမဘုရားကြီးကို ဦးစီး၍တည်ကြသော ပန်းရန်ဆရာကြီးများမှာ ဘုရားဒါယကာကြီး ဆာဦးဘိုးသာ၏ ဇာတိချက်မြှုပ်ဖြစ်သော ဘားကူးရွာမှ ဦးကြီးညိုနှင့် ဦးဘိုးခင်တို့ဖြစ်ကြသည်။ ဦးကြီးညိုသည် ပဲခူးမြို့၊ ကျိုက္ကလွန်ဘုရားရုပ်ပွားတော်ကြီးလေးဆူကို တည်ခဲ့ဖူးသော ဆရာကြီးဖြစ်သည်ဟု ဆိုပါသည်။ ထိုပန်းရန်

ဆရာကြီးများသည် ဘုရားကြီးကို တည်ထောင်ကြစဉ်အတွင်း၌ ဘုရားဒါယကာကြီး၏ ကိုယ်စားလှယ်ဖြစ်သူနှင့် မသင့်မြတ်ကြသောကြောင့် ဘုရားကြီးပြီးစီးအောင်မတည်ဘဲ အလုပ်မှထွက်သွားကြသည်။ ထို့နောက် ဘုရားဒါယကာကြီး၏ ကိုယ်စားလှယ်လုပ်သူ မြန်မာလူမျိုး ပန်းရန်ဆရာများကို မကျေနပ်သဖြင့် ကုလားလူမျိုး ပန်းရန်ဆရာတစ်ဦးကိုခေါ်ယူ၍ ဘုရားတည်ခိုင်းခဲ့သည်။ ထိုကုလားပန်းရန်ဆရာသည် ရုပ်ပွားဖမ်းသည့်ပညာကို မတတ်မြောက်သဖြင့် အချိုးအစား ကျနပြေပြစ်အောင် မတည်နိုင်သောကြောင့် ရွှေသာလျောင်းဘုရားကြီးမှာ ကြည်ညိုဖွယ်ရာ တင့်တယ် သပ္ပာယ်ခြင်း မရှိအောင်ဖြစ်ခဲ့ရကြောင်း သိရ၏။

ဘုရားကြီးတည်ပြီးစအချိန်က ရွှေဂုံတိုင်လမ်းမကြီး မပေါက်သေးပေ။ ထို့ကြောင့် ဘုရားဖူးများလာ၍ ဖူးမြော်နိုင်ရန် သွားရေးလာရေး အလွန်ခက်ခဲသည်။ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်လည်း မရှိသေးသောကြောင့် ယခုကဲ့သို့ ခမ်းခမ်းနားနား စည်ကားခြင်းလည်းမရှိသေးပေ။ ငါးထပ်ကြီးဘုရားနှင့် ငါးထပ်ကြီး ကျောင်းတိုက်ကြီးသည်ကား ဥယျာဉ်ဗိမာန် ကျောင်းကန်တန်ဆောင်း ဇရပ်အပေါင်းတို့ဖြင့် သိုက်မြိုက်စည်ကားနေသည့်အပြင် သွားလာရေးအတွက် လမ်းပန်းအဆက်အသွယ်လည်း ကောင်းမွန်၏။ ထို့ကြောင့် ဘုရားဖူးများသည် ငါးထပ်ကြီးသို့သာ အရောက်များကြပြီးလျှင် ထိုငါးထပ်ကြီးဘုရားမှနေ၍ အရှေ့မြောက်ဘက် တောင်ကုန်းပေါ်မှ မားမားထီးထီး ရွှေသာလျောင်းကိုယ်တော်ကြီးကို လှမ်းမျှော်လျက် ဖူးမြော်ကြရင်း အဲဒီဘုရားကြီးကို ခြောက်ထပ်ကြီးဟု

ခေါ်သည်ဟူ၍ အမည်ပေးခဲ့ကြလေသည်။ ထိုသို့ ဘုရားဖူးအပေါင်းက ငါးထပ်ကြီးမှထောက်၍ ခြောက်ထပ်ကြီးဟု အမည်ပေးကင်ပွန်းတပ်ခဲ့ကြသောကြောင့် ခြောက်ထပ်ကြီးဘုရားကြီးဟူ၍ (အတွင်ရှဋ္ဌီအားဖြင့်) အလိုအလျောက် အမည်တော်ထင်ရှားလာခဲ့ကြောင်း သက်ကြီးဝါကြီးပုဂ္ဂိုလ်ကြီးများက ပြောပြကြပါသည်။

## မူလခြောက်ထပ်ကြီးဘုရားကြီး၏ ဉာဏ်တော်နှင့် အဆောက်အအုံများ

၁။ ပလ္လင်တော်အလျား ၁၉၇ ပေ၊ အတောင်အားဖြင့် ၁၃၁ တောင် ၁ မိုက်။

၂။ ပလ္လင်တော်အနံ ၄၀ ပေ၊ အတောင်အားဖြင့် ၂၆ တောင် ၂ မိုက်။

၃။ ပလ္လင်တော်အမြင့် ၅ ပေ၊ အတောင်အားဖြင့် ၃ တောင် ၁ မိုက်။

၄။ ဘုရားကြီး၏ ဉာဏ်တော်အလျား ၂၃၅ ပေ၊ အတောင်အားဖြင့် ၁၄၀ တောင်။

၅။ ဘုရားကြီး၏ ဉာဏ်တော်အမြင့် ပလ္လင်ပေါ်မှ ရောင်ယှဉ်တော်အထိ ၁၀၁ ပေ၊ အတောင်အားဖြင့်၆၇ တောင် ၁ မိုက် ရှိပါသည်။

ဘုရားကြီးကျောင်းတိုက်ကြီးကို မတည်ထောင်မီက

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးအနီး၌ အဆောက်အအုံ ဟူ၍ မည်မည်ရရ မရှိသေး။ ဘုရားဒါယကာကြီး ဆာဦးဘိုးသာ ဆောက် လုပ်လှူဒါန်းထားသော (၁) အလျားပေ ၆၀၊ အနံ ပေ ၅၀ ရှိသော ဇရပ်ကြီးတစ်ဆောင်၊ (၂) အလျားပေ ၆၀၊ အနံ ၁၅ ပေရှိသော အာရုံခံတန်းလျား တန်ဆောင်းကြီးတစ်ဆောင်၊ (၃) ဘုရားကြီး နမူနာပုံတော် တန်ဆောင်းကလေးတစ်ခုနှင့် (၄) ရန်ကုန်မြို့ ဦးကြာခိုင်-ဒေါ်ကလေးမ၊ သမီး မဖွားသိန်းတို့၏ ကောင်းမှု အလျားပေ ၄၀၊ အနံ ပေ ၃၀ ရှိသော အာရုံခံ အုတ်တိုက် တန်ဆောင်းကြီးတစ်ခု ပေါင်းအဆောက်အအုံ လေးခုသာရှိသည်။ ပေ ၅၀၊ ပေ ၆၀ ရှိသော ဇရပ်ကြီးပေါ်၌ ခိုကိုးရာမဲ့ သက်ကြီးရွယ်အို ဘိုးဘွားများကို တင်ထားပြီးလျှင် ဘုရားဒါယိကာမကြီးက ကျွေးမွေး စောင့်ရှောက်၍ ဘိုးဘွားရိပ်သာ ပြုလုပ်ထားလေသည်။

## ဘုရားကြီးသမိုင်းကိုရေးလျှင် ဘုရားကြီးဆရာတော်ကို ချန်ထား၍ မဖြစ်

ခြောက်ထပ်ကြီးဘုရားကြီးသမိုင်းရေးလျှင် ဘုရားကြီး ကျောင်းတိုက်နှင့် ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ကောဏ္ဍည မဟာထေရ်၏ အကြောင်းကို ချန်လှပ်ထားခဲ့၍ မဖြစ်၊ ဘုရားကြီး ကျောင်းတိုက်နှင့် ဘုရားကြီးဆရာတော်၏အကြောင်းကို ထည့်ပြီးရေးမှသာ ပြည့်စုံသော ဘုရားကြီးသမိုင်းတစ်စောင်အဖြစ် သို့ ရောက်ရှိနိုင်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားကြီး ကျောင်းတိုက်နှင့် ဘုရားကြီးဆရာတော်သည် ဒွန်တွဲလျက် သမိုင်း ၏ ပဓာနအခ်ခန်းကဏ္ဍမှ ပါဝင်လှုပ်ရှား ဆောင်ရွက်သွားခဲ့သော

ကြောင့်ပင် ဖြစ်ပေသည်။ ပခုက္ကူနိုကာယ ခြောက်ထပ်ကြီးဘုရား ကျောင်းတိုက်ကြီးကို ရန်ကုန်မြို့၌ လက်မွန်မဆွ ပထမစတင်၍ တည်ထောင်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်နှင့် ဘုရားကြီး ဒုတိယမြောက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏမထေရ်တို့၏ ဥပဇ္ဈာယ်ဆရာတော်ကြီး သည် ဂါမဝါသီ ညောင်ပင်သာရွာကျောင်းကို တပည့်အပေါင်းအား လွှဲပြောင်းအပ်နှံခဲ့ပြီးလျှင် အရညဝါသီ တောရဆောက်တည်၍ ရေတာရှည်မြို့နယ်၊ ပုဂံတောင်တောရ၌ ဝိပဿနာစုရကို ပွားများ အားထုတ်ကာ သီတင်းသုံးနေတော်မူခဲ့၏။ နောင်အခါတွင် အရွယ် တော်အိုမင်း၍ ကျန်းမာရေးချွတ်ယွင်းလာသောအခါတွင် ဆွေမျိုး ရင်းချာ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က တောင်းပန်ကြ သဖြင့် ၎င်းတို့နှင့်နီးရာသို့ ရွှေ့ပြောင်းခဲ့ပြီးလျှင် ရန်ကုန်မြို့ ဟာမစ် တစ်လမ်း၊ ခြံအမှတ်(၇၁) ၌ သီတင်းသုံးနေတော်မူလေသည်။ ၎င်းခြံမြေသည် ရေတာရှည်မြို့ ဆန်စက်သူဌေး ကိုဦးကာ-ဒေါ်အေးမြတို့၏ ခြံမြေဖြစ်သည်။ ၎င်းတို့က ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရန် မြေတစ်ဧက လှူဒါန်းသည်။ ဆရာတော်ကြီး ၏ ဘကြီးတော်သူ ခရမ်းမြို့နယ်၊ အေးရွာမှ ကျောင်း ဒါယကာကြီး ဦးသာဘိုးက ခေတ္တသီတင်းသုံးနိုင်ရန် လေးပင်၊ သုံးပင်ဝါဆို ကျောင်းတစ်ဆောင်ကို ဆောက်လှူသည်။ ထို့နောက် ဆရာတော် ကြီး၏ အစ်ကိုဖြစ်သူ လှည်းကူးမြို့နယ်၊ မအူရွာမှ ဦးကိုဦးကလည်း ပေ ၂၀ ပတ်လည်ရှိသော သုံးပင်နှစ်ထပ်တိုက်ကျောင်း တစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းသည်။ ထိုကျောင်းကို

ခေမာသီဝံတောရကျောင်းဟု အမည်ပေး၍ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခြင်း ဖြစ်ပါသည်။ ဥပဇ္ဈာယ် ဆရာတော်ကြီး ခေမာသီဝံတောရကျောင်းသို့ ရွှေ့ပြောင်း၍ သီတင်းသုံးသော အခါ၌ တပည့်ဖြစ်သူ အရှင်အာစိဏ္ဏသည် စစ်ကိုင်းချောင်တွင် ပညာသင်နေရာမှ ဆရာတော်ကို လုပ်ကျွေးပြုစုနိုင်ရန် ရန်ကုန်မြို့ သို့ ပြန်လာခဲ့ပြီးလျှင် ဆရာတော်ကြီးကို လုပ်ကျွေးပြုစုရင်း တပည့်ရဟန်းငယ် သာမဏေများကို စာပေပို့ချပေးလျက် နေထိုင်ခဲ့ သည်။

၁၂၈၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၅) ရက်နေ့တွင် ခရမ်းမြို့နယ်၊ ပိန်းကန်ရွာ၌ ဆေးဝါးကုသခံရန် ခေတ္တသီတင်းသုံး နေစဉ် ခေမာသီဝံဆရာတော်ကြီး ဘဒ္ဒန္တတေဇဝန္တ ပျံလွန်တော်မူ သည်။ ဆရာတော်ကြီးသည် မိမိ၏အခြေအနေကို သိရှိပြီးဖြစ်သော ကြောင့် ပိန်းကန်ရွာသို့ မသွားမီကပင် ခေမာသီဝံကျောင်းကို တပည့်များဖြစ်ကြသည့် တာမွေသိမ်ကုန်းကျောင်းတိုက် ကာလကတ္တားကျောင်းဘုန်းကြီး ဦးနန္ဒနှင့် ပခုက္ကူမြို့ မဟာဝိသုတာ ရာမ တိုက်ကြီးမှ ဂဏဝါစကစာချ အရှင်ကောဏ္ဍညတို့အား ဂရုဘဏ်၊ လဟုဘဏ်နှင့်တကွ လွှဲအပ်ခဲ့လေသည်။ အရှင် ကောဏ္ဍညသည် ခေမာသီဝံ ဆရာတော်ကြီးပျံလွန်ကြောင်း သိသောအခါ၌ ပခုက္ကူမှကြွလာ၍ ဥပဇ္ဈာယ် ဆရာတော်ကြီး၏ အန္တိမစျာပနကို လှုပအောင် ကောင်းစွာသင်္ဂြိုဟ်သည်။ ထို့နောက် ဆရာတော်ကြီး၏ ဆန္ဒအတိုင်း ၁၂၉၀ ပြည့်နှစ်တွင် ခေမာသီဝံ တောရကျောင်း၌ ဝါကပ်၍ တပည့်ရဟန်း သာမဏေတို့အား

စာပေပို့ချပေးတော်မူသည်။ ယင်း သို့နေထိုင်စဉ် မူလမြေအလှူရှင်များဖြစ်ကြသော ကိုဦးကာ-ဒေါ်အေးမြတို့နှင့် မသင့်မမြတ် ဖြစ်ရလေ၏။ ထို့ကြောင့် ၁၂၉၂ ခုနှစ်တွင် ငါးထပ်ကြီး တော်ကူးလေး ပြာသာဒ်ကျောင်းသို့ ယာယီရွှေ့ပြောင်းလျက် ခေတ္တသီတင်း သုံးခဲ့ရသည်။

## တန်ဖိုးမသိက ပတ္တမြားအလှကိုပင် စွန့်ပစ်ကြသည်

အရည်အသွေးကို နားမလည်သူ ဘုန်းသမ္ဘာမရှိသူတို့သည် တန်ဖိုးအနဂ္ဃ ထိုက်တန်လှသော ပတ္တမြားကျောက်မျက် တွင်းထွက် ရတနာသည် မိမိလက်ဝယ်သို့ တင့်တယ်စွာ ရောက်ရှိနေငြားသော်လည်း စွန့်ပစ်မိတတ်ကြ၏။ အရည်အသွေးကို နားလည်သူ ဘုန်းရှင် ကံရှင်တို့သည်ကား ထိုပတ္တမြားရတနာကို တန်ဖိုးကြီးစွာ ပေး၍ အမြတ်တနိုး ဝယ်ယူသုံးဆောင်ကြပါသည်။ ဆရာတော် ဦးကောဏ္ဍည၏ အရည်အချင်းကိုသိသူ ဘုရားဒါယကာ၊ ကျောင်း ဒါယကာကြီး ဆာဦးဘိုးသာသည် မိမိတည်ထားသော ခြောက်ထပ် ကြီး ရွှေသာလျောင်း ဘုရားကြီးအနီးမှ ဇရပ်တန်ဆောင်းတို့ကို မွမ်းမံပြင်ဆင်လျက် မဟာဗုဒ္ဓါရာမ(ဘုရားကြီးတိုက်)ဟူ၍ ကိုယ်တိုင် ကမ္ပည်းတပ်ပြီးလျှင် ဆရာတော် ဦးကောဏ္ဍညအား အပ်နှံလှူဒါန်းပါသည်။

ဆရာတော်ဦးကောဏ္ဍညသည် ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် (၂) ရက်၊ ခရစ်နှစ် ၁၉၃၁ ခုနှစ် မေ (၃) ရက်နေ့တွင် မဟာဗုဒ္ဓါရာမ ဘုရားကြီးတိုက်သို့

တပည့် ရဟန်းသာမဏေများနှင့်အတူ ပြောင်းရွှေ့သီတင်းသုံးတော်မူလေသည်။

## တက္ကသီလာ မြကျွန်းသာ

ငမောက်ပတ္တမြားအလား ပြည်တန်သော ကျောက်မျက်ရတနာတစ်ပါးပင် ဖြစ်စေကာမူ ရွှေကိုမှီမှသာ တင့်တယ်လှပသကဲ့သို့ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်နှင့်တူသော ဂုဏ်သရေရှိသူပင် ဖြစ်စေကာမူ ကလျာဏမိတ္တ မိတ်ဆွေကောင်းကို မှီရမှသာ ကြီးပွားတိုးတက်နိုင်၏ဟူ၍ မဟာရဟနီတိဆရာတော်ဆိုပါသည်။ ဆရာတော် ဦးကောဏ္ဍညသည်လည်း သာသနာ့ ဒါယကာပွဲစားကြီး ဆာဦးဘိုးသာတည်းဟူသော ကလျာဏမိတ္တ အမှီကို ရရှိနေပြီဖြစ်၍ ဆရာတော် ဦးဂန္ဓသာရ၊ ဆရာတော် ဦးပညာ အစရှိသော ဆရာသမားတို့ထံမှ ရအပ်သော ဥပနိဿယအတိုင်း ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ပါဠိအဋ္ဌကထာ အစုစုသော ကျမ်းစာတို့ကို အဆက်မပြတ် တရစပ် ပို့ချပေးခဲ့ရာ မကြာမီပင် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်သည် အောက်မြန်မာပြည်တွင် ပခုက္ကူနိကာယ မဟာဝိသုတာရာမ တိုက်ခွဲကြီး အဖြစ်သို့ ရောက်ရှိခဲ့ပြီး သောတုဇန ရဟန်းသာမဏေများ၏ အားထားခိုဝင် ပညာသင်ရာ တက္ကသီလာမြကျွန်းသာအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## ဘုရားကြီးကျောင်းတိုက် ကြီးပွားတိုးတက်ခြင်း၏ အကြောင်းများ

ဘုရားကြီးကျောင်းတိုက်ကြီး အလျင်အမြန် တစ်မုဟုတ်ချင်း ကြီးပွားတိုးတက်ခြင်း၏အကြောင်းကို ဘုရားကြီးတိုက်သမိုင်း

စာအုပ်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်က အောက်ပါအတိုင်း စိစစ်ဖော်ပြထားလေသည်။

(၁) ပခုက္ကူမြို့ မဟာဝိသုတာရာမ စည်းမျဉ်းအတိုင်း ကျောင်းတိုက်ကို အုပ်ချုပ်၍ နေ့စဉ်မပျက် စာမှန်မှန် ပို့ချပေးခြင်း။

(၂) ကျောင်းတိုက်အတွင်းသို့ နေထိုင်ရန် ရောက်ရှိလာကြသော သာမဏေများကို ဥပဇ္ဈာယ်ယူစေ၍လည်းကောင်း၊ ရဟန်းတော်များကို နိဿရည်းယူစေ၍လည်းကောင်း နေထိုင်စေခြင်း။

(၃) ရှစ်ရက်သီတင်း လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဘုရားဝတ်တက်အပြီးမှာ ဆရာတော်က ဩဝါဒပေးခြင်း။

(၄) ဆရာတော်အပေါ် တပည့်များက အလွန်ရိုသေ လေးစားလျက် ပေးအပ်သော ဩဝါဒကို မြေဝယ်မကျ လိုက်နာကြခြင်း။

(၅) ကျောင်းတိုက်အုပ်ချုပ်ရေးတွင် လူပုဂ္ဂိုလ်တို့ ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံခြင်း။

(၆) ဆွမ်းစားကျောင်း၌သာ စာချစာသင် ရဟန်းသာမဏေအားလုံး တစ်စုတစ်ရုံးတည်း အညီအညွတ် ဆွမ်းဘုဉ်းပေးရခြင်း။

(၇) သုမင်္ဂလ၊ ဒုမင်္ဂလ အလှူအတန်းတို့မှ ရသမျှ လာဘ်လာဘကို သံဃိကချည်းပြုလုပ်စေ၍ ဝါဆိုလပြည့်နေ့တွင် တစ်ကြိမ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် တစ်ကြိမ် တိုက်ရှိသံဃာအားလုံးကို အညီအမျှ စာရေးတံမဲချ၍ ဝေဖန်ပေးခြင်းနှင့်

(၈) ဂိလာန(မကျန်းမာသော) ရဟန်းများကို ဥပေက္ခာမပြု လျစ်လျူရှု၍ မထားဘဲ ကျောင်းတိုက်တွင်းရှိ ဆေးခန်း၌ဖြစ်စေ၊ ဇီဝိတဒါနဆေးရုံ၌ဖြစ်စေ ကိုယ်တော်တိုင် တင်ပေးပြီးလျှင် ကြပ်မတ်ကုသစေခြင်း စသည့်အကြောင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

## ဆာဘိုးသာ သာသနာကို ချီးမြှောက်ပုံ

ကျောင်းဒါယကာကြီး ဆာဦးဘိုးသာသည် ဆရာတော်ဦးကောဏ္ဍည အမှူးပြုသော သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ဆေး၊ ပစ္စည်းလေးပါးတို့ကို လိုလေသေးမရှိရအောင် ထောက်ပံ့လှူဒါန်းသည့်အပြင် သေနာသန အသုံးအဆောင်ဖြစ်သော ဖျာ၊ သင်ဖြူး၊ ခြင်ထောင်၊ ခေါင်းအုံး၊ ပန်းကန်ခွက်ယောက်၊ သောက်ရေအိုး၊ သောက်ရေခွက်၊ ထွေးခံ စသည်တို့ကို ပြည့်စုံအောင် မတည်ထူထောင်၍ လှူဒါန်း၏။ ထို့ပြင် ဆရာတော်နှင့်တကွ ဂဏဝါစက စာချဘုန်းကြီးများ စာပေပို့ချရာ ဓမ္မာသနရွှေသလွန်များကိုလည်း စီမံပေးထားပါသည်။ ယင်းဓမ္မာသနရွှေသလွန်များကို ရွှေပိန်း အပြည့်ချပြီးလျှင် ကော်ဇောခင်း၍

ကတ္တီပါ ခေါင်းအုံးကြီး နှစ်လုံးစီကိုလည်း တင်ထားသည်။ ဆရာတော်၏ ဓမ္မာသနရွှေသလွန်များ၌ မှုကား ရွှေထီးတစ်လက်စီ စိုက်ထူပေးထားလေသည်။ ဆာဘိုးသာ၏ သာသနာတော်ကို ချီးမြှောက်ပုံသည် ချီးကျူးဖွယ်၊ အတုယူဖွယ် ကောင်းလှ၏။ ဓမ္မာသန စာချရွှေသလွန်များကို ခမ်းခမ်းနားနား ပြင်ဆင်၍ လှူဒါန်းပုံကိုလည်း ဆာဘိုးသာက ဤသို့ လျှောက်ထားခဲ့ ဖူးသည်။

## ဆာဘိုးသာလျှောက်ထားချက်

"ယခုလို ကော်ဇောခင်း၍ ကတ္တီပါခေါင်းအုံးနှင့်တကွ ရွှေထီးဆောင်းမိုးထားသော ဓမ္မာသန စာချရွှေသလွန်များကို လှူဒါန်းခြင်းသည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော စာချပုဂ္ဂိုလ်များကို ဂုဏ်ထူးရှိသလောက် ချီးမြှောက်ထောက်ပံ့ပါမှ ကိုယ်စိတ်နှစ်ပါး အားတက်သရောဖြစ်ပြီး သာသနာတော် ကြီးပွားတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြပါမည်။ စာလိုက်သံဃာ သောတုဇနတပည့်များကလည်း ထည်ထည်ဝါဝါ ခံ့ခံ့ညားညား စာပေပို့ချပေးနေသော ဆရာသမားများကို အားကျပြီး ကြိုးစား၍ စာအမြန်တတ်အောင် သင်ယူကြလိမ့်မည်။ ဤရည်ရွယ်ချက်ကြောင့် လှူဒါန်းခြင်းဖြစ်ပါသည်။ စာပေကို မပို့ချနိုင်သော ပရိယတ္တိကို အားမထုတ်သော ပုဂ္ဂိုလ်များသည် ဝါတော် (၆၀) ရပြီးသော မထေရ်ကြီးများပင် ဖြစ်စေကာမူ ဤဓမ္မာသနစာချရွှေသလွန်များအပေါ်၌ အိပ်စက်ဖို့ မဆိုထားဘိ ထိုင်ခွင့်ကိုပင် မပေးနိုင်ပါကြောင်း ခပ်ပြောင်ပြောင်ပင် လျှောက်ထားဖူးသတတ်။

## ခတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးကို တည်ထောင်ကြခြင်း

ကျောင်းဒါယကာ၊ ဘုရားဒါယကာ သူဌေးကြီး ဆာဦးဘိုးသာသည် သာသနာတော်ကို ပစ္စယာနုဂ္ဂဟဖြင့် အစွမ်းကုန် ထောက်ပံ့ပူဇော်ရင်း ၁၂၉၅ ခုနှစ် ဝါခေါင်လတွင် ကွယ်လွန်ခဲ့ရှာလေသည်။ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၌ သောတုဇနစာသင်သား ရဟန်းသာမဏေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ရာ ၁၃၀၀ ပြည့်နှစ်တွင် သံဃာ (၃၀၀) ကျော်အထိ ရှိလာသည်။ ကျောင်းအမကြီး လေဒီသာနှင့် သားသမီးတစ်စုတို့က ဆက်လက်၍ ပစ္စယာနုဂ္ဂဖြင့် ထောက်ပံ့ပူဇော်နေကြသော်လည်း သံဃာတော် (၃၀၀) ကျော်၏ တာဝန်ကို တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် နေ့စဉ်မပြတ် ထောက်ပံ့လှူဒါန်းနေရန်မှာ လွယ်ကူသော တာဝန်ကြီး မဟုတ်ပါ။ ထို့ကြောင့် "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သိန်း အားဖြင့် ယူသော်ရ၏" ဟုဆိုသော စကားအတိုင်း ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့လိုကြသော ဆရာဝန်ကြီး ဦးဘခင်၊ ဦးလွင်၊ ဦးဘရှင်၊ ဦးဘာဘာ၊ ဦးသိန်းမောင်၊ ဦးသာခင်၊ ဦးစံမင်း၊ သုဓမ္မဝတီ ဦးပန်းမောင်၊ဦးမော်၊ ဦးညွန့်သာ၊ ဦးကံလုံ၊ ဦးဘကျော်၊ ဦးအုန်းရွှေ အစရှိသော ဒါယကာ၊ ဒါယိကာမကြီးများသည် စည်းဝေးတိုင်ပင်ကြပြီးလျှင် ၁၃၀၀ ပြည့်နှစ်တွင် ဘုရားကြီးတိုက်ခတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးကို စတင်ဖွဲ့စည်းလိုက်ကြပါသည်။ ယင်းအဖွဲ့ကြီးတွင် ပုဇွန်တောင်၊ ရေကျော်ရပ်၊ ရွှေဘုန်းပွင့်လမ်း၊ အမှတ်(၈)နေ အငြိမ်းစားလွှတ်တော် စာတော်ပြန်

ဦးအုန်းရွှေက အကျိုးဆောင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခဲ့ ကြောင်း သိရပေသည်။

## အညာသိ ကောဏ္ဍည

ဘုရားကြီးကျောင်းတိုက်၏ မူလမြေနေရာသည် လေးဧက တစ်မတ်(၄.၂၅) ရှိသည်။ သို့သော်လည်း ၁၂၉၈ ခုနှစ်တွင် ရွှေဂုံတိုင် လမ်းမကြီး ဖောက်လုပ်သောအခါ၌ လမ်းမြေအဖြစ် အစိုးရက သိမ်းယူလိုက်သောကြောင့် ကျောင်းမြေမှာ နှစ်ဧကခန့်သာ ကျန်ရှိ ခဲ့တော့သည်။ ထိုမြေသည်လည်း ညီညာပြန့်ပြူးသော မြေမဟုတ်။ တစ်ဖက်မှ တောင်ကမ်းပါး၊ ကုန်းမြေမြင့်ဖြစ်၍ အခြားတစ်ဖက်မှာမူ ရွံ့ညွန်ထူသော ရေမြောင်းကြီးဖြစ်လေသည်။ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးတက်လာနေသော သံဃာများ နေထိုင်နိုင်ရန် ဆရာတော်သည် ဓာတ်မီးနှင့် ဝေယျာဝစ္စအသင်း အဖွဲ့ကြီးနှင့်တကွ စေတနာရှင် လုပ်သားပြည်သူတို့၏ အကူအညီဖြင့် ရွှေသာလျောင်း ဘုရားကြီး၏ ပတ်ပတ်လည်၌ မြေနေရာရှိသမျှ ကျောင်းဆောင်တွေ ဆောက်လုပ်စေပြီးလျှင် အောက်အနိမ့်ပိုင်းမှ ရွံ့ညွန်ထူသော ရေ မြောင်းကြီးကိုလည်း တစ်စတစ်စ မြေဖို့လျက် ကျောင်းဆောင်များကို မဖြစ်ဖြစ်အောင် ဆောက်လုပ်စေခဲ့ပါသည်။ ဤသို့ဘုရားကြီး ဆရာတော် ဦးကောဏ္ဍည၏ ထိုးထွင်းဉာဏ်၊ မဖြစ်မနေ မဆုတ် မနစ် အားသစ်လုပ်ကိုင်တတ်သော မဟုသာဟတို့ကြောင့် ကျောင်း ဆောင်သစ်များ ညွန်ဗွက်တွင်းမှ အစီအရီ ပေါ်ထွက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံကျော် ဘိလပ်ပြန် အရှင်အာဒိစ္စဝံသ ဆရာတော်က

တပည့်များကို စာချပေးရင်း အညာသိကောဏ္ဍညပုဒ်ကို "ကောဏ္ဍညော-ကောဏ္ဍညကို၊ အညာသိ-ကျောင်းဆောက်ကောင်းသော လက်သမား ဆရာကြီးဟူ၍ အများကပင် သိကြလေပြီ"ဟူ၍ ခနဲ့ပြီး အနက်ပေးခဲ့ဖူးကြောင်းကို တစ်ဆင့်စကား ကြားသိရဖူး၏။ အရှင်အာဒိစ္စဝံသ၏ ခနဲ့ကွက်သည် ဆရာတော် ဦးကောဏ္ဍည အတွက် ဂုဏ်မပျက်ဘဲ ပို၍ပင် ဂုဏ်တက်ခဲ့ပါသေးသည်။ ထိုအချက်ကို မျက်မှောက်ပကတိ အခြေအနေက ဖော်ပြလျက်ရှိနေလေသည်။

## ကျောင်းတိုက်ကြီး ကျယ်ဝန်းလာခြင်း

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း မြေအကျယ်အဝန်း နှစ်ဧကခန့်သာရှိသော ခြောက်ထပ်ကြီးဘုရားကြီး၏ ရင်ပြင်တော်တွင် ဖြစ်သလို ဆောက်လုပ်အပ်သောကျောင်းတို့၌ စာသင်သား ရဟန်းသာမဏေများသည် တစ်ခန်းလျှင် သုံးလေးပါးကျ သင်ဖျာတစ်ချပ်စာ ခေါင်းအုံးတစ်လုံးစာသာ နေရာရကြပါသည်။ရဟန်းတော်တစ်ပါးထံသို့ ဧည့်သည်အာဂန္တုများလာခဲ့လျှင် အနီးအနားမှ အတူနေ ရဟန်းများက နေရာဖယ်၍ ပေးကြရသည်။ စာသင်သားသံဃာများလည်း (၅၀၀) ကျော်နေပြီဖြစ်၍ နေရာထိုင်ခင်းမှာ အလွန်အမင်း ကျဉ်းကျပ်နေပါသည်။ အမြို့မြို့အနယ်နယ်မှ သောတုဇနစာသင်သား ရဟန်းသာမဏေများစွာတို့သည် ဘုရားကြီးကျောင်းတိုက်၌ ပညာသင်ယူရန် ကြွလာနေကြဆဲဖြစ်သော်လည်း "ပေးစရာနေရာ မရှိ၊ ကျောင်းဆောက်ရန် မြေနေရာ မရှိ" တော့သဖြင့် လက်မခံနိုင်ဘဲ ပြန်၍လွှတ်ရသည့် အခြေအနေသို့ ဆိုက်ရောက်နေပေသည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၃၁၃

ခုနှစ်၊ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်တွင် ဘုရားကြီးတိုက် ခာတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးမှ ဦးဆောင်ဦးရွက်ပြုလျက် ဗုဒ္ဓဘာသာဝင် ကုသိုလ်ရှင်အပေါင်း တို့ထံမှ အလှူငွေများ ကောက်ခံပြီးလျှင် ဘုရားကြီး၏ အနောက်ဘက်နှင့် မြောက်ဘက်မှ ဒါဝတ်ကုလား သူဌေးပိုင်သော မြေ (၁၅. ၃၀၅) ဧကကို တစ်ဧကလျှင် ကျပ် ၂၅၀၀ နှုန်း၊ စရိတ် ၁၀၀ ကျပ်လျှင် ငါးကျပ်နှုန်းပေါင်း တစ်ဧကေ ကျပ် ၂၆၂၅ နှုန်းဖြင့် ကာလတန်ဖိုး ၄၂၈၅၇ ကျပ်ပေး၍ ဝယ်ယူခဲ့ကြလေသည်။ ဆရာတော်သည် ယင်းကျောင်းမြေသစ်၌ စနစ်တကျ အကွက်ရိုက်၍ လမ်းများဖောက်လုပ်စေပြီးလျှင် ဘုရားကြီးရင်ပြင်မှ ကျောင်းဟောင်းများကို ပြောင်းရွှေ့လျက် အသစ်ဆောက်လုပ်စေခြင်း၊ တိုက်ကျောင်းအသစ်များကို တိုးချဲ့ဆောက်လုပ်စေခြင်း အစရှိသော ကိစ္စအဝဝတို့ကို စီမံညွှန်ကြားတော်မူခဲ့လေသည်။

## ခာတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးမှ ကျောင်းမြေသစ်ဝယ်ယူရန် ကုသိုလ်ရှင်တို့အား တိုက်တွန်းနှိုးဆော်ထားသည် မေတ္တာရပ်ခံစာ

ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ်တွင် ပရိယတ္တိ သာသနာတော်သာလျှင် အရင်းမူလ အခြေခံ အုတ်မြစ်သဖွယ် ဖြစ်သည်ဟု သက်ဝင်ယုံကြည်သည့်အလျောက် ကွယ်လွန်သူပွဲစားကြီး ဆာဘိုးသာ လေဒီသာ မိသားစုတို့က မိမိတို့ဂရန်ပိုင်ဖြစ်သော ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ရာ မြေနှင့် ပတ်ဝန်းကျင်ရှိ မြေလေးဧကခန့်တို့ကို ယခုတိုင် သီတင်းသုံး

တော်မူသော ဘုရားကြီးတိုက် ဆရာတော် ဦးကောဏ္ဍညအမှူးရှိသည့် သံဃာ (၁၀၀)ကျော်တို့ကို ပင့်လျှောက်ပြီး အင်းစိန်ဆရာတော်ကြီး မင်္ဂလာဇေယျ ဆရာတော်ကြီး၊ တာမွေသိမ်ကုန်းဆရာတော်ကြီး၊ ပုဇွန်တောင် နော်မံကျောင်းကြီး ဆရာတော်၊ ငါးထပ်ကြီးဆရာတော် စသော ဆရာတော်ကြီးများ၏ မျက်မှောက်၌ ရေစက်သွန်းချ၍ ဘုရားကြီးတိုက်အမည်နာမဖြင့် ၁၂၉၂ ခု နှောင်းတန်ခူးလကစ၍ ပရိယတ္တိ စာသင်တိုက်ကြီး ဖွင့်လှစ်ကိုးကွယ်ခဲ့ပါကြောင်း။

ပွဲစားကြီး ဆာဘိုးသာ ကွယ်လွန်ပြီးနောက် ၁၃၀၀ ပြည့်နှစ်တွင် ကျောင်းတိုက်ကို ကြည်ညိုရင်းရှိကြသော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ပရိယတ္တိစာသင်တိုက်ကြီး ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ရည်သန်လျက် ပစ္စည်းလေးပါး ဒါယကာခံယူကြ၍ ဘုရားကြီးတိုက် ဓာတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးကို တည်ထောင်ပြီး နှစ်စဉ်နှစ်တိုင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ကထိန်သင်္ကန်း ကပ်လှူပွဲ ဓမ္မစေတီပူဇော်ပွဲ စသည်ဖြင့် နိစ္စအလှူပွဲကြီးများ မပျက်မကွက် ပြုလုပ်ခဲ့ကြသဖြင့် တစ်နှစ်ထက်တစ်နှစ် စာသင်သားဦးရေ တိုးတက်လာရာ ယခုစာချဆရာတော် (၁၄) ပါးနှင့် သံဃာတော် (၅၀၀)ကျော်မျှ ရှိပြီဖြစ်၍ မြန်မာပြည်တွင် လွတ်လပ်ရေးရသည့်နေ့မှစ၍ စာသင်သားအများဆုံး သီတင်းသုံးတော်မူသည့် ပရိယတ္တိစာသင်တိုက်ကြီးဟု ခေါ်ဆိုနိုင်ပါကြောင်း။

ယခုလက်ရှိ မြေနှင့်ကျောင်းများမှာ သံဃာ (၅၀၀) ကျော် အတွက် နေထိုင်သီတင်းသုံးရန် မမျှတမလုံလောက်ဘဲ ဖြစ်နေဆဲတွင်ပင် အမြို့မြို့အရွာရွာမှ နောက်ထပ်ရောက်ရှိလာကြသော စာ

သင်သား သံဃာတော်များကို နေရာမပေးနိုင်သဖြင့် လက်မခံနိုင်ဘဲ ငြင်းပယ်နေရသည်ကို တွေ့မြင်ကြရသော ဒါယကာ၊ ဒါယိကာမ များက ဘုရားကြီးတိုက်ဆရာတော်အား နေရာတိုးချဲ့ရန်နှင့် ကျောင်းသစ်များ ဆောက်လုပ်ခွင့်ပေးပါရန် လျှောက်ထားကြပါ သည်။ ထို့ကြောင့် ဘုရားကြီးတိုက် ဓာတ်မီးနှင့် ဝေယျာဝစ္စအသင်း အကျိုးဆောင်များက ကျောင်းဆောက်လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများလည်း အလိုရှိတိုင်း ဆောက်လုပ်လှူဒါန်းနိုင်ရန်နှင့် ရောက်လာသော စာသင်သားများလည်း ချမ်းသာစွာ နေနိုင်ရန် မြေယာတိုးချဲ့၍ ဘုရားကြီးတိုက် ပတ်ဝန်းကျင်ရှိ မြေရှစ်ဧကကျော် ခန့်ကို ဝယ်ယူရန် စီစဉ်ထားပါကြောင်း။

ပရိယတ္တိစာသင်တိုက်ကြီး တိုးတက်ကြီးပွားရန်မှာ ဘုရား ကြီးတိုက်ကို ကြည်ညိုသူ ဒါယကာ၊ ဒါယိကာမအပေါင်းနှင့် သာသနာ့ ဒါယကာ၊ ဒါယိကာများက သာသနာတော်ကြီးကို ချီးမြှင့် အားပေး ကာ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကျွန်ုပ်တို့ သာသနာ့ အုတ်မြစ် ပရိယတ္တိ စာသင်တိုက်ကြီးတစ်ခု စိုက်ထူရပြီဟု မနောပီတိ ဂွမ်းဆီထိသကဲ့သို့ စိတ်ဝယ်ပိုင်းဖြတ်ပြီး လောကုတ္တရာ ငွေရင်းမြှုပ်နှံ သည့်အလား သဒ္ဓါအစွမ်းရှိသလောက် ဝတ္တကမြေအတွက် အလှူ ငွေထည့်ဝင်ပါမည့်အကြောင်း မေတ္တာရပ်ခံပါသည်။

ဦးအုန်းရွှေ(အကျိုးဆောင်)

ဓာတ်မီးနှင့်ဝေယျာဝစ္စအသင်း

ဘုရားကြီးတိုက်၊ ဓာတ်မီးနှင့်ဝေယျာဝစ္စအသင်းကြီး၏

နိဗ္ဗာန်လက်ဆောင်

## ခြောက်ထပ်ကြီးဘုရားကြီးကို ပြုပြင်ရန် မိုးညှင်းဆရာတော်ကြီးက တိုက်တွန်းတော်မူခြင်း

ကျောင်းတိုက်မြေနေရာ ကျယ်ဝန်းလာပြီဖြစ်၍ ဘုရားကြီးရင်ပြင်မှ ကျောင်းဟောင်းများကို ရွှေ့ပြောင်း၍ ပြင်ဆင်ဆောက်လုပ်ခြင်း၊ ကုသိုလ်ရှင်အပေါင်းက တိုက်ကျောင်းသစ်များ ဆောက်လုပ် လှူဒါန်းကြခြင်းတို့ကြောင့် ဘုရားကြီးကျောင်းတိုက်သည် ကျယ်ကျယ်ပြန့်ပြန့် သန့်သန့်ရှင်းရှင်း ဖြစ်လာပြီးလျှင် ကျောင်းဆောင်သစ်များ၊ စောင်းတန်းနတ်လမ်းများနှင့် သစ်ပင်ပန်းပင်တို့ဖြင့် ဝေဆာတင့်တယ်လျက်ရှိသဖြင့် ကျောင်းတိုက်ကြီးအတွင်းသို့ ဝင်ရောက်လာကြသော သူတော်ကောင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေလျက်ရှိနေပါသည်။

၁၃၁၅ ခုနှစ် နယုန်လတွင် မုံရွာမြို့ မိုးညှင်းတောရကျောင်းတိုက်ကြီးမှ အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဖြစ်တော်မူသော မိုးညှင်းဆရာတော်ဘုရားကြီးသည် ဆေးဝါးကုသခံယူရန် ရန်ကုန်မြို့သို့ ကြွလာခဲ့သည်။ ဆရာဝန်ကြီးများနှင့် ဆေးဝါး ကုသမှုကို ခံယူပြီးနောက် ဘုရားကြီးဆရာတော်က ပင့်လျှောက်သဖြင့် ဘုရားကြီးကျောင်းတိုက်သို့ ကြွလာသည်။ ဘုရားကြီးကျောင်းတိုက် သာသနာ့ဝံသကျောင်းကြီး အောက်ထပ်၌ ဘုရားကြီးဆရာတော်နှင့် တပည့်သံဃာများက မိုးညှင်းဆရာတော်ကြီးကို ရှိခိုးကန်တော့ကြသည်။ ရှိခိုးကန်တော့ပြီးနောက် ဩဝါဒပေးသနားရန် တောင်းပန်လျှောက်ထားရာ မိုးညှင်းဆရာတော်က အောက်ပါအတိုင်း ဩဝါဒပေးတော်မူသည်။

## မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဘုရားကြီးကျောင်းတိုက်ကြီးသည် ရေစကြိုဆရာတော်ကြီးနှင့် ပခုက္ကူဆရာတော်ကြီးများ၏ နည်းဥပဒေသအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နိကာယ်ပါဠိတော်ကြီးများနှင့် ယင်းတို့၏အဖွင့်ဖြစ်သော အဋ္ဌကထာဋီကာကျမ်းကြီးများကို ပို့ချပေးနေသော စာသင်တိုက်ကြီးဖြစ်၍ ဘုရားကြီးကျောင်းတိုက်ကြီးတွင် စာပေပို့ချနေသော စာချဆရာတော်များနှင့် စာသင်သားသံဃာတော်များသည် မြတ်စွာဘုရား ဟောကြားတော်မူထားသောတရားတော်များကို သိရှိပြီး နားလည်သဘောပေါက်ကြပြီးပင်ဖြစ်သည်ဟု ဆရာတော် ယူဆသည်။ ထို့ကြောင့် ဩဝါဒပေးဖို့ပင် လိုမည်မထင်ကြောင်း၊ သို့သော်လည်း "ပညာရှိ သတိဖြစ်ခဲ" ဆိုသည့် စကားအတိုင်း သတိရှိကြစေရန် မှာကြားခဲ့ပါမည်။ ရှေးက "ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်" ဟု ဆိုကြကြောင်း၊ ယခုကာလ၌ အဲဒီလိုမဟုတ်တော့ဘူး။ တစ်လင် မကောင်းလျှင် နောက်တစ်လင်ပြောင်း၍ ယူနေကြသည်။ ဆရာပေါင်းမှားသော်ကား တစ်သက်တာအတွက်သာမက တစ်သံသရာလုံးမှာပင် ဆုံးရှုံးသွားနိုင်ကြောင်း၊ ထို့ကြောင့် "ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်ယောက်၊ ဆရာကုန်ရှုံးသော်ကား တစ်သံသရာလုံးမှောက်" ဟူ၍ မှတ်သားထားကြစေလိုကြောင်း၊ ထို့ပြင် "ကိုယ့်အပြော မှန်၊ မမှန်၊ ကိုယ့်အကြံ ဟုတ်၊ မဟုတ်၊ ကိုယ့်အလုပ် တော်၊ မတော်၊ ကိုယ်သူတော် ကောင်း၊ မကောင်း၊ ကိုယ့်အကြောင်း ဘယ်သို့စဉ်းစားဖို့"ဆိုသည့်အတိုင်း မိမိပြောဆိုသည့်စကား မှန်၊ မမှန်၊ မိမိ

အကြံအစည် ဟုတ်၊ မဟုတ်၊ မိမိလုပ်သည့်အလုပ် တော်၊ မတော်၊ သင့်၊ မသင့်ကို နှိုင်းချင့် စဉ်းစား၍ အပြောမှန်၊ အကြံဟုတ်၊ အလုပ်တော်၍ သူတော်ကောင်းများဖြစ်ကြအောင် အားထုတ်ကြပါလို့ တိုတိုပဲ ဆရာတော် ဩဝါဒပေးလိုပါသည်ဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။

ဩဝါဒပေးပြီးနောက် ရောက်တုန်းရောက်ခိုက်မှာ ခြောက်ထပ်ကြီးဘုရားကြီးကို ဖူးမြော်ကန်တော့လိုသည်ဟု အမိန့်ရှိသဖြင့် မိုးညှင်းဆရာတော်ကြီးကို သံဃာတော်များက ကုလားထိုင်ဖြင့် ထမ်း၍ ဘုရားကြီးကုန်းပေါ်သို့ အရောက်ပို့ပေးကြရသည်။ ကုန်းတော်ပေါ်သို့ရောက်သောအခါ၌ ဝတ်ပြုရှိခိုးပြီးလျှင် ဘုရားကြီးကို လက်ယာရစ်ဖူးမြော်ရင်း "ဘိုးတော်ကြီး တည်ထားခဲ့တာ အနှစ်(၅၀) ကျော်ပြီ၊ အချို့နေရာတွေမှာ အတော်များများ ပျက်စီးကုန်ပြီ၊ ဦးကောဏ္ဍည အရှင်ဘုရား ဒီဘုရားကြီးကို ပြုပြင်ပါ၊ သံဃာများ သီတင်းသုံးနေထိုင်ရာ ကျောင်းကန်တွေကိုသာ ပြုပြင်ပြီး ဘုရားကြီးကို မပြုပြင်ဘဲထားလျှင် သဘာဝမကျဘူး။ ပညာရှိတို့ ကဲ့ရဲ့စရာဖြစ်နေမည်။ ဘုရားကြီးဆရာတော်ပြုပြင်လျှင် အောင်မြင်ပါလိမ့်မည်"ဟု ပြောဆို၍ လေးလေးနက်နက် ထပ်ခါ ထပ်ခါ တိုက်တွန်းတော်မူလေသည်။ "ဆရာတော်ဘုရားကြီး၏ အကူအညီကိုရလျှင် တပည့်တော် ပြုပြင် နိုင်ပါလိမ့်မည်"ဟု ဘုရားကြီးဆရာတော်က ပြန်လည်လျှောက်ထားရာ အတတ်နိုင်ဆုံး အကူအညီပေးမည်ဖြစ်ကြောင်း မိုးညှင်းဆရာတော်ကြီးက ကတိပြုပြီးလျှင် သာဓု. . . သာဓု. . .သာဓု ဟု သာဓု သုံးကြိမ် ခေါ်ဆိုပါသည်။

## နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးတော်မူခဲ့ခြင်း

ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညမထေရ်သည် ခြောက်ထပ်ကြီးဘုရားကြီးကို ပြုပြင်ရန် မိုညှင်းဆရာတော်ကြီး၏ တိုက်တွန်းခြင်းကို လက်ခံပြီးနောက် ရန်ကုန်မြို့ပေါ်မှ ကျော်စောထင်ရှားသော ဆရာတော်ကြီးများနှင့်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ရန်ကိစ္စအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ ရန်ကုန်မြို့သို့ ကြွလာကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့်လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများနှင့်လည်းကောင်း အကြောင်းအားလျော်စွာ တွေ့ဆုံတိုင်း ဘုရားကြီး ပြုပြင်ရန်ကိစ္စကို ကြိမ်ဖန်များစွာ မေးမြန်းလျှောက်ထား၍ ဆရာတော်ကြီးများ၏ဆန္ဒကို တောင်းခံခဲ့ပါသည်။ ဆရာတော်ကြီးများကလည်း ပသန္နစေတနာဖြင့် ကြည်ညိုဖွယ်ရာဖြစ်အောင် ပြင်ဆင်ခြင်းသည် အပြစ်မရှိ ကုသိုလ်ကောင်းမှုသာဖြစ်၍ ပြုပြင်သင့်ပြုပြင်ထိုက်ကြောင်းဖြင့် စာပေကျမ်းဂန် အထောက်အထား ထုံးဟောင်းသက်သေသာဓက အမြောက်အမြားတို့ဖြင့် သြဝါဒ ပေးတော်မူခဲ့ကြလေသည်။

## ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခြင်း

ဤသို့ ဆရာတော်ဘုရားကြီးများ၏ တိုက်တွန်းခြင်း၊

ဩဝါဒ ပေးတော်မူခြင်းတို့ကြောင့် ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညမထေရ်သည် ခြောက်ထပ်ကြီး ဘုရားကြီးကို ပြန်လည်ပြုပြင်ရန် သန္နိဋ္ဌာန်ချပြီးလျှင် ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်၊ ခရစ်နှစ် ၁၉၅၃ ခုနှစ်တွင် အောက်ပါ ပုဂ္ဂိုလ်ကြီးများ ပါဝင်သော ဘုရာကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (၁) သတိုးသီရိသုဓမ္မ သူဌေးကြီးဆာဦးသွင် | (ဥက္ကဋ္ဌ) |
| (၂) မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ | (ဒု-ဥက္ကဋ္ဌ) |
| (၃) သာသနာရေးဌာနဝန်ကြီး ဦးဝင်း | (ဒု-ဥက္ကဋ္ဌ) |
| (၄) သရေစည်သူ မီးသတ် ဦးလှကျော် | (အတွင်းရေးမှူး) |
| (၅) သာသနာရေးအထူးအရာရှိ ဦးဘဆွေ | (တွဲဖက် ။ ) |
| (၆) သာသနာရေးဌာနညွှန်ကြားရေးဝန် ဦးကြီးဖေ | (အဖွဲ့ဝင်) |
| (၇) မီးရထားမင်းကြီး ဦးကြည်ဝင်း | (အဖွဲ့ဝင်) |
| (၈) ပြည်သူ့အိုးအိမ်မှ အင်ဂျင်နီယာချုပ် ဦးကျော်စိန် | (အဖွဲ့ဝင်) |
| (၉) ချပ်သင်းသူဌေး ဦးဘတင် | (အဖွဲ့ဝင်) |

အစရှိသူတို့ဖြစ်ကြပါသည်။

ယင်းအဖွဲ့ကြီးက ဘုရားကြီးကို မဖြိုမဖျက်ဘဲ အောက်ပါအတိုင်း အပိုင်းကြီးသုံးပိုင်းခွဲ၍ ပြုပြင်ရန် စီမံကြပါသည်။

## အပိုင်း (၃) ပိုင်း

(၁) လည်ပင်းတော်မှ ရောင်လျှံတော်အထိ ဦးခေါင်းတော်ကြီးကို တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ရာဖြစ်အောင် မွမ်းမံပြုပြင်ရန်။

(၂) ဦးခေါင်းတော်ကြီး ပြုပြင်ရာ၌ ရာသီဥတုမရွေး အချိန်အခါမရွေး ပြုပြင်နိုင်ရန် ငြမ်းကိစ္စနှင့် နောင်အခါတန်ဆောင်းကြီးကိစ္စပါ ပြီးစီးရန်အတွက် သံတိုင်ကြီးလေးတိုင်နှင့် သံထုပ်ကြီးရှစ်ခုတို့ကို တည်ဆောက်ရန်နှင့်

(၃) ဦးခေါင်းတော်ကြီးပြုပြင်ပြီးနောက် ကျန်သောကိုယ်တော်ကြီးကို ပြုပြင်ရန်တို့ဖြစ်ပါသည်။

ထိုသို့ အပိုင်းကြီးသုံးပိုင်းခွဲခြား၍ ပြုပြင်ရန် စီမံကြပြီးနောက် အသစ်ပြုပြင်မည့် ဘုရားကြီး၏ပုံတော်ကို ပန်းချီဆရာအားရေးဆွဲ စေ၍လည်းကောင်း၊ သံတိုင်သံထုပ်ကြီးများအတွက် ကုန်ကျမည့် ပစ္စည်းနှင့် စရိတ်ငွေတို့ကို အင်ဂျင်နီယာတို့အား တွက်ချက်စေ၍ လည်းကောင်း၊ ဘုရားကြီးပြုပြင်မည့် အစီအစဉ်နှင့် ကုန်ကျမည့်စရိတ်တို့ကို ရဟန်းရှင်လူပြည်သူတို့သို့ တင်ပြ၍ ငွေအား၊ အကြံဉာဏ်အား အကူအညီများကို တောင်းခံခဲ့ကြလေသည်။

# အပိုင်းသုံးပိုင်းခွဲ၍ ပြုပြင်ရန် ကြံစည်ထားသော ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့၏ နှိုးဆော်စာ

## ရန်ကုန်နေပြည်တော် ရွှေဂုံတိုင်လမ်း ရွှေသာလျောင်း ရုပ်ပွားတော်ကြီး၏ အထူပွတ္တိအကျဉ်းချုပ်

(က) ဉာဏ်တော်ပမာဏ လျောင်းတော်မူအတောင် ၁၀၀၊ ဉာဏ်တော်ပမာဏ အမြင့်တော် ၆၇ တောင် တစ်မိုက်။

(ခ) ဘုရားကြီးတည်သောခုနှစ် ၁၂၆၉ ခုနှစ် တန်ခူးလ၊ ၁၉၀၇ ခုနှစ်၊

ဘုရားတည်ပြီးသောခုနှစ် ၁၂၇၄ ခုနှစ်၊ ၁၉၁၃ ခုနှစ်။

(ဂ) ဘုရားတည်သော ပုဂ္ဂိုလ်များ -

ဆာဦးဘိုးသာ အမှူးပြု၍ ပြည်သူပြည်သားများ

ယခုအခါ မျက်မြင်အားဖြင့် အသစ်မပြုပြင်လျှင် မဖြစ်နိုင်လောက်သော ပျက်စီးချွတ်ယွင်းမှုများ ရှိနေခြင်းကြောင့် မူလတည်ရင်းပုံတော်ကြီးကို မဖျက်ဘဲ၊ ယခုတည်ရှိပြီး ပုံဟောင်းတော်ထက် အချိုးအစား ကောင်းမွန်သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်ရန် တိုးတက်ခိုင်ခံ့သည်ထက် ခိုင်ခံ့ရန် ယခုခေတ် အသုံးပြုကြသော သံချောင်း၊ သံဆန်ခါကွန်ကရစ်တို့ဖြင့် ပြုလုပ်နိုင်မည့် ပုံသစ်ထုတ်၍ ပြုလုပ်မည် ဖြစ်ပါကြောင်း။

ပုံသစ်ပြုလုပ်မည့် အစီအစဉ်မှာ အပိုင်းသုံးပိုင်းခွဲထားမည် ဖြစ်ပါကြောင်း၊ ပထမပိုင်းပြုလုပ်မည့် အစီအစဉ်မှာ လည်ပင်းတော်မှ ရောင်လျှံတော်အထက်ပိုင်း ဖြစ်ပါကြောင်း။

(၁) ပထမပိုင်းခန့်မှန်းခြေ ၂၈၉၀၀ ကျပ်

(၂) ပထမပိုင်းပြုလုပ်ရာမှာ အချိန်အခါမရွေး ပြုလုပ်နိုင်ရန် ငြမ်းကိစ္စနှင့် နောင်အခါ တန်ဆောင်းကိစ္စ ပြီးစီးနိုင်ရန် အတွက် သံတိုင်ကြီးလေးတိုင်နှင့် ထုပ်ရှစ်ချောင်း မူတည်ရမည်ဖြစ်ပါကြောင်း

**သံတိုင်တစ်တိုင်အတွက် အဆက်လေးဆက်**

ပထမအဆက် လေးပေပတ်လည်၊ ပေရှည် ၃၀

တစ်တိုင်အတွက်ကုန်ကျငွေ ၉၂၃၀ ကျပ်။

ဒုတိယအဆက် သုံးပေ လေးလက်မ ပတ်လည်

ပေရှည် ၂၈ ပေ၊ တစ်တိုင်အတွက်ငွေ ၃၇၂၂ ကျပ်။

တတိယအဆက် နှစ်ပေ ခြောက်လက်မ ပတ်လည်

ပေရှည် ၂၄ ပေ တစ်တိုင်အတွက်ငွေ ၂၆၇၇ ကျပ်။

စတုတ္ထအဆက် နှစ်ပေပတ်လည်

ပေရှည် ၂၀ တစ်တိုင်အတွက်ငွေ ၁၇၂၅ ကျပ်။

သံတိုင်တစ်တိုင်အတွက်

ကုန်ကျမည့်ငွေပေါင်း ၁၇၃၅၄ ကျပ်။

သံတိုင်လေးတိုင်အတွက်

ကုန်ကျမည့်ငွေပေါင်း ၆၉၄၁၆ ကျပ်။

အောက်ထုပ်တစ်ချောင်းအတွက်

ကုန်ကျမည့်ငွေ ၂၄၄၀ ကျပ်။

အောက်ထုပ်လေးချောင်းအတွက်

ကုန်ကျမည့်ငွေ ၉၇၆၀ ကျပ်။

အထက်ထုပ်တစ်ချောင်းအတွက်

ကုန်ကျမည့်ငွေ ၄၃၆၀ ကျပ်။

အထက်ထုပ်လေးချောင်းအတွက်

ကုန်ကျမည့်ငွေ ၁၇၄၄၀ ကျပ်။

ထုပ်ရှစ်ချောင်းအတွက်

ကုန်ကျမည့်ငွေပေါင်း ၃၄၀၀၀ ကျပ်။

သံတိုင်ကြီးလေးတိုင်နှင့် ထုပ်ရှစ်ချောင်းအတွက်

ကုန်ကျမည့်ငွေပေါင်း ၁၀၃၄၁၆ ကျပ်။

(တစ်သိန်းသုံးထောင့်လေးရာတစ်ဆယ့်ခြောက်ကျပ်ခန့်)

ဒုတိယပိုင်းမှစ၍ ကျန်အပိုင်းများကို တစ်စတစ်စ ပစ္စည်းအင်အားအလိုက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အထက်ပါ အစီအစဉ်အတိုင်း ပြုပြင်မည်ဖြစ်ပါသောကြောင့် ပိုတော်နှင့်သက်ဆိုင်သော အကြံဉာဏ်၊ သံတန်ဆောင်း

တော်ကြီးနှင့် သက်ဆိုင်သော အကြံဉာဏ်၊ အခိုင်အမာတည်တံ့ရေးနှင့် သက်ဆိုင်သော အကြံဉာဏ်များကို (လူရှင်ရဟန်း ပညာသည်အများ) ပေးကြစေလိုကြောင်း၊ ပြုပြင်ပြီးသော ဘုရားကိုယ်တော်ကြီးကို အလျင်အမြန် ဖူးမြော်ကြည်ညိုနိုင်ကြရန် ဘုရားကြီးကို ပြုပြင်ဆဲအခိုက် လိုအပ်သော ပစ္စည်းများကိုလည်း ကူညီထောက်ပံ့လှူဒါန်းရန်ဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

မှတ်ချက်။ ။ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးဉာဏ်ခံပုံတော်ကို ပညာသည်အချို့တို့ ရေးဆွဲထားပါသည်။ လာရောက်ကြည့်ရှုပြီး အကြံဉာဏ်များပေးတော်မူကြပါ။

## ဘုရားကြီးတိုက်အတွင်း ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး ပြုပြင်ရေးအဖွဲ့ ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ကို ဒုတိယအကြိမ် ထပ်မံဖွဲ့စည်းခြင်း

ဤသို့ အပိုင်းကြီးသုံးပိုင်းခွဲခြား၍ ဘုရားကြီးကို ပြုပြင်ရန်ကြံစည်ခဲ့ကြသော်လည်း ခြောက်ထပ်ကြီးဘုရားကြီး ပြုပြင်ရေးအဖွဲ့မှအဖွဲ့ဝင်လူကြီးများသည် ပဲခူးရွှေမော်ဓောစေတီတော်ကြီး တည်ဆောက်ရေးကိစ္စ၊ ကလျာဏီသိမ်တော်ကြီး တည်ဆောက်ရေးကိစ္စ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးကိစ္စနှင့် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပရေးကိစ္စတို့မှစ၍ သာသနာရေးကိစ္စ အဝဝတို့ကို နေ့မအားညမအား ကြိုးစား

ဆောင်ရွက်နေကြရသောကြောင့် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးကိစ္စကို ဦးစားပေး၍ အကောင်အထည်ပေါ်အောင် မဆောင်ရွက်နိုင်ဘဲ ရှိနေကြသည်။ ထို့ကြောင့် ၁၃၁၆ ခုနှစ် ဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့၊ ၁၉၅၄ ခုနှစ် ဇူလိုင်လ (၂၅) ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၃ နာရီ ၃၀ မိနစ်အချိန်တွင် ဘုရားကြီးကျောင်းတိုက်၌ အစည်းအဝေးကျင်းပပြီးလျှင် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ကို ဒုတိယအကြိမ် ထပ်မံ၍ ဖွဲ့စည်းလိုက်ကြပါသည်။

အဖွဲ့ဝင်လူကြီးများမှာ -

| | | |
|---|---|---|
| ၁။ | သာသနာရေးဌာနဝန်ကြီးဦးဝင်း | ဥက္ကဋ္ဌ |
| ၂။ | ချပ်သင်းသူဌေး ဦးဘတင် | ဒု-ဥက္ကဋ္ဌနှင့်ငွေထိန်း |
| ၃။ | မီးသတ် ဦးလှကျော် | အတွင်းရေးမှူး |
| ၄။ | ဦးထွန်းဖေ(စေတိယင်္ဂဏအသင်း ဥက္ကဋ္ဌ) | အဖွဲ့ဝင် |
| ၅။ | ချာတာဘဏ်မန်နေဂျာ ဦးရွှေဆောင် | အဖွဲ့ဝင် |
| ၆။ | ဦးကြီးချိုင်(မြူနီစီပါယ်လူကြီး) | အဖွဲ့ဝင် |
| ၇။ | ဦးမွန်သန်း(ရန်ကုန်ခရိုင် ဖဆပလဥက္ကဋ္ဌ) | အဖွဲ့ဝင် |
| ၈။ | ဦးကြည်ဝင်း(မီးရထားမင်းကြီး) | အဖွဲ့ဝင် |
| ၉။ | ဦးကျော်စိန်(အင်ဂျင်နီယာချုပ်၊ အိုးအိမ်) | အဖွဲ့ဝင် |

၁၀။ ဦးမောင်မောင်(ဦးဆင်-ဒေါ်ငွေးကုမ္ပဏီ) အဖွဲ့ဝင်
၁၁။ ဦးကြီးဖေ(သာသနာ့ညွှန်ကြားရေးဝန်) အဖွဲ့ဝင်
၁၂။ ဦးဘထွန်း(ပွဲစားကြီး) အဖွဲ့ဝင်
၁၃။ ဦးအုန်းရွှေ (အဖွဲ့ဝင်)(ခာတ်မီး
နှင့်ဝေယျာဝစ္စအသင်း) အတွင်းရေးမှူး
တို့ ဖြစ်ကြပါသည်။

ဘုရားကြီးပြန်လည်ပြုပြင်ရေးအဖွဲ့ကို ဒုတိယအကြိမ်ထပ်မံဖွဲ့စည်းပြီးနောက် ခြောက်ထပ်ကြီးဘုရားကြီး၏ အင်္ဂတေသရိုးဟောင်းများသည် ကောင်းခွန်ခိုင်ခံ့ခြင်း ရှိ၊ မရှိ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး အကြံဉာဏ်များပေးကြရန် ဦးကြည်ဝင်း၊ ဦးကျော်စိန်အစရှိသော အင်ဂျင်နီယာကြီးများကို အဖွဲ့ကြီးက တာဝန်ပေးအပ်ခဲ့ပါသည်။

## အင်ဂျင်နီယာများ စစ်ဆေးပြီး အကြံဉာဏ်ပေးကြခြင်း

အဖွဲ့ကြီးက တာဝန်လွှဲအပ်ခဲ့သည့်အတိုင်း ဦးကြည်ဝင်း၊ ဦးကျော်စိန်နှင့် ဦးရွှေရှိန်းတို့သည် ဘုရားကြီးပေါ်သို့ ကိုယ်တိုင်တက်၍ စစ်ဆေးကြည့်ရှုပြီးနောက် အဖွဲ့ကြီးသို့ အောက်ပါအတိုင်း အကြံပေးတင်ပြကြပါသည်။

## အင်ဂျင်နီယာအဖွဲ့၏တင်ပြချက်

ဥက္ကဋ္ဌကြီးခင်ဗျာ -

အဖွဲ့၏ညွှန်ကြားချက်အရ မနေ့က ဦးကျော်စိန်၊ ဦးရွှေရှိန်း

နှင့် ကျွန်တော်ပါဝင်သည့် အင်ဂျင်နီယာအဖွဲ့သည် ဘုရားကြီးအား ကြည့်ရှုစစ်ဆေးကြပါသည်။ အင်ဂျင်နီယာ ဦးသာဒုတ်မှာ နေမကောင်းဖြစ်နေပါ၍ မတက်ရောက်နိုင်ပါ။

ဘုရားကြီး၏ အောက်ခံပလ္လင်မှာ ညောင်မြစ်တူးထားသည့်နေရာကလွဲ၍ အခြားနေရာအားလုံး တောင့်တင်းခိုင်မာခြင်းရှိသည်ကို တွေ့ရပါသည်။ ကိုယ်လုံးတော်ရှိ အုတ်များမှာ အကောင်းစားအုတ်များဖြစ်သည့်အလျောက် ယခုတိုင် အခိုင်အခံ့ ရှိနေသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အသုံးပြုထားသည့် မဆလာ(အင်္ဂတေ)မှာ အတော်ပင်ညံ့ပါသည်။ လက်မောင်းတော်တွင်ရှိနေသည့် အက်ကြောင်းမှာ အတော်ပင်ဟာနေသည့်အတွက် မိုးရေများ ဝင်နိုင်ပြီး တဖြည်းဖြည်း ပျက်စီးပဲ့ကျနိုင်ဖွယ်ရာ ရှိပါသည်။ လည်ပင်းတော်ရှိ ဖာထားသည့်အက်ကြောင်းမှာ ယခုဆေးရုံကြီးအတွက် တိုင်အလုံး (၃၀၀)မျှ ရိုက်ပြီးခဲ့သော်လည်း အက်ကြောင်းအနည်းငယ်မျှ ပေါ်လာခြင်းမရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် ညောင်ပင်များ ပေါက်နေပြီး အတွင်းသို့ ရေများစိမ့်ဝင်နေသည်ဟု ယူဆရပါသည်။ လည်ပင်းတော်အတွင်းရှိ သစ်သားတိုင်များ၏ အခြေအနေမှာ မဆိုနိုင်သော်လည်း ခြေထောက်တော်အပိုင်းရှိ သစ်သားများမှာ ဆွေးမြည့်နေသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါ အချက်များကို ထောက်ကြည့်ခြင်းအားဖြင့် ဘုရားကြီးကိုပြုပြင်ရန်မှာ နည်းလမ်းနှစ်ခုသာ ရှိပါသည်။

(၁) အောက်ခံပလ္လင်အထိ ကိုယ်တော်တစ်ဆူလုံး ဖျက်ချပြီး အသစ်ထပ်မံဆောက်လုပ်ရေး၊ ဖျက်ချရာတွင်

ရရှိသည့် အုတ်များအားလုံးကို ပြန်လည်အသုံးပြုနိုင်ပါသည်။

(၂) ကိုယ်တော်တစ်ပိုင်းနှင့် ခြေထောက်တော်ကို လိုသလောက် ဖျက်ချပြီး ကျန်ရှိသည့် အုတ်အားလုံးပေါ်တွင်ငုံ၍ ပုံတော်သစ်အတိုင်း ဆောက်လုပ်ရန်။

ပထမနည်းမှာ လုပ်ငန်းအတွက် ဒုတိယနည်းထက် လွယ်ကူမည်ဖြစ်သော်လည်း ကုန်ကျမည့်စရိတ်မှာ နှစ်ဆနီးပါးမျှ ဖြစ်နိုင်ဖွယ်ရာ ရှိနေပါကြောင်း၊ အင်ဂျင်နီယာ ဦးကျော်စိန်က ဤပထမနည်းကိုပင် လိုလားအပ်ကြောင်း ပြောပြပါသည်။ သို့ရာတွင် ကျွန်တော်က ဒုတိယနည်းအတိုင်း ချွတ်ယွင်းနေသည့် အစိတ်အပိုင်းမှန်သမျှကို ဖျက်ချပြီး မွမ်းမံရန် လိုလားပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် စရိတ်အကုန်အကျ သက်သာမည့်အပြင် လူထု၏ ကဲ့ရဲ့ခြင်းမှလည်း လွတ်ကင်းလိမ့်မည်ဟု ယူဆပါသည်။ ကျွန်တော် ယခုတုပ်ကွေးဖျား ဖျားနေပါသည့်အတွက် အစည်းအဝေးသို့ မတက်ရောက်နိုင်သည်ကို အထူးပင်ဝမ်းနည်းပါကြောင်း။

ကြည်ဝင်း(၁-၈-၅၄)

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများနှင့် နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကြီးများထံ ဩဝါဒကို တောင်းခံခြင်း

အထက်ဖော်ပြပါအတိုင်း အင်ဂျင်နီယာကြီးများ၏ ကြည့်

ရှုစစ်ဆေး အကြံပေးချက်အရ ဘုရားကြီးကို ပြုပြင်ရာ၌ မူလကြံ စည်ထားသည့်အတိုင်း မဖြိုဖျက်ဘဲ ဖာထေးမွမ်းမံရုံမျှဖြင့် ကြာရှည် မခံနိုင်၊ အားလုံးကိုဖြိုဖျက်ပြီး ခေတ်မီနည်းစနစ်ဖြင့် အသစ်ထပ်မံ ၍ တည်ဆောက်မှသာ ရေရှည်ခိုင်ခံ့၍ တင့်တင့်တယ်တယ် ကြည် ညိုဖွယ်ရာဖြစ်လာနိုင်မည်ဟု သဘောရကြသည်ဖြစ်၍ ခြောက်ထပ် ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ဝင်လူကြီးများသည် ၁၃၁၆ ခုနှစ်၊ ဝါခေါင်လဆန်း (၂) ရက်၊ ၁၉၅၄ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် ရန်ကုန်မြို့ပေါ်မှ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ကြီးများနှင့် နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကြီးများကို ဘုရားကြီး တိုက် သာသနာ့ဝိပုလကာရီ သိမ်ကျောင်းတော်ကြီးသို့ ပင့်ဖိတ်လျက် ခြောက်ထပ်ကြီးဘုရားကြီး ပျက်စီးယိုယွင်းနေသော လက်ရှိအခြေ အနေနှင့် အင်ဂျင်နီယာကြီးများ၏ အကြံပေးတင်ပြချက်တို့ကို လျှောက်ထားပြီးလျှင် နှစ်၊ လ ကြာရှည်ခံ၍ ဖူးမြော်ချင်ဖွယ် တင့်တယ် သပ္ပာယ်သော လျောင်းတော်မူဘုရားကြီးအသစ် တည်ထားရန်အတွက် ဟောင်းနွမ်းပျက်စီးနေသော ဘုရားကြီးကို ဖြိုဖျက်ရန် သင့်၊ မသင့် ဩဝါဒပေးတော်မူကြပါရန် ပန်ကြားလျှောက်ထားကြလေသည်။

## ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့၏ လျှောက်ထားလွှာ

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော် ဝိနည်းမိုရ်ဆရာတော်များထံ -

နေ့စွဲ။ ၁၃၁၆ ခုနှစ် ဝါခေါင်လဆန်း (၂ )ရက်
၁၉၅၄ ခုနှစ် ဩဂုတ်လ (၁)ရက်

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးရုပ်ပွားတော်ကြီး ပြုပြင်ရန် လျှောက်ထားလွှာ -

အနှစ် (၄၀) ကျော်ခန့်က တည်ထားခဲ့သော ရုပ်ပွားတော်ကြီးသည် ယခုအခါ ညောင်ပင်များ ဘေးရန်ကြောင့် ပြိုလုဆဲဖြစ်နေပါသည်။ ပခုံးတော်၌ပေါက်နေသော ညောင်ပင်ကြီးသည် အလွန်ကြီးမား၍နေသည့်ပြင် အောက်သို့ အမြစ်စူးဝင်ခြင်းကြောင့် လက်မောင်းတော်ကွဲအက်လျက်ရှိပါသည်။ နားတော်နှစ်ဖက်အကြား၌ပေါက်သော ညောင်ပင်များသည် နားတော်အရင်းထိအောင် အမြစ် ဆင်းလျက်ရှိ၍ သုတ်သင်၍မရအောင် ရှိနေပါသည်။ ရင်ဘတ်တော် စသော ထိုထိုနေရာတို့၌ပေါက်သော ညောင်ပင်တို့၏ အမြစ်များကို သုတ်သင်နိုင်ရန် မလွယ်ကူပါ။ မကြာမီ ပြိုပျက်ရန်သာ ဖြစ်ပါသည်။ သံချောင်းများထည့်၍ ကွန်ကရစ်ပြုလုပ်ရန် ခေတ်မပေါ်မီ အနှစ် (၄၀)ကျော်လောက်က တည်ထားသော ရုပ်ပွားတော်ဖြစ်၍ သံချောင်းထည့်၍ ပြုလုပ်ရမည့်နေရာ၌ သစ်သားထည့်ထားခြင်းကြောင့် လွန်ခဲ့သော (၁၅) နှစ်ခန့်လောက်က လက်မတော်ကြီး ပြိုကျခဲ့ပါပြီ။ ယခင်ပဲခူးဘုရားကြီး ပြိုကျသောနှစ်က လေျင်ကြီးဘေးကြောင့် လည်ပင်းတော်ကြီး ပြတ်၍သွားပါသည်။ ဦးခေါင်းတော်ကြီး အတွင်း၌ ခြောက်လက်မပတ်လည် အရှည်ပေ (၁၀၀) ရှိ သစ်သားတိုင်ကြီး လေးတိုင်ကို စိုက်ထားသည်

ဟု ပြောကြပါသည်။ သို့ဖြစ်ပါ၍ ဤခြောက်ထပ်ကြီး ရုပ်ပွားတော်ကြီးကို မခိုင်မာသောနေရာ၊ မတင့်တယ်သော နေရာအရပ်ရပ်တို့၌ နုတ်ပယ်ထည့်သွင်းပြီး ပကတိအတိုင်းထက် ကြည်ညိုဖွယ်ဖြစ်၍ တိုးတက်ခိုင်မာအောင် ပြုပြင်ထိုက်၊ မပြုပြင်ထိုက်၊ ပြုပြင်ကောင်း၊ မပြုပြင်ကောင်း အဆုံးအဖြတ် ပေးသနားတော်မူပါမည့်အကြောင်းကို ရိုသေစွာလျှောက်ထားပါသည် နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

## လျှောက်ထားသူများ

| | | |
|---|---|---|
| မောင်ဝင်း | - | သာသနာရေးဝန်ကြီး |
| ကျော်စိန် | - | အင်ဂျင်နီယာချုပ် |
| ဘတင် | - | စည်သူချုပ်သင်းစက်သူဌေး |
| ကြီးဖေ | - | သာသနာ့ညွှန်ကြားရေးမှူး |
| လှကျော် | - | မီးသတ်အင်ဂျင်နီယာ |
| ဘဆွေလေး | - | သာသနာရေးအထူးအရာရှိ |

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့၏ လျှောက်ထားချက်အရ ဆရာတော်ဘုရားကြီးများသည် ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာ အထောက်အထားနှင့်တကွ ထုံးဟောင်း သက်သေသာဓကများကို ခိုင်မာစွာပြလျက် အောက်ပါအတိုင်း အဆုံးအဖြတ်ဩဝါဒကို ပေးတော်မူကြပါသည်။

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၏ ဩဝါဒ မိန့်ကြားချက်

နေ့စွဲ။ ၁၃၁၆ ခုနှစ် ဝါခေါင်လဆန်း (၂) ရက်နေ့။

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးရုပ်ပွားတော် ပြန်လည်တည်ဆောက်ရေးအဖွဲ့မှ ဒါယကာ ကြီးငယ်တစ်စုတို့၏ လျှောက်ထားလွှာကို လက်ခံရရှိကြသဖြင့် ယခုအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်များ စသည်တို့သည် ထိုလျှောက်ထားလွှာ၌ ပါရှိသော ဘုရားရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ်ဖြစ်၍ အရှည်တည်တံ့ခိုင်ခံ့ လေအောင် ပြုပြင်ခြင်း ကိစ္စအဝဝတို့အတွက် ဘုရားဟောဒေသနာ တော်၌ ဘုရားမိန့်တော်မူအပ်သော ပါဠိအဋ္ဌကထာဋီကာ စသော ကျမ်းဂန်တို့၌ မိန့်ဆိုအပ်သော စကားရပ်များကို စုံစမ်းဆင်ခြင်လတ် သော် -

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

စသည်ဖြင့် ဓမ္မပဒပါဠိတော်၌ စက္ခုပါလမထေရ်ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် နောင်သာသနာတော်တွင်းဝယ် ဗုဒ္ဓဘာသာ ရဟန်းရှင်လူအပေါင်းတို့၏ အသက်ထက်ဆုံး မှတ်သားကျင့်ကြံ

လိုက်နာကြစေရန် ရည်သန်တော်မူပြီးလျှင် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်များကို တွေ့ရှိရပေ၏။

အနက်-ဓမ္မာ-နာမက္ခန္ဓာ တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ-စိတ်ဟု ခေါ်ဝေါ်အပ်သော ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ ဝါ-ပြုလုပ်သောသူတို့၏ စိတ်ဓာတ်သည်သာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ မနောသေဋ္ဌာ-စိတ်သည်သာလျှင် အကြီးအကဲ ရှိကုန်၏။ မနောမယာ-စိတ်ကြောင့် ပြီးကုန်၏။ ပသန္နေန-ကြည်ညိုကောင်းမြတ်သော၊ မနသာ-စိတ်ဓာတ်ဖြင့်၊ စေဘာသတိ ဝါ-အကယ်၍ ပြောဆိုမူလည်း ပြောဆိုငြားအံ့၊ စေကရောတိ ဝါ-အကယ်၍ ပြုလုပ်မူလည်း ပြုလုပ်ငြားအံ့၊ တတော-ထိုသို့ ပြောဆို ပြုလုပ်ခြင်းကြောင့်၊ နံ ပုဂ္ဂလံ-ထိုကြည်ညိုကောင်းမြတ်သော စိတ်ဓာတ်ဖြင့် ပြောဆိုပြုလုပ်သောပုဂ္ဂိုလ်ကို၊ ဆာယာ-အရိပ်သည်၊ အနုပါယိနီ ဣဝ-သွားလေရာရာ အစဉ်တစိုက် နောက်ကလိုက် သကဲ့သို့၊ သုခ-ချမ်းသာသည်၊ အန္ဝေတိ-အစဉ်တစိုက်လိုက်၏။

ဤသို့ ဓမ္မပဒ ပါဠိတော်၌ ဘုရားမြတ်စွာသည် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်ကိုထောက်၍ ပသန္နေ စိတ်ကောင်း စိတ်မြတ် စိတ်ဓာတ်ဖြင့် မသပ္ပာယ် မဖွယ်မတင့်တယ်သောအရာများ၌ တင့်တယ်သပ္ပာယ်အောင် ပြုပြင်သော ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်သကဲ့သို့ ထို့အတူ ယခုအခါ၌လည်း ခြောက်ထပ်ကြီး ရုပ်တုတော်၌ ပေါက်ရောက်နေသော ညောင်ပင်တို့၏ ဖျက်ဆီးလတ္တံ့သောဘေးရန်တို့ကို မြင်ရ၍ အစွန့်ရှည်စွာ မြဲမြံခိုင်ခံ့ တည်တံ့စေရန်လည်းကောင်း၊ လူအများတို့ ကြည်ညိုဖွယ် သဒ္ဓါတရားဖြစ်ပွားစေရန်

လည်းကောင်း ရည်သန်၍ ပသန္နစိတ်ဖြင့် ပြုပြင်ကြကုန်သော သူတို့အား အပြစ်မရှိ၊ အရိပ်သည် အစဉ်မပြတ်လိုက်သကဲ့သို့ ထို့အတူ ထပ်မံ ပြုပြင်ကြကုန်သော သူတို့အား ပြုလုပ်သော ကုသိုလ်တရား၏ ချမ်းသာအကျိုးသည် အစဉ်မပြတ်လိုက်၏။

ထို့ပြင် "ယော ပန ရောဂဝူပသမနတ္ထံ ဇီဝကော ဝိယ သတ္တေန ဖာလေတွာ ပူတိမံသဥ္စ လောဟိတဥ္စ နီဟရိတွာ ဖာသုံ ကရောတိ။ ဗဟုံ သော ပုညံ ပသဝတီတိ" ဟု ဝိနည်းမဟာဝါ အဋ္ဌကထာ မဟာခန္ဓက အဖွင့်၌ မိန့်အပ်၏။

အနက်- ပန-အများတို့မှတ်သားစရာ ရည်သန်၍ ဆိုဦးအံ့။ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဇီဝကောဝိယ-မြတ်စွာဘုရား၏ ခြေမတော်၌ ဓားဖြင့်ခွဲ၍ သွေးပြည်ကိုထုတ်စေသော ဆရာဇီဝကကဲ့သို့၊ရောဂဝူပ-သမနတ္ထံ- အနာရောဂါ၏ ပျောက်ငြိမ်းစေခြင်းအကျိုးငှာ၊ သတ္တေန-ဓားဖြင့်၊ ဖာလေတွာ- ဖောက်ခွဲ၍၊ ပူတိမံသဥ္စ-အသားပုပ် အသားဆွေးကိုလည်းကောင်း၊ လောဟိတဥ္စ-သွေးပုပ် သွေးပြည်ကိုလည်းကောင်း၊ နိဟရိတွာ-ထုတ်၍၊ ဖာသုံ-ချမ်းသာသည်ကို၊ ကရောတိ-ပြု၏။ သော-ထိုစိတ်ကောင်းဖြင့် အနာပျောက်အောင်ဖောက်၍ ကုသောသူသည်၊ ဗဟုံ-များစွာသော၊ ပုညံ-ကုသိုလ်ကောင်းမှုကို၊ ပသဝတိ-ပွားစေသည်မည်၏။ ဝါ-အပြစ်မရှိကောင်းမှုကိုသာ ပြုလုပ်သည်မည်၏။

ဤသို့ ဝိနည်းမဟာဝါ အဋ္ဌကထာ၌ မိန့်အပ်သည်ကို ထောက်၍ ယခုသဝိညာဏက သက်တော်ထင်ရှား ဘုရားမဟုတ်၊ အဝိညာဏကဖြစ်သော ခြောက်ထပ်ကြီး ရုပ်တုတော်မြတ်၌ မှီတွယ်

ပေါက်ရောက်နေသော ပျက်စီးခြင်း၏ အန္တရာယ်အစစ်ဖြစ်လတ္တံ့ ကုန်သော ညောင်ပင်တို့ကို သုတ်သင်ရှင်းလင်းပြီးလျှင် လူအများ တို့ကြည်ညိုဖွယ်ကို တကယ်ဖြစ်စေရန် စိတ်ကောင်း စိတ်မြတ်ဖြင့် ပြုပြင်ကုန်သော သူတို့သည် ဆရာဇီဝကသည် ဘုရားမြတ်၏ ခြေမ တော်ကို ခွဲဖြင့်ခွဲ၍ သွေးစိမ်းကို ထုတ်ပစ်ရာ၌ များစွာသော ကုသိုလ်တိုးပွားသည်မည်သကဲ့သို့ ထို့အတူ ခြောက်ထပ်ကြီး ရုပ်ပွား တော်ကို တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်ခြင်း ကြောင့် များစွာသော ကုသိုလ်တိုးပွားစေသော သူတို့မည်ကုန်၏။

ထို့ပြင်-ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန စမ္မံ ဆိန္ဒိတွာ၊ တမှာ ဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ ဖာသုက မကာသိ၊ တထာ ကရောန္တဿ ပုညကမ္မမေဝ ဟောတိ-ဟု အင်္ဂုတ္တ ရ အဋ္ဌကထာ၌လည်း မိန့်ဆိုအပ်၏။

၎င်းပြင် ဓမ္မာသောကမင်းကြီးသည် ရဟန်းပရိသတ်၊ လူ ပရိသတ်အပေါင်းတို့နှင့်တကွ ဓာတ်တော်အစစ်ကို ရှာလိုသော စိတ် ကောင်းစိတ်မြတ်ဖြင့် အလုံးစုံသော မြို့တို့၌ ကောင်းမွန်ခိုင်ခံ့စွာ တည်ထားအပ်သော စေတီတော်တို့ကို ပေါက်တူးစသည်တို့ဖြင့် ထူးဖြိုဖျက်ဆီး၍ ဓာတ်တော်တို့ကို ရှာဖွေသည်ရှိသော် ရှာမတွေ့ သောအခါ၌ ရှေးပြုကတေ့အတိုင်း ပြန်၍ပြုလုပ်ထားဖူးကြောင်းကို-

"သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိပါ ကတိကာနိ ကတွာ-ဟု သုတ်မဟာဝါ အဋ္ဌကထာ မဟာပရိနိဗ္ဗာန သုတ်အဖွင့်၌ မိန့်ဆိုအပ်၏"

ဝှင်းမိန့်ဆိုသည်ကိုထောက်၍ ပဒုဋ္ဌစိတ်မဖက် ပသန္နစိတ် သက်သက်ဖြင့် ဘုရားမြတ်စွာ ဗျာဒိတ်မိန့်ကြားတော်မူသည့်အတိုင်း ကြည်ညိုဖွယ်ဖြစ်စေရန် ရည်သန်ပြီးလျှင် ပျက်စီးယိုယွင်း၍နေကုန် သော ဘုရားရုပ်ပွားဆင်းတုတော် ဥဒ္ဒိဿကစေတီတော်၊ ပရိဘောဂ စေတီတော်တို့ကို တင့်တယ်သည်ထက် တင့်တယ်အောင် ပြုပြင်ခြင်း ကို အားထုတ်ကြပါကုန်လော့-

အနက်-သဗ္ဗတ္ထ-ရာဇဂြိုဟ်ပြည်၊ ကပ်ိလဝတ်ပြည်၊ ရွာမရွာ၊ အလ္လကပ္ပမြို့၊ ဝေဋ္ဌဒီပမြို့၊ ပါဝါပြည်၊ ကုသိနာရုံပြည်ဟု ဆိုအပ်ကုန် သော အလုံးစုံသော ပြည်ကြီးပြည်ငယ် အသွယ်သွယ်တို့၌ စေတိယာ- တည်ထားအပ်ကုန်သော ရှိရှိသမျှသော စေတီတို့ကို၊ ဘိန္ဒိတွာ- ဖောက်ထွင်းခွဲဖျက်၍ ဓာတု-ဘုရားဓာတ်တော်ကို၊ အလဘိတွာဝ- မရသောကြောင့်သာလျှင်၊ ပဋိပါကတိကာနိ-တစ်ဖန်ပြုပြင်ခြင်း တို့ကို၊ ကတွာ-ပြုပြီး၍၊ ပုန-တစ်ဖန်၊ ရာဇဂဟံ-ရာဇဂြိုဟ်ပြည်သို့၊ အာဂစ္ဆိ-ပြန်လာခဲ့လေပြီ။

ထို့ပြင် ရန်ကုန်မြို့ ဂိုဏ်းအုပ်ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင် ဗားကရာဆရာတော် ဦးအာစရ၊ အလယ်တောရ ဆရာတော် ဦးကောသလ္လ၊ မအူပင်မြို့ မလက်တိုဂူကုန်းဆရာတော် ဦးတိဿ၊ ဓမ္မသုခတိုက်ဆရာတော် ဦးဇာဂရ၊ ငါးထပ်ကြီး ပြာသာဒ် ကျောင်းဆရာတော် ဦးတေဇဝန္တစသော ဆရာတော်ကြီးများ လက် ထက်က ရန်ကုန်မြို့ ငါးထပ်ကြီးရုပ်ပွားတော်သည် မူလတည်ထား ရင်းက ဉာဏ်တော်အမြင့် ၁၈ တောင်သာရှိပါသည်။ ထိုအခါ၌ အားလုံးသော ဒါယကာ၊ ဒါယိကာမများက အထက်ပါဆရာတော်

ကြီးများအား ပင့်ဖိတ်၍ လျှောက်ထားကြသည်မှာ အမြင့်ဉာဏ်တော် ၃၁ တောင်ရှိ ရုပ်တုတော်ကို လူအများတို့ ကြည်ညိုစေရန် ရည်သန်၍ ယခုတည်ဆဲဖြစ်နေသော နေရာထက် မြင့်သောနေရာ၌ ပြောင်းရွှေ့၍ ထပ်မံပြုပြင်ကိုးကွယ်လိုပါသည်။ အပ်-မအပ်ကို ဩဝါဒ ပေးသနားတော်မူပါဘုရားဟု လျှောက်ထားသည်တွင် ငါးထပ်ကြီးဂိုဏ်းအုပ်ဆရာတော် အစရှိသော ဆရာတော်ကြီးများက ဘုရားဟောပါဠိတော် အဋ္ဌကထာ စသည်များကို ကိုးကား၍ တည်ထားထိုက်ကြောင်း ဩဝါဒ မိန့်ကြားချက်အရ မူလတည်ထားသော ၁၈ တောင်ရှိ ရုပ်တုတော်ကို ပသန္နေစိတ်ဖြင့် ပြောင်းရွှေ့၍ ယခုနေရာ၌ ၃၁ တောင်ရှိ ရုပ်တုတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ထားဖူးသော ထုံးဟောင်းသာဓက ထင်ရှားရှိလေသည်။ ယခု အများမျက်မြင်ပင် ဖြစ်သည်။

## နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ပုံ ---- လေသာဆရာတော် ဦးမဃ္ဃိက။

၂။ ပုံ ---- ကြည့်မြင်တိုင် ဗားကရာဆရာတော် ဦးဉာဏဝံသ။

၃။ ပုံ -----ယသဇေယျာရုံဆရာတော် ဦးကလျာဏာဘိဝံသ။

၄။ ပုံ------ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော် ဦးကလျာဏ။

၅။ ပုံ----- ကျားကူးဆရာတော် ဦးစန္ဒ။

၆။ ပုံ----- ဗဟန်းဝေဠုဝန်ဆရာတော် ဦးခေမာစာရ။
၇။ ပုံ----- ဒေဝသာဂရသိမ်ကုန်းဆရာတော် ဦးရေဝတ။
၈။ ပုံ----- ကျိုက်ထီးရိုးဆရာတော် ဦးနန္ဒ။
၉။ ပုံ----- ညောင်ကုန်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌ။

## နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်များ

၁။ ပုံ----- နှစ်ကျိပ်ရှစ်ဆူဆရာတော် ဦးဉာဏိက။
၂။ ပုံ----- ဘုရားကြီးတိုက်ဆရာတော် ဦးကောဏ္ဍည။
၃။ ပုံ----- ဇေယျဝတီဆရာတော် ဦးဥက္ကံသ။
၄။ ပုံ----- မြို့တ်ကျောင်းဆရာတော် ဦးအာလောက။
၅။ ပုံ----- ဘုရားဖြူဆရာတော် ဦးပညာဝံသ။
၆။ ပုံ----- စင်ကာပူဆရာတော် ဦးဝိသာရဒ။

## တက္ကသိုလ်ဆရာတစ်ဦးက မှာဖူးသည့်နှုတ်ရည်

"တက္ကသိုလ်ဆရာတစ်ဦးက မှာဖူးသည့် နှုတ်ရည်၊ အိမ်ထောင်ဦး ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခု ချက်မပိုင်လျှင်၊ နောင်ပြင်ရန် ခက်သည့်အမျိုး" ဟူသော စာချိုးအရ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဘုရားပုထိုးများကို ပြုပြင်ရန် အလွန်ဝန်လေးနေတတ်ကြသည်။ စေတိယံ၊ ဘိန္ဒတ္တိ၊ ဗောဓိ ဘိန္ဒတ္တိ၊ ဓာတု

မှိ ဥပက္ကမန္တိ၊ တေသံကိံ ဟောတီတိ၊ ဘာရိယံ ကမ္မံဟောတိ အာနန္တ ရိယ သဒိသံ ဟူသော အဋ္ဌကထာကြီးများ၏ စကားအရ စေတီပုထိုး များကို ဖျက်ဆီးသော် ပဉ္စာနန္တရိယ ကံကြီးငါးပါးနှင့် အလားတူစွာ အလွန်အပြစ်ကြီးလေးသည်ဟုလည်း ယုံကြည်နေကြပါသည်။ စာ တတ်ပေတတ် ဆရာတော်၊ သမားတော်ကြီးများက ပဒုဋ္ဌစေတနာ ဖြင့် ဖျက်ဆီးသော်သာ အပြစ်ရှိသည်၊ ပူဇော်လို ချီးမြှောက်လိုသော အနုဂ္ဂဟစေတနာဖြင့် စေတီပုထိုးဟောင်းများကိုလည်းကောင်း၊ ရုပ်ပွားဆင်းတုတော်ဟောင်းများကိုလည်းကောင်း၊ ကြည်ညိုဖွယ် ရာဖြစ်အောင် ပြုပြင်ခြင်းသည် အပြစ်မရှိကြောင်း ကုသိုလ်ကောင်း မှုသာ ဖြစ်ကြောင်းတို့ကို စာပေကျမ်းဂန် အထောက်အထား ထုံး ဟောင်းသက်သေ သာဓကများပြ၍ ဟောကြပြောကြ ရေးသား ကြသော်လည်း လက်မခံနိုင်ကြ။ နားမဝင်ကြပေ။ အဟောင်းကို ဖျက်၍ အသစ်ပြုပြင်တည်ထားသည့်ကိစ္စမျိုးကို မဆိုထားဘိ လျှပ်စစ် ဓာတ်မီးပူဇော်ရန်အတွက် စေတီတော်၌ ဓာတ်ကြိုးသွယ်တန်း မြှုပ်နှံခြင်းကိစ္စကိုပင် အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်အောင် အကြောက်အကန်ပြန်လှန်၍ ကန့်ကွက်ခဲ့ကြဖူးသည်။

ကောဇာသက္ကရာဇ် ၁၂၈၁ ခုနှစ်က ပုသိမ်မြို့မှ ရွှေမုဋ္ဌော စေတီတော်ကြီးကို လျှပ်စစ်ဓာတ်မီး ပူဇော်ရန် ကျောင်းဒါယကာ သမာဓိမြို့ဝန်မင်း ဦးတက်ဖြိုး အမှူးပြုသော ကုသိုလ်ရှင်တစ်စုက စီစဉ်ကြသည်။ ထိုအစီအစဉ်ကို မကြိုက်သူ လူအချို့က ကန့်ကွက် ကြသောကြောင့် ကျောင်းဒါယကာ သမာဓိမြို့ဝန်မင်း ဦးတက်ဖြိုး သည် မန်လည်ဆရာတော်ဘုရားကြီးထံသို့ စာရေး၍ ထိုအကြောင်း

ကို လျှောက်ထားရာ မန်လည်ဆရာတော်ဘုရားကြီးက အဆုံးအဖြတ် တစ်စောင်ကို တိုတိုကျဉ်းကျဉ်း လိုရင်းမျှပါဝင်အောင် ရေးသားပြီး လျှင် ဦးတက်ဖြိုးထံသို့ ပေးလိုက်သည်။

## ဦးတက်ဖြိုးထံသို့ပေးသော မန်လည်ဆရာတော်ဘုရားကြီး၏ အနုဂ္ဂဟစာတမ်း

သုဘကိဏှထိ ရေဘိထို့လောက် ဖြိုးဖြိုးမောက်မောက် မိုးပေါက်ကြီးစွာ ယူဇနာတို့ဖြင့် စကြဝဠာအနေ ကုဋေတစ်သိန်း တိုက်အကိန်းလုံး ဟိန်း၍သွန်ကြိုး ရွာသည့်မိုးထက် တန်ဖိုးလှင်ကန် ဆယ်ပြန်ဆယ်ဆ လွန်မကသော အဒေါသ မေဃဝန် ချသွန်ဖြိုးဖြိုး မေတ္တာမိုးဖြင့် ပူမျိုးဟူသရွေ့ ပူမငွေ့ဘဲ ချမ်းမြေ့ခပ်သိမ်း ဟမ္ဘာငြိမ်း သကဲ့သို့ အေးငြိမ်းကြည်လင်စေခြင်း အကျိုးငှာ မဟာထေရ်ကြီး မြောက်ပြီးသက်ရှည် ထင်ရှားတည်သော မန်လည်မြို့မ ပြာသာဒ် ကျောင်းကြီးဆရာ စာပြန်ကာ အမိန့်ရှိလိုက်သည်။ ပုသိမ်၊ မြို့မ တလိုင်းချောင်းရပ်နေ ဝိသုဒ္ဓါရာမ ကျောင်းဒကာ သမာဓိမြို့ဝန် မောင်တက်ဖြိုး ဆရာကမပျို သက်ရွယ်က အိုသောကြောင့် တိုတို ကလေး မှတ်သားလွယ်ယုံ ပါဠိရေး၍ ပေးလိုက်တော့မည်၊ ဒါယကာ နားစေ့စေ့နာ -

ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ကလျာဏ ကာရီစ ကလျာဏံ၊ ပါပကာရီစ ပါပကံ။

ပါဠိအနက်အကျဉ်းကား -

ယာဒိသံ-အကြင်သို့သဘောရှိသော၊ ဗီဇံ-အခါး အချို မျိုးစေ့ကို၊ ဝပတေ-စိုက်ပျိုး၏၊ တာဒိသံ-ထိုစိုက်ပျိုးသည့် မျိုးစေ့ အတူသဘောရှိသော၊ ဖလံ-အခါးသီး အချိုသီးကို ဟရတေဣဝ- ဆောင်သကဲ့သို့၊ တထာ-ထို့အတူ၊ ကလျာဏကာရီ-ကောင်းသည်ကို ပြုသောသူသည်၊ ကလျာဏံ-ကောင်းကျိုးကို၊ အနုဘဝတိ-ခံစားရ ၏၊ ပါပကာရီစ-မကောင်းသည်ကို ပြုသောသူသည်လည်း၊ ပါပကံ- မကောင်းကျိုးကို၊ အနုဘဝတိ-ခံစားရ၏။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၂၂၉)

ဤသုတ္တန်ပါဠိအရ မြတ်စွာဘုရား အမိန့်တော်ရင်းကို နှလုံးသွင်း အသင့်ထား၍ ပူဇော်လို ချီးမြှောက်ကြည်ညိုလို လေး မြတ်လို၍ ထိုထိုသို့သော ကာယကံ၊ ဝစီကံ၊ မနောကံ အမှုတို့ကို ပြုသမျှစေတနာ ပြုသမျှပုဂ္ဂိုလ်သတ္တဝါ၊ ဒါယကာ၊ ဒါယိကာမ ရဟန်းသာမဏေ ရသေ့ကြီး ဦးခန္တီတို့ကဲ့သို့ သဘာဝပုဂ္ဂလတို့မှာ ကလျာဏကုသိုလ်ချည်း ဖြစ်သည်သာဟူ၍ အမြဲဆတ်ဆတ် မှတ်ပါ လေ၊ ထိုမှတစ်ဖြာ ရဟန္တာကြီး မဟာမောဂ္ဂလိပုတ္တတိဿ အရှင် မြတ်များတို့ကာလ သီရိဓမ္မာသောကမင်းကြီးလည်း ပူဇော်လို ချီး မြှောက်လို ကြည်ညိုလို မြတ်နိုးလိုသော အနုဂ္ဂဟစေတနာဖြင့် ခုနစ်ပြည်ထောင် တိုင်းပြည်က စေတီတော် အဆူဆူတို့ကို ခွဲဖောက် ၍ ဓာတ်တော်များကို ပင့်ဆောင်ပြီးလျှင် ပကတိ ပြင်ဆင်၍ ထား ခြင်း၊ မဟာဗောဓိဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို ကောင်း စွာဖြတ်၍ သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ပူဇော်ခြင်း စသည်များလည်း

ထင်ရှားစွာ ကျန်းဂန်ရှိသည်။ ယင်းသို့ဖြစ်၍ ယခုအခါ ကျောင်းဒကာ မောင်တက်ဖြိုးတို့သည်လည်း မြတ်နိုးကြည်ညို အလွန်ပူဇော်ချီးမြှောက်လိုသော အတိသယ မဟုဿာဟ ဝိသေသ ဖြစ်သော အနုဂ္ဂဟစေတနာထူးဖြင့် အကျုံးအလွန် ရွှေမုဋ္ဌောစေတီတော်မြတ်ကို ဓာတ်ကြိုးမြှုပ်သွင်း ပြုပြင်ခြင်းဖြင့် မပျက်မယွင်းစေဘဲ ဝင်းဝင်းထိန်ပြောင် ဓာတ်မီးရောင်တို့ဖြင့် အလွန်တင့်တယ်အောင် ပူဇော်သည်ကို ကုသိုလ်အထူးမဖြစ်ဟု အပြစ်ကိုဆိုခြင်းငှာ ပညာရှိသဋ္ဌနပဏ္ဍိတ သူတော်ကောင်းမှန်လျှင် ဘယ်ဉာဏ်နှင့်မျှ မစွမ်းနိုင်ရာ ထိုကုသိုလ်ဝိသေသ၏ မဟပ္ဖလ မဟာနိသံသ-ကိုကား သဗ္ဗညုရှင်တော်ဘုရားမှ ထင်ရှားထုတ်ဖော် ဟောတော်မူနိုင်တော့ရာ၏။ ဝိသုဒ္ဓါရာမကျောင်း ဒါယကာ သမာဓိမြို့ဝန် မောင်တက်ဖြိုး။

တစ်သဝေမျှယွင်းမကွက် တောင်မစွက် မြောက်မဖက်လိုရာကို မထည့်စွက် ကကြီးယပင်းကသတ် ကျက်သကဲ့သို့ အောက်မြစ်ချက် ရှေ့ပေါက်ခြင်း၊ လျဉ်းပါးဖွယ် ကင်းသဖြင့် ရှင်းရှင်းကြီးလင်းလင်းကြီး ကျမ်းရင်းရှိတိုင်း ဆုံးဖြတ်ခြင်းရှိလေသည်။

**(မန်လည် ဆရာတော်ဘုရား)။**

ဤသို့ စသည်ဖြင့် မန်လည်ဥဒါန်း ဩဘာကဗျာကျမ်းနှင့် အဖိုးတန် မန်လည်ကဗျာများ စာအုပ်တို့၌ မန်လည်ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်များကိုလည်း အကျယ်ဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်ပါသည်။

## ဘုရားကြီးပြန်လည်ပြုပြင်ရေးအဖွဲ့ကို တိုးချဲ့၍ တတိယအကြိမ် အားဖြည့်ဖွဲ့စည်းခြင်း

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများသည် အင်ဂျင်နီယာ ပညာရှင်များအဖွဲ့မှ အကြံပေး တင်ပြထားသည့်အတိုင်း အဟောင်းကိုဖျက်၍ အသစ်တစ်ဖန် ပြန်လည်တည်ထားရန် သင့်၊ မသင့်၊ တော်၊ မတော်ကို သီလဝန္တ သိက္ခာကာမ ဖြစ်တော်မူကြ၍ ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားကြီးတို့ထံမှ ဩဝါဒကို ခံယူပြီးနောက် ၁၉၅၆ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့တွင် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၌ တစ်ကြိမ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ရွှေတိဂုံစေတီတော်ကြီး တောင်ဘက်မုခ် အောင်မင်္ဂလာဇရပ်ကြီး၌တစ်ကြိမ်၊ စက်တင်ဘာ (၁၆) ရက်နေ့ ညနေ (၄) နာရီတွင် ထိုစဉ်က ဝန်ကြီးချုပ်ရာထူးမှ ခေတ္တအနားယူနေသော ဖဆပလ ဥက္ကဋ္ဌဦးနု၏ ဆန္ဒအရ ၎င်း၏နေအိမ် ဧည့်ခံခန်းမဆောင်၌ တစ်ကြိမ် ပေါင်းသုံးကြိမ်တိုင်တိုင် အစည်းအဝေးကျင်းပပြီးလျှင် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ကြီးကို အဖွဲ့ဝင်သစ်များဖြင့် တိုးချဲ့လျက် ပြန်လည်ဖွဲ့စည်းပါသည်။

ထိုအဖွဲ့ကြီးအတွင်း၌ (၁) ဘဏ္ဍာရေးနှင့် အလှူခံအဖွဲ့၊ (၂) တည်ဆောက်ရေးအဖွဲ့နှင့် (၃) နိဗ္ဗာန်ဆော်အဖွဲ့ဟူ၍ အဖွဲ့ငယ်သုံးဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြပါသည်။

## အဖွဲ့ချုပ် အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | သတိုးသီရိသုဓမ္မ ဆာဦးသွင် | ဥက္ကဋ္ဌ |
| ၂။ | ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနု | ဒု-ဥက္ကဋ္ဌ |
| ၃။ | တရားဝန်ကြီးချုပ် ဦးသိမ်းမောင် | ဒု-ဥက္ကဋ္ဌ |
| ၄။ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူးအောင် | ဒု-ဥက္ကဋ္ဌ |
| ၅။ | သရေစည်သူ ဦးလှကျော် | အကျိုးဆောင် |
| ၆။ | သီရိပျံချီ ဦးသန်းစိန် | အကျိုးဆောင် |
| ၇။ | ဝဏ္ဏကျော်ထင် ဦးဘဆွေလေး | အကျိုးဆောင် |
| ၈။ | စည်သူဦးဘတင်(ချပ်သင်း) | ငွေထိန်း |
| ၉။ | ဝဏ္ဏကျော်ထင် ဦးရှိန် | စာရင်းစစ် |
| ၁၀။ | ဦးဘစော (သာသနာရေးဝန်ကြီး) | အမှုဆောင် |
| ၁၁။ | ဦးမြ(ဟသ်ာတ) | အမှုဆောင် |
| ၁၂။ | ဦးမောင်မောင်(မြို့တော်ဝန်) | အမှုဆောင် |
| ၁၃။ | ဦးမြရင်(ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ) | အမှုဆောင် |
| ၁၄။ | ဦးဘသော် (ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းလူကြီး) | အမှုဆောင် |
| ၁၅။ | ဦးကြီးဖေ(သာသနာ့ညွှန်ကြားရေးဝန်) | အမှုဆောင် |
| ၁၆။ | ဦးချို(လူထုစီးကရက်) | အမှုဆောင် |

| | | |
|---|---|---|
| ၁၇။ | ဆိုဘရန်ဘာဘူ (မာရဝါရီ ကုန်သည်ကြီးများအသင်း) | အမှုဆောင် |
| ၁၈။ | မစ္စတာကပ္ပါးဒီးယား(ဂူဂျာရတီအသင်း) | အမှုဆောင် |
| ၁၉။ | ဦးဘွန်တင် | အမှုဆောင် |
| ၂၀။ | ဝဏ္ဏာကျော်ထင် ဦးထွန်းရှိန် | အမှုဆောင် |
| ၂၁။ | ဦးအီခွက် | အမှုဆောင် |
| ၂၂။ | ဦးခင်မောင်ဖြူ(အတွင်းဝန်ချုပ်) | အမှုဆောင် |
| ၂၃။ | ဦးဘထွန်း(ပွဲစားကြီး) | အမှုဆောင် |
| ၂၄။ | ဦးအုံးဖေ(ဝိုင်အမ်ဘီအေ) | အမှုဆောင် |
| ၂၅။ | ဦးစံသိမ်း(အမြွတ်တော်ခွန်မင်းကြီး) | အမှုဆောင် |
| ၂၆။ | ဦးဘိုးဗျော့(မြင်းပွဲအသင်းဥက္ကဋ္ဌ) | အမှုဆောင် |

## ဘဏ္ဍာရေးနှင့် အလှူခံအဖွဲ့ငယ်

| | | |
|---|---|---|
| ၁။ | စည်သူ ဦးဘတင်(ချပ်သင်း) | သဘာပတိ |
| ၂။ | သီရိပျံချီ ဦးသန်းစိန် | အတွင်းရေးမှူး |
| ၃။ | ဦးတင်(ကုန်သွယ်ရေးဌာနဝန်ကြီး) | အဖွဲ့ဝင် |
| ၄။ | ဦးမြရင် (ကုန်သည်များအသင်းဥက္ကဋ္ဌ) | အဖွဲ့ဝင် |
| ၅။ | မစ္စတာကပ္ပါးဒီးယား(ဂူဂျာရတီအသင်း) | အဖွဲ့ဝင် |
| ၆။ | ဆိုဘရန်ဘာဘူ (မာရဝါရီအသင်း) | အဖွဲ့ဝင် |

| | |
|---|---|
| ၇။ ဦးမောင်မောင် (မြို့တော်ဝန်) | အဖွဲ့ဝင် |
| ၈။ ဦးဘိုးဗျော့(မြင်းပွဲအသင်းဥက္ကဋ္ဌ) | အဖွဲ့ဝင် |
| ၉။ ဝဏ္ဏကျော်ထင် ဦးယုဆိုင် | အဖွဲ့ဝင် |
| ၁၀။ ဦးကြီးချိုင်(မြူလူကြီး) | အဖွဲ့ဝင် |
| ၁၁။ ဦးထွန်းရှိန် | အဖွဲ့ဝင် |
| ၁၂။ ဝဏ္ဏကျော်ထင် ဦးရှိန် | အဖွဲ့ဝင် |
| ၁၃။ ဦးချို (လူထုစီးကရက်) | အဖွဲ့ဝင် |
| ၁၄။ ဦးပွင့်ကောင်း | အဖွဲ့ဝင် |
| ၁၅။ ဦးမြ(ဟသ်ာတ) | အဖွဲ့ဝင် |
| ၁၆။ ဦးဂျီလျောင်း | အဖွဲ့ဝင် |
| ၁၇။ ဒေါ်နုရင်(ပင်လုံ) | အဖွဲ့ဝင် |
| ၁၈။ ဦးဘွန်တင် | အဖွဲ့ဝင် |
| ၁၉။ ဦးအိခွက် | အဖွဲ့ဝင် |
| ၂၀။ ဦးဝှက်လာ | အဖွဲ့ဝင် |
| ၂၁။ ဒေါ်နုနု | အဖွဲ့ဝင် |
| ၂၂။ ဦးချိန်အောင်ဘွန်း | အဖွဲ့ဝင် |
| ၂၃။ ဦးဘထွန်း | အဖွဲ့ဝင် |
| ၂၄။ ဦးဘသော် | အဖွဲ့ဝင် |
| ၂၅။ ဒေါ်မြရီ | အဖွဲ့ဝင် |

## တည်ဆောက်ရေးအဖွဲ့ငယ်  သဘာပတိ

| | | |
|---|---|---|
| ၁။ | ဖဆပလဥက္ကဋ္ဌ ဦးနု | သဘာပတိ |
| ၂။ | သရေစည်သူ ဦးလှကျော် | အတွင်းရေးမှူး |
| ၃။ | ဦးအုန်းကြိုင်(အင်ဂျင်နီယာရေဝန်) | အဖွဲ့ဝင် |
| ၄။ | ဦးမြ(ဟသ်ာတ) | အဖွဲ့ဝင် |
| ၅။ | ဦးအုန်းသန်း | အဖွဲ့ဝင် |
| ၆။ | ဦးသက်တင်(ဆရာခင်နှင့်သားများ) | အဖွဲ့ဝင် |
| ၇။ | ဦးဘသစ်(ဆရာခင်နှင့်သားများ) | အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူးအောင်(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ) | အဖွဲ့ဝင် |
| ၉။ | ဦးကျော်စိန်(ပြည်သူ့အိုးအိမ်) | အဖွဲ့ဝင် |
| ၁၀။ | ဦးကျော်ဝင်း(မြူနီစီပါယ်) | အဖွဲ့ဝင် |
| ၁၁။ | ဦးကြည်ဝင်း(မီးရထားမင်းကြီး) | အဖွဲ့ဝင် |
| ၁၂။ | ဦးဘတင်(ချပ်သင်း) | အဖွဲ့ဝင် |

## နိဗ္ဗာန်ဆော်အဖွဲ့ငယ်

| | | |
|---|---|---|
| ၁။ | ဦးဘစော(သာသနာရေးဌာနဝန်ကြီး) | သဘာပတိ |
| ၂။ | ဝဏ္ဏကျော်ထင် ဦးဘဆွေ | အတွင်းရေးမှူး |
| ၃။ | မဟာပညာဗလ ဦးကြီးဖေ | |

(သာသနာ့ညွှန်ကြားရေးဝန်) အဖွဲ့ဝင်

၄။ ဦးမောင်မောင်(မြို့တော်ဝန်) အဖွဲ့ဝင်

၅။ ဦးဘဖေ(သိမ်ကြီးဈေးသမဂ္ဂ) အဖွဲ့ဝင်

၆။ ဦးကျော်စိုး(ဒုတိယညွှန်ကြားရေးဝန်) အဖွဲ့ဝင်

၇။ ဦးစံလှထွန်း(ပြန်ကြားရေးဌာန) အဖွဲ့ဝင်

၈။ ဦးတင်နွယ်(အဓေဝမ်းရုပ်ရှင်) အဖွဲ့ဝင်

၉။ ဦးအုံးရွှေ(ဘုရားကြီးတိုက် ခတ်မီးနှင့် ဝေယျာဝစ္စ) အဖွဲ့ဝင်

၁၀။ သတင်းထောက်အသင်းမှ ကိုယ်စားလှယ် နှစ်ဦး အဖွဲ့ဝင်

၁၁။ ဦးလှစိန် အဖွဲ့ဝင်

၁၂။ ဦးမန်တပ်(ကောင်းတုံဘုံကျောင်း) အဖွဲ့ဝင်

၁၃။ ဦးစိန်ဖေ(မြို့တော်ဝန်ဟောင်း) အဖွဲ့ဝင်

၁၄။ ဦးစင်းရှိန် (စေတိယင်္ဂဏအသင်းအကျိုးဆောင်) အဖွဲ့ဝင်

၁၅။ သတင်းစာဆရာများအသင်းမှ ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်

ထိုအစည်းအဝေးကြီးမှပင် အောက်ဖော်ပြပါ နှိုးဆော်စာကိုလည်း ဖြန့်ဝေရန် လက်ခံအတည်ပြုလိုက်ကြလေသည်။

## ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ခြောက်ထပ်ကြီး ရုပ်ပွားတော်မြတ်ကို ပြုပြင်တော့မည် ဘုရားဒါယကာ ခံယူတော်မူကြပါ

မေတ္တာရှေ့ထား၍ နိဗ္ဗာန်စကား ကမ်းလှမ်းအပ်ပါသည်။

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ဘုရားကြီးကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသော ခြောက်ထပ်ကြီးရုပ်ပွားတော်မြတ်ကြီးအား ၁၂၆၁ ခုနှစ်မှစ၍ ရန်ကုန်မြို့ ပွဲစားကြီး ဆာဘိုးသာ အမှူးရှိသော တိုင်းသူပြည်သားတို့ တည်ထားကိုးကွယ်ခဲ့ကြရာ ယခုအခါ နှစ်ပေါင်း (၅၀)ကျော် ကြာရှိပြီဖြစ်ပါသည်။

ထိုရုပ်ပွားတော်မြတ်မှာ နှစ်ပေါင်း (၅၀) ကျော်အတွင်း တန်ဆောင်းအမိုးအကာမရှိ နေပူမိုးရွာထဲ၌ သီတင်းသုံးတော်မူရသည့်အတွက် ယခုအခါ ယိုယွင်းပျက်စီးနေပါသည်။

ယိုယွင်းပျက်စီးနေသော ရုပ်ပွားတော်မြတ်ကြီးကို ပြုပြင်ပြင်ဆင်ရန်တာဝန်မှာ ဗုဒ္ဓဘာသာ သမ္မာန္တယ်ဝင် သူတော်စင်အပေါင်းတို့ မရှောင်သာ မတိမ်းသာသော တာဝန်ကြီးဖြစ်ပါသည်။

ယိုယွင်းပျက်စီးနေသော ရုပ်ပွားတော်မြတ်မှာလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မြတ်စွာဘုရား၏

ကိုယ်စားကိုးကွယ်ကြရန် ခွင့်ပြုတော်မူခဲ့သော -

၁။ ဓာတုစေတီ၊

၂။ ဓမ္မစေတီ၊

၃။ ပရိဘောဂစေတီ၊

၄။ ဥဒ္ဒိဿကစေတီ၊

ဟု စေတီလေးမျိုးရှိခဲ့ရာ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဌာပနာ၍ထားသဖြင့် ဓာတုစေတီ၊ ပဋိစ္စသမုပ္ပာဒ်စသော တရားတော်ဓမ္မက္ခန်တို့ကို ဌာပနာ၍ထားသဖြင့် ဓမ္မစေတီ၊ မြတ်စွာဘုရားကိုရည်မှတ်၍ ကိုးကွယ်ရန် ထုလုပ်ထားသဖြင့် ဥဒ္ဒိဿကစေတီ သီတင်းသုံးရန် တန်ဆောင်းတော်ပါ ဆောက်လုပ်ထားသဖြင့် ပရိဘောဂစေတီဟူ၍ စေတီလေးမျိုးလုံးထိုက်သော ရုပ်ပွားတော်မြတ်ဖြစ်ပါသည်။

ထိုယိုယွင်းပျက်စီးနေသော စေတီလေးမျိုးတို့၌ သစ်ပင်၊ ချုံနွယ်၊ အမှိုက် အညစ်အကြေးတို့ကို ရှင်းလင်းသုတ်သင်ခြင်း၊ ယိုယွင်းပျက်စီးနေသော နေရာတို့၌ ပြုပြင်ပြင်ဆင်မွမ်းမံခြင်းတို့မှာလည်း အလွန်အကျိုးကြီးမြတ်သော ကုသိုလ်ကောင်းမှုဖြစ်၍ ဗုဒ္ဓဝဏ္ဏိတ ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာအပေါင်း သူတော်ကောင်းတို့ ချီးကျူးအပ်သော လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပါသည်။

ကဿပဘုရား၏ သရီရဓာတ်တော်တို့ကို ဌာပနာထား၍ စေတီတည်ထားရာဝယ် တောရွာနေ သူဌေးတစ်ဦးသည် ကိုးကုဋေ

သော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းလျက် သားမယား ချွေးမများနှင့် အတူ မိမိကိုယ်ကို အလုပ်အကျွေးအဖြစ် လှူဒါန်းခဲ့သော ကုသိုလ် ကောင်းမှုကြောင့် မြတ်စွာဘုရား လက်ထက်တော်အခါဝယ် ကုဏ္ဍုဓာန မှုဆိုးဖြစ်လာ၍ သားမယား ချွေးမများနှင့်တကွ သောတာပန်အဖြစ် သို့ရောက်သော သက်သေသာဓကရှိပါသည်။

ဖုဿဘုရား၏ သရီရဓာတ်တော်တို့ကို ဌာပနာ၍ တည် ထားကိုးကွယ်အပ်သော စေတီတော်ဝယ် ဖုံးအုပ်နေသော သစ်ပင်ချုံ နွယ် အညစ်အကြေးတို့ကို ရှင်းလင်းသုတ်သင်ခြင်း၊ ယိုယွင်းပျက်စီး နေသော နေရာတို့၌ ပြုပြင်မွမ်းမံခြင်းစသော ကုသိုလ်ကောင်းမှုတို့ ကြောင့် မြတ်စွာဘုရားလက်ထက်တော်အခါဝယ် ခဏ္ဍဖုလ္လိယမထေရ် ဖြစ်လာ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးလျှင် နိဗ္ဗာန်ဝင်ရသော သက် သေသာဓက ရှိပါသည်။

ပဒုမုတ္တရဘုရား၏ သရီရဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားကိုးကွယ်အပ်သော စေတီတော်ဝယ် ဖုံးအုပ်နေသော သစ် ပင်ချုံနွယ်အညစ်အကြေးတို့ကို ရှင်းလင်းသုတ်သင်ခြင်း၊ ယိုယွင်း ပျက်စီးနေသော နေရာတို့၌ ပြုပြင်မွမ်းမံခြင်းစသော ကုသိုလ် ကောင်းမှုတို့ကြောင့် မြတ်စွာဘုရားလက်ထက်တော် အခါဝယ် ပဘင်္ကရ မထေရ်ဖြစ်လာ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးလျှင် နိဗ္ဗာန် ဝင်ရသော သက်သေသာဓက ရှိပါသည်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။

"သျှက်တော်ထင်ရှားမြတ်စွာဘုရား၌လည်းကောင်း၊ ပရိ

နိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရား၏ စေတီလေးမျိုးတို့၌လည်း ကောင်း လျှုဒါန်းပူဇော်ကြရာ၌ စိတ်တူမျှလျှင် ကောင်းကျိုးချမ်းသာ တူမျှသည်"ဟု မြတ်စွာဘုရားက ဟောကြားတော်မူအပ်သော ဒေသနာတော်လည်း ရှိပါသည်။

သို့အတွက် စေတီလေးမျိုး အပါအဝင်ဖြစ်သော ခြောက်ထပ်ကြီး ရုပ်ပွားတော်မြတ်ကို ပြုပြင်မွမ်းမံရာဝယ် အထက်ဖော်ပြပါ သက်သေသာဓကတို့ကို ထောက်ထားလျက် ဘုရားပစ္စေကဗုဒ္ဓါ အရိယာအပေါင်း သူတော်ကောင်းတို့ကို အတုယူကာ အလွန်အကျိုး ကြီးမြတ်သည့် ရုပ်ပွားတော်ပြုပြင်မွမ်းမံရတဲ့ ကုသိုလ်ထူးကြီးကို အခွင့်ကောင်းကြုံကြိုက်သည့်အခါ အရယူတော်မူကြရန် လေးမြတ်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရား
## ပြန်လည်တည်ဆောက်ရေးအတွက် နှိုးဆော်ကြသောပုဂ္ဂိုလ်များ

၁။ သတိုးသီရိသုဓမ္မ ဆာဦးသွင်

၂။ သတိုးသီရိသုဓမ္မ အဂ္ဂမဟာ သရေစည်သူ ဦးသိမ်းမောင်(နိုင်ငံတော်တရားဝန်ကြီးချုပ်)

၃။ ဖဆပလဥက္ကဋ္ဌ ဦးနု

၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဗိုလ်မှူးအောင်

၅။ သာသနာရေးဝန်ကြီး ဦးဘစော

၆။ မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ
၇။ မြို့တော်ဝန် ဦးမောင်မောင်
၈။ သတိုးမဟာသရေစည်သူ ဦးချန်ထွန်း(တရားဝန်ကြီး)
၉။ မဟာပညာဗလ ဦးကြီးဖေ (သာသနာ့ညွှန်ကြားရေးဝန်)
၁၀။ စည်သူဦးစံညွှန့်
၁၁။ ဦးအုန်းဖေ (အငြိမ်းစားတရားဝန်ကြီး)
၁၂။ ချုပ်သင်း ဦးဘတင်
၁၃။ မစ္စတာ လက္ခမီဒတ်(စ်)
၁၄။ ဆိုဘရန်ဘာဘူ(မာရဝါရီကုန်သည်ကြီးများအသင်း)
၁၅။ မစ္စတာကပ္ပါးဒီးယား(ဂူဂျာရတီအသင်း)
၁၆။ စည်သူဦးစံသိမ်း(အမြဲတမ်းတော်ခွန်မင်းကြီး)

## အကျိုးတော်ဆောင်ပုဂ္ဂိုလ်များ

၁။ သရေစည်သူ ဦးလှကျော်
၂။ သီရိပျံချီ ဦးသန်းစိန်
၃။ ဝဏ္ဏကျော်ထင် ဦးဘဆွေ

## ဘုရားကြီး ပြုပြင်ရေးအတွက် စည်သူဦးဘတင်(ချပ်သင်း)အား တာဝန်လွှဲအပ်ကြခြင်း

၁၉၅၇ ခုနှစ် ဧပြီလနှင့် ဇူလိုင်လတို့တွင် ဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ အစည်းအဝေးများကို ဘုရားကြီးတိုက် သာသနာ့ ဝိပုလကာရီ သိမ်ကျောင်းတော်ကြီး၌ ကျင်းပ၍ ဘုရားကြီး ပြုပြင်တည်ထားရေးနှင့် ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီး ဆောက်လုပ်ရေးတို့ကို ဆွေးနွေးကြသည်။ ဆွေးနွေးပြီးနောက်-

၁။ ဘုရားကြီးပြုပြင်တည်ထားရေးအတွက် စည်သူဦးဘတင် (ချပ်သင်း) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကော်မတီအားလည်းကောင်း၊

၂။ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီး ဆောက်လုပ်ရေးအတွက် ဦးချို (လူထုစီးကရက်) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကော်မတီအားလည်းကောင်း တာဝန်ခွဲဝေ၍ လွှဲအပ်လိုက်သည်။

၃။ ထို့နောက် ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီး တည်ဆောက်ရေး ကော်မတီမှ တင်ပြသော သံတန်ဆောင်းကြီးပုံစံနှင့် ခန့်မှန်းခြေ ငွေစာရင်းကို လက်ခံ၍ သံတန်ဆောင်းတော်ကြီးအတွက် လိုအပ်သော သံထည်ပစ္စည်းများကို နိုင်ငံခြားသို့ မှာကြားရန်အတွက် စည်သူဦးဘတင်(ချပ်သင်း)၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်၊ ဦးချို(လူထုစီးကရက်)၊

ဦးကြည်ဝင်း (မီးရထားမင်းကြီး)တို့ ပါဝင်သော အဖွဲ့ငယ်ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ကြလေသည်။

## အသစ်ထပ်မံတည်ထားရန် ဘုရားကြီးကို စတင်ဖြိုဖျက်ခြင်း

၁၃၁၉ ခုနှစ် တော်သလင်းလဆန်း (၉) ရက်၊ ၁၉၅၇ ခုနှစ် စက်တင်ဘာ (၂) ရက်နေ့တွင် အသစ်ထပ်မံတည်ထားရန်အတွက် ဘုရားကြီးကို ခြေတော်ရင်းမှ စတင်၍ဖျက်သည်။ ကိုယ်လုံးတော် အောက်ပိုင်းကို ဖျက်ပြီးနောက် ဦးခေါင်းတော်ထိပ်မှ ရောင်လျှံတော်ကြီးကို ဖျက်သည်။ ရောင်လျှံတော်၌ ပထမ ဌာပနာတိုက်ကို တွေ့ရ၏။ ကိုယ်လုံးတော်ကြီးတစ်ဆူလုံး ဖျက်ပြီးသောအခါတွင် ပလ္လင်ကြီးပေါ်၌ ဒုတိယဌာပနာတိုက်ကို တွေ့ရ၏။ ၎င်းဌာပနာတိုက်တို့မှ ဓာတ်တော်မွေတော်များနှင့် ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ကျောက်တို့ဖြင့် သွန်းလောင်းထုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များကို ရပါသည်။ ဘုရားကြီးကို ဖြိုဖျက်ချရာမှ ထွက်လာသော အုတ်၊ အင်္ဂတေတို့ကို အကောင်းအကျိုး ခွဲခြားလျက် သင့်လျော်ရာနေရာသို့ ဖယ်ရှားသယ်ယူရာ၌ ရန်ကုန်မြို့ပေါ်နှင့် အနီးဝန်းကျင်မြို့ရွာအသီးသီးတို့မှ စေတနာရှင် လုပ်သားပြည်သူများနှင့် ဘာသာရေး သာသနာရေး အသင်းအဖွဲ့တို့က တပျော်တပါး လုပ်အားပေး၍ ကူသိုလ်ယူကြသည်။

## ဘုရားဖျက်လို့ ပျံလွန်တော်မူသည်ဆိုလျှင် သချိုင်း၌ လူသေရှိမည်မဟုတ်

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ခြောက်ထပ်ကြီး ဘုရားကြီးကို ပြုပြင်ရန် မိုးညှင်းဆရာတော်ကြီးအား ဝန်ခံကတိပေးပြီးသည့်အချိန်မှစ၍ ဘုရားကြီးပြုပြင်ရန်အတွက် ကြံစည်စိတ်ကူးရခြင်း၊ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများမှစ၍ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် မနားမနေ စည်းဝေးတိုင်ပင်ရခြင်း၊ ဘုရားကြီးကို စတင်၍ ဖျက်သောအခါ၌လည်း အလုပ်သမားများကို ကိုယ်တော်တိုင် ကြီးကြပ်ကွပ်ကဲ၍ ညွှန်ကြားခိုင်းစေခြင်းစသော အမှုကိစ္စအဝဝတို့ကြောင့် ဆရာတော်သည် ကိုယ်ပန်းစိတ်ပန်းလျက် အလွန်နွမ်းနယ်နေပါသည်။ ဘုရားကြီးပြုပြင်နိုင်ရေးအတွက် စိတ်ဆန္ဒထက်သန်ပြင်းပြနေသောကြောင့် ပင်ပန်းသည်မထင်ငြားသော်လည်း အရွယ်တော် သိသိထောက်လာပြီမို့ စိတ်သွားရာကိုယ်မပါနိုင်ဘဲ ရုပ်တရားတို့က ယိမ်းယိုင်ပြိုကွဲစပြုလျက် ရှိနေကြ၏။

ည၌အခါတွင် ကောင်းစွာအိပ်မပျော်ဘဲ ပက်လက် ကုလားထိုင်တွင်မှီ၍ မိန်းမှိုသာ မှိန်းသည်။ ခြေဖမိုး၊ လက်ဖမိုးများ လေဖြန်းလာသည်။ ထိုအကြောင်းများကို အတူနေ တပည့်အချို့သာ သိနေကြ၏။ အပြင်ဘက်မှ ပုဂ္ဂိုလ်များမသိကြ။ ဆရာတော်သည် မိမိ၌ ရောဂါဖိစီးနှိပ်စက်နေကြောင်းကို ကောင်းကောင်းသိရှိသော်လည်း အလေးမထား၊ ဘယ်သူ့ကိုမှလည်း မပြောကြားဘဲ မိမိ လုပ်ကိုင်ဆောင်ရွက်နေကျအတိုင်း ဟန်မပျက် ဆက်လက်ဆောင်ရွက်နေသည်။

အကြောင်းသိသူ အတူနေ တပည့်များက ဆရာတော်၏ ကျန်းမာရေးကို စိုးရိမ်သဖြင့် ဆရာဝန်ဖြင့် စစ်ဆေးရန် သတိပေး လျှောက်ထားကြသော်လည်း ငါဘာမှမဖြစ်ပါဘူး ပြောသဖြင့် ထပ်၍ မလျှောက်ဝံ့ကြ။ နေ့တစ်နေ့တွင် ဆရာတော်နှင့် အကျွမ်းဝင် ရင်းနှီးသော ဒကာကြီး ဦးမော်က ဘုရားဟောင်းများကို ပြုပြင်လျှင် ပျံလွန်တတ်သည်ဟု ကြားဖူးကြောင်း စကားစပ်သဖြင့် လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်က ဟုတ်တယ်။ ဘုရားဖျက်တဲ့ လူတွေရှိလို့ သင်္ချိုင်းကုန်းမှာ လူသေတွေ ရှိနေတာပဲ။ ဘုရားဖျက်တဲ့ လူမရှိလျှင် သင်္ချိုင်းကုန်းမှာ လူသေတွေ၊ မသာတွေ တစ်လောင်းမှတောင် ရှိကြမှာမဟုတ်ဘူးဟု ပြောကြားပြီးလျှင် ဆက်လက်၍ ဘုရားအို၊ ကျောင်းအို၊ ဇရပ်အိုနှင့် ရေတွင်း၊ ရေကန်ဟောင်းများကို ပြင်ဆင်မွမ်းမံခြင်း၊ ထပ်မံ၍ အသစ်ဆောက်လုပ်ခြင်းသည် အသက်ရှည်ရာ အနာမဲ့ကြောင်း ကုသိုလ်ကောင်းမှုတို့သာ ဖြစ်သည်၊ လောက၌ လူတို့ ပြောဆိုနေကြခြင်းမှာ အမှန်တရားကို မသိကြသောကြောင့်သာ ဖြစ်ကြောင်း၊သီဟိုဠ်ကျွန်းမှ ဝသဘမင်းကြီးသည် ရဟန္တာမထေရ်ကြီးများ ဟောကြားသည့်အတိုင်း ကျောင်းအို၊ ဇရပ်အိုများကို ပြုပြင်သည့်အတွက် ထီးနန်းသက် အနှစ် (၄၀) ကျော်အထိ စိုးစံခဲ့ရဖူးကြောင်းဖြင့် ဝသဘမင်းကြီး၏ဝတ္ထုကို ဒကာကြီးဦးမော်အား အကျယ်ဟောလိုက်ပါသည်။

## ဝသဘမင်းကြီး၏ ဝတ္ထု

သီဟိုဠ်ကျွန်း၌ ဝသဘမင်းကြီးသည် မင်းအဖြစ်သို့ရောက်သော် အာယုဒါယကို တွက်ချက်တတ်သော ပုရောဟိတ်တစ်ယောက်

ကို တိတ်တဆိတ် ခေါ်ယူလျက် မိမိ၏ဇာတာကို တွက်ချက်စစ်ဆေးစေသည်။ အသက်ကြွင်းတစ်ဆယ့်နှစ်နှစ်ကျော်သာ ရှိကြောင်းကို ဟောရာ ထိုပုရောဟိတ်အား အခြားသူတို့ကို မပြောကြားရန် မှာထားလျက် နှုတ်ပိတ်ခနှင့် ဉာဏ်ပူဇော်ခ အသပြာငွေ တစ်ထောင် ပေး၍ လွှတ်လိုက်၏။ ထို့နောက် အရိယာသံဃာတော်များကို နန်းတော်သို့ပင့်၍ ဆွမ်းကပ်လှူပြီးလျှင် အသက်ရှည်ရာသောအကြောင်း၊ အနာရောဂါကင်းရာသောအကြောင်းတို့ကို မေးမြန်း၏။ အရိယာသံဃာတော်တို့က ဝသဘမင်းကြီးအား အသက်ရှည်ကြောင်း၊ အနာကင်းကြောင်းတရားတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူလေ၏။

## အသက်ရှည်ကြောင်း တရားခြောက်ပါး

၁။ ပရိဿာဝနဒါနဉ္စ၊ အာဝါသဒါနမေဝစ။
ဂိလာန ဝတ္ထု ဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
၂။ ကာတဗ္ဗံ ဇိဏ္ဏကာဝါသံ၊ ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလ သမာဒါနံ၊ ကတွာ တံ သာဓုရက္ခိတံ။
၃။ ဥပေါသထော ပဝါသော စ၊
ကာတဗ္ဗောပေါသထေ က္ကတိ။

အနက်ကား -

၁။ မနုဇာဓိပ - လူတို့ကို အစိုးရသော မင်းကြီး၊ ပရိဿာဝနဒါနဥ္စ- ရေစစ်အလှူကို လည်းကောင်း၊ အာဝါသဒါနမေဝစ-ကျောင်း၊ ဇရပ် စသော အရိပ်သင်္ခမ်းအလှူကို လည်းကောင်း၊ ဂိလာနဝတ္ထုဒါနဥ္စ- လူနာတို့၏ အားထားမှီခိုရာဖြစ်သော ဆေးအလှူကိုလည်းကောင်း၊ ဒါတဗ္ဗံ-လှူအပ်၏။

၂။ ဇိဏ္ဏကာဝါသံ-ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးနေသော ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်းတို့နှင့် စေတီပုထိုးအမျိုးမျိုးတို့ကို၊ ပဋိသင်္ခရဏံ-အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ခြင်းကို၊ ကာတဗ္ဗံ-ပြုအပ်၏၊ တထာ-ထိုမှတစ်ပါး၊ ပဉ္စသီလ သမာဒါနံ-ငါးပါးသီလ ခံယူဆောက်တည်ခြင်းကို၊ ကတွာ-ပြု၍၊ တံ-ထိုငါးပါးသီလကို သာဓုရက္ခိတံ- ကောင်းစွာစောင့်ရှောက်အပ်၏။

၃။ ဥပါသထေ-ဥပုသ်နေ့၌၊ ဥပါသထော ပဝါသော စ-ဥပုသ် ဆောက်တည်ခြင်းကိုလည်း၊ ကာတဗ္ဗော-ပြုအပ်၏၊

၁။ ရေစစ်ကို လှူခြင်း။

၂။ ကျောင်း၊ ဇရပ် စသော အရိပ်သင်္ခမ်းကို ဆောက်လုပ်လှူဒါန်းခြင်း။

၃။ ဆေး လှူဒါန်းခြင်း။

၄။ ကျောင်းအို၊ ကျောင်းဟောင်း၊ ဇရပ်အို၊ ဇရပ်ဟောင်း၊ စေတီပျက်၊ စေတီဟောင်း စသည်တို့ကို အသစ်ပြုပြင် ဆောက်လုပ်ခြင်း။

၅။ ငါးပါးသီလကို မြဲမြံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၆။ ဥပုသ်နေ့၌ ရှစ်ပါးသော ဥပုသ်သီလကို ကျင့်သုံးဆောက်တည်ခြင်း။

ဤတရားခြောက်ပါးသည် အသက်ရှည်စွာ အနာမဲ့ရေးရန်ဘေးကင်းကြောင်း တရားကောင်းများပင် ဖြစ်ကြ၏။

ဝသဘမင်းကြီးသည် ဤသို့ အရိယာသံဃာတော်များ ဟောကြားသည့်အတိုင်း လိုက်နာ၍ ကျင့်ခဲ့သောကြောင့် ထီးနန်းသက် တစ်ဆယ့်နှစ်နှစ်မက အနှစ်လေးဆယ်အထိ စိုးစံသွားရကြောင်းဖြင့် မဟာဝင်ကျမ်းတွင်လာသည်။

## ဘုရားကြီးဆရာတော် ပဲခူးလွှန်တော်မူခြင်း

အသစ်ပြန်လည်တည်ထားမည့် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးအတွက် နမူနာပုံတော်ယူရန် ၁၃၁၉ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁) ရက်၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာလ (၂) ရက် စနေနေ့တွင် ပဲခူးရွှေသာလျောင်းဘုရားကြီးသို့ လေ့လာရေး ဘုရားဖူးသွားကြသည်။ အခြားသံဃာတော်များနှင့် တည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများက ကားဖြင့်သွားကြပြီး ဘုရားကြီးဆရာတော်နှင့် အာဂန္တုကဖြစ်သော ပခုက္ကူမြို့ ညောင်ပင်လှဆရာတော်တို့က မီးရထားမင်းကြီး ဦးကြည်ဝင်း၏ သီးသန့်အထူးတွဲဖြင့် သွားကြသည်။ ပဲခူးသို့ရောက်သောအခါတွင် ဗိုလ်တဲ၌ ခေတ္တတည်းခိုကြ၍ ရွှေသာလျောင်းဘုရားကြီးကို ဖူးမြော်ကန်တော့ကြသည်။ နမူနာပုံတော်ကို လေ့လာမှတ်သားကြပြီးလျှင်

ရွှေသာလျောင်းဘုရားကြီးမှအပြန် ဗိုလ်တဲ၌ နေ့ဆွမ်းဘုဉ်းပေးကြသည်။ ဆွမ်းဒါယကာမှာ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ အတွင်းရေးမှူး ပါလီမန်အတွင်းဝန် သီရိပျံချီ ဦးသန်းစိန်ဖြစ်၏၊ ဦးသန်းစိန်သည် ဆရာတော်ကြီးများနှင့်တကွ အဖွဲ့ဝင်များကိုပါ ဆက်ကပ်ကျွေးမွေးနိုင်ရန် စားကောင်းသောက်ဖွယ်များကို ကြိုတင်စီစဉ်လျက် ရန်ကုန်မှ တစ်ပါတည်းကားဖြင့် သယ်ယူလာခဲ့ပါသည်။

ဆွမ်းစားကြပြီးနောက် အဖွဲ့ဝင်ပုဂ္ဂိုလ်များ မြို့တွင်းသို့ ဘုရားဖူးလှည့်ကြသော်လည်း ဘုရားကြီးဆရာတော်သည် မလိုက်ပါ၊ ဗိုလ်တဲ၌သာ နေရစ်ခဲ့သည်။ မွန်းလွဲ (၂) နာရီလောက်တွင် ပဲခူးမှ ပြန်လာကြ၏။ အပြန်မှာလည်း အသွားတုန်းကကဲ့သို့ပင် ဘုရားကြီးဆရာတော်နှင့် ညောင်ပင်လှဆရာတော်တို့က မီးရထားဖြင့် ပြန်ခဲ့ကြပြီး ကျန်အဖွဲ့ဝင်များက ကားဖြင့်ပြန်ခဲ့ကြသည်။ တန်ဆောင်မုန်း လဆန်း (၁၂) ရက်၊ နိုဝင်ဘာ (၃) ရက် တနင်္ဂနွေနေ့ နံနက် (၄)နာရီတွင် ဆရာတော်ကြီးနှစ်ပါး အိပ်ရာမှ ထကြပြီး ကိုယ်လက် သုတ်သင်ကြပြီးနောက် သိမ်ကျောင်းတော်ကြီးပေါ်၌ စကြံလျှောက်ရင်း စကားပြောနေကြ၏။ (၅) နာရီ (၁၀) မိနစ်သာသာတွင် အရုဏ်တက်ပြီဖြစ်၍ ဝေယျာဝစ္စတပည့်များ ဆွမ်းပွဲပြင်ဆင်ကြသောအခါ ညောင်ပင်လှဆရာတော်ကြီးက အိပ်ရာသို့ ခေတ္တဝင်၍လှဲသည်။ ဘုရားကြီးဆရာတော်က ဆွမ်းပွဲသို့ဝင်၍ ထိုင်လိုက်သည်။ ထိုအခိုက်တွင် ရုတ်တရက်လဲကျသွားသဖြင့် တပည့်များက ချက်ချင်းပွေ့ထူပြီး နှိပ်နယ်ပြုစုပေးကြသည်။

ဆရာဝန်ကိုလည်း တယ်လီဖုန်းဆက်၍ခေါ်သည်။ ထို့နောက် ပွေ့ချီ၍ ဆရာတော် သီတင်းသုံးရာ ခုတင်ပေါ်သို့ သယ်ယူခဲ့ကြသည်။ ခုတင်ပေါ်သို့အရောက်တွင် ပျံလွန်တော်မူရှာလေသည်။ အချိန်မှာ နံနက် (၅) နာရီ မိနစ်(၃၀)၊ သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁)ဝါ ဖြစ်ပါသည်။ နေမည် ဆိုသော် နေနိုင်သေးသည့် အရွယ်ဖြစ်သော်လည်း ရုပ်နာမ်သင်္ခါရ တရားတို့ဟူသည် အတ္တမဟုတ် အနတ္တတရားတို့သာ ဖြစ်ကြ၍ အစိုးမရ၊ ကြင်နာမဲ့လျှင်း၊ သနားကင်းသည့် မရဏသေမင်း ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ရချေသည် တကား။

## ဘဝပျက်ပြို လူထိုထိုကား

မိုးဖျားထိနီး၊ ကျောက်တိပြီးသား၊ တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊ ချေကြိတ်ညက်စွာ၊ လေးမျက်နှာက၊ လွတ်ရာမရှိ၊ လာတုံဘိသို့၊ ဇာတိဇရာ၊ ဗျာတိမရဏ၊ ဓမ္မလေးပါး၊ ဤတရားတို့၊ ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊ မြဲနေနိစ္စ၊ နှိပ်စက်စွတည်း၊ ဘဝပျက်ပြို၊ လူထိုထိုကား၊ ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်၊ မချွတ်သေအံ့အပြီးတည်း။(မဃဒေဝ)

## ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့၏ နာယကအဖြစ် ဦးစန္ဒောဘာသကို တင်မြှောက်ခြင်း

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးဆရာတော် ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်၏ ဥတုဇရုပ်ကလာပ်ကို သာမုကီဋ္ဌန

သဘင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ၍ သင်္ဂြိုဟ်ပြီး နောက် ၁၃၁၉ ခုနှစ် နတ်တော်လဆန်း (၇) ရက်နေ့တွင် သာသနာ့ ဝိပုလကာရီ သိမ်ကျောင်းတော်ကြီး၌ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုန္ဒရ ဆရာတော်ဘုရားကြီးကို အမှူးထားလျက် ဘုရားကြီးတိုက် ဂဏဝါစက စာချဆရာတော်များ အညီအညွတ် စည်းဝေးကြပြီးလျှင် ဘဒ္ဒန္တကုသလ(တိုက်အုပ်ဆရာတော်)နှင့် ဘဒ္ဒန္တအာစိဏ္ဏ(ဘားကူး ဆရာတော်)တို့ နှစ်ပါးကို ဘုရားကြီးကျောင်းတိုက်၏ မဟာနာယက ဆရာတော်များအဖြစ် တင်မြှောက်ကြပါသည်။ ခြောက်ထပ်ကြီး ဘုရားကြီး ပြန်လည်ပြုပြင်ရေးအဖွဲ့ဝင် လူကြီးများသည်လည်း အစည်းအဝေး ကျင်းပ၍ ဘုရားကြီးဆရာတော် ဘဝနတ်ထံပျံလွန် တော်မူသွားသော်လည်း ဆရာတော်ဘုရား၏ ဆန္ဒတော်အတိုင်း ဘုရားကြီးကို အသစ်ထပ်မံတည်ထားခြင်းနှင့် ဂန္ဓကုဋီ သံတန် ဆောင်းတော်ကြီး ဆောက်လုပ်ခြင်းကို အမြန်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆုံးဖြတ်ကြသည်။ ထို့ပြင် တည်ဆောက်ရေးလုပ်ငန်းများကို ဆရာတော်ကိုယ်စား ဦးစီးကွပ်ကဲ လျက် ညွှန်ကြားချက်ပေးရန် ဘုရားကြီး ပြန်လည်ပြုပြင်တည် ဆောက်ရေးအဖွဲ့၏ နာယကအဖြစ် ဘုန်းကြီး ဦးစန္ဒောဘာသအား တင်မြှောက်ရန်ကိုလည်း ဘုရားကြီးကျောင်းတိုက် မဟာနာယက ဆရာတော်နှစ်ပါး၏ သဘောတူခွင့်ပြုချက်ကိုယူလျက် အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

## သံတန်ဆောင်းတော်ကြီး ဆောက်လုပ်ရန် ရော့စန်ကုမ္ပဏီအား ကန်ထရိုက်ပေးခြင်း

တည်ဆောက်ရေးအဖွဲ့သည် ဘုရားကြီးဖျက်ခြင်းကိစ္စကို အမြန်ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် ဘုရားကြီးကို ပြန်လည်မတည်ထားသေးမီ ရှေးဦးစွာ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးကို တည်ဆောက်ရန် သဘောတူညီကြသည်။ ထို့ကြောင့် အလျားပေ (၂၀၀)၊ အနံ ပေ (၉၀)၊ အမြင့် (၆၅) ပေရှိသော သံတန်ဆောင်းတော်ကြီး တည်ဆောက်ရန်အတွက် တင်ဒါခေါ်ရာ ကန်ထရိုက်တာရှစ်ဦးတို့က တင်ဒါတင်သွင်းကြသည်။ ၎င်းတို့အထဲမှ လက်ခငွေအနည်းဆုံး တင်သွင်းသော ကန်ထရိုက်တာ ရော့စန်ကုမ္ပဏီအား လက်ခငွေကျပ် ၁၁၈၈၇၆ (တစ်သိန်းတစ်သောင်းရှစ်ထောင်ရှစ်ရာခုနစ်ဆယ့် ခြောက်ကျပ်)ဖြင့် လုပ်ဆောင်ခွင့်ပြုရန် ဆုံးဖြတ်ကြပြီးလျှင် ကန်ထရိုက်ရော့စန်နှင့် စာချုပ်ချုပ်ဆိုရန်ကိစ္စကို ဥက္ကဋ္ဌကြီး စည်သူချုပ်သင်း ဦးဘတင်က တာဝန်ယူ၍ ချုပ်ဆိုရန်ကိုလည်း မေတ္တာရပ်ခံခဲ့ကြပါသည်။

## သံတန်ဆောင်းကြီးဆောက်လုပ်ရန် ရော့စန်ကုမ္ပဏီနှင့် ချုပ်ဆိုသော တည်ဆောက်ရေးစာချုပ်

ဥက္ကဋ္ဌ၊ ခြောက်ထပ်ကြီး ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ငယ်(ပိုင်ရှင်)နှင့် (၁၆) လမ်း၊ နံပါတ် (၅၃)နေ ဦးရုပ်စန် (ကန်ထရိုက်တာ) နှင့် ၎င်း၏အမွေစားအမွေခံ(သို့မဟုတ်)

တရားဝင် ကိုယ်စားလှယ်တို့သည် ၁၉၅၈ ခုနှစ် ဧပြီလ (၃၀) ရက်နေ့တွင် အောက်ပါအတိုင်း သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

(၁) ကန်ထရိုက်တာ ဦးရုပ်စန်သည် မီးရထားဌာန အထွေထွေ ကန်ထရိုက် စည်းမျဉ်းဥပဒေနှင့် ၎င်းဌာန၏ လုပ်ငန်းစံချိန် သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်သော အလုပ်ကို အလုပ်နှင့်တူအောင် ပြီးစီးသည်အထိ ဆောင်ရွက်ရန်။

(၂) အထက်ပါလုပ်ငန်းသည် . . . . . . . . . . . မည်သည့်နေ့ရက် နှစ်အတွင်း ပြီးစီးရမည်။

(၃) အလုပ်ရှင်သည် လုပ်ငန်းပြီးစီးသည့်အခါ ကန်ထရိုက်တာအား အထက်တွင် ဖော်ပြထားသည့်နှုန်းထားနှင့် အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ငွေချေရမည်။

အထက်ပါလုပ်ငန်းအတွက် ကုန်ကျမည့် ခန့်မှန်းခြေတန်ဖိုးမှာ ကျပ် ၁၁၈၈၇၆(တစ်သိန်းတစ်သောင်းရှစ်ထောင်ရှစ်ရာခုနစ်ဆယ့်ခြောက်ကျပ်) တိတိ။

ပုံ-ကေရုပ်စန်

(ကန်ထရိုက်တာ)

နေရပ်-၅၀၊ တာဝတိံသာလမ်း၊ ရန်ကုန်။

နေ့စွဲ။ ၃၀-၄-၅၈

အသိသက်သေ။ ။ (၁) Y.C Cang B.Sc. Hon.
၄၂ စီ၊ အောင်မင်္ဂလာလမ်း၊ ရန်ကုန်။
(၂) ကိုအောင်ထွန်း
၂၁/၁၃၉ လမ်း၊ ရန်ကုန်။
ပုံ ဦးဘတင်(ဥက္ကဋ္ဌ)
တည်ဆောက်ရေးအဖွဲ့ငယ်
ခြောက်ထပ်ကြီးဘုရားပြန်လည်တည်ဆောက်ရေးအဖွဲ့
ဘုရားကြီးကျောင်းတိုက်။

နေ့စွဲ။ ၃၀-၄-၁၉၅၈။

(၂)

သတ်မှတ်သည့်ပုံစံများ -
အထူးခံဝန်ချက် -
သတ်မှတ်သည့်နှုန်းထား

အမှတ်စဉ်

၁။ သံထည်များကို ပုံစံအတိုင်းဖြတ်တောက်၍ ရေပစ် (သို့မဟုတ်) မူလီများနှင့် တွယ်ကပ်ပြီးသကာလ ဝင်းလုပ်ပြီး အထည်များကို အဆောက်အအုံဖြစ်ရန် မ ထူ တပ်ဆင်ပေးခြင်း၊ တစ်တန် ၂၄၅ ကျပ်။

၂။ အခြေခံတိုင်အုတ်မြစ်များအတွက် မြေကြီးတူးခြင်း ကုဗပေ (၁၀၀) ၈ ကျပ်။

၃။ ဘိလပ်မြေ ကွန်ကရစ်ကို အုတ်ခဲကျိုးနှင့် ၁-၂-၄ အချိုးကျစပ်၍ ပြုလုပ်ခြင်း(လက်ခအတွက်သာ) ကုဗပေ (၁၀၀) ၃၃ ကျပ်။

၄။ (၂၂) ဂိတ်သွပ်အမိုးမိုးခြင်း(လက်ခအတွက်သာ) ပေတစ်ရာပတ်လည် (၁၀ × ၁၀) ၁၅ ကျပ်။

၅။ သွပ်ခေါင်အုပ်လုပ်၍အုပ်ပေးခြင်း(လက်ခအတွက်သာ) တစ်ပေ ၂ ကျပ်။

၆။ (၁၈) ဂိတ်သွပ်ဖြင့် ရေတံလျှောက်လုပ်၍ တပ်ဆင်ခြင်း (လက်ခအတွက်သာ) တစ်ပေ ၂ ကျပ်၊ ၇၅ ပြား။

၇။ ပလာစတာကပ် (၁၅) လက်မထူ နံရံပြုလုပ်ခြင်း ပေတစ်ရာပတ်လည် (၁၀ × ၁၀) ဘိလပ်မြေ (၁-၄) စပ်ရမည် (လက်ခအတွက်သာ) ၁၄ ကျပ်။

၈။ ၂ လက်မထူ ဘိလပ်မြေကွန်ကရစ် (လက်ခအတွက်သာ) ပေတစ်ရာပတ်လည် (၁၀ × ၁၀) ၁၁ ကျပ်။

၉။ သံထည်များကို ဆေးသုတ်ခြင်း(ဆေးနှင့် လက်ခအပါအဝင်) ပေတစ်ရာပတ်လည် (၁၀ × ၁၀) ၄၅ ကျပ်။

၁၀။မှန်တရုတ်ကတ်များ တပ်ဆင်ရန် (လက်ခအတွက်သာ) တစ်ပေပတ်လည် ၅၀ ကျပ်။

၁၁။ လေးလက်မအချင်းရှိသွပ်ရေဆင်းပိုက် တပ်ဆင်ရန် (လက်ခအတွက်သာ) တစ်ပေ ၂၅ ပြား။

၁၂။ ထုံးဖြူသုတ်ခြင်း(ထုံးနှင့် လက်ခအပါအဝင်) ပေတစ်ရာပတ်လည် (၁၀ ×၁၀) ၃ ကျပ် ၅၀ပြား။

ပုံ ဦးဘတင် ကေရုပ်စန်

၃၀-၄-၅၈ ၅၀၊ တာဝတိံသာလမ်း၊ ရန်ကုန်။

## သံတန်ဆောင်းတော်ကြီး အုတ်မြစ်ချ မင်္ဂလာအခမ်းအနား ကျင်းပခြင်း

၁၃၂၀ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း (၁၅) ရက် (၃၀-၇-၅၈) ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီ (၁၅) မိနစ်တွင် သံတန်ဆောင်းတော်ကြီး အုတ်မြစ်ချ မင်္ဂလာအခမ်းအနား ကျင်းပသည်။ ၎င်းအခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ကြွရောက်လျက် (သံတန်ဆောင်းတော်ကြီး၏ အင်္ဂါထောင့်တိုင် စိုက်ထူမည့်နေရာ၌) အုတ်မြစ်ချပေးသည်။ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီး ကိုးပါး၊ ဘုရားကြီးကျောင်းတိုက်မှ နာယကဆရာတော်ကြီးနှစ်ပါးနှင့် ဂဏဝါစက စာချဆရာတော်များ၊ ဘုရားကြီး ပြန်လည်တည်ဆောက်ရေး အဖွဲ့ဝင်လူကြီးများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်

ဒါယကာ၊ ဒါယိကာမများ ဝမ်းမြောက်ဝမ်းသာ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြပါသည်။

၁။ အုတ်မြစ်ချမင်္ဂလာအခမ်းအနား မစမီ နံနက်အချိန်မှစ၍ နေ့သင့်နံသင့် ရွေးချယ်ထားသော တနင်္လာသား သံဃာကိုးပါးက အရှေ့အရပ်မှ ရတနသုတ်ပရိတ်တော်ကိုလည်းကောင်း၊

၂။ ဗုဒ္ဓဟူးသား သံဃာကိုးပါးက တောင်အရပ်မှ မဟာသမယသုတ်ပရိတ်တော်ကိုလည်းကောင်း။

၃။ ကြာသပတေးသား သံဃာကိုးပါးက အနောက်အရပ်မှ အာဋာနာဋိယသုတ်ပရိတ်တော်ကိုလည်းကောင်း။

၄။ သောကြာသား သံဃာကိုးပါးက မြောက်အရပ်မှ ဓဇဂ္ဂသုတ်ပရိတ်တော်နှင့် ဗောဇ္ဈင်္ဂသုတ်ပရိတ်တော်တို့ကို လည်းကောင်း။

၅။ အလယ်ဗဟိုမှ ဂြိုဟ်နံကိုးပါး၊ သံဃာကိုးပါးက ဓမ္မစက္ကပဝတ္တနသုတ် အနတ္တလက္ခဏသုတ်နှင့် မင်္ဂလသုတ် ပရိတ်တော်တို့ကိုလည်းကောင်း ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

မှတ်ချက်- ဂြိုဟ်နံကိုးပါးဟူသည် တနင်္လာသား နံနက်ဖွားတစ်ပါးနှင့် မွန်းလွဲဖွားတစ်ပါး ပေါင်းနှစ်ပါး။ ဗုဒ္ဓဟူးသား နံနက်ဖွားတစ်ပါးနှင့် မွန်းလွဲဖွားတစ်ပါး ပေါင်းနှစ်ပါး ၎င်းလေးပါးကိုထည့်၍ ဂြိုဟ်နံကိုးပါး ဖြစ်သည်။

## တိုင်ထူမင်္ဂလာပွဲကျင်းပခြင်း

၁၃၂၀ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၅၉) ခုနှစ်တွင် သံတန်ဆောင်းတော်ကြီး တိုင်ထူပွဲမင်္ဂလာအခမ်းအနားကျင်းပ

သည်။ ထိုနေ့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်ကြီးများအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကြီးနှင့် ကြုံကြိုက်တိုက်ဆိုင်နေသောကြောင့် နှစ်ပတ်လည်အစည်းအဝေးကြီးသို့ အမြို့မြို့အနယ်နယ်မှ ကြွလာကြသော ကျောင်းထိုင်ဆရာတော်ကြီးများသည် သံတန်ဆောင်းတော်ကြီး တိုင်ထူပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်တော်မူကြသည်။ ကျောင်းထိုင်ဆရာတော်ကြီးများအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကြီး၏ သဘာပတိဖြစ်သော မအူပင်မြို့ မြို့လယ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ဘုရားကြီးက ပရိသတ်အား ငါးပါးသီလချီးမြှင့်၍ သံဃာတော်များက ပရိတ်တရားတော် ချီးမြှင့်ကြသည်။ နံနက် (၉) နာရီတိတိ အချိန်တွင် မြို့လယ်ဆရာတော်ဘုရားကြီးက ပထမသံတိုင်ကြီးကိုလည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ ပြည်ထဲရေးဝန်ကြီး ဦးခင်မောင်ဖြူက ဒုတိယ သံတိုင်ကြီးကိုလည်းကောင်း၊ ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး စည်သူ ဦးဘတင်(ချပ်သင်း)က တတိယသံတိုင်ကြီးကိုလည်းကောင်း အသီးသီးစိုက်ထူပေးကြပါသည်။ ထိုတိုင်ထူပွဲ မင်္ဂလာအခမ်းအနားသို့ ကြွတော်မူကြသော နယ်မှဆရာတော်များနှင့် ဘုရားကြီးကျောင်းတိုက်မှ သံဃာများအား နေ့ဆွမ်းကပ်လှူခြင်း၊ ပရိသတ်အား အဖျော်ယမကာတို့ဖြင့် ကျွေးမွေးဧည့်ခံခြင်းစသော ကုသိုလ်ကောင်းမှု အစုစုတို့ကို စည်သူ ချပ်သင်း ဦးဘတင်က ဒါယကာခံယူ၍ လှူဒါန်းခဲ့ကြောင်းသိရ၏။

# သံတန်ဆောင်းတော်ကြီး ဆောက်လုပ်ရေး ဖြင့်နှေးကြန့်ကြာနေခြင်း

ခြောက်ထပ်ကြီး ဘုရားကြီး ပြန်လည်တည်ဆောက်ရေး အဖွဲ့သည် ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီး အမြန်တည်ဆောက် ပြီးစီးအောင် စီမံဆောင်ရွက်ကြသော်လည်း ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲ၍ အစိုးရအဖွဲ့ အပြောင်းအလဲများ ဖြစ်ခဲ့ပြီး တိုင်းပြည်အခြေအနေလည်း မတည်မငြိမ်ဖြစ်နေသောကြောင့် တည်ဆောက်ရေး လုပ်ငန်းကို မျှော်မှန်းထားသည့်အတိုင်း ပြီးစီးအောင် မဆောင်ရွက် နိုင်ဘဲ ရှိနေ၏။ တည်ဆောက်ရေးအဖွဲ့အမှုဆောင် လူကြီးအချို့သည် အကြောင်းကြောင်းတို့ကြောင့် အစည်းအဝေးကိုပင် တက်ရောက် နိုင်ခြင်း မရှိကြတော့ပေ။ စည်သူချုပ်သင်း ဦးဘတင်၊ လူထု ဦးချို၊ ဦးကြည်ဝင်း(အငြိမ်းစားမီးရထားမင်းကြီး)၊ ဦးကျော်စိန် (အငြိမ်းစား အိုးအိမ်အင်ဂျင်နီယာချုပ်)၊ ဦးမောင်မောင်(မြို့တော်ဝန်ဟောင်း)၊ မဟာပညာဗလ ဦးကြီးဖေ(သာသနာ့ညွှန်ကြားရေးဝန်)၊ တွဲဖက် အတွင်းရေးမှူး ဦးလေးမောင်စသော ပုဂ္ဂိုလ်များသာလျှင် အစည်း အဝေး မှန်မှန်တက်ကြပြီး ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးနှင့် ဘုရားကြီး ပြန်လည်တည်ထားနိုင်ရေးတို့အတွက် အားစိုက်ခွန်စိုက် ငွေအား၊ လူအား အကြံဉာဏ်အားတို့ဖြင့် မဆုတ်မနစ် မဖြစ်မနေ ဆောင်ရွက်လျက် ရှိနေကြလေ၏။ အထူးအားဖြင့် ချုပ်သင်း ဦးဘတင်နှင့် လူထု ဦးချိုတို့သည် သံတန်ဆောင်းတော်ကြီးအတွက် လိုအပ်သောငွေကို လိုသမျှ စိုက်ထုတ်၍ ပေးခဲ့ကြကြောင်း သိရပါ သည်။ ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်း ၏ ပကတိအခြေအနေကို အသေးစိတ်လေ့လာ၍ အထူးသတင်း ထောက်တစ်ဦးက ၁၃၂၃ ခုနှစ်၊ နတ်တော်လဆုတ် (၅) ရက်၊ ၂၇-၁၁-၆၁၊ ဗုဒ္ဓဟူးနေ့ ရန်ကုန်သတင်းစာ၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရ၏။

## ရန်ကုန်သတင်းစာ၏ ရေးသားချက်

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ဖူးရမည်။ တန်ဆောင်းတော်ကြီး တည်ဆောက်ပြီးမှ ဘုရားကြီးကို တည်မည်ဆိုခြင်း၊ ပထမ ကော်မတီ၌ ပါခဲ့သူများ နာမည်သာကျန်ရှိ၍ လုပ်အားမပေးနိုင်ကြ ဆိုခြင်း၊ သုံးသိန်းကျော် ကုန်ကျနေပြီဆိုခြင်း။

(အထူးသတင်းထောက်ထံမှ)

ရန်ကုန်မြို့၏ အံ့ချီးဖွယ်ရာတစ်ရပ်အဖြစ် ထင်ရှားကျော်စောခဲ့သော ခြောက်ထပ်ကြီးဘုရားကြီး ရွှေဂုံတိုင်လမ်းမပေါ်၌ မားမားမတ်မတ် တည်နေရာမှ ကွယ်ပျောက်ခဲ့သည်မှာ နှစ်နှစ်ခန့် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ဘုရားကြီးကို ဖြိုဖျက်၍ ပြန်လည်တည်ဆောက်နေသည်ကို မသိကြသော တိုင်းတစ်ပါးမှ ရှေးကရောက်ဖူးသူ ဧည့်သည်တိုင်းပင် မေးကြမြန်းကြသည်ကို ကြားရကြောင်း။

## ထုထည်ကြီးလွန်း၍

၎င်းဘုရားကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆိုင်ရာ တည်ဆောက်ရေးအဖွဲ့သို့ သွားရောက်စုံစမ်းသောအခါ

တည်ဆောက်ရေးအဖွဲ့က အလုပ်မလုပ်ကြတော့ဘဲ အိပ်နေကြ၍ မဟုတ်၊ အဆောက်အအုံထုထည် အလွန်ကြီးမားလှသောကြောင့် အကောင်အထည် မဖော်နိုင်သေးဘဲ ရှိနေသည်ဟု သိရကြောင်း၊ သို့သော်လည်း ယခုအခါတွင် ခြောက်ထပ်ကြီးဘုရားကြီး သီတင်းသုံးမည့် သံတန်ဆောင်းတော်ကြီး၏ လက်ဝဲဘက်သံတိုင်ကြီးများကို စိုက်ထူနေပြီဖြစ်သောကြောင့် အဝေးကပင် မားမားမတ်မတ် မြင်နေကြရပြီဖြစ်ကြောင်း။

## ဆောင်ရွက်လျက်

ဇင်းဘုရားကြီးကို ပြန်လည်တည်ဆောက်ရေးအတွက် စတင်လုံးပန်းတော်မူခဲ့သော ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညမဟာထေရ်ကြီးမှာ ဘုရားကြီး တည်ဆောက်ရန် ဖျက်ဆဲဖြစ်သော ၁၃၁၉ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၂) ရက်၊ ၃-၁၁-၅၇ နေ့ကပင် ပျံလွန်တော်မူခဲ့သော်လည်း တည်ဆောက်ရေးအဖွဲ့မှာ ဘုရားကြီးဆရာတော် ရှိစဉ်ကနှင့်မခြား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

## ဖဆပလ မကွဲမီက

ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအတွက် ပထမဆုံး အကြိမ် တိုင်ပင်ဆွေးနွေးကြသည့် အစည်းအဝေးကို ဘုရားကြီးတိုက်၌ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့က စည်းဝေးခဲ့၍ ဘုရားကြီးဆရာတော် ဦးကောဏ္ဍည(ဖဆပလ နှစ်ခြမ်းမကွဲမီ)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သာသနာရေးဝန်ကြီး ဦးဘစော၊ ချုပ်သင်း သူဌေး ဦးဘတင်၊ မီးသတ် ဦးလှကျော်၊ သီရိပျံချီ ဦးသန်းစိန် စသော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့၍ တည်ဆောက်ရေးအဖွဲ့ကို မည်သို့ ဖွဲ့စည်းသင့်ကြောင်း ရေးဆွဲရန် မီးသတ် ဦးလှကျော်၊ သီရိပျံချီ ဦးသန်းစိန်၊ သာသနာရေးဌာန ဒုတိယအတွင်းဝန် ဦးဘဆွေတို့သုံးဦး ကော်မတီအား လွှဲအပ်ခဲ့သည့်အတိုင်း ကော်မတီက ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ရွှေတိဂုံဘုရားခြေတော်ရင်း အောင်မင်္ဂလာဇရပ်ကြီး၌ မြို့ပေါ်ရှိ သာသနာရေး ဘာသာရေး အသင်းအဖွဲ့ပေါင်းစုံတို့မှ ပါဝင်သော ကိုယ်စားလှယ်များနှင့် ထင်ရှားသော တစ်သီးပုဂ္ဂလ လူကြီးများပါဝင်သည့် ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြောင်း။

## ဆုံးဖြတ်ချက်

ငင်းဆုံးဖြတ်ချက်အရ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အိမ်၌ အစည်းအဝေးခေါ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများ၊ ရန်ကုန်မြို့ပေါ်မှ ထင်ရှားသော ကုန်သည်ပွဲစားသူဌေးများ၊ အသင်း အဖွဲ့ကိုယ်စားလှယ်များ အတော်များများပင် တက်ရောက်ခဲ့ကြောင်း ထိုအစည်းအဝေးမှပင် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည် ဆောက်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့၍ သူ့ထက်ငါ ဆိုသလို ပါဝင်ကြသောကြောင့် ကော်မတီအဖွဲ့ဝင်လူကြီးပေါင်း (၂၆) ဦးမျှ ရှိခဲ့ကြောင်း၊ ထိုအစည်းအဝေးမှပင် ဘုရားကြီးကို ၁၉၅၆ ခုနှစ်၊

အောက်တိုဘာလမှစ၍ နှစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ သုံးနှစ်ကျော် လေးနှစ်ခန့်သို့သာ ဆိုက်ရောက်ခဲ့သော်လည်း ဘုရားကြီးမှာ အုတ်အဖြစ်နှင့်သာ တည်ရှိခဲ့သေး၍ တန်ဆောင်းကြီးမှာလည်း သံတိုင်အဖြစ်သာလျှင် ပြစရာရှိသေးကြောင်း။

## နာမည်သာကျန်သည်

ထိုစဉ်က ကော်မတီအဖွဲ့ဝင်တို့ များစွာ ပါဝင်ခဲ့သော်လည်း အချို့မှာမူ နာမည်သာကျန်တော့၍ အချို့မှာ နောက်ထပ်စည်းဝေးသည့် မှတ်တမ်းတို့၌ နာမည်ပင်လျှင် မတွေ့ရတော့ကြောင်း၊ နောက်ဆုံး စာရင်းအရ အစည်းအဝေး မှန်မှန်တက်ရောက်၍ အလုပ်လုပ်နေကြသော ကော်မတီအဖွဲ့ဝင်တို့မှာ ချုပ်သင်း ဦးဘတင်၊ လူထုဦးချို ဦးခင်မောင်ဖြူ၊ ဗိုလ်မှူးအောင်၊ အင်ဂျင်နီယာချုပ် ဦးကျော်စိန်၊ မီးရထားမင်းကြီး ဦးကြည်ဝင်း၊ ဗန္ဓုလ ဦးစိန်၊ မီးသတ် ဦးလှကျော်၊ သီရိပျံချီ ဦးသန်းစိန်၊ အင်ဂျင်နီယာ ဦးအုန်းကြိုင်၊ ဦးမောင်မောင်၊ မဟာပညာဗလ ဦးကြီးဖေ၊ ဝဏ္ဏကျော်ထင် ဦးဘဆွေ၊ ဦးစံညွန့်၊ ဦးချန်ထွန်း၊ ဦးဘသော်၊ ဦးမြရင်တို့လောက်သာ ရှိတော့ကြောင်း။

## အချိန်ပေးနိုင်သူမှာ

ထိုပုဂ္ဂိုလ်တို့အနက် အများဆုံးအချိန်ပေး၍ အလုပ်လုပ်နေကြသူတို့မှာ ချုပ်သင်း ဦးဘတင်၊ လူထုဦးချို၊ အင်ဂျင်နီယာချုပ် ဦးကျော်စိန်နှင့် မီးရထားမင်းကြီး ဦးကြည်ဝင်းတို့ ဖြစ်ကြသည်ဆိုကြောင်း၊ နေ့စဉ် အလုပ်သမားများအား အုပ်ချုပ်၍ စီမံခန့်ခွဲလုပ်ကိုင်နေသည်မှာ ဘုရားကြီးဆရာတော်ရှိစဉ်က ဘုရားကြီးတိုက်အတွင်း၌ အဆောက်အအုံများ တည်ဆောက်ရေး၌ ဝေယျာဝစ္စဆောင်ရွက်နေကျဖြစ်သော ဘုန်းတော်ကြီး ဦးစန္ဒောဘာသပင်ဖြစ်ကြောင်း။

## သံတန်ဆောင်းကြီးတည်ခြင်း

ဘုရားကြီးတည်ဆောက်ရေး၌ (က) ဘုရားကြီးတည်ဆောက်ရေးကော်မတီ၊ (၂)တန်ဆောင်းကြီး တည်ဆောက်ရေးကော်မတီဟု နှစ်ရပ်ရှိသည့်အနက် တန်ဆောင်းကြီး တည်ဆောက်ရေးကော်မတီက ဦးစွာ သံတန်ဆောင်းကြီးတည်ဆောက်နေလေရာ သံတိုင်ကြီးများပင် အတော်စိုက်ထူပြီးနေသည်ကို တွေ့ရကြောင်း၊ သံတန်ဆောင်းကြီးမှာ အလျား ပေ(၈၀) ၊ အနံ ပေ(၉၀) ရှိ၍ အမြင့် (၆၅) ပေရှိမည်ဟု သိရကြောင်း၊ သံတန်ဆောင်းကြီးအတွက် ကုန်ကျငွေ ခန့်မှန်းခြေမှာ ခြောက်သိန်းခွဲဖြစ်၍ ယခုအခါတွင် သုံးသိန်းကျော်မျှ ကုန်ကျနေပြီဟု သိရကြောင်း၊ အရပ်ရပ်မှ အလှူခံ၍ ရရှိသောငွေမှာ နှစ်သိန်းခန့်မျှသာ ရှိလိမ့်မည်ဟု ဆိုကြောင်း၊

လူထု ဦးချိုက ဘုရားကြီးဆရာတော် ပျံလွန်တော်မမူမီ ဘုရားကြီးမပြီး ပြီးအောင် တည်ဆောက်ရန် တာဝန်ယူပါသည်ဘုရားဟု ဝန်ခံထားသည့်အတိုင်း လိုသောငွေကို မဆုတ်မဆိုင်းပင် ထုတ်ပေးလျက်ရှိသည်ဟု သိရကြောင်း၊ သံတန်ဆောင်းကြီးကို ပြုပြင်ရေးအတွက် ငွေအတော်လိုနေသေးသည် ဖြစ်သောကြောင့် ရန်ကုန်မြို့ကြီး၏ အံ့ချီးဖွယ်ရာတစ်ရပ်အဖြစ် ပြန်လည် တွေ့ကြရမည်ဖြစ်သော ခြောက်ထပ်ကြီးဘုရားကြီး အမြန်ပြီးစီးရေး အတွက် တတ်နိုင်သူများက အလှူငွေ ထည့်ဝင်လှူဒါန်းသင့်ကြကြောင်း၊ ဘုရားကြီးဆရာတော်ရှိစဉ်က မည်ရွေ့မည်မျှ လှူဒါန်းပါမည်ဟု အာမဝန်တာခံယူထားကြသော ဒါယကာတို့ကလည်း ကတိမပျက်ကြရလေအောင် (ဝါ) နှုတ်ကြွေး မတင်ကြရလေအောင် လှူဒါန်းကြဖို့ အချိန်ရောက်နေသည်ဟုသိရကြောင်း၊ ဘုရားကြီး၏ သံတန်ဆောင်းတော်ကြီး တည်ဆောက်ရေးအတွက် သံထည်စသော ပစ္စည်းတို့မှာ အတော်ပင်စုံနေပြီဖြစ်၍ နေ့ရောညပါ အလုပ်သမားများစွာတို့ဖြင့် တည်ဆောက်နေပြီဖြစ်သောကြောင့် မကြာမီပင် မားမားမတ်မတ် ဖူးတွေ့ကြရတော့မည်ဟုဆိုကြောင်း၊ ဘုရားကြီးကိုမူ တန်ဆောင်းတော်ကြီးပြီးမှပင် တည်မည်ဖြစ်သောကြောင့် ခြောက်ထပ်ကြီးဘုရားကြီးကို ပြန်လည်ဖူးရတော့မည့်အချိန်မှာ မဝေးတော့ပြီ ဖြစ်ပါကြောင်း။

## သံတန်ဆောင်းတော်ကြီး သွပ်မိုးပြီးစီးခြင်း

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သံတန်ဆောင်းတော်ကြီး တည်ဆောက်ပြီးစီးရေးအတွက် အခက်အခဲပေါင်း မြောက်မြားစွာ

တို့ ရှိသော်ငြားလည်း (၁) ဘုရားကြီး၏ ဘုန်းတန်ခိုးတော်၊ (၂) တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများ၏ ကြိုးပမ်းအားထုတ်မှုနှင့် (၃) စေတနာရှင် လုပ်သားပြည်သူ ရဟန်းရှင်လူတို့၏ ဝိုင်းဝန်း ကူညီ၍ လှူဒါန်းခဲ့ကြခြင်းတို့ကြောင့် ၁၃၂၄ ခုနှစ်၊ နယုန်လဆန်း (၁) ရက် ၃-၆-၆၂ နေ့တွင် သံတန်ဆောင်းတော်ကြီး ကို အမာခံ သံထည်များဖြင့် တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါသည်။ အမိုး အကာအတွက် သွပ်ပြားများကို နိုင်ငံခြားမှ တင်သွင်းဝယ်ယူရန် သက်ဆိုင်ရာဌာနသို့ လိုင်စင်လျှောက်ရာ နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသောမူနှင့် မကိုက်ညီသောကြောင့် သွပ်ဝယ်ယူခွင့်လိုင် စင် မရတော့ပါ။ သို့သော်လည်း တော်လှန်ရေးအစိုးရ ပညာရေးနှင့် ကျန်းမာရေးဌာန တာဝန်ခံ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီး ဦးလှဟန်နှင့် ဇနီးဒေါ်ခင်လှတို့၏ ကူညီဆောင်ရွက်ပေးခြင်း ကြောင့် လိုအပ်သော သွပ်များကို အစိုးရကုန်သွယ်ရေးဌာနမှ ဝယ်ယူခွင့်ရရှိခဲ့ပါသည်။ ကုန်သွယ်ရေးဌာနမှ ဝယ်ယူခဲ့သော သွပ်အရေအတွက်မှာ -

| | | |
|---|---|---|
| ၆ ပေ × ၂ ပေ ၈ လက်မ | = ၂၄ ဂိတ် | ၁၈၂၀ ချပ် |
| ၇ ပေ × ၂ ပေ ၈ လက်မ | = ၂၄ ဂိတ် | ၁၁၅၀ ချပ် |
| ၈ ပေ × ၃ ပေ ၈ လက်မ | = ၂၄ ဂိတ်ပြောင် | ၆၅ ချပ် |
| ၈ ပေ × ၃ ပေ ၈ လက်မ | = ၂၂ ဂိတ် | ၁၄၀ ချပ် |

တို့ ဖြစ်ကြပါသည်။

၎င်းသွပ်များ ဝယ်ယူနိုင်ရန်အတွက် ဘုရားကြီးတိုက် နာရီ

စင်ကြီးနှင့် သိင်္ဂီဦးတိုက်ကျောင်း ဒါယကာကြီး ဦးစောဦးနှင့် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၄) ကျောင်းဒါယကာကြီး မင်းဘူးဦးဘမောင်တို့ နှစ်ဦးက ကျပ်ငွေ တစ်သောင်းငါးထောင်စီဖြင့် ပေါင်းသုံးသောင်းကို ထုတ်၍ ပေးလှူခဲ့ကြကြောင်း သိရပေသည်။ အစိုးရထံမှ သွပ်များဝယ်ယူပြီးနောက် သွပ်တစ်ချပ်လျှင် လက်ခအပါအဝင် ၁၂ ကျပ်နှုန်းဖြင့် ရဟန်းရှင်လူ လုပ်သားပြည်သူတို့ထံမှ အလှူခံခဲ့ရာ ကုသိုလ်ရှင်များက စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်း၍ လှူဒါန်းခဲ့ကြပါသည်။ ထို့ကြောင့် ၁၃၂၅ ခုနှစ် နယုန်လဆန်း (၅) ရက်၊ ၂၇-၅-၆၃၊ တနင်္လာနေ့ နံနက် (၈) နာရီတွင် ဂန္ဓကုဋီတန်ဆောင်းတော်ကြီးကို သွပ်များစတင်၍ မိုးသည်။ ပထမဆုံး မိုးမည့်သွပ်ချပ်ကို သံဃာတော်ကိုးပါးက ဝန်းရံမချီ၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လျက် အပေါ်သို့တင်မြှောက်ပေးသည်။ ၁၃၂၅ ခုနှစ်၊ ဝါဆိုလဆန်း (၃) ရက်၊ ၂၃-၆-၆၃၊ တနင်္ဂနွေနေ့ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ကိန်းဝပ် စံပယ်တော်မူသည့် ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးကို အမိုးမိုး၍ ပြီးစီးပါသည်။ သံတန်ဆောင်းတော်ကြီးမှာ အလျားပေ (၁၂၀)၊ အနံပေ (၉၀)၊ အမြင့် (၆၅)ပေရှိ၍ ကုန်ကျစရိတ်မှာ ကာလတန်ဖိုး အားဖြင့် ၆၁၆၀၅၉ ကျပ် ဝ၆ပြား(ခြောက်သိန်း တစ်သောင်း ခြောက်ထောင့်ငါးဆယ့်ကိုးကျပ်နှင့်ခြောက်ပြား)ဖြစ်ကြောင်းသိရ၏။

## သံတန်ဆောင်းတော်ကြီး အလှူရှင်များစာရင်း

၂၅-၁၁-၅၇ ခုနှစ်မှ ၂၆-၁၁-၆၅ ခုနှစ်အထိ ရှစ်နှစ်

အတွင်း လုပ်သားပြည်သူတို့ထံမှ ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးနှင့် သံတန်ဆောင်းတော်ကြီး ဆောက်လုပ်ရေးအတွက် တည်ဆောက်ရေးအဖွဲ့မှ ကောက်ခံရရှိသော ကျပ်ငါးရာနှင့်ကျပ်ငါးရာအထက် အလှူငွေ ထည့်ဝင်လှူဒါန်းထားသူများ၏ အမည်စာရင်း -

| | | | |
|---|---|---|---|
| ၁။ | ၂၅-၁၁-၅၇ ခုနှစ် ဦးခင်မောင် | ၅၀၀ ကျပ် |
| | ဇနီးဒေါ်တင်စိန်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန် | |
| ၂။ | ၉-၈-၅၈ ခုနှစ် ဦးဘရှိန် ဇနီး ဒေါ်တင် | |
| | ငါးထပ်ကြီး၊ ရန်ကုန် | ၁၀၀၀ ကျပ် |
| ၃။ | ၂၀-၇-၅၉ ခုနှစ် ဒေါ်စုနှင့် သားသမီးတစ်စု | |
| | အမှတ်-၅၀၊ ဆင်းဒဝစ်လမ်း၊ ရန်ကုန် | ၁၀၀၀ ကျပ် |
| ၄။ | ၂၂-၉-၆၀ ခုနှစ် ကျောင်းအမကြီး | |
| | ဒေါ်စောခင် ကြို့ပင်ကောက်မြို့ | ၁၀၀၀ ကျပ် |
| ၅။ | ၁၁-၆-၆၃ ခုနှစ် ဦးသာမူး၊ ဒေါ်စောတင် | |
| | အမှတ်-၄၂၊ ရွှေတောင်တန်း၊ ရန်ကုန် | ၅၀၀ ကျပ် |
| ၆။ | ၉-၅-၆၄ ခုနှစ် တိုင်းရင်းဆေးဆရာအဖွဲ့ | |
| | အမှတ်-၃၆၊ ကျွန်းတောလမ်း၊ ရန်ကုန် | ၁၀၀၀ ကျပ် |
| ၇။ | ၁၀-၅-၆၄ ခုနှစ် အစ်မဒေါ်သောင်းနှင့် | |

| | | |
|---|---|---|
| ဦးကျော်စော ကျောင်းဒကာကြီး | ၁၇၀၀ | ကျပ် |
| ၈။ ၁၇-၅-၆၄ ခုနှစ် ဦးချစ်၊ ဒေါ်ရှင် | | |
| စမ်းရေတွင်းလမ်း၊ စမ်းချောင်း | ၅၀၀ | ကျပ် |
| ပေါင်း | ၇၂၀၀ | ကျပ် |
| ၉။ ကျပ်ငါးရာအောက် အလှူရှင်များ | | |
| အလှူငွေ | ၆၆၉၃၅ | -၆၀ |
| ပေါင်း | ၇၄၁၃၅ | -၆၀ |
| ၁၀။ဦးဘသင်(ချပ်သင်း)မုံရွာမှ ခတ်တော်ပင့် | | |
| စရိတ်လှူငွေ | ၁၅၀၀ | ကျပ် |

## စာရင်းချုပ်

| | | |
|---|---|---|
| ဘုရားကြီးအလှူရငွေစာရင်း | ၇၄၁၃၅ | -၆၀ |
| ဦးဘတင်(ချပ်သင်း)ခတ်တော်ပင့်စရိတ်လှူငွေ | ၁၅၀၀ | -၀၀ |
| အလှူရငွေစုစုပေါင်း | ၇၅၆၃၅ | -၆၀ |

## သံတန်ဆောင်းကြီးအတွက် အလှူရငွေစာရင်း

အလှူရငွေပေါင်း ၅၇၀၃၇၇ ကျပ် ၉၅ ပြား ၄င်းတို့မှာ ကျပ် ၅၀၀ နှင့် ၅၀၀ အထက် အလှူထည့်ဝင်သူများစာရင်း။

တန်ဆောင်းကြီး အလှူရငွေခေါင်းစဉ် ၃၇၁၇၀ ကျပ် ၉၄ ပြား။

| စဉ် | အမည်နှင့်နေရပ် | ကျပ် | ပြား |
|---|---|---|---|
| ၁။ | ၂၂-၂-၉၀ ခုနှစ်၊ ကျောင်းအမကြီး ဒေါ်စောခင်၊ ကြို့ပင်ကောက် | ၁၀၀၀ | |
| ၂။ | ၃၀-၃-၆၂ ခုနှစ်၊ ဒေါ်စောရင်၊ ဦးဘိုးစိန် | ၅၉၀ | |
| ၃။ | ၁၄-၁၀-၆၂ ခုနှစ်၊ သိန်းဝင်း ပဲစက်ပိုင်ရှင် ဦးဝင်းမြင့်နှင့် ဒေါ်စောရီ(သမီး) မစိုးစိုးသိမ်း၊ မခင်လေးမြင့်၊ ရန်ကုန် | ၁၇၇၀ | |
| ၄။ | ၄-၄-၆၃ ခုနှစ်၊ ဦးရန်စိန်၊ ၅၈(အထက်) ပန်းဆိုးတန်း၊ ရန်ကုန် | ၄၀၀၀ | |
| ၅။ | ၅-၅-၆၃ ခုနှစ်၊ လူထုဦးချို၊ ရန်ကုန် | ၃၄၆၅ | ၇၉ |
| ၆။ | ၃၁-၈-၆၃ ခုနှစ်၊ ဦးဘလွင်၊ ဒေါ်ပု ၂၃၁၊ ကျိုက္ကဆံလမ်း၊ ရန်ကုန် | ၅၀၀ | |
| | ပေါင်း | ၁၁၃၂၅ | ၇၉ |
| ၇။ | ကျပ်ငွေ ၅၀၀ အောက် အလှူထည့်ဝင်ငွေ | ၂၅၈၄၅ | ၁၅ |
| | ပေါင်း | ၃၇၁၇၀ | ၉၄ |

**လူထုဦးချို ကောက်ခံပေးငွေစာရင်းခေါင်းစဉ် ၁၁၅၃၀၁ ကျပ်**

| စဉ် | အမည်နှင့်နေရပ် | ကျပ် |
|---|---|---|
| ၁။ | လူထုစီးကရက်ကုမ္ပဏီအလှူငွေ | ၂၅၀၀၀ |
| ၂။ | ဦးပွင့်ကောင်း၊ လှည်းတန်း၊ ရန်ကုန် | ၂၀၀၀၀ |
| ၃။ | မစ္စတာ ဂျွန်ဟူး၊ ပန်းဆိုးတန်း၊ ရန်ကုန် | ၅၀၀၀ |
| ၄။ | ဦးချစ်မောင်၊ ကုန်ဈေးတန်း၊ ရန်ကုန် | ၅၀၀၀ |
| ၅။ | ဦးကေဘကြီး၊ လသာလမ်း၊ ရန်ကုန် | ၅၀၀၀ |
| ၆။ | ဦးထွန်းအေး၊ ဒဂုံစီးကရက်၊ ရန်ကုန် | ၅၀၀၀ |
| ၇။ | ဒေါ်ရင်ရင်၊ ရွှေထီးဆပ်ပြာစက်၊ ရန်ကုန် | ၅၀၀၀ |
| ၈။ | ဦးခင်မောင်ချိန်၊ မြဆင်ဒီကိတ်၊ ရန်ကုန် | ၃၀၀၀ |
| ၉။ | ဦးထိန်ဟုတ်၊ ကျုံးကြီးလမ်း၊ ရန်ကုန် | ၃၀၀၀ |
| ၁၀။ | ဆင်နှစ်ကောင်ဆေးပြင်းလိပ်ကုမ္ပဏီ၊ရန်ကုန် | ၃၀၀၀ |
| ၁၁။ | ဦးအောင်ချိန်၊ ကုန်သည်လမ်း၊ ရန်ကုန် | ၃၀၀၀ |
| ၁၂။ | ဦးစု၊ ကြည်ကြည်ဘီစကွတ်၊ ရန်ကုန် | ၃၀၀၀ |
| ၁၃။ | အမည်မဖော်ပြသူ အလှူရှင်၊ ရန်ကုန် | ၃၀၀၀ |
| ၁၄။ | လူထု ဦးချို ကောက်ခံ | ၂၇၀၀ |
| ၁၅။ | ဒေါ်ငွေတင် ကုမ္ပဏီ၊ မောင်ထော်လေးလမ်း၊ ရန်ကုန် | ၂၀၀၀ |
| ၁၆။ | အာရ်-အာရ်ဂန်ဒီကုမ္ပဏီ | ၁၀၀၁ |

၁၇။ ဦးယုဆိုင်၊ ဘုန်းကြီးလမ်း၊ ရန်ကုန် ၁၀၀၀
၁၈။ ဦးထွန်းတင်၊ လသာလမ်း၊ ရန်ကုန် ၁၀၀၀
၁၉။ ဦးစိန်တုတ်၊ စဉ့်အိုးတန်း၊ ရန်ကုန် ၁၀၀၀
၂၀။ ဦးဟန်၊ လသာလမ်း၊ ရန်ကုန် ၁၀၀၀
၂၁။ ဦးတင်၊ လွစ္စလမ်း၊ ရန်ကုန် ၁၀၀၀
၂၂။ မစ္စတာဂျီအက်မီးလာ၊ ရန်ကုန် ၁၀၀၀
၂၃။ ရွှေခေါင်းလောင်း၊ တံဆိပ်ကုမ္ပဏီ ၁၀၀၀
၂၄။ ဗမာ့စက်မှုလက်မှုကုမ္ပဏီ၊ ဘားလမ်း ၁၀၀၀
၂၅။ ဒန့်ဂျီဘိုရပ်ချ်၊ ရွှေဘုံသာလမ်း၊ ရန်ကုန် ၁၀၀၀
၂၆။ အေအဇစ်နှင့်သားများ၊တရုတ်တန်း၊ရန်ကုန် ၁၀၀၀
၂၇။ ပိုတင်လျှောင်၊ ရန်ကုန် ၁၀၀၀
၂၈။ ယိုကီမော်တော်စတိုး၊ ရန်ကုန် ၁၀၀၀
၂၉။ ဟတ်ဂွန်ကုမ္ပဏီ၊ တရုတ်တန်းလမ်း ၁၀၀၀
၃၀။ မစ္စတာအယ်လ်ဖောက်စူး၊ နန်ချွန်းကုမ္ပဏီ၊
ရန်ကုန် ၁၀၀၀
၃၁။ ဦးသံတိုင်၊ ကုန်စျေးတန်း၊ ရန်ကုန် ၅၀၀
၃၂။ လက်ကေကြာတိတ်၊ တိုစွန်းကုမ္ပဏီ၊ ရန်ကုန် ၅၀၀
၃၃။ ဦးဟုတ်လှိုင် ဘရားသား၊
မဟာဗန္ဓုလလမ်း၊ ရန်ကုန် ၅၀၀

၃၄။ လင်စေ့ဂီဘာရားသား
မဟာဗန္ဓုလလမ်း၊ ရန်ကုန် ၅၀၀
၃၅။ သခင်စိုးဝင်း၊ ၂၇ လမ်း၊ ရန်ကုန် ၅၀၀
၃၆။ အိမ်ဟုတ်တောင်ကုမ္ပဏီ၊မဟာဗန္ဓုလလမ်း၊ ၅၀၀
၃၇။ စီးတွန်ချီး၊ မဟာဗန္ဓုလလမ်း ၅၀၀
၃၈။ စင်ဘန်စိန်၊ စဥ့်အိုးတန်း၊ ရန်ကုန် ၅၀၀
၃၉။ ချစ်ဘီ စာပုံနှိပ်တိုက်၊ မောင်ခိုင်လမ်း၊ရန်ကုန် ၅၀၀
၄၀။ နေပြည်တော်ကုမ္ပဏီ၊ လွှစ္စလမ်း၊ ရန်ကုန် ၅၀၀
၄၁။ ညွန့်မြင့်၊ စက်မှုလက်မှု၊ တရုတ်တန်းလမ်း၊
ရန်ကုန် ၅၀၀
၄၂။ အမ်အိပ်ချ်ကိုလပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန် ၅၀၀
၄၃။ ဒန်ဂျီရှန်ဂျီ-၅၆၊ ရွှေဘုံသာလမ်း ၅၀၀
၄၄။ ဦးသာထွန်းအောင်၊ ၄၆၊၂၈ လမ်း၊ ရန်ကုန် ၅၀၀
၄၅။ ဦးသန်းမောင်၊ ဘားလမ်း၊ ရန်ကုန် ၅၀၀
စုစုပေါင်း ၁၁၅၂၀၁
၄၆။ ကျပ်ငွေ ၅၀၀ အောက်အလှူရှင်တစ်ဦး ၁၀၀
စုစုပေါင်း ၁၁၅၃၀၁
၄၇။ ဖက်စပ်(၁) မှ

| | | |
|---|---|---|
| အလှူရငွေစာရင်းခေါင်းစဉ် | ၂၄၅၀၀၀ | |
| ၄၈။ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့မှ ပြန်ရငွေခေါင်းစဉ် | ၆၃၉၆ | -၆၀ |
| ၄၉။ သွပ်မိုးအလှူရငွေစာရင်းခေါင်းစဉ် | ၄၄၀၄၉ | |
| ၅၀။ ဘုရားကြီးတွင် အလှူရငွေ သွပ်ချပ်ရေ (၁၈၅၄) ချပ် | ၂၂၂၄၈ | |
| ၅၁။ ဦးအုန်းရွှေ အလှူရငွေ (၁၂၄၇) ချပ် | ၁၄၉၆၉ | |
| ၅၂။ ဦးမောင်မောင် အလှူရငွေ သွပ်ချပ်ရေ (၃၁၇) ချပ် | ၃၈၀၄ | |
| ၅၃။ ဦးဘတင်(ချပ်သင်း) (၂၄၃) ချပ် | ၂၉၂၀ | |
| ၅၄။ ဦးအောင်ထွန်း အလှူရငွေ (၉) ချပ် | ၁၀၈ | |
| ၅၅။ ဘိလပ်မြေမွှေစက်ငှားခရငွေ ငွေစာရင်းခေါင်းစဉ် | ၂၁၆၀ | |
| ၅၆။ အလှူခံဌာန ခြောက်ထပ်ကြီး စာရင်းခေါင်းစဉ် | ၁၄၂ | -၆၀ |
| ၅၇။ သံချောင်း ရောင်းရငွေစာရင်းခေါင်းစဉ် | ၄၀၁ | -၇၂ |
| ၅၈။ ဦးထိန်ဝှက် ပိဋကတ်ကျောင်းရွှေ့ စာရင်းခေါင်းစဉ် | ၁၅၀၀၀ | |

| | | | |
|---|---|---|---|
| ၅၉။ | ဦးဘတင်(ချပ်သင်း) ပိဋကတ်ကျောင်းရွှေ့ စာရင်းခေါင်းစဉ် | ၆၅၃၄ | -၇၅ |
| ၆၀။ | ဦးဘတင်(ချပ်သင်း) တန်ဆောင်းတော်ကြီး အလှူငွေစာရင်းခေါင်းစဉ် | ၉၈၂၂၁ | -၄၄ |

## စာရင်းချုပ်

| စဉ် | အကြောင်းအရာ | ကျပ် | ပြား |
|---|---|---|---|
| ၁။ | တန်ဆောင်းတော်ကြီးအလှူရငွေစာရင်း | ၃၇၁၇၀ | -၉၄ |
| ၂။ | လူထုဦးချိုကောက်ခံ အလှူရငွေစာရင်း | ၁၁၅၃၀၁ | |
| ၃။ | ဖက်စပ်(၁) မှ အလှူရငွေစာရင်း | ၂၄၅၀၀၀ | |
| ၄။ | ဆိပ်ကမ်းအုပ်ချုပ်ရေးမှူးအဖွဲ့မှ ပြန်ရငွေစာရင်း | ၆၃၉၆ | -၆၀ |
| ၅။ | သွပ်ဖိုးအလှူရငွေစာရင်း | ၄၄၀၄၉ | |
| ၆။ | ဘိလပ်မြေမွှေစက်ငှားခရငွေစာရင်း | ၂၁၆၀ | |
| ၇။ | အလှူခံဌာန ခြောက်ထပ်ကြီးစာရင်း | ၁၄၂ | -၆၀ |
| ၈။ | သံချောင်းရောင်းရငွေစာရင်း | ၄၀၁ | -၇၂ |
| ၉။ | ဦးထိန်ဝှက် ပိဋကတ်ကျောင်း ပြောင်းရွှေ့အလှူငွေ | ၁၅၀၀၀ | |
| ၁၀။ | ဦးဘတင်(ချပ်သင်း) ငှင်း | ၆၅၃၄ | -၇၅ |

၁၁။ ဦးဘတင်(ချပ်သင်း)

တန်ဆောင်းတော်ကြီးအလှူငွေစာရင်း ၉၈၂၂၁ -၄၄

အလှူရငွေစုစုပေါင်း ၅၄၀၃၇၇ -၉၅

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို အရှေ့အရပ်သို့ ဦးခေါင်းတော်ပြုရန် ဩဝါဒခံယူကြခြင်း

မူလခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် အနောက်မြောက်ယွန်းယွန်းအရပ်သို့ ဦးခေါင်းတော်ပြု၍ အရှေ့တောင်ထောင့်သို့ ခြေတော်ပြုထားကြောင်းကို လည်းကောင်း၊ မျက်နှာတော်မှာမူ အနောက်တောင်ထောင့်သို့ လှည့်နေကြောင်းကို လည်းကောင်း၊ အထက်၌ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ၎င်းဘုရားကြီးကို ဖြိုဖျက်ပြီးနောက် အသစ်ပြန်လည်၍ တည်သောအခါ၌ကား မြေသစ်များဝယ်ယူပြီး ကျောင်းတိုက်ကြီးကို တိုးချဲ့ထားပြီးဖြစ်သောကြောင့် ဘုရားကြီး၏ ဥပစာရင်ပြင်သည်လည်း ကုန်းတော်ပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေပါသည်။ ထို့ကြောင့် တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများသည် အာရုံခံ တန်ဆောင်းကြီးကို တိုးချဲ့၍ ဆောက်လုပ်နိုင်ရန်နှင့် ဘုရားဖူးများ ဝင်ထွက်သွားလာရေး လွယ်ကူစေရန်အလို့ငှာ ဥပစာကျယ်ပြန့်သောအရပ်သို့ မျက်နှာတော်မူ၍ ရွှေသာလျောင်းဘုရားကြီးကို တည်ရန် ကြံစည်ခဲ့ကြ၏။ ထိုသို့ ကြံစည်ခဲ့ကြသည့်အတိုင်း အရှေ့တောင်ယွန်းယွန်းသို့ ဦးခေါင်းပြု

လျက် အနောက်မြောက်ထောင့်သို့ ခြေပြုပြီးလျှင် အရှေ့မြောက် အရပ်သို့ မျက်နှာတော်မူ၍ တည်ထားရပါမူသင့်မည်၊ မသင့်မည်၊ အပြစ်မှ လွတ်မြောက်မည်၊ မလွတ်မည် စသည်တို့ကို ဘုရားဟော ဒေသနာတော်နှင့် ညှိနှိုင်းစစ်ဆေး၍ ဩဝါဒပေးတော် မူကြပါရန် ၁၃၁၉ ခုနှစ် နတ်တော်လကွယ်နေ့ (၂၀-၁၂-၅၇) တနင်္ဂနွေနေ့ နံနက် (၈) နာရီတွင် ရန်ကုန်မြို့မှ နိုင်ငံတော် ဩဝါဒါ စရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဝိနည်းမိုရ် ဆရာတော်ကြီး များကိုလည်းကောင်း၊ လူပညာရှိ ပုဂ္ဂိုလ်ကြီးများကိုလည်းကောင်း ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သိမ်ကျောင်းတော်ကြီးသို့ ပင့်ဖိတ်၍ ဩဝါဒ ခံယူခဲ့ကြပါသည်။ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် လူပညာရှိ ပုဂ္ဂိုလ်ကြီးများက ဩဝါဒပေးတော်မူကြသည်မှာ မြတ်စွာဘုရား၌ ကြည်ညိုရင်းစွဲ ပသန္နစိတ်ရှိနေကြသည့် အားလျော်စွာ မွန်မြတ်သော ရည်ရွယ်ချက် ဖြင့် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်လုပ်ကိုင်ခြင်း ဖြစ်သောကြောင့် အပြစ်မရှိ၊ ဒေသနာတော်နှင့် မဆန့်ကျင်ကြောင်း၊ သို့ဖြစ်၍ တည်ဆောက်ရေးအဖွဲ့ လူကြီးမင်းများ ရည်စူးကြံစည်ထား ကြသည့်အတိုင်း တည်ထားနိုင်ကြောင်း မိန့်ကြားတော်မူကြပါသည်။

## ဩဝါဒခံယူပွဲသို့ ကြွရောက်ချီးမြှောက်တော်မူကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ယသဇေယျုံဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၂။ ဗဟန်းဝေဠုဝန်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၃။ ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်

၄။ ဒေဝသာဂရ သိမ်ကုန်းဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၅။ ကျားကူးဆရာတော်

၆။ ဗားကရာဆရာတော်

၇။ ညောင်ကုန်းကျောင်းတိုက်ဆရာတော်

၈။ ကျိုက်ထီးရိုးကျောင်းဆရာတော်

၉။ ရှင်စောပုကျောင်းဆရာတော်

## နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ

၁။ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်ဆရာတော်

၂။ ကြည့်မြင်တိုင် ဇေယျဝတီဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၃။ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူဆရာတော်
(အဂ္ဂမဟာပဏ္ဍိတ)

၄။ ဘုရားဖြူဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၅။ စကၤာပူဆရာတော်

၆။ အရှေ့ပိန္နဲကုန်းဆရာတော်

၇။ ဗားကရာ တောရဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

၈။ သရက်တောတိုက် မြိတ်ကျောင်းဆရာတော်

၉။ ငါးထပ်ကြီးဆရာတော်

၁၀။ ဘုရားကြီးတိုက်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)

## တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများနှင့် ဖိတ်ကြားထားသည့် ပညာရှိပုဂ္ဂိုလ်ကြီးများ

၁။ ဦးဘတင်(ချပ်သင်း) (တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး)

၂။ ဦးခင်မောင်ဖြူ(အတွင်းဝန်ချုပ်)

၃။ ဦးကြည်ဝင်း(မီးရထားမင်းကြီး)

၄။ ဦးကျော်စိန်(အင်ဂျင်နီယာချုပ် ပြည်သူ့အိုးအိမ်)

၅။ ဦးမောင်မောင်(မြူနီစီပါယ် ပညာရေး ချယ်ယာမင်)

၆။ ဦးသန်းစိန်(သီရိပျံချီ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး)

၇။ ဦးလှဖေ(သတင်းထောက်များအသင်းဥက္ကဋ္ဌ)

၈။ ဦးစံလှထွန်း(ပြန်ကြားရေးဌာန)

၉။ ဦးကြီးဖေ(မဟာပညာဗလ)

၁၀။ ဆရာဉာဏ်(မဟာပညာဗလ)

၁၁။ ဒိဗ္ဗစက္ခုဆရာတော်

၁၂။ ဦးငွေကိုင်(ပန်းချီဆရာကြီး)

၁၃။ ဦးအုန်းလွင်(ပန်းချီဆရာကြီး)

၁၄။ ဦးဘကြည်(ပန်းချီဆရာကြီး)

၁၅။ ဦးစံဝင်း(ပန်းချီဆရာကြီး)

၁၆။ ဦးထွန်းကြွယ်(ပန်းချီဆရာကြီး)

၁၇။ ဦးအုန်းသင်(နက္ခတ်ဗေဒင်ပညာရှိ)

၁၈။ ဦးထွန်းလှ(နက္ခတ်ဗေဒင်ပညာရှိ)

၁၉။ ဦးအုန်းကြိုင်(နက္ခတ်ဗေဒင်ပညာရှိ)

၂၀။ ဦးအုန်းရွှေ(ဘုရားကြီးတိုက်စွည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ အကျိုးဆောင်)

## ပဲခူးရွှေသာလျောင်းဘုရားကြီး

ဤသို့ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို ခံယူ၍ ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကို ခြေရင်း၊ ခေါင်းရင်း ပြန်ပြီး အသစ်ထပ်မံတည်ထားသကဲ့သို့ ပဲခူးမြို့မှ တန်ခိုးကြီး ရွှေသာလျောင်းရုပ်ပွားတော်ကြီးကိုလည်း မြောက်အရပ်သို့ ပထမ ဦးခေါင်းတော်ပြုနေရာမှ တောင်အရပ်သို့ ဦးခေါင်းတော် လှည့်၍ ပြုပြင်တည်ထားကြောင်း လေ့လာသိရှိရပါသည်။ ပဲခူး ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကို သက္ကရာဇ် ၆၈၃ ခုနှစ်တွင် စူဠမိဂဒိပ္ပမင်း ရှေးဦးစွာ တည်တော်မူသည်။ ထိုစဉ်က ရုပ်ပွားတော်

ကြီးမှာ မြောက်သို့ ဦးခေါင်းတော်ပြု၍ အနောက်အရပ်သို့ မျက်နှာတော်မူလျက် ပရိနိဗ္ဗာန်ဝင်စံနေတော်မူပုံ ဖြစ်သည်။ ထို့ကြောင့် ဘုရားကြီး၏ ဘွဲ့တော်ကိုလည်း ကျိုက်ကုသိနာဘုရားဟု မှည့်ခေါ်ခဲ့ကြသည်။

သက္ကရာဇ် ၈၂၀ ခုနှစ်တွင် နန်းတက်သော ရာမာဓိပတိဘွဲ့ခံ ဟံသာဝတီ ဓမ္မစေတီမင်းကြီးသည် ကျိုက်ကုသိနာရုပ်ပွားတော်ကြီးကို ဒုတိယအကြိမ် ထပ်မံပြုပြင်၍ "ကျာက်နိဗ္ဗာန်ဒတိက်မဟာဗုဒ္ဓရူပ"ဟူသော ဘွဲ့တော်ကို ကပ်လှူခဲ့ပြန်သည်။

ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၂ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ကျိုက်ကုသိနာဘုရားကြီးကို တတိယအကြိမ် မွမ်းမံပြုပြင်တော်မူသည်။ ဘုရင့်နောင်မင်းကြီး လက်ထက်တွင် ရုပ်ပွားတော်ကြီးမှာ ညဏ်တော် အတောင်ရှစ်ဆယ်ရှိပြီး ဘွဲ့တော်ကို မြန်မာသံ ပီပီသသဖြင့် နိဗ္ဗာန်ဆင်းတုတော်ကြီးဟု ခေါ်ကြကြောင်းသိရ၏။

## ကုလားဇဇ်ကာ၏ ဖျက်ဆီးခြင်းကိုခံရခြင်း

ဘုရင့်နောင်မင်းကြီး နတ်ရွာစံပြီးနောက် ၎င်း၏အရိုက်အရာကို ဆက်ခံကြသော မင်းများလက်ထက်၌ တိုင်းပြည်မငြိမ်မသက်ဖြစ်၍ ဟံသာဝတီ နေပြည်တော်ကြီးပါ ပျက်စီးတိမ်းပါးခဲ့သောကြောင့် ကျိုက်ကုသိနာ ရုပ်ပွားတော်ကြီးတည်ရှိရာ ပဲခူးအနောက်တောသည် ချုံနွယ်များ ဖုံးလွှမ်းခဲ့သည့်ပြင် ရာသီဥတုဒဏ်၊

မြေငလျင်ဒဏ်စသော သဘာဝဘေးဒဏ်များကိုလည်း အကြိမ်ကြိမ်ခံရသောကြောင့် ရုပ်ပွားတော်ကြီးမှာ ယိုယွင်းပျက်စီးလျက် ရှိသည်။ သက္ကရာဇ် ၉၇၄ ခုနှစ်တွင် သန်လျင်မှ ပေါ်တူဂီလူမျိုး မိစ္ဆာဒိဋ္ဌိအယူရှိသူ ငဇင်ကာသည် ပဲခူး၊ တောင်ငူတစ်ဝိုက်ကို တိုက်ခိုက်သိမ်းပိုက်ပြီးလျှင် စေတီပုထိုးများကို တူးဖြိုဖျက်ဆီး၍ အဖိုးတန် ဌာပနာများကို ဖောက်ယူခဲ့ရာ ဤကျိုက်ကုသိနာ ရုပ်ပွားတော်ကြီးသည်လည်း ငဇင်ကာ၏ ဖျက်ဆီးခြင်းကို ခံတော်မူရရှာသည်။

ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲဖြစ်ပွား၍ မြန်မာတို့ ရှုံးနိမ့်သောအခါ၌ အောက်မြန်မာနိုင်ငံတော်သည် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ ၁၂၄၃ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ပဲခူးမြို့တွင်း လမ်းများကို ပြုပြင်ရန် ဆောင်ရွက်ရာ ကုလားလူမျိုး နာလဗီဆိုသူက မြူနီစီပါယ်သို့ အုတ်များပေးသွင်းရန် ကန်ထရိုက်တာ ရရှိသည်။ ထို့ကြောင့် နာလဗီသည် ပဲခူးအနောက်တော၌ ပျက်စီးနေသော ကျိုက်ကုသိနာ ရုပ်ပွားတော်ကြီးမှ ဂဝံကျောက်အုတ်များကို သယ်ယူလေသည်။ ထိုအကြောင်းကို ဘုရားကြီးအနီး၌ သီတင်းသုံးနေထိုင်သော "ကလျာဏီသိမဝံသဂုဏာရတနဓမ္မ"ဘွဲ့တော်ရှိသော ကလျာဏီဆရာတော်ဘုရားကြီးသိရှိ၍ ပဲခူးမြို့ပေါ်မှ ဦးမင်းခေါင်နှင့် ဦးသာဂေါင်တို့အား အကြောင်းကြားရာ ၎င်းဒါယကာကြီးများက တရားလိုပြုလုပ်ပြီး ကန်ထရိုက် တာ နာလဗီကို ဘာသာဖျက်ဆီးမှုဖြင့် တရားစွဲသည်။ အင်္ဂလိပ် အစိုးရ၏ တရားရုံးမှ ဂဝံကျောက်အုတ်များကို ဘုရားကြီးသို့ ပြန်လည်ပို့ဆောင်စေဟု အမိန့်ချမှတ်သည်။ ထို့ကြောင့် နာလဗီ

သည် အုတ်များကို ပြန်ပို့ရသည်။ သို့သော်လည်း ဘုရားကြီးမှာ လုံးဝပျက်စီးနေပြီး အုတ်ပုံ၊ အုတ်တန်းကြီးအဖြစ်သာ တည်လျက် ရှိပါသည်။

## ရွှေသာလျောင်းဘုရားကြီး ပြန်လည်တည်ထားခြင်း

ထိုနှစ် ၁၂၄၃ ခုနှစ်တွင် ပဲခူးမြို့ ဇိုင်းဂနိုင်းရပ်မှ အုတ်ဖို ဆရာတော် ဦးယောက်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ နှင့် မြို့မိမြို့ဖ လူကြီးများက ရုပ်ပွားတော်ကြီး ပြန်လည်တည်ထား ရေးကို ကြိုးပမ်းအားထုတ်ကြသည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ရုပ်ပွားတော်ကြီးမှာ မူလတည်ထားစဉ်က မြောက်သို့ ဦးခေါင်းတော် ပြု၍ ပရိနိဗ္ဗာန်ဝင်စံနေသည့် ပုံတော်ဖြစ်ရာ ထိုမူလပုံတော်အတိုင်း ပြန်လည်တည်ထားပါက မြို့ကို ကျောခိုင်းနေမည်ဖြစ်၍ အရပ် အနေ အဆင်မပြေပါ။ ထို့ကြောင့် ပြုပြင်လက်စဖြင့် မြို့နှင့် အရပ်အနေ သင့်စေရန်အတွက် တောင်သို့ ဦးခေါင်းတော်ပြု၍ ပဲခူးမြို့ဘက်သို့ မျက်နှာလှည့်နေသောပုံတော်ကို တည်ထားခဲ့ကြပါသည်။ ဤသို့ ပဲခူး ရွှေသာလျောင်းဘုရားကြီး တောင်၊ မြောက်၊ ခြေရင်း၊ ခေါင်း ရင်းပြန် ၍ တည်ထားခဲ့ခြင်းကို ရည်ညွှန်းလျက် ဆရာကြီး သခင်ကိုယ်တော် မှိုင်းက -

"ကသိုဏ်းထိုထိုနဲ့ အရှင်မြတ်စွာဘုရားကြီးတောင်မှ အဓိဋ္ဌာန် ဓမ္မရယ်နဲ့ မနေသာ ရိပ်ပုံအမတ တဇေယျာကိုတဲ့ ဘုရားကိုယ် တော်ပြောင်း"ဟု စာချိုးခဲ့ကြောင်း သိရပါသည်။ မျက်မှောက်ခေတ်

ပုံတော်အတိုင်း ကြည်ညိုဖွယ်၊ တင့်တယ်သပ္ပာယ်အောင် တည်ခဲ့ကြသော ပန်းရန်ဆရာကြီးများမှာ ပဲခူးဆရာကြိုင်နှင့် မန္တလေးဆရာခိုင်တို့ဖြစ်ပြီး ၁၂၅၂ ခုနှစ်တွင် ပြီးစီး၍ မျက်နှာတော်ဖွင့်သည်။ ညောင်ဇော်တော်မှာ အတောင် ၁၂၀ ရှိပါသည်။

## မိုးညှင်းဆရာတော်ကြီးက ဓာတ်တော်နှင့် အောင်မြေ အောင်ပန္နက်များ လှူဒါန်းတော်မူခြင်း

မိုးညှင်းဆရာတော်ဘုရားကြီးသည် ခြောက်ထပ်ကြီးဘုရားကြီးကို ပြုပြင်ရန် ဘုရားကြီးဆရာတော်အား မိမိတိုက်တွန်းနှိုးဆော်ခဲ့သည့်အတိုင်း ဘုရားကြီး ပြုပြင်သောအခါ၌ ကြောင့်ကြမဲ့မနေဘဲ တည်ဆောက်ရေး အခြေအနေများကို အဝေးမှ အမြဲမေးမြန်းလျက် မိမိစွမ်းအားရှိသမျှ အကြံဉာဏ်ပေးခြင်း၊ ဩဝါဒပေးခြင်းတို့ဖြင့် ချီးမြှောက်စောင့်ရှောက်တော်မူနေပါသည်။ မုံရွာမြို့ မိုးညှင်းတောရ ကျောင်းတိုက်ကြီးအတွင်း၌ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီးကို ကိုယ်တိုင်ကြီးမှူး၍ တည်ခဲ့ဖူးသော အတွေ့အကြုံများအရ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြသူတို့အား တစ်ဦးနှင့်တစ်ဦး မညီညွတ်အောင် မသင့်တင့်အောင် မာရ်နတ်နှင့် မာရ်နတ်အသင်းသား နတ်မိစ္ဆာများက နှောင့်ယှက်ဖျက်ဆီးတတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အချင်းချင်း မကွဲမပြား တစ်သားတည်းညီညွတ်အောင် ကာယ၊ဝစီ၊ မနောချီလျက် သုံးလီသောမေတ္တာကို အထူးပွားများကြပါ ဟူ၍လည်းကောင်း၊ဘုရားကြီးတည်ဆောက်

ရေးအဖွဲ့ အစည်းအဝေး ကျင်းပပြီးစီးတိုင်း ဤကုသိုလ်ကြီးနှင့် စပ်သမျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု မေတ္တာပို့သ အမျှဝေကြရန်ကို လည်းကောင်း၊ ဩဝါဒပေးတော်မူခဲ့လေသည်။ ထို့ပြင် အသစ်တည်ထားမည့် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး၌ ထည့်သွင်းဌာပနာရန် ဘုရားရှင်၏ဓာတ်တော်၊ မွေတော်ပေါင်း (၉၉၉၉၉၉) ကိုးသိန်းကိုးသောင်းကိုးထောင့်ကိုးရာ ကိုးဆယ့်ကိုးဆူနှင့် ဘုရားကြီး အမြန်တည်ထားပြီးစီးစေရန် အောင်မြေအောင်ပန္နက်တို့ကိုလည်း ပေးပို့လှူဒါန်းတော်မူလေသည်။

## ဓာတ်တော်နှင့် အောင်မြေ အောင်ပန္နက် ပင့်ဆောင်ရန် အကြောင်းကြားလိုက်သည့်မိုးညှင်းဆရာတော်ဘုရားကြီး၏စာ

သုခိတာ ဟောထ ဒုက္ခမုစ္စထ၊

ချမ်းသာကြပါစေ ချမ်းသာကြပါစေ။

မုံရွာမြို့နယ် ကျေးဇူးတော်ရှင် မိုးညှင်းတောရ ဆရာတော် ဘုရားကြီး

နေ့စွဲ။ ၁၃၂၂ ခု၊ ကဆုန်လဆုတ် (၂) ရက်။

မိုးညှင်းတိုက် သံဃာတော်များ သိစေလိုက်ပါသည်။ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကြီးကြပ်တည်ဆောက်ကြမည့် ဆရာတော်၊ သံဃာတော် စသော ရှင်လူအများတို့ အကြောင်းမှာ- မုံရွာမိုးညှင်းတိုက်၌ ဓာတ်တော်ပေါင်းစေတီ တည်လိုရာတွင် မတောင့်တရဘဲ သတ္တရတ္တာန် တောင်စဉ်ခုနစ်ထပ်မြေ၊ ရွှေဘိုအောင်မြေ၊

အောင်ပင်လယ်မြေ၊ ယိုးဒယားအောင်မြေ စသော အောင်မြေပေါင်း ခြောက်မျိုးတို့ကို လည်းကောင်း၊ အောင်ပန္နက်ရိုက်ကြရန် အောင်သပြေ သား စသည်တို့ကို လည်းကောင်း အလိုလို ပို့လာကြ၏။ ဓာတ်တော် များကိုတော့ အလိုရှိကြောင်းဖြင့် တောင့်တလိုက်ရာ အံ့ဖွယ်သရဲ ထူးကဲ မြင့်မြတ်သော ဌာနတို့၌ ရှိနေကြသော်လည်း ယခုတည်ထားမည့် နေရာတို့၌ သာသနာထွန်းကားကြမည့် နေရာတို့တည်းဟု ဉာဏ်ကြီးရှင် တို့က သိမြင်ကြ၍ ဓာတ်တော်ပေါင်းများစွာတို့ ပို့လာကြရာဝယ် (၁) မုံရွာမိုးညှင်းတိုက်၊ (၂) တကောင်းဘုရားကြီး၊ (၃) ရန်ကုန် ခြောက်ထပ်ကြီးဘုရားကြီး၊ (၄) ရန်ကုန်မိုးညှင်းတိုက်သစ် ရွှေသိမ် တော်ဘုရားကြီး ဤလေးဌာနတို့တွင် တကောင်းစသော သုံးဌာန တို့၌ တြင်းကျေ၊ နဝင်းကျေဖြစ်အောင် ဘုရားဓာတ်တော် သုံးသောင်း သုံးထောင့် သုံးရာ့ကိုးဆယ့်ကိုးဆူ၊ ရဟန္တာဓာတ်တော် (၁၂၆၉) ဆူကို ပူဇော်ကြရန် ရည်သန်ပိုင်းခြားထားရာမှာ သာမန် အနံ့စား အညံ့စား အနေမျိုးတို့နှင့် မပင့်ဆောင် မကြိုဆိုကြဘဲ မိမိဘုရား မိမိတို့ကစပြီး တန်ခိုးတော် အစားစား ဟိုးဟိုးကျော်တက် သွားကြရန် ယခုလောကမှာ ဝန်ကြီးချုပ်များကို ကြိုဆိုကြသည်ထက် အောက်တန်းမကျအောင် အမျိုးမျိုး ကြံဆောင်ကြကာ မိုးညှင်းသို့ လာရောက်ပင့်ဆောင်ကြပြီး ထိုလမ်းတစ်လျှောက်က တည်ထားကြ မည့် နေရာကျအောင် လောကီဘက်က ကြိုဆိုခဲ့သော ထိုထိုပုဂ္ဂိုလ် တို့ဂုဏ်ထက် အဆရာထောင်မက သာတော်မူကြသော ဘုရား ရဟန္တာတို့၏ ဂုဏ်တော်များကို ဦးထိပ်တို့မှာ အမြဲထားကြ၍ ပင့်ဆောင်ကြိုဆိုကြပါမူ သက်တော်ထင်ရှား ဘုရား၊ ရဟန္တာတို့နှင့် အတူ ပြုလုပ်သူတို့ ကောင်းကျိုးချမ်းသာများ အစားစား ရပေလိမ့်

သတည်း။ ဘုရားကြီးတိုက်၌ ဦးအာစိဏ္ဏစသည့် အပေါင်း သူတော်ကောင်းတို့ အသင်တို့ အလိုရှိအပ် တောင့်တအပ် မြတ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေသောဟု ငါတို့သံဃာတော်များက ဩဒိသမေတ္တာကြီးကြီး ပြုလိုက်ပါသတည်း။

## မိုးညှင်းသမ္ဗုဒ္ဓေမှ ဓာတ်တော်များကို ပင့်ဆောင်ခြင်း

မိုးညှင်းဆရာတော် ဘုရားကြီး၏ အကြောင်းကြားစာအရ ၁၃၂၂ ခုနှစ် တန်ခူးလ၊ ၁၉၆၁ ခုနှစ် ဧပြီလတွင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ် အမှူးပြုသော သံဃာတော်များနှင့် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး စည်သူချုပ်သင်း ဦးဘတင်-ဇနီး ဒေါ်သိန်းတို့သည် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို ပင့်ဆောင်ရန် မုံရွာမြို့ မိုးညှင်းတောရ ကျောင်းတိုက်ကြီးသို့ သွားခဲ့ကြသည်။ ဘုရားကြီးဆရာတော် အမှူးပြုသော ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့သည် မိုးညှင်းဆရာတော်ကြီး လှူဒါန်းချီးမြှင့်လိုက်သော ဓာတ်တော်မွေတော်များနှင့် အောင်မြေ အောင်ပန္နက်တို့ကို မီးရထားသီးသန့် အထက်တန်းတွဲဖြင့် ပင့်ဆောင်ခဲ့ကြ၍ ၁၃၂၃ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ရန်ကုန်ဘူတာကြီးသို့ ပြန်လည် ဆိုက်ရောက်ကြသည်။ ဘုရားကြီးကျောင်းတိုက်မှ သံဃာ (၅၀၀) ကျော်နှင့် တည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများ ဦးဆောင်သော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဘူတာကြီးမှ သောင်းသောင်းဖြဖြ ကြိုဆိုဖူးမြော်ကြလျက် ဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်ခဲ့ကြလေသည်။

## မှုံရွာဆရာမြကို နမူနာ ပုံတော်တစ်ဆူ ထုလုပ်စေခြင်း

အသစ်ထပ်မံတည်ထားမည့် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအတွက် အချိုးအစား ကျနပြေပြစ်ပြီး ကြည်ညို ဖွယ်ရာ တင့်တယ်သပ္ပာယ်သော ဇေယျ့ခံပုံ လျောင်းတော်မူ နမူနာ ပုံတော်တစ်ဆူ ထုလုပ်ပေးရန် တည်ဆောက်ရေးအဖွဲ့၏ မေတ္တာ ရပ်ခံချက်အရ ဆရာကြီးဦးမြသည် ၁၃၁၉ ခုနှစ် အတွင်းက ဘုရား ကြီးကျောင်းတိုက်သို့လာ၍ ပုံတော်တစ်ဆူကို ထုလုပ်ပေးခဲ့ဖူးသည်။ ဆရာမြ၏ပုံတော်ကို ဘုရားကြီးဆရာတော်နှင့်တကွ တည်ဆောက် ရေးအဖွဲ့ဝင် အားလုံးက သဘောကျလက်ခံ ခဲ့ကြပါသည်။ သို့သော် လည်း ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးကို အမြန်ပြီးစီးအောင် ပထမတည်ဆောက်ပြီးမှ ဘုရားကြီးကို တည်ထားရန် ကြံစည်ခြင်း ရှိနေကြသောကြောင့် ဘုရားကြီးတည်ရန်အတွက် ဆရာမြနှင့် ပြီး ပြတ်အောင် စကားမပြောဆိုကြသကဲ့သို့ အချိန်ရွှေ့ဆိုင်းထားခဲ့ကြ ပါသည်။ ထိုအချိန်အတွင်း၌ပင် ဘုရားကြီးဆရာတော် ပျံလွန်တော် မူခဲ့သည့်အပြင် တိုင်းပြည်အခြေအနေမှာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသောကြောင့် သံတန်ဆောင်းတော်ကြီး ဆောက်လုပ် ရေးလုပ်ငန်းမှာ မှန်းတိုင်းမပေါက်ဘဲ အချိန်ကြာမြင့်သွားခဲ့ရလေ သည်။ ၁၉၆၃ ခုနှစ်တွင် သံတန်ဆောင်းတော်ကြီး ဆောက်လုပ် ပြီးစီးသောအခါ၌ကား ဘဏ္ဍာငွေ ၆၁၆၀၅၉ကျပ်၊ ဝ၆ ပြား (ခြောက်သိန်းတစ်သောင်းခြောက်ထောင့်ငါးဆယ့်ကိုးကျပ်ခြောက်ပြား) ကုန်ကျခဲ့ရာ တည်ဆောက်ရေးအဖွဲ့၌ ဘုရားကြီးတည်ရန်အတွက် ဘဏ္ဍာငွေလက်ကျန် လုံးဝမရှိအောင် ဖြစ်နေပါသည်။ ထို့ကြောင့်

ဘဏ္ဍာငွေ အခြေအနေအရ သံတန်ဆောင်းတော်ကြီးအတွင်း၌ မူလသတ်မှတ်ထားသည့် ပုံတော်အတိုင်း -

(၁) အလျား ၂၁၆ ပေ၊ အမြင့် ၅၈ ပေ ရှိသော လျောင်းတော်မူ ဘုရားကြီးကိုဖြစ်စေ၊

(၂) ထိုအောက် ပေအနည်းငယ်လျော့ပြီး အလျား ၁၈၀ ပေ၊ အမြင့် ၄၈ ပေရှိသော လျောင်းတော်မူဘုရားကြီးကိုဖြစ်စေ၊

(၃) သို့မဟုတ် ညာဏ်တော်အမြင့် ၅၆ ပေ၊ အကျယ် ၄၃ ပေရှိသော တင်ပလ္လင်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူကိုဖြစ်စေ၊

(၄) သို့မဟုတ် ညာဏ်တော်အမြင့် ၃၆ ပေ၊ အကျယ် ၂၇ ပေစီရှိကြသော တင်ပလ္လင်ခွေ ရုပ်ပွားတော်ငါးဆူကို ဖြစ်စေ တည်ထားရန်အတွက် စဉ်းစားဆွေးနွေးကြဖို့ ဥက္ကဋ္ဌကြီး စည်သူချုပ်သင်း ဦးဘတင်က တည်ဆောက်ရေးအဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေးသို့ တင်ပြအစီရင်ခံခဲ့ပါသည်။

## ဥက္ကဋ္ဌ စည်သူချုပ်သင်း ဦးဘတင်၏ အစီရင်ခံစာ

သို့

နာယကဆရာတော်နှင့် ခြောက်ထပ်ကြီးဘုရားပြုပြင်တည်

၁၁၂ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်း

ဆောက်ရေးအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
လူကြီးများ။

နေ့စွဲ။ ၁၁-၁-၆၄

အကြောင်းအရာ ။ ။ ခြောက်ထပ်ကြီးဘုရားပြန်လည်ပြုပြင်
တည်ဆောက်ခြင်း အစီရင်ခံအပ်ပါသည်။

၁။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အကျိုးတော်ဆောင်စာရင်း စစ် သီရိပျံချီ ဦးရှိန်(အာရ်အေ) စစ်ဆေးပြီးသည့် ၃၁-၁၂-၆၃ နေ့အထိ ဝင်ငွေထွက်ငွေစာရင်း လက်ကျန်စာရင်းများအရ နာယကဆရာတော်ဘုရားနှင့် အဖွဲ့ဝင်လူကြီးမင်းများ သိရှိနိုင်ရန် ရှင်းလင်းတင်ပြပါသည်။

၂။ တန်ဆောင်းတော်ကြီးအတွက် စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၆၁၆၀၅၉ -၀၆ ပြား (ခြောက်သိန်းတစ်သောင်း ခြောက်ထောင့် ငါးဆယ့်ကိုးကျပ် ခြောက်ပြား)တိတိ ဖြစ်ရာငွေများအတွက် အောက်ပါအတိုင်း အလှူခံရရှိထားပါသည်။

| | | |
|---|---|---|
| ဘုရားကြီးအတွက် အလှူရငွေ | ၅၈၃၉၄ | ၄၅ |
| တန်ဆောင်းတော်ကြီးအတွက်အလှူရငွေ | ၃၃၂၃၃ | ၃၄ |
| လူထုဦးချိုကောက်ခံအလှူရငွေ | ၁၁၅၃၀၁ | ၀၀ |

| | | |
|---|---|---|
| ဖက်စပ်(၁)မှ အလှူရငွေ | ၂၄၅၀၀၀ | ၀၀ |
| | ၃၉၃၅၃၄ | ၃၄ |
| အခြားမှအလှူရငွေ | ၂၅၁၉၉ | ၂၀ |
| သွပ်ပြားအလှူရငွေ | ၃၉၉၀၉ | ၀၀ |
| လမ်းဖောက်ရန်အတွက်ရငွေ | ၅၀၀ | ၀၀ |
| ဦးဘတင် စိုက်သုံးထားငွေ | ၉၈၅၂၂ | ၀၇ |
| စုစုပေါင်းကျပ် | ၆၁၆၀၅၉ | ၀၆ |

၃။ သို့ပါ၍ ၎င်းအလှူခံရရှိငွေများအနက်မှ ဘုရားကြီးအတွက် အလှူရငွေကျပ် ၅၈၃၉၄ ကျပ် ၄၅ ပြား၊ လမ်းဖောက်ရန် အတွက် အလှူရငွေ ၅၀၀ ကျပ်နှင့် ဦးဘတင်စိုက်သုံး ထားသောငွေ ၉၈၅၂၂ ကျပ် ၀၇ ပြား စုစုပေါင်း ၁၅၇၄၁၆ ကျပ် ၅၂ ပြား(ကျပ်တစ်သိန်းငါးသောင်းခုနစ် ထောင့်လေး ရာ တစ်ဆယ့်ခြောက်နှင့် ငါးဆယ့်နှစ်ပြား) တိတိ ပေးဆပ်ရန် ကျန်ရှိနေပါကြောင်း။

၄။ ခြောက်ထပ်ကြီးဘုရားကြီးကို ပြန်လည်ပြုပြင်တည် ဆောက်နေရာ ယခုအခါ တန်ဆောင်းတော်ကြီးမိုးပြီး ဆေးသုတ်ပြီး ဖြစ်ပါသည်။ လျောင်းတော်မူ ရုပ်ပွားတော် ကြီး ဆက်လက်တည်ဆောက်ရန်ကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြအစီရင်ခံအပ်ပါသည်။

ရှေးဦးမူလ လျောင်းတော်မူ ရုပ်ပွားတော်ကြီး၏ အလျား သည် ပေ (၁၅၀) ရှိပါသည်။ ယခု ဆောက်လုပ်ပြီးသည့် သံတန် ဆောင်းတော်ကြီးအတွင်း လျောင်းတော်မူ ရုပ်ပွားတော်ကြီး ကျိန်း စက်တော်မူပုံကို တန်ဆောင်းတော်ကြီးနှင့် လျောင်းတော်မူ ရုပ်ပွား တော်ကြီးတို့၏ပုံစံကို တစ်ပေလျှင် တစ်လက်မ စကေးဖြင့် ပြုလုပ်ဆွဲ ပြထားရာ -

၁။ ယခင်က သတ်မှတ်ထားသည့်အတိုင်း -

| | |
|---|---|
| ပလ္လင်အလျား | ၂၂၉ ပေ ၆ လက်မ |
| ပလ္လင်အနံ | ၅၀ ပေ |
| ပလ္လင်အမြင့် | ၅ ပေ |
| လျောင်းတော်မူအလျား | ၂၁၆ ပေ |
| လျောင်းတော်မူအမြင့် | ၅၈ ပေ |

ဖြင့် ပုံတော်ကြီးကို ပြုလုပ်ရေးဆွဲ၍ တင်ပြထားပါသည်။

၂။ နောက်ထပ် ပေ ၁၀၀ လျှင် ၈၃ ကျပ် ၃၃ ပြားထား၍ ပုံတော်ငယ်ကိုလည်း-

| | |
|---|---|
| ပလ္လင်အလျား | ၁၉၄ ပေ |
| ပလ္လင်အနံ | ၄၂ ပေ |
| ပလ္လင်အမြင့် | ၅ ပေ |
| လျောင်းတော်မူအလျား | ၁၈၀ ပေ |

လျှောင်းတော်မူအမြင့် ၄၈ ပေ

အထက်ပါစကေးအတိုင်း ရေးဆွဲတင်ပြထားပါသည်။

၃။ လျှောင်းတော်မူရုပ်ပွားတော်ကြီးမဟုတ်ဘဲ တင်ပလ္လင်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူကို အဆိုပါ တန်ဆောင်းကြီး အတွင်း၌ တည်ထားကိုးကွယ်ပါကလည်း တည်ထားနိုင်ရန်

| | |
|---|---|
| ရုပ်ပွားတော်ပလ္လင်အကျယ် | ၅၁ ပေ |
| ရုပ်ပွားတော်ပလ္လင်အမြင့် | ၈ ပေ |
| ရုပ်ပွားတော်ကြီးအမြင့် | ၅၆ ပေ |

ရုပ်ပွားတော်ကြီး ဒူးနှစ်ဖက်အကျယ် ၄၃ ပေရှိ ပုံတော်ကြီးကိုလည်း တင်ပြထားပါသည်။

၄။ ၎င်းပြင် တင်ပလ္လင်ခွေ ရုပ်ပွားတော်တစ်ဆူတည်းမဟုတ်ဘဲ တန်ဆောင်းတော်ကြီးအတွင်း၌ တောင်ဘက်မှမြောက်ဘက်သို့ မျက်နှာလှည့်၍ တင်ပလ္လင်ခွေပုံတော်ငါးဆူကို

| | |
|---|---|
| ရုပ်ပွားတော်ပလ္လင်အကျယ် | ၄၁ ပေ |
| ရုပ်ပွားတော်ပလ္လင်အမြင့် | ၅ ပေ |
| ရုပ်ပွားတော်ဉာဏ်တော်အမြင့် | ၃၆ ပေ |
| ရုပ်ပွားတော်ဒူးနှစ်ဖက်အကျယ် | ၂၇ ပေ |

ရှိ ပုံတော်အငယ်ကိုလည်း တင်ပြထားပါသည်။

၆။ သို့ဖြစ်ပါ၍ မည်သည့်ပုံတော်ကို နှစ်ခြိုက်သဘာကျ

ကြောင်း ဆန္ဒပေးကြပါရန် မေတ္တာရပ်ခံပါသည်ခင်ဗျား။

၇။ သို့ဖြစ်ပါ၍ နာယက ဆရာတော်ကြီးများကိုယ်တိုင် တန်ဆောင်းတော်ကြီးအတွင်းတွင် စကေးအရ ဆောက်လုပ်ရေးဆွဲပြသထားသည့် ပုံစံများကို ကြည့်ရှုပြီး အထက်ဖော်ပြပါပုံတော် လေးမျိုးလေးစားတွင် မည်သည့်အမျိုးအစားကို နှစ်ခြိုက်တော်မူကြောင်းနှင့် ၎င်းပုံစံများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ဩဝါဒပေးတော်မူပါက ဩဝါဒပေးတော်မူသည့်အတိုင်း တည်ဆောက်ပါမည့်အကြောင်း လျှောက်ထားပါသည်ဘုရား။

ပုံ စည်သူချုပ်သင်း ဦးဘတင်

ဥက္ကဋ္ဌ

ခြောက်ထပ်ကြီးဘုရား

ပြန်လည်ပြုပြင်တည်ဆောက်ရေးအဖွဲ့

# ဥက္ကဋ္ဌကြီး၏ အစီရင်ခံစာကို အမှုဆောင်လူကြီးများ ဆွေးနွေးကြခြင်း

တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး စည်သူချပ်သင်း ဦးဘတင်၏ အစီရင်ခံစာကို အမှုဆောင် လူကြီးများက ဆွေးနွေးကြပြီးနောက် အောက်ပါအတိုင်း သဘောတူ ဆုံးဖြတ်ကြပါသည်။

“ခြောက်ထပ်ကြီးဘုရား ပြန်လည်ပြုပြင်ရေးအဖွဲ့သည် လောကီစီးပွားရေးမဖက် လောကုတ္တရာရေး သက်သက်အတွက် ရဟန်းရှင်လူ လုပ်သားပြည်သူတို့ ကုသိုလ်တရားဖြစ်ပွားကြစေရန် ဆောင်ရွက်နေခြင်းသာ ဖြစ်သောကြောင့် ဗုဒ္ဓကိစ္စနှင့် ပတ်သက်၍ အတိမ်းအစောင်း အမှားအယွင်း မရှိအောင် အရေးကြီးသော ကိစ္စတိုင်း၌ ဆရာတော်၊ သံဃာတော်များ၏ ညွှန်ကြားတော်မူသည့်အတိုင်းသာ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ယခုသံတန်ဆောင်းတော်ကြီးအတွင်း၌ ဗုဒ္ဓရုပ်ပွား(ဆင်းတု)တော်ကြီးကို အသစ်ပြန်လည် တည်ထားမည့်ကိစ္စသည် အလွန်ပင်အရေးကြီးသော ကိစ္စကြီးဖြစ်၍ အမှားအယွင်းမရှိစေရန်နှင့် ပရူပဝါဒဘေး(သူတစ်ပါးတို့ပြစ်တင်ကဲ့ရဲ့ခြင်းဘေး)မှ လွတ်ကင်းစေရန် ရှေးကပြုလုပ်ခဲ့ကြသည့်နည်းတူ ဆရာတော်၊ သံဃာတော်များ၏ သြဝါဒကိုခံယူပြီးမှသာ ဆောင်ရွက်လုပ်ကိုင်ကြဖို့” ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ ဆုံးဖြတ်ကြပြီးနောက် ၁၃၂၅ ခုနှစ် တပို့တွဲလဆန်း (၆) ရက်၊ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ (၁၉) ရက် စနေနေ့တွင် နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ နိုင်ငံတော်ဝိနည်းမိုရ် ဆရာတော်ကြီးများနှင့်

ကျောင်းထိုင်ဆရာတော်ကြီးများအဖွဲ့မှ အလုပ်အမှုဆောင် ဆရာတော်ကြီးများကို ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် သာသနာ့ဝိပုလကာရီ သိမ်းကျောင်းတော်ကြီးသို့ ပင့်ဖိတ်ပြီးလျှင် တည်ဆောက်ရေးအဖွဲ့၏ လက်ရှိဘဏ္ဍာရေး အခြေအနေနှင့် ၎င်းဘဏ္ဍာရေး အခြေအနေအရ သံတန်ဆောင်းတော်ကြီးအတွင်း၌ ဘုရားကြီး ပြန်လည်တည်ဆောက်ရေးကိစ္စတွင် အယူအဆ အမျိုးမျိုးရှိနေကြသဖြင့် ဆရာတော်၊ သံဃာတော်များ၏ အဆုံးအဖြတ် ဩဝါဒကို ခံယူလိုပါကြောင်း လျှောက်ထားခဲ့ကြလေသည်။

## ဩဝါဒခံယူရန် လျှောက်ထားလွှာပါ ဘုရား

နေ့စွဲ။ ၁၃၂၅၊ တပို့တွဲလဆန်း (၆) ရက်။

၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်။

ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရား ပြုပြင်တည်ဆောက်ရေး ဗဟိုအမှုဆောင် ဒါယကာများက ရှိသေလေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

၁၃၂၅ ခုနှစ် ပြာသိုလပြည့်ကျော် (၁၃) ရက်(၁၁-၁-၆၄) စနေနေ့ နေ့လယ် (၂) နာရီအချိန်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး ပြုပြင်တည်ဆောက်ရေး ဗဟိုအမှုဆောင် ဒါယကာများ၏အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်(၃) တွင် ဆောက်လုပ်ပြီးစီးပြီးသော (၆၁၆၀၅၉)ကုန် သံတန်ဆောင်းတော်ကြီးအတွင်း၌ တည်ထားကိုးကွယ်ရန် ဗုဒ္ဓရုပ်ပွား ဘုရား

ဆင်းတုတော်၏ ပုံစံများကို သံတန်ဆောင်းတော်ကြီး၏ အနေအထား၊ ပလ္လင်၏အနေအထားနှင့်လျော်အောင် ဗဟိုအမှုဆောင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်သောအခါ -

၁။ အလျား ၂၁၆ ပေရှိ လျောင်းတော်မူ ဘုရားပုံတော်ကို အမှုဆောင်လူကြီး (၁၁) ဦးက မဲဆန္ဒပေးပါသည်ဘုရား။

၂။ အလျားပေ ၁၈၀ရှိ လျောင်းတော်မူ ဘုရားပုံတော်ကို အမှုဆောင်လူကြီး (၁၁) ဦးက မဲဆန္ဒပေးပါသည်ဘုရား။

၃။ အမြင့် ၅၆ ပေရှိ တင်ပလ္လင်ခွေ ဘုရားကြီးတစ်ဆူ တည်ထားရန် ပုံတော်ကို အမှုဆောင်လူကြီး သုံးဦးက မဲဆန္ဒပေးပါသည်ဘုရား။

၄။ အမြင့် ၃၆ ပေရှိ တင်ပလ္လင်ခွေ ဘုရားကြီးငါးဆူ တည်ထားရန် ပုံတော်ကို အမှုဆောင်လူကြီး သုံးဦးက မဲဆန္ဒပေးပါသည်ဘုရား။

ထိုကဲ့သို့ ကိုယ်တိုင်လက်မှတ်ထိုး၍ မဲဆန္ဒပေးပြီး ရွေးချယ်ကြငြားသော်လည်း ယခင်ခြောက်ထပ်ကြီးဘုရားကြီးကို ပိုမို၍ တင့်တယ်သပ္ပာယ်အောင် အနုဂ္ဂဟ စေတနာဖြင့် ပြုပြင်တည်ဆောက်ရန် စတင်စီမံခဲ့စဉ်ကလည်း ရန်ကုန်မြို့ရှိ ကျေးဇူးရှင်နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ဘုရားကြီးများ၊ ကျောင်းထိုင်အဖွဲ့ဝင်အမှုဆောင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို ခံယူ၍ စတင်စီမံပြုပြင်ခဲ့သည့်အတိုင်း ယခုအသစ်တစ်ဖန် ထပ်မံတည်ထားရန် ကိစ္စတွင်လည်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒ ဆုံးဖြတ်ချက်ကို သာ အပြီးသတ်ခံယူ အတည်ပြုရန် ဗဟိုအမှုဆောင် ဒါယကာများ က ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

သို့ပါ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများက တပည့် ဒါယကာများအား မည်သည့်ပုံစံဖြင့် တည်ထားရန်သင့်လျော် ကြောင်းကို ဩဝါဒ အဆုံးအဖြတ်ပေးသနားတော်မူပါရန် ရိုသေ လေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည် ကျေးဇူးရှင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

တပည့်

ပုံ။ ဘတင်(ချပ်သင်း)

ဥက္ကဋ္ဌ

ခြောက်ထပ်ကြီးဘုရားပြုပြင်တည်ဆောက်ရေး

ဗဟိုအမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့။

## ဆရာတော်ကြီးများ၏ ဩဝါဒ

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေး ဗဟိုအမှုဆောင်အဖွဲ့၏ လျှောက်ထားလွှာကို နိုင်ငံတော် ဩဝါဒါ စရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ ကျောင်းထိုင်ဆရာတော်ကြီးများအဖွဲ့ အမှုဆောင်ဆရာတော်ကြီး များနှင့် ဘုရားကြီးကျောင်းတိုက်မှ နာယကဆရာတော်နှင့် ဂဏဝါစက

ဆရာတော်များသည် အထူးစိတ်ပါဝင်စားစွာ အလေးအနက်ထား လျက် ဖတ်ရှုလေ့လာ၍ ဆင်ခြင်တော်မူကြပြီးလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ အစဉ်ထာဝရ လေးစားကြည်ညို ဖူးမြော်ကြ၍ အကျိုး စီးပွား များနိုင်ကြစေရန် မူလရွှေသာလျောင်း ရုပ်ပွားတော်ကြီး ကိုယ်စား ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကိုပင် ပြန်လည်တည် ထားရန် အညီအညွတ် သဘောတူဆုံးဖြတ်ကြလျက် သြဝါဒပေး တော်မူကြပါသည်။

တည်ဆောက်ရေးအဖွဲ့အမှုဆောင် လူကြီးများသည် ဆရာ တော်ဘုရားကြီးများ၏ သြဝါဒကို ခံယူပြီးနောက် ရွှေသာလျောင်း ဘုရားကြီးကို အသစ်ပြန်လည်တည်ထားရန် မုံရွာမြို့မှ ပန်းရန်ဆရာ ကြီး ဦးမြကို ဖိတ်ခေါ်၍ ဆွေးနွေးခဲ့ကြသည်။ ဆရာမြ၏ လက်ရာ ကို သဘောကျနှစ်သက်ကြသော်လည်း လက်ခမှာ အဆမတန် အောင် များလွန်းနေသဖြင့် မလိုက်နိုင်သောကြောင့် လက်လျှော့ လိုက်ရလေသည်။ ဆရာမြ တောင်းဆိုသောလက်ခမှာ သူ့အတွက် ဆရာခချည်းသက်သက် နှစ်သိန်းပေးရမည်ဖြစ်၍ ပန်းရန်အလုပ် သမားများ၏ လုပ်အားခကို အဖွဲ့မှ ပေးရမည်။ ထို့ပြင် ဆရာမြနှင့် အလုပ်သမားတို့၏ နေရေးထိုင်ရေးကိုလည်း တည်ဆောက်ရေးအဖွဲ့ မှပင် တာဝန်ယူရမည်ဟု ဆိုပါသည်။

တည်ဆောက်ရေးအဖွဲ့၌ ဘဏ္ဍာငွေမရှိသဖြင့် ဆရာမြ၏ တောင်းဈေးကို မပေးနိုင်သောကြောင့် ဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက် ရပြီးလျှင် အခြားသော ပန်းရန်ဆရာများကို ရှာဖွေလျက် ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသေးသည်။ သို့သော်လည်း ကျေနပ်ဖွယ်ရာ လက်ရာ

ရှင်များကို မတွေ့ရသေးကြောင်း အချိန်ကာလ နှစ်နှစ်တာမျှ ကုန်လွန်သွားခဲ့ရလေသည်။

## ခြောက်ထပ်ကြီးဘုရား တည်ဆောက်ရေးအဖွဲ့ စည်းမျဉ်း ဥပဒေရေးဆွဲခြင်း

အပတ်စဉ် ကျင်းပမြဲဖြစ်သော ခြောက်ထပ်ကြီးဘုရား ပြန်လည် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်အစည်းအဝေးကို ၁၃၂၇ ခုနှစ် တော်သလင်းလပြည့်ကျော် (၈) ရက် (၁၈-၉-၆၅) စနေနေ့ နေ့လယ် (၂) နာရီအချိန်တွင် တည်ဆောက်ရေးအဖွဲ့ရုံး၌ ကျင်းပရာ အောက်ပါ အမှုဆောင်လူကြီးများ တက်ရောက်ကြပါသည်။

## ကြွရောက်ကြသော ပုဂ္ဂိုလ်များ

၁။ ဆရာတော် ဦးစန္ဒောဘာသ

၂။ ဦးဘတင် (ချပ်သင်း)

၃။ ဦးကြည်ဝင်း

၄။ ဆရာကြီး ဦးစံတင်

၅။ ဦးမောင်မောင်

၆။ ဦးကျော်ဇော

၇။ ဦးစောဦး

၈။ ဦးအုန်းရွှေ

၉။ ကန်ထရိုက်တာ မစ္စတာရုပ်စံ

၁၀။ ဦးလေးမောင် (အတွင်းရေးမှူး)

၁၁။ ဦးလှသိန်း

၁၂။ ဦးခင်မောင်ဖြူ (ခွင့်)

ၾင်းအစည်းအဝေးမှ အခြားကိစ္စများကို ဆွေးနွေးဆုံးဖြတ်ကြပြီးနောက် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် စည်းမျဉ်းဥပဒေကြမ်းကို ရေးဆွဲရန် ဦးမောင်မောင်၊ ဦးလှသိန်းနှင့် ဦးအုန်းရွှေတို့အား တာဝန်ပေး၍ (၂-၁၁-၆၅) စနေနေ့ အစည်းအဝေး၌ တင်ပြရန် ဆုံးဖြတ်ကြပါသည်။

စည်းမျဉ်းဥပဒေ ရေးဆွဲရန် တာဝန်ပေးအပ်ခြင်း ခံရသောလူကြီးများသည် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဥပဒေမူကြမ်းကို ရေးဆွဲကြပြီးလျှင် ၁၃၂၇ ခုနှစ် သီတင်းကျွတ်လဆန်း (၇) ရက်(၂-၁၀-၆၅) စနေနေ့ အမှုဆောင်အစည်းအဝေးသို့ တင်ပြရာ အစည်းအဝေးမှ ဥပဒေမူကြမ်းကို ဆွေးနွေးကြပြီးလျှင် လက်ခံအတည်ပြုခဲ့ကြပါသည်။

# ရန်ကုန်မြို့ ခြောက်ထပ်ကြီးရွှေသာလျောင်း ဘုရားကြီး တည်ဆောက်ရေးအဖွဲ့ စည်းမျဉ်းဥပဒေ

၁။ အမည်။ ။ ဤအဖွဲ့ကို ရန်ကုန်မြို့ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးအဖွဲ့ဟု ခေါ်တွင်စေရမည်။

၂။ တည်ရာဌာန။ ။ ဤအဖွဲ့သည် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ပရိဝုဏ်အတွင်းတွင် တည်ရှိစေရမည်။

၃။ ရည်ရွယ်ချက်။ ။ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည မဟာထေရ် ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီးက စီမံဆောင်ရွက်တော်မူခဲ့သည့်အတိုင်း သံတန်ဆောင်းတော်ကြီး၌ လိုအပ်သည့် ဘာသာရေး အဆောက်အအုံများ၊ နတ်လမ်းလှေကားများ တည်ဆောက်ရန် ဖြစ်သည်။

၄။ တာဝန်ခံအမှုဆောင်အဖွဲ့ဝင်များ ။ ။ အောက်ပါရာထူးအတိုင်း တာဝန်ခံအမှုဆောင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရမည်။

(က) နာယကဆရာတော် တစ်ပါး

(ခ) ဘုရားကြီးတည်ဆောက်ရန် အကြံပေး အင်ဂျင်နီယာတစ်ဦး

(ဂ) တန်ဆောင်းတော်ကြီးနှင့် ဘာသာရေး အဆောက်အအုံများအတွက် အကြံပေးအင်ဂျင်နီယာ တစ်ဦး

(ဃ) ဥက္ကဋ္ဌ တစ်ဦး

(င) ဒု-ဥက္ကဋ္ဌ နှစ်ဦး

(စ) ဘဏ္ဍာတော်ထိန်းလူကြီး တစ်ဦး

(ဆ) အတွင်းရေးမှူး တစ်ဦး

(ဇ) တွဲဖက်အတွင်းရေးမှူး နှစ်ဦး

(ဈ) စာရင်းစစ်လူကြီး တစ်ဦး

(ည) ဥပဒေဆွေနှုန်ကြားသူ တစ်ဦး

(ဋ) အမှုဆောင်လူကြီး ကိုးဦး

စုစုပေါင်း (၂၁) ဦး

၅။ ရွေးကောက်ခြင်း ။ ။ အထက်ပါ တာဝန်ခံအမှုဆောင်အဖွဲ့ဝင်များကို ရန်ကုန်မြို့ပေါ်ရှိ ဘာသာရေးအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌနှင့် အကျိုးဆောင်များ၊ သံတန်ဆောင်းတော်ကြီး အလှူရှင်များနှင့် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ဝင်များအား ဖိတ်ကြားခေါ်ဆိုကျင်းပသော အစည်းအဝေးကြီးတွင် ရွေးချယ်တင်မြှောက်ရမည်။

၆။ အစည်းအဝေးကျင်းပခြင်း။ ။ အဆိုပါ တာဝန်ခံအမှုဆောင်အဖွဲ့သည် အထက်ပါ ရည်ရွယ်ချက်နှင့် လျော်ညီ

စွာ တစ်လလျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေး ခေါ်ဆိုကျင်းပ ဆောင်ရွက်သွားရမည်၊ အမှုဆောင်လူကြီး အနည်းဆုံး ခုနစ်ဦး တက်ရောက်က အစည်းအဝေး အထမြောက် အောင်မြင်စေရမည်။

၇။ အမှုဆောင်အဖွဲ့ကြီးသည် ဘုရားကြီး တည်ဆောက်ရေးအတွက် ပစ္စည်းဝယ်ယူရေးအဖွဲ့ငယ်၊ အလှူငွေကောက်ခံရေးအဖွဲ့ငယ် စသည်ဖြင့် လိုအပ်သော အဖွဲ့ငယ်များ ဖွဲ့စည်းပေးပိုင်ခွင့်ရှိ၍ ၎င်းအဖွဲ့ငယ်များအတွက် စည်းမျဉ်းများ သတ်မှတ်ပေးနိုင်သည်။ ထို့ပြင် မည်သည့်ရဟန်း ရှင်လူကိုမဆို အကူအညီရမည်ဟု ယူဆက အပေါင်းပါအဖွဲ့ဝင်အဖြစ် အမှုဆောင်အဖွဲ့က ထည့်သွင်းနိုင်ခွင့်ရှိရမည်။

၈။ အမှုဆောင်အဖွဲ့၏ဝတ္တရားများ

(က) တာဝန်ခံအမှုဆောင်အဖွဲ့အစည်း အစည်းအဝေး ကျင်းပသည့်အခါ ဥက္ကဋ္ဌသည် အစည်းအဝေး၏ သဘာပတိ ဖြစ်ရမည်။ အကယ်၍ မတက်ရောက်နိုင်က ဒုတိယဥက္ကဋ္ဌတစ်ဦးဦးကို အစည်းအဝေး သဘာပတိအဖြစ် တင်မြှောက်၍ အစည်းအဝေး ကျင်းပရမည်။

(ခ) လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရာတွင် အကယ်၍ ပစ္စည်းဝယ်ယူရေးအဖွဲ့ငယ် ဖွဲ့မထားပါက ဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်းလူကြီးနှင့် အတွင်းရေးမှူးပေါင်း

သုံးဦးသည် ဆိုင်ရာတာဝန်ခံ အင်ဂျင်နီယာနှင့် တိုင်ပင်ဆွေးနွေးပြီး ဝယ်ယူရမည်။

(ဂ) လှူဒါန်းရရှိသော အလှူတော်ငွေများကို အမှုဆောင်အဖွဲ့ကြီးက ဆုံးဖြတ်သည့်ဘဏ်တွင် အပ်နှံထားရန်နှင့် ထုတ်ယူသောအခါ ဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်းလူကြီးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦး ပေါင်းသုံးဦးအနက် နှစ်ဦးလက်မှတ်ရေးထိုးက ထုတ်ယူခွင့်ရှိသည်။

(ဃ)အတွင်းရေးမှူးသည် အမှုဆောင်အဖွဲ့၏ မှတ်တမ်းအရပ်ရပ်များကို မှတ်သားသိမ်း သိမ်းဆည်းထားရမည့်အပြင် အဖွဲ့လုပ်ငန်းများကို အစည်းအဝေးခေါ်ဆို၍ တင်ပြအစီရင်ခံရမည်။ ၎င်းထံတွင် အသေးသုံးငွေအဖြစ် ငွေကျပ် (၁၀၀)သာ ထားရှိနိုင်သည်။

(င) တွဲဖက်အတွင်းရေးမှူးသည် အတွင်းရေးမှူး၏ အလုပ်ဝတ္တရားများကို ကူညီလုပ်ကိုင် ဆောင်ရွက်ရမည့်အပြင် ပစ္စည်းစာရင်း၊ ငွေစာရင်းတို့ကို စီစဉ်ကြီးကြပ်ရေးသားရန်နှင့် အဖွဲ့အစည်းအဝေးများတွင် ပစ္စည်းစာရင်းကို တင်ပြရမည်။

(စ) ဘဏ္ဍာတော်ထိန်းလူကြီးသည် အစည်းအဝေးများတွင် ငွေစာရင်း ရှင်းတမ်းကိုတင်ပြရန်နှင့် အလှူငွေများကို စနစ်တကျ ဘဏ်သို့အပ်နှံရမည်။ ၎င်းထံ၌ ငွေကျပ် (၁၀၀၀) ထိသာ ထားရှိနိုင်သည်။

(ဆ) စာရင်းစစ်လူကြီးသည် ဘဏ္ဍာတော်ထိန်းလူကြီး၏ ငွေစာရင်းကို စစ်ဆေးပြီး ဥပဒေနှင့် ညီမညီ၊ မညီ ညွတ်သည်ကို တွေ့ရှိရသော အစည်းအဝေးသို့ တင်ပြပြောဆိုရမည်။

(ဇ) အမှုဆောင်လူကြီးများသည် အဖွဲ့၏ရည်ရွယ်ချက် အောင်မြင်ရန် အကြံကောင်းများပေး၍ စွမ်းအားရှိသမျှ အလှူငွေ ကောက်ခံပေးရမည်။

၉။ **အမှုဆောင်လူကြီးများ၏ သက်တမ်းမှာ** ။ ။ ရွေးချယ်ခန့်ထားသည့် နေ့မှစ၍ ငါးနှစ်အထိ ဖြစ်သည်

၁၀။ အမှုဆောင်လူကြီးတစ်ဦးဦး၏ နေရာလစ်လပ်က ကျန်အမှုဆောင်လူကြီးများက သင့်လျော်မည်ဟု ထင်မြင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား အစားထိုးခန့်ထားနိုင်ခွင့်ရှိသည်။

၁၁။ **ထုတ်ပယ်ခြင်း**။ ။ အကျင့်စာရိတ္တ အထူးပျက်ပြားခြင်း၊ စာရိတ္တနှင့်ပတ်သက်၍ အစိုးရအပြစ်ဒဏ်ခံရခြင်း၊ အဖွဲ့၏ ပျက်စီးရာပျက်စီးကြောင်းကို ဆောင်ရွက်ခြင်း၊ ရူးသွပ်ခြင်း၊ လူမွဲစာခံခြင်းစသော ချွတ်ယွင်းချက်များရှိသည့် အမှုဆောင်လူကြီးအား အမှုဆောင်အဖွဲ့က စုံစမ်းထုတ်ပယ်နိုင်ခွင့်ရှိစေရမည်။

၁၂။ **စည်းမျဉ်းဥပဒေပြင်ဆင်ခြင်း**။ ။ ဤအဖွဲ့၏ စည်းမျဉ်းကို မည်သည့်အမှုဆောင်လူကြီးကမဆို ပြင်ဆင်ဖြည့်စွက်နုတ်ပယ်လိုသော် ယင်းသို့ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လို

သည့် စကားရပ်ကို အတွင်းရေးမှူးထံ အမှုဆောင်အဖွဲ့ အစည်းအဝေးဖိတ်စာမပို့မီ အနည်းဆုံး (၇)ရက်က ကြိုတင်ပို့ထား၍ အတွင်းရေးမှူးက အစည်းအဝေး ဖိတ်စာ အစီအစဉ်တွင် ထိုသို့ ပြင်ဆင် ဖြည့်စွက်နုတ်ပယ် လိုချက်များကို ဖော်ပြ၍ အမှုဆောင်လူကြီးများထံ ဝေထားမှသာ ဆွေးနွေး ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ထိုသို့ ပြင်ဆင် ဖြည့်စွက် နုတ်ပယ် လိုချက်များကို အတည်ဖြစ်စေရန် တက်ရောက်သော အမှုဆောင်လူကြီး သုံးပုံနှစ်ပုံက လက်ခံမှသာလျှင် အတည်ဖြစ်စေရမည်။

## ၁၉၆၅ ခုနှစ်တွင် တည်ဆောက်ရေးအဖွဲ့သစ်ကို ထပ်မံဖွဲ့စည်းခြင်း

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေး အဖွဲ့၏ စည်းမျဉ်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းပြီးနောက် အမှုဆောင်အဖွဲ့ဝင်ဟောင်း လူကြီးများသည် နှစ်ရှည်လများ ငွေအား လူအား အကြံဉာဏ်အားတို့ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ခဲ့ကြပြီဖြစ်၍ မိမိတို့၏ မွန်မြတ်သော သာသနာပြုလုပ်ငန်းကြီးကို အမှုဆောင်အဖွဲ့သစ်အား ပခုံးပြောင်းလွှဲအပ်ပေးပြီးလျှင် အနားယူသွားခဲ့ကြလေ၏။ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလတွင် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်သစ်ကို ဖွဲ့စည်းခဲ့ပါသည်။

## **တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများ**

| | | |
|---|---|---|
| ၁။ | သီရိပျံချီ ဦးမောင်မောင် (မြို့တော်ဝန်ဟောင်း) | ဥက္ကဋ္ဌ |
| ၂။ | ဦးစောဦး(ကျောင်းဒါယကာကြီး) | ဒု-ဥက္ကဋ္ဌနှင့်ငွေထိန်း |
| ၃။ | ဦးကျော်ဇော (ကျောင်းဒါယကာကြီး) | ဒု-ဥက္ကဋ္ဌ |
| ၄။ | ဦးညွန့်သာ (ကျောင်းဒါယကာကြီး) | ဒု-ဥက္ကဋ္ဌ |
| ၅။ | ဦးဘရှင် | အတွင်းရေးမှူး |
| ၆။ | ဦးကံညွန့် | တွဲဖက်အတွင်းရေးမှူး |
| ၇။ | ဦးလှသိန်း(ဝတ်လုံတော်ရ) | ဥပဒေအကြံပေး |
| ၈။ | ဦးကျော်ဇံ(အာရ်-အေ) | စာရင်းစစ် |
| ၉။ | ဦးကျော်စိန်(အငြိမ်းစား အင်ဂျင်နီယာချုပ်) | အမှုဆောင် |
| ၁၀။ | ဦးသိန်း(လက်ထောက် အင်ဂျင်နီယာ) | အမှုဆောင် |
| ၁၁။ | ဦးအုန်းရွှေ | အမှုဆောင် |
| ၁၂။ | ဦးချစ်ထွန်း | အမှုဆောင် |

၁၃။ ဦးခန့် အမှုဆောင်

၁၄။ ဒေါ်မြညွန့် အမှုဆောင်

၁၅။ ဒေါ်တင်တင် အမှုဆောင်

## တည်ဆောက်ရေးအဖွဲ့သစ် ပခုက္ကူဆရာတော်ကြီး၏ ဩဝါဒကို ခံယူခြင်း

၁၃၂၇ ခုနှစ် နတ်တော်လ၊ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့ ဝိုင်အမ်ဘီအေအသင်းကြီးမှ ဦးမောင်ကြီး၏ ပရိယတ္တိ သာသနာတော်အား ထောက်ပံ့ရန် လှူဒါန်းထားသော ရန်ပုံငွေများကို ပရိယတ္တိစာသင်တိုက်ကြီးတို့အား ခွဲဝေလှူဒါန်းခဲ့ရာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော်ဘုရားကြီးသည် ဝိုင်အမ်ဘီအေအသင်းကြီးမှ ပင့်လျှောက်သဖြင့် ရန်ကုန်မြို့သို့ ကြွလာတော်မူခဲ့ရလေသည်။ ယင်းသို့ ဆရာတော်ဘုရားကြီး ကြွလာတော်မူသဖြင့် ခြောက်ထပ်ကြီးဘုရားကြီး တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများသည် ၁၃၂၇ ခုနှစ် ပြာသိုလဆန်း (၈) ရက် (၂-၁-၆၆) တနင်္ဂနွေနေ့တွင် ဆရာတော်ကြီး ခေတ္တတည်းခို သီတင်းသုံးရာ ဘုရားကြီးတိုက် သိင်္ဂီဦးတိုက်ကျောင်း၌ ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ကျင်းပခဲ့ပါသည်။ ထိုပူဇော်ပွဲသို့ သရက်တောကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်နှင့် ဘုရားကြီးတိုက်မှ နာယက ဆရာတော်ကြီးနှစ်ပါး ဂဏဝါစက

စာချဆရာတော်များလည်း ကြွရောက်ချီးမြှောက်တော်မူကြသည်။ ပခုက္ကူဆရာတော်ကြီးသည် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများနှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမတို့၏ ပူဇော်ကန်တော့ခြင်းကို ခံယူပြီးနောက် ဩဝါဒပေးတော်မူသည်။ (ဆရာတော်ဘုရားကြီး၏ ဩဝါဒအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဝိုင်အမ်ဘီအေအဖွဲ့ချုပ်ကြီးမှ လှူဒါန်းလိုက်သော နဝကမ္မဝတ္ထုငွေများအနက်မှ ဝတ္ထုငွေ ကျပ် ၃၀၀၀ ကို ခြောက်ထပ်ကြီးဘုရားကြီး အမြန်ပြန်လည်တည်ထားနိုင်ရန် တည်ဆောက်ရေးအဖွဲ့သို့ လွှဲအပ်လှူဒါန်းတော်မူသည်။ ယင်းသို့ ဆရာတော်ကြီး လှူဒါန်းတော်မူသည့်အတွက်ကြောင့် ဩဝါဒ ခံယူပူဇော်ပွဲသို့ တက်ရောက်လာကြသော တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ဝိုင်းဝန်း၍ လှူဒါန်းခဲ့ကြရာ ထိုနေရာ၌ပင် ဘုရားကြီးအတွက် အလှူငွေ အတော်များများရရှိခဲ့ကြောင်း သိရသည်။

## ၁၃၂၇ ခုနှစ်၊ပြာသိုလဆန်း(၁၁)ရက်၊(၂-၁-၆၆)၊တနင်္ဂနွေနေ့ ရန်ကုန်မြို့၊ရွှေဂုံတိုင်လမ်း၊ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးအဖွဲ့အား ပခုက္ကူမြို့ ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီး မိန့်ကြားသော ဩဝါဒမိန့်ခွန်းတော်

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးအဖွဲ့ဝင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဘုရားကြီးတည်ဆောက်ရန်အတွက် ဩဝါဒပေးဖို့ရာ ဆရာတော်အား လျှောက်ထားသည့်အတွက် ဆရာတော်တို့ ဝမ်းမြောက်တော်မူသည်။ ဆရာတော်သည် ရန်ကုန်သို့ ရောက်တိုင်းရောက်တိုင်း ဤဘုရားကြီးကို ပြန်လည် မတည်ဆောက်နိုင်သည်ကို မြင်ရတိုင်း စိတ်မချမ်းမသာဖြစ်ခဲ့သည်။ ယခု ဒါယကာတို့ တည်ဆောက်ရေးအဖွဲ့က တိုင်းပြည်အေးချမ်းသာယာဝပြောမှုကို ရှေးရှုကာ ဘုရားကြီး အမြန်ပြီးမြောက်အောင် တည်ဆောက်မည်ဆိုတာကို သိရလို့ အလွန်ဝမ်းသာသည်။ ဘုရားကြီးတည်ဆောက်ရေးမှာ ဤဘုရားကြီးကျောင်းတိုက်ရှိ ဆရာတော်များ၊ သံဃာတော်များမှာလည်း တာဝန်ရှိသည်။ ဆရာတော် သံဃာတော်တို့အနေနဲ့က ဘုရားကြီးတည်ဆောက်ရာမှာ လိုအပ်တဲ့ ဝတ္ထုပစ္စည်းများကို လှူဒါန်းချင်လာအောင် ဒါယကာ၊ ဒါယိကာမ တို့အား ဟောပြောပေးဖို့ဖြစ်သည်။ တည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများကမူ ကိုယ်တိုင်လည်း အလှူဝတ္ထုပစ္စည်း လှူဒါန်းကြဖို့ ကိုယ်အားဉာဏ်အားဖြင့်လည်း ညီညီညွတ်ညွတ်နဲ့

ဆောင်ရွက်ကြဖို့ဖြစ်သည်။ အခု တည်ဆောက်ရေးအဖွဲ့က လျှောက်ထားတဲ့ ဩဝါဒအဖွဲ့ထဲမှာ ဆရာတော်နဲ့ နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဒီကျောင်းတိုက်က နာယကဆရာတော်နှစ်ပါးလည်း ပါသည်။ ဒီဘုရားကြီးတည်ဆောက်ရာမှာ တာဝန်ယူဆောင်ရွက်နေတဲ့ ဘုန်းကြီး ဦးစန္ဒာလည်း အမှုဆောင်အဖြစ်နဲ့ ပါသည်။ ဆရာတော်တို့အနေနဲ့ကတော့ တည်ဆောက်ရေးအဖွဲ့ဝင်တို့အား ဘုရားကြီး အမြန်ပြီးမြောက်အောင် တည်ဆောက်ဖို့ရာ တိုက်တွန်းဖို့ အချင်းချင်း မညီမညွတ် ရှိတဲ့အခါ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်အောင် ထိန်းသိမ်းသွားဖို့ အဖက်ဖက်က မလစ်ဟင်းရအောင် ဩဝါဒပေးဖို့ပဲဖြစ်တယ်။ ဒါယကာတို့အနေနဲ့ ဘုရားကြီးတည်ဆောက်ရာမှာ -

၁။ ငွေကြေးမှစပြီး အရာရာမှ စနစ်တကျရှိအောင် ဆောင်ရွက်ကြ။

၂။ မြင်သူတိုင်း စေတနာသဒ္ဓါတရား တိုးတက်လာအောင် လုပ်ငန်းကို အမြန်ဆုံးပြုကြ။

၃။ အဖွဲ့ဝင်အမည်ခံကာမျှဖြင့် မပါဝင်ချင်ကြနဲ့။ အဖွဲ့ဝင်တိုင်း ကိုယ်ရော စိတ်ပါ ကိုယ်အား ဉာဏ်အားဖြင့် ဆောင်ရွက်ကြ။

၄။ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းကြီးကိုလည်း ပစ်မထားဘဲ အမြဲမပြတ်လာရောက် စောင့်ရှောက်ကြ။

၅။ အလှူငွေရအောင်လည်း စနစ်တကျ ဆောင်ရွက်ကြ။

၆။ အဖွဲ့ဝင်တိုင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ရင်းနှီးစွာ သဘောထားကြ။

ဆရာတော်က ရန်ကုန်မှာ အမြဲနေထိုင်နိုင်မည်မဟုတ်သော်လည်း အမြဲကြောင့်ကြစိုက်၍ ဩဝါဒပေးသွားမည်။ နှစ်ကျိပ်ရှစ်ဆူဆရာတော်နဲ့ ဘုရားကြီးတိုက် နာယကဆရာတော်နှစ်ပါးက လိုလျှင် လိုအပ်သလို ဩဝါဒ ပေးသွားလိမ့်မည်။ ကြီးကြပ်တည်ဆောက်ရန်မှာ ဘုန်းကြီးဦးစန္ဒောဘာသက ယခင်သံတန်ဆောင်းတော်ကြီး တည်ဆောက်ခဲ့စဉ်ကလို တည်ဆောက်ရေးအဖွဲ့နှင့် တိုင်တိုင်ပင်ပင် ဆောင်ရွက်သွားရမည်။ ဆရာတော်၊ သံဃာတော်များနှင့် လူပရိသတ်အားလုံးတို့အား အထူးပြောကြားလိုတာက ဘုရားကြီးမပြီးစီးခင် အပြစ်မမြင်ကြနဲ့။ ချွတ်ယွင်းချက်တွေ့လျှင် အကြံဉာဏ်ပေးကြကာ ဝိုင်းဝန်းကူညီကြဖို့ ဖြစ်သည်။ ပျက်စီးချွတ်ယွင်းသော ဝတ္ထုပစ္စည်းများကို ပြန်လည်ပြင်ဆင်တည်ဆောက်သူတို့မှာ အသက်ရှည်ဖို့ရာသာ ဖြစ်သည်။ ယခု ဘုရားကြီးတည်ဆောက်ရေးမှာလည်း အသက်ရှည်ရာ အနာမဲ့ကြောင်း ကောင်းသောအလုပ်ဖြစ်၍ စိတ်ပါဝင်စားစွာ ဆောင်ရွက်ကြဖို့ ဆရာတော်အထူးတိုက်တွန်းလိုက်သည်။

## မူလပလ္လင်ကြီးကို တိုးချဲ့ပြင်ဆင်ခြင်း

ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့အမှုဆောင်လူကြီးများသည် ဘဝနတ်နန်းသို့ စံမြန်းခိုဝင်တော် မူလေပြီးသော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည

မဟာထေရ်၏ဆန္ဒနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ရွှေသာလျောင်းဘုရားကြီးကို အမြန်ဆုံး ပြန်လည်တည်ထားရန် သန္နိဋ္ဌာန်ချ ဆုံးဖြတ်ကြပြီးလျှင် မြန်မာနိုင်ငံတော်အရပ်ရပ်မှ ပန်းပု၊ ပန်းရန်ပညာရှင်များကို စုံစမ်းထောက်လှမ်းရှာဖွေရင်း အခြားတစ်ဖက်မှလည်း ပန်းပုပန်းရန်ပညာရှင်များကိုတွေ့ရှိပါက ဘုရားကြီးကို အဆင်သင့် တည်ဆောက်နိုင်ရန် မူလပလ္လင်ဟောင်းကြီးကို အင်ဂျင်နီယာကြီးတို့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ပြင်ဆင်ခဲ့ကြသည်။ မူလပလ္လင်တော်ကြီးသည် အလျားပေ ၂၀၀၊ အနံပေ ၄၀၊ အမြင့် ငါးပေရှိပါသည်။ အသစ်ပြန်လည်တည်ထားမည့် ရွှေသာလျောင်း ဘုရားကြီးသည် အရှေ့သို့ ဦးခေါင်းတော်ပြုလျက် အနောက်သို့ ခြေပြုမည်ဖြစ်ရာ ခေါင်းရင်းဘက်မှာ ချောက်ကမ်းပါးနှင့် နီးကပ်နေပါသည်။ ထို့ကြောင့် မြေကြီးကို ပိုမို၍ စိတ်ချရလေအောင် ခြေရင်းဘက်သို့ ဆုတ်ပြီးတည်ရန် အင်ဂျင်နီယာကြီးများက အကြံဉာဏ် ပေးခဲ့ကြလေသည်။ ထို့ကြောင့် မူလပလ္လင်ကြီးကို အရှေ့ထိပ်မှ (၁၀) ပေခန့် ဖျက်၍ အနောက်ထိပ်မှ ပေ(၄၀) ဆက်ပါသည်။ အနံကို မူလပလ္လင်ကြီး၏ မြောက်ဘက်မှ (၁၀) ပေတိုးချဲ့သည်။ ပလ္လင်၏ အမြင့်ကိုမူ ရှေးကအတိုင်း ငါးပေသာထားပါသည်။ သို့ဖြစ်၍ တိုးချဲ့ ပြင်ဆင် တည်ဆောက်ထားသော ပလ္လင်ကြီး၏ပမာဏမှာ -

| | | |
|---|---|---|
| အလျား | ၂၃၀ | ပေ |
| အနံ | ၅၀ | ပေ |
| အမြင့် | ၅ | ပေ ရှိပါသည်။ |

၁၃၂၇ ခုနှစ် ပြာသိုလဆန်း (၁၂) ရက်နေ့မှစ၍ ပလ္လင်ကြီးကို ပြုပြင်တည်ဆောက်ခဲ့ရာ ၁၃၂၈ ခုနှစ် ဝါဆိုလတွင် ပြီးစီးပါသည်။

## မြိတ်ဆရာသောင်းနှင့် စာချုပ်ချုပ်ဆိုခြင်း

ပလ္လင်ကြီးကို ပြင်ဆင်ဆောက်လုပ်နေဆဲမှာပင် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ဒေါ်တင်တင်၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြိတ်မြို့မှ ပန်းရန်ဆရာကြီး ဦးသောင်းကို ရှာဖွေတွေ့ရှိသဖြင့် ရန်ကုန်သို့ ဖိတ်ခေါ်၍ နမူနာပုံတော်တစ်ဆူကို ထုလုပ်စေပါသည်။ ၎င်းပုံတော်ကို နာယကဆရာတော်ကြီးများနှင့်တကွ အဖွဲ့ဝင်လူကြီးများက ကျေနပ်ကြသဖြင့် နှစ်ဦးနှစ်ဖက်ဆွေးနွေးပြီးနောက် ၁၉၆၆ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့တွင် အောက်ပါစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါသည်။

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးစာချုပ်

၁၉၆၆ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့တွင် မြိတ်မြို့၊ သန်းဖိုရပ်၊ ပုလဲလမ်းနေ အဘ ဦးကြွယ်၊ အမိ ဒေါ်နှင်းရီတို့၏သား ပန်းရန်ဆရာကြီး ဦးသောင်း(စာချုပ်တွင် အလုပ်လက်ခံသူဟု ခေါ်ယူမည်)နှင့် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးတည်ဆောက်ရေးအဖွဲ့၊ ၎င်းကိုယ်စားလှယ်

အဖွဲ့၏ ဥက္ကဋ္ဌ ဦးမောင်မောင်(သီရိပုံချီ) (စာချုပ်တွင် အလုပ်ရှင်ဟု ခေါ်ယူမည်) နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုပါသည်။

၁။ အလုပ်လက်ခံသူသည် အလုပ်ပိုင်ရှင်ထံသို့ အလျား ၉ ပေ(ကိုးပေ)ရှိ ရွှေသာလျောင်းဘုရားတစ်ဆူကို နမူနာအဖြစ် အလုပ်ပိုင်ရှင်အား အပိုင်ပေးအပ်ပြီး၍ ၎င်းပုံစံအတိုင်းသော်လည်းကောင်း အလုပ်ပိုင်ရှင်က ကြိုက်နှစ်သက်သော မည်သည့်ပုံစံမဆို အလုပ်လက်ခံသူက အလျား ၂၁၆ ပေ(နှစ်ရာတစ်ဆယ့်ခြောက်ပေ)၊ အမြင့် ၅၈ ပေ(ငါးဆယ့်ရှစ်ပေ)ရှိ ဘုရားကြီးကို ဆောက်လုပ်ပေးရန် သဘောတူပါသည်။

၂။ အလုပ်လက်ခံသူသည် ၎င်း၏သားတပည့်နှင့် တည်ဆောက်မည့် အလျား ၂၁၆(နှစ်ရာတစ်ဆယ့်ခြောက်ပေ)ခန့်နှင့် အမြင့် ၅၈ပေ(ငါးဆယ့်ရှစ်ပေ)ခန့်ရှိ ဘုရားကြီးကို အလုပ်ပိုင်ရှင်က အလုပ်လက်ခံသူကို စေခိုင်းရန် လိုအပ်သဖြင့် အလုပ်ပိုင်ရှင်က အလုပ်လုပ်ခပေးသော အလုပ်သမားအသီးသီးအပြင် လိုအပ်သော ပစ္စည်းများကို အလုပ်ပိုင်ရှင်က ထုတ်ပေးသောစနစ်ဖြင့် လက်ခံပါသည်။

၃။ အလုပ်လက်ခံသူ လုပ်ငန်းလုံးဝပြီးစီးသည်အထိ ဉာဏ်ပူဇော်ခ ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)ဖြင့် လက်ခံသဘောတူပါသည်။ ထိုငွေကျပ် ၅၀၀၀၀(ငါးသောင်းကျပ်) တိတိကို အလုပ်ရှင်က အောက်ပါအတိုင်း ပေးချေရန် နှစ်ဦးသဘောတူပါသည်။

၄။ စရန်ငွေအဖြစ် ယခုလောလောဆယ် အထွေထွေသုံးစွဲရန်အတွက် ကျပ် ၁၀၀၀(တစ်ထောင်ကျပ်တိတိ)ကို ထုတ်ပေးရန်။

(က) ဘုရားကြီး၏ ကိုယ်ထည်အကြမ်း တည်ဆောက်ရာ၌ အုတ်လုပ်ငန်းအပြီးကို ကျပ် ၂၀၀၀၀(နှစ်သောင်းကျပ်)တိတိ သတ်မှတ်၍ အမြင့်ပေသုံးပေပြီးတိုင်း ကျပ် ၁၀၀၀(ကျပ်တစ်ထောင်) တိတိ အလီလီထုတ်ပေးရန်။

(ခ) ဘုရားကြီး၏ ကိုယ်ထည်အကြမ်းပြီး၍ အချောကိုင်ခြင်းလုပ်ငန်းအတွက် ကျပ် ၂၅၀၀၀(ကျပ်နှစ်သောင်းငါးထောင်တိတိ) သတ်မှတ်ပြီး ပြီးစီးသရွေ့ လုပ်ငန်းကို တိုင်းတွာ၍ လိုအပ်သလို အချိုးကျ ငွေထုတ်ပေးရန်။

(ဂ) လိုအပ်သော နေရာများ၌ ကျောက်သားအရောင်တင်ခြင်း လုပ်ငန်းအတွက် ကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ) သတ်မှတ်ပြီး ပြီးစီးသရွေ့ လုပ်ငန်းကို တိုင်းထွာလျက် လိုအပ်သလို အချိုးကျထုတ်ပေးရန်။

၅။ အလုပ်ပိုင်ရှင်နှင့် အလုပ်လက်ခံသူ တစ်ဦးဦးက စာချုပ်ဖျက်သိမ်းလိုလျှင် အချိန်တစ်လ ကြိုတင်အကြောင်းကြားရန်။

၆။ အလုပ်ပိုင်ရှင်နှင့် အလုပ်လက်ခံသူ တစ်ဦးဦးက စာချုပ်ဖျက်သိမ်းခဲ့ပါလျှင် အလုပ်လက်ခံသူအား ပေးထားပြီး ငွေများကို ပိုနေခဲ့လျှင် ပြန်မတောင်းခံရန်နှင့် အလုပ်လက်ခံသူအားပေးရန် ကျန်ရှိခဲ့ပါလျှင် ထပ်မံပေးချေရန်။

၇။ အလုပ်လက်ခံသူ၏ ချွတ်ယွင်းချက်မရှိဘဲ ၎င်းဘုရားကြီးကို တခြားပန်းရန်တစ်ဦးနှင့် အလုပ်လက်ခံသူ၏ ခွင့်ပြုချက်မရဘဲ ဆက်လက်မခိုင်းစေရန်၊ အလုပ်ရှင်၏ ချွတ်ယွင်းချက်မရှိဘဲနှင့်

အလုပ်လက်ခံသူကလည်း ထွက်မသွားရန် သဘောတူပါသည်။

၈။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းကို ဆိုင်းငံ့ထားရချိန်တွင် အလုပ်လက်ခံသူက လုပ်ငန်းခွင်မှ ခေတ္တထွက်ခွာသွားခွင့်ပြုရန်။

၉။ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အလုပ်လက်ခံသူနှင့် မိသားစုများ နေထိုင်နိုင်ရန် အလုပ်ပိုင်ရှင်က နေရာပေးရန် သဘောတူပါသည်။

၁၀။ ၁၉၆၇ ခုနှစ် ဇန်ဝါရီလအတွင်း လုပ်ငန်းကို စတင်ဆောင်ရွက်ရန် သဘောတူပါသည်။

| | |
|---|---|
| ပုံ-သီရိပျံချီ ဦးမောင်မောင် | ပုံ-ဦးသောင်း |
| ခြောက်ထပ်ကြီးဘုရားကြီး | ပုလဲလမ်း၊ သန်းဖိုရပ် |
| တည်ဆောက်ရေးအဖွဲ့ | မြိတ်မြို့ |
| ဥက္ကဋ္ဌ | |

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး စတင်တည်ခြင်း

ပန်းရန်ဆရာကြီး ဦးသောင်းသည် တည်ဆောက်ရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုပြီးနောက် ထားဝယ်မြို့၌ လက်ခံလုပ်ကိုင်နေဆဲဖြစ်သော အလုပ်များကို လက်စသတ်ရန်နှင့် မိမိ၏သားမယားတို့ကို ရန်ကုန်သို့ ခေါ်လာရန် မြိတ်မြို့သို့ ပြန်သွားသည်။ ဆရာသောင်းသည် မြိတ်မြို့၌ နေထိုင်သော်လည်း ဇာတိမှာ မုံရွာသားဖြစ်သည်။

မုံရွာဆရာမြ၏ တပည့်ကြီးဖြစ်သည့်အပြင် ဆရာမြ၏ဇနီး ဒေါ်အေးစိန်နှင့် မောင်ဝမ်းကွဲတော်စပ်သူလည်း ဖြစ်သည်။ ဆရာမြနှင့်အတူ မြိတ်မြို့သို့သွား၍ ဘုရားတည်ကြရာမှ မြိတ်မြို့သူနှင့် အိမ်ထောင်ကျလျက် မြိတ်မြို့၌ပင် အခြေချနေထိုင်ခဲ့သူဖြစ်ကြောင်း သိရ၏။ ခြောက်ထပ်ကြီးဘုရား တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများသည် မုံရွာဆရာမြနှင့် ဈေးမတည့်သဖြင့် လွဲခဲ့ရသော်လည်း တပည့်ဖြစ်သူ ဆရာသောင်းနှင့် ရေစက်ဆုံ၍ ကြုံရသည့်အပြင် လက်ရာကိုလည်း ကျေနပ်သဘောကျသောကြောင့် ဘုရားကြီး အမြန်တည်ထားနိုင်ရေးအတွက် အားတက်ဝမ်းမြောက်လျက် ရှိနေကြလေသည်။

ဆရာသောင်း၏ နမူနာပုံတော်သည် အလျား ၉ ပေ၊ အမြင့် ၂ ပေ ၅ လက်မရှိရာ ၎င်းကို တစ်လက်မ ၂ ပေ စကေးဖြင့် တွက်ခဲ့သော် အလျား ၂၁၆ ပေ၊ အတောင်အားဖြင့် ၁၄၄ တောင်၊ အမြင့် ၅၈ ပေ၊ အတောင်အားဖြင့် ၃၈ တောင် ရပါသည်။ ထို့ကြောင့် ၎င်းအချိုးအစားအတိုင်း (တြင်းကျေ နဝင်းကျေ သတ္တဗိသကျေ) တည်ရန် သဘောတူညီကြပြီးလျှင် ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက်၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ (၄) ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအချိန်၌ စတင်၍ တည်ထားနိုင်ရန် ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ ထိုသို့ နေ့ရက်၊ အချိန်၊ နာရီ ရွေးချယ်သတ်မှတ်ပြီးနောက် ဘေးရန်အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောလျင်စွာ တည်ဆောက်ပြီးစီးနိုင်စေရန် ဝါခေါင်လဆန်း (၇) ရက်နေ့မှ (၁၆)ရက်နေ့အထိ (၉) ရက်တိုင်တိုင်

အန္တရာယ်ကင်း ပရိတ်တော် ပဋ္ဌာန်းဒေသနာတော်များနှင့် ကမ္မဝါစာတို့ကို သံဃာတော်များက ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ ၁၃၂၈ ခုနှစ် ဝါခေါင်လဆန်း (၁၅) ရက်နေ့သည် တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နာရီစင်နှင့် သိင်္ဂီဦးတိုက်ကျောင်း ဒါယကာကြီး ဦးစောဦး၏ ဇနီးဖြစ်သူ ကျောင်းအမကြီး ဒေါ်သိမ်၏ (၆၀) နှစ်မြောက် မွေးနေ့ဖြစ်သောကြောင့် ထိုနေ့တွင် ကျောင်းဒါယကာကြီး ဦးစောဦးနှင့် ကျောင်းအမကြီး ဒေါ်သိမ်တို့က အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်တော်မူကြသော ဘုရားကြီးကျောင်းတိုက်မှ သံဃာတော် (၅၀၀) ကျော်နှင့် လူပရိသတ်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။ ၁၃၂၈ ခုနှစ် ဝါခေါင်လပြည့်ကျော် (၄) ရက်၊ ၁၉၆၆ ခုနှစ် စက်တင်ဘာလ (၄)ရက် တနင်္ဂနွေနေ့တွင် စောစောက ကြိုတင်၍ စီစဉ်သတ်မှတ်ထားသည့်အတိုင်း ပလ္လင်ကြီးပေါ်၌ တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများက အန္တရာယ်ကင်း ပရိတ်တော်ရေ၊ ပရိတ်တော်အင်္ဂတေတို့ကို ပက်ဖျန်းသွန်းလောင်းပေး၍ ကြည်နူးရွှင်လန်း ဝမ်းမြောက်စွာဖြင့် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို စတင်တည်ထားခဲ့ကြပါသတည်း။

## အမာခံ ကွန်ကရစ် အုတ်မြစ်တိုင်ချ မင်္ဂလာအခမ်းအနား ကျင်းပခြင်း

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ ပုံတော်မှာ ဘုရားရှင်ကိုယ်တော်မြတ်က မဟာကရုဏာတော်ဖြင့် သာရဏီယကထာ သမ္မောဒနီယကထာတို့ကို ဟောကြားလျက် ပရိသတ်လေး

ပါးအား ဧည့်ခံနေသောပုံတော် ဖြစ်ပေသည်။ လက်ယာဘက် လက်မောင်းတော် တစ်ဖက်တည်းဖြင့် ဦးခေါင်းတော်ကို ထောက်ထားသည်ဖြစ်ရာ ဉာဏ်တော်သေးငယ်သော ပုံတော်များအနေဖြင့် အခက်အခဲ မရှိနိုင်သော်လည်း ဉာဏ်တော်ကြီးမားသော ရုပ်ပွားတော်ကြီးကို တည်ထားသည့်အခါ၌ကား ဦးခေါင်းတော်၏ အလေးချိန်ကို ထောက်ထားသည့် လက်မောင်းတစ်ဖက်တည်းက တာရှည်ထမ်းထားနိုင်ရန်မှာ အလွန်ခက်ခဲနေပါသည်။ ခေတ်မီနည်းပညာဖြင့် အမာခံ ကွန်ကရစ်တိုင်ကြီးများကို ထည့်သွင်းပြီး တည်ထားနိုင်မှသာလျှင် နှစ်ပရိစ္ဆေဒ ကာလကြာမြင့်စွာ ခိုင်ခံနိုင်မည် ဖြစ်ပေသည်။

ထိုကြောင့် တည်ဆောက်ရေးအဖွဲ့အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ အငြိမ်းစားအင်ဂျင်နီယာချုပ် ဦးကျော်စိန်၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် အင်ဂျင်နီယာပညာရှင်တို့အား ပုံစံတစ်ခု ထုတ်လုပ်ပေးရန် တည်ဆောက်ရေးအဖွဲ့က မေတ္တာရပ်ခံခဲ့ပါသည်။ အင်ဂျင်နီယာပညာရှင်များ ထုတ်ပေးသောပုံစံအရ လက်မောင်းတော်ထောက်သည့်နေရာနှင့် ကိုယ်အလေးချိန်ဖြင့်ဖိထားသော ချိုင်းအောက်မှ အုံးတော်နေရာတို့၌ ခိုင်ခံ့အောင် အမာခံ ကွန်ကရစ်တိုင်ကြီးများကို မြေအောက်သို့ ရိုက်သွင်းရပါမည်။ ၎င်းကွန်ကရစ်တိုင်ကြီးများကို မြေအောက်သို့ ရိုက်သွင်းရန်အတွက် စက်ကြီးကို ငှားရမ်းခဲ့ရာ စက်ပိုင်ရှင် ဦးကျော်သောင်း-ဒေါ်မျိုးသိမ့်နှင့် သားသမီးတစ်စုတို့က စက်ကြီးအတွက် ငှားရမ်းခ တစ်ပြားတစ်ချပ်မှ မယူဘဲ လှူဒါန်းခဲ့သည့်အပြင် မြေအောက်သို့ ရိုက်သွင်းသော ကွန်ကရစ်တိုင်ကြီးအလုံး ၂၀ အတွက် ကုန်ကျစရိတ် အားလုံးကိုလည်း

လှူဒါန်းခဲ့ပါသည်။ ထို့ပြင် ၁၃၂၈ ခုနှစ် သီတင်းကျွတ်လဆန်း (၁၄) ရက်(၂၈-၁၀-၆၆) သောကြာနေ့တွင် အမာခံကွန်ကရစ် အုတ်မြစ်တိုင်ရိုက် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ထိုအခမ်းအနား၌ ရန်ကုန်မြို့ပေါ်မှ နိုင်ငံတော် ဩဝါဒ စရိယ ဆရာတော်ကြီးများကို လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများကိုလည်းကောင်း၊ ကျောင်းထိုင်ဆရာတော်ကြီး များအဖွဲ့ချုပ်မှ ဆရာတော်ကြီးများကိုလည်းကောင်း ပင့်ဖိတ်လျက် နေ့ဆွမ်းကပ်လှူခြင်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း၊ ဘုရားကြီးကျောင်းတိုက်မှ သံဃာတော် (၅၀၀) ကျော်တို့အား နေ့ဆွမ်းကပ်လှူခြင်း၊ အထူးဖိတ်ကြားထားသော ဧည့်ပရိသတ်တို့အား နေ့လယ်စာထမင်းဖြင့် ကျွေးမွေးဧည့်ခံခြင်း အစရှိသော ကုသိုလ်ကောင်းမှု အစုစုတို့ကိုလည်း များစွာအကုန် အကျခံ၍ စေတနာထက်သန်စွာဖြင့် ပြုလုပ်ခဲ့ကြပေသည်။ ထို ကွန်ကရစ် အုတ်မြစ်တိုင်ရိုက် အခမ်းအနား၌ သရက်တောတိုက် တောင်ဘီလူးဆရာတော်ကြီး ဦးကေတုက ပရိသတ်အား ငါးပါးသီလ ချီးမြှင့်၍ ရေစက်သွန်းချ အမျှပေးဝေပြီးလျှင် ဓမ္မာစရိယ ဆရာကြီး ဦးကြင်မောင်က မင်္ဂလာသြဘာစာတမ်းကို ဖတ်ကြားဂုဏ်ပြုပါ သည်။ ထို့နေ့၏ ထူးခြားချက်ကို ဘုရားကြီး ဒုတိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်က မိမိ၏ နေ့စဉ် မှတ်တမ်း၌ ဤသို့ ရေးသားမှတ်တမ်းတင်ထားခဲ့သည်ကို ဖတ်ရှုရ၏။

"ဤနေ့ကား ပရိသတ်များစွာ လာသည်။ မိုးလည်းမရွာ၊ နေလည်းမပူ၊ မိုးသားထီး ကာဆောင်းလျက်သာထား၏။ လူနှင့် နတ် ဆွေတော်စပ်၍ ဝမ်းပန်းတသာ ပြောဟောကာနေကြ၏။"

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး အမှာခံကွန်ကရစ် အုတ်မြစ်တိုင်ချ မင်္ဂလာအခမ်းအနား ဩဘာစာ

သိဒ္ဓိ ရတ္ထု။ သိဒ္ဓိ-သမ္ပတ္တိအမျိုးမျိုး သုခအဖုံဖုံ ကျက်သရေ အလုံးစုံတို့၏ ပြည့်စုံခြင်းသည်၊ အတ္ထု-စင်စစ်မသွေ ဖြစ်ပါစေ သတည်း။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ၍ ရာဇတိ ရာဇိန္ဒ၊ ဒေဝါတိ ဒေဝိန္ဒ၊ ဝိသိဋ္ဌတရ ဣဿရမ္ပဏဖြစ်တော်မူသော သုံးလောက သင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူသတ္ထာ စောဇိနာသည်-ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ-ဟူသော ကျမ်းဂန်လာ စကားနှင့်အညီ လုံးစုံများစွာ သတ္တဝါတို့၏ အဆိုးမပွား အကျိုးများခြင်းငှာ လောကသုံးခွင် ဘုံအပြင်၌ ပေါ်လွင်ထင်ရှား ပွင့်တော်မူလာသည်၏ အဖြစ်ကြောင့် (ဒဿနံ မုနိနော သာဓု၊ ဇနာနံ ဇာယတေမတံ) ကျမ်းဂန်စကားနှင့်အညီ တန်ခိုးတော်ရှင် ဘုရားရှင်အား သဒ္ဓါ ကြည်လင်ဖူးမြင်ရခြင်းသာ သူတော်ပုဂ္ဂိုလ် များထိုထိုသို့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုစင်စစ် ဧကန်ဖြစ်သောကြောင့်လည်းကောင်း။

ယခုအခါ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ဘုရားကြီးတိုက်အတွင်းရှိ ခြောက်ထပ်ကြီး လျောင်းတော်မူရုပ်ပွား ဘုရားဆင်းတုတော်မြတ်ကြီးကို ပခုက္ကူနိကာယတိုက်ကြီး၏ ဦးစီးဥက္ကဋ္ဌ မဟာဝိနာယကဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ဘုရားကြီး၊ ဘုရားကြီးတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ

ဘားကူးဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ဘုရားကြီးများ၏ သြဝါဒတော်များအတိုင်း အလျား ဉာဏ်တော် ၂၁၆ ပေ၊ အမြင့် ၅၈ ပေရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး ရုပ်ပွားတော်အဖြစ်ဖြင့် တည်ထားကိုးကွယ်ရန် မူလပထမကပင် စတင်စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ စီစဉ်ခဲ့ရာဝယ် လျောင်းတော်မူ ရုပ်ပွားဘုရားဆင်းတုတော်၏ အလျား၊ အနံ ဉာဏ်တော်နှင့် လျော်ကန်သောသံတန်ဆောင်းတော်ကြီးကို စတင်တည်ဆောက်ခဲ့ရာ တန်ဖိုးငွေကျပ် ၆၁၆၀၅၉ ကျပ် ၆ ပြား (ခြောက်သိန်းတစ်သောင်းခြောက်ထောင့် ငါးဆယ့်ကိုးကျပ် ခြောက်ပြားတိတိ) ကုန်ကျသောသံတန်ဆောင်းတော်ကြီးမှာ ကောင်းစွာပြီးမြောက်ခဲ့ပြီး ဖြစ်ပါသည်။

ထိုသံတန်ဆောင်းတော်ကြီး ပြီးမြောက်အောင်မြင်ပြီးနောက် ပလ္လင်တော်ကို ဆက်လက်၍ ပြုပြင်ပြီးလျှင် ၁၃၂၈ ခုနှစ် ဝါခေါင် လပြည့်ကျော် (၄) ရက်နေ့မှစ၍ လျောင်းတော်မူရုပ်ပွားဘုရားဆင်းတုတော်ကြီးကို စတင်တည်ထားခဲ့ရာ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ဘုရားကြီးက ဝတ္ထုငွေကျပ် ၃၀၀၀၊ ကျောင်းဒကာကြီး ဦးစောဦး-ဒေါ်ဒေါ်သိမ်တို့က မတည်အလှူငွေ ကျပ် ၃၀၀၀၊ အခြားသော စေတနာရှင်အသီးသီး တို့က ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ စသည်ဖြင့်လည်းကောင်း၊ ဘုရားဖူးလာသူ စေတနာရှင် အသီးသီးက နည်းများမဟူ အုတ်၊ အင်္ဂတေဖိုး စသည် ပေးလှူခြင်းဖြင့်လည်းကောင်း အလှူငွေပေါင်း ခြောက်သောင်း

ကျော်မျှ ရရှိပြီးဖြစ်ပါသည်။

ထိုအလှူငွေများဖြင့် လိုအပ်သော အုတ်၊ အင်္ဂတေ၊ ထုံး၊ သဲ၊ ကျောက်စရစ်ခဲနှင့် သံထည်ပစ္စည်း စသည်များကို ဝယ်ယူ၍ ရက်ဆက်မပြတ် ပြုပြင်မွမ်းမံလျက်ရှိရာ တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်ကောင်းသော လျောင်းတော်မူရုပ်ပွား ဘုရားဆင်းတုတော်ကြီးတစ်ဆူ အများပြည်သူတို့ ပူဇော်ဖူးမြော်နိုင်စေရန် ရည်သန်လျက် မြိတ်မြို့မှ နာမည်ကျော် ပန်းရန်ဆရာကြီး ဆရာသောင်းအား ပြီးစီးသည်အထိ ကြီးကြပ်ကွပ်ကဲ၍ စီမံပေးရန် လက်ခငွေ ကျပ် ၅၀၀၀၀ ဖြင့် စာချုပ်၍ ငှားရမ်းလုပ်ဆောင်စေရန်လည်း စီမံပြီးဖြစ်ပါသည်။ ထိုသို့ စီစဉ်ပြီးနောက် အလျား၊ အနံ ဉာဏ်တော် ကြီးမားလှသော လျောင်းတော်မူရုပ်ပွား ဘုရားဆင်းတုတော်ကြီးသည် သာသနာနှစ်ငါးထောင် မြားမြောင်ထွန်းလည် အရှည်တည်တံ့ ခိုင်ခံ့စေရန် ရည်သန်လျက် ဦးခေါင်းတော်ပိုင်း လက်တော်ထောက်မည့်နေရာနှင့် အခြားနေရာများတွင် အမာခံကွန်ကရစ် အုတ်မြစ်တိုင်များကို ကျွမ်းကျင်သော ဗိသုကာအင်ဂျင်နီယာချုပ်ကြီးများ၏ အကြံပေး စီမံချက်အရ ဤအခမ်းအနားကြီးဖြင့် စတင်စီစဉ်ရခြင်း ဖြစ်ပါသည်။

ဤအမာခံအုတ်မြစ်တိုင်များကို စီမံရာတွင် လိုအပ်သော သံထည်ကိရိယာ ငါးထောင်ဖိုးကို ကျောင်းဒါယကာကြီး ဦးစောဦး-ဒေါ်ဒေါ်သိမ်တို့က လှူဒါန်း၍ အမာခံကွန်ကရစ် အုတ်မြစ်တိုင် ၂၀ မြှုပ်ထားရမည့်ကိစ္စအတွက် လက်ခငွေပေါင်း ကျပ်တစ်သောင်းမျှကို တစ်ပြားတစ်ချပ်မျှ မယူဘဲ ဦးကျော်သောင်းနှင့်အဖွဲ့က

စေတနာ သဒ္ဓါတရားထား၍ လုပ်အားပေးလှူဒါန်းကြပါသည်။ ထို့ပြင်တစ်ဝ ကွန်ကရစ် အုတ်မြစ်တိုင်ချသောစက်ကြီးမှာ တစ်နေ့လျှင် ငွေကျပ် ၂၀၀ နှင့် ငှားရမ်းသုံးစွဲရရာ (၁၅)ရက်နှင့် ပြီးစီးပါလျှင် စက်ငှားခ ငွေကျပ်သုံးထောင် ပေးရမည်ဖြစ်ရာ ထိုစက်ငှားရမ်းကုန်ကျသမျှသော ငွေကျပ်သုံးထောင်ကျော်ကိုလည်း စေတနာရှင် ဦးကျော်သောင်း- ဒေါ်မျိုးသိမ့် သားသမီးတစ်စုတို့ကပင် လှူဒါန်းမည်ဖြစ်ပါသည်။ ၎င်းနောက်တစ်ဖန် စေတနာရှင် ဦးကျော်သောင်း- ဒေါ်မျိုးသိမ့် သားသမီးတစ်စုတို့က ယနေ့ အခမ်းအနားသို့ ပင့်ထားသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်းစသော လှူဖွယ်များ လှူဒါန်းခြင်းနှင့် တိုက်တွင်းသံဃာတော် စုစုပေါင်း (၅၀၀) ကျော်တို့အား ဆွမ်းဘောဇဉ်များ ကျွေးမွေးဆက်ကပ်ခြင်း၊ ကြွလာသည့် မင်းပရိသတ်တို့အား ဧည့်ခံကျွေး မွေးခြင်းများအတွက် ရက်ရောလှစွာသော စေတနာသဒ္ဓါ တရားကိုလည်း များစွာချီးကျူး ကြည်နူးဝမ်းသာ သာဓုခေါ်ပါသည်။

ထပ်မံ၍ ဖော်ပြရပြန်သော် ဤလျောင်းတော်မူ ရုပ်ပွားဘုရားဆင်းတုတော်ကြီး တည်ဆောက်စဉ်ကာလတွင် ကျောင်းဒါယကာကြီး ဦးစောဦး-ဒေါ်ဒေါ်သိမ်တို့က တစ်လလျှင် အလှူငွေ ကျပ် (၅၀၀)၊ စေတနာရှင် ဦးကျော်သောင်း-ဒေါ်မျိုးသိမ့် သားသမီးတစ်စုတို့က တစ်လလျှင် အလှူငွေ (၂၅၀)ကျပ်ကျ နိဗဒ္ဓ ဒါယကာခံယူကြပါသောကြောင့် များစွာအားကျနည်းယူဖွယ် ဖြစ်လှပါသည်။ ယခုတည်ထားကိုးကွယ်မည့် လျောင်းတော်မူ ရုပ်ပွားဆင်းတုတော်ကြီးသည်ကား "အရှေ့ပေါင်းလောင်း" ဆိုဟောင်းတန္တိ ပဝေဏီ

စကားအလာ အရှေ့သို့ ဦးခေါင်းတော်ပြုထားရာ ပေါင်းလောင်းရှင်ဘော်ခေါ် ဖိုလ်ဝင်စားနေတော်မူပုံ ဖြစ်သည့်အတွက် "တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေသမံ ဖလံ" ကျမ်းဂန်အရ ပူဇော်ကြသူများ ဗိုလ်လူတို့အား သက်တော်ထင်ရှား မြတ်ဘုရားနှင့် နိဗ္ဗုစံပြီး မြတ်ဘုရားတို့ကို စိတ်ထားညီတူ ကော်ရော်သူအား ညီတူအကျိုးဖွံ့ဖွံ့ဖြိုး၏ဟုဆိုသဖြင့် မဟာပွဲလအကျိုး ဆင့်ဆင့်တိုးမည် ဖြစ်ပါသည်။

၁၃၂၈ ခုနှစ် ဥတုဝဿာန သာစွအခင်း ကျွတ်သီတင်း၏ ထိန်လင်းသာယာ ဤအခါတွင် ကန်မှပျော်ရိုး ကြာပါးမျိုးတို့ ထက်မိုးအာကာ ရောင်စုံဖြာလျက် ပွဲမှာအဥ္ဆလီ ဖူးငုံချီ၍ ရာသီယှဉ်သ စိတြနှင့် ယင်းမာသ၏ ဆန်းရက်တစ်ဖုံ (၁၄) ကြုံ၍ ခေါ်တုံဃဋီ (၈)နာရီ၌ စုံညီယင်ရာ မင်္ဂလာအား ဗုဒ္ဓပူဇနမင်္ဂလာ သမဏဒဿန မင်္ဂလာ ဒါနမင်္ဂလာ အတ္တသမ္မာပဏိဓိ မင်္ဂလာ စသည်အတွက် ကမ္ဘာကျော်ကဲ တော်လျှောင်လဲသကဲ့သို့ အံ့အဲကောင်းချီး ပတ္ထနာစည်ကြီးဖြင့် မငြီးသာယာ ဇေယျတုအောင်ဩဘာဖြင့် နောင်အဟောဝတာ အစဉ်ချီးရအောင် ယခုကြွလာ လူဗိုလ်ပါတို့က သာဓု သာဓု သာဓုဟု ထုတိမင်္ဂလာ တီးကြကုန်ရာသော်။

## မင်္ဂလာဗျူဟာအဖွဲ့မှ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပခြင်း

၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက်၊(၄-၉-၆၆)၊

တနင်္ဂနွေနေ့မှစ၍ ခြောက်ထပ်ကြီးရွှေသာလောင်းဘုရားကြီးကို ခြေတော်မှစတင်လျက် တည်ထားခဲ့ရာ ၁၃၃၁ခုနှစ်၊ တော်သလင်းလ ၊ ၁၉၆၉ ခုနှစ် ဩဂုတ်လတွင် ကိုယ်လုံးတော်အောက်ပိုင်း၌ အကြမ်းထည် အုတ်ရိုးစီ၍ ပြီးစီးနေပါပြီ။ အထက်ပိုင်းကို ဆက်လက်၍ လုပ်ကိုင်ရန် ရှေးဦးစွာ အမာခံကွန်ကရစ်မဏ္ဍိုင်ကြီးကို ကွန်ကရစ်လောင်းရမည်ဖြစ်သည်။ ၎င်းအတွက် ငြမ်းဆင်ရန်နှင့် ကျောက်ပုံးရိုက်ရန်သစ်ကိုလည်းကောင်း၊ သံချောင်း၊ ဘိလပ်မြေနှင့် ကျောက်စရစ်ခဲ၊ သဲတို့ကိုလည်းကောင်း အမြောက်အမြား ဝယ်ယူရပါမည်။ ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေသော ကာလဖြစ်၍ ပစ္စည်းဝယ်ယူရန် အလွန်ခက်ခဲနေပါသည်။ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဦးမောင်မောင်သည် ပစ္စည်းရရှိရေးကို မနားမနေ ကြိုးစားအားထုတ်နေရ၏။ သက်ဆိုင်ရာ ကော်ပိုရေးရှင်းတို့မှ အမှုထမ်းတို့က ဘုရားကြီးအတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးကြသော်လည်း ပစ္စည်းအခက်အခဲကြောင့် လိုအပ်သလောက် မရနိုင်ဘဲ ရှိနေခဲ့ပါသည်။ ထိုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ်ကာလအတွင်း၌ ထိုအခက်အခဲတို့ကို လွန်မြောက်၍ ဘုရားကြီး အမြန်ပြီးစီးစေရန် အကျိုးငှာလည်းကောင်း၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့ အချင်းချင်း မေတ္တာပွားလျက် ချမ်းသာသုခကို ရကြစေရန် အကျိုးငှာလည်းကောင်း မင်္ဂလာဗျူဟာအဖွဲ့ကြီးမှ အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကြီး ကျင်းပပူဇော်ခွင့်ပြုပါရန် နာယကဆရာတော်များနှင့် တည်ဆောက်ရေးအဖွဲ့ထံသို့ ခွင့်ပန်ခဲ့ပါသည်။ နာယက ဆရာတော်များနှင့် တည်ဆောက်ရေး

အဖွဲ့ကြီးက အောက်ပါအစီအစဉ်အတိုင်း ပဌာန်းပူဇော်ပွဲကြီးကို ကျင်းပပါသည်။

## ပဌာန်းပွဲ အစီအစဉ်

၁။ ၁၃၃၁ ခုနှစ် တော်သလင်းလပြည့်နေ့ မွန်းတည့် (၁၂) နာရီအချိန်တွင် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

၂။ ရှေးဦးစွာ ပရိသတ်က နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏထံမှ နဝင်္ဂသီလကို ခံယူဆောက်တည်ပါသည်။

၃။ ထို့နောက် မင်္ဂလာဗျူဟာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်ထူးက ပဌာန်းပွဲကျင်းပရကြောင်းကို လျှောက်ထားသည်။

၄။ ဩဝါဒါစရိယ ဆရာတော်ကြီးငါးပါးက ဩဝါဒကထာများကို မိန့်ကြားတော်မူကြသည်။

၅။ အခမ်းအနားမှူး ဦးကြင်မောင်က အာသီသပတ္ထနာဂါထာများကို ရွတ်ဖတ်လျှောက်ထားသည်။

၆။ ဆရာတော်ကြီးများနှင့် ဂဏဝါစကဆရာတော်များက ရှေးဦးစွာ ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပဌာန်း ပါဠိတော်ကို ရွတ်ဖတ်တော်မူကြသည်။

၇။ ထို့နောက် ရွေးချယ်ထားသော သံဃာ (၄၈) ပါးက တစ်ပါးလျှင် မိနစ် (၃၀) စီ အလှည့်ကျ ရွတ်ဖတ်ကြသည်။

၈။ ပဋ္ဌာန်းပွဲကို တော်သလင်းလပြည့်နေ့မှ လပြည့်ကျော် (၄) ရက်နေ့အထိ ငါးရက်ကျင်းပသည်။

၉။ ဆရာတော်များနှင့် ပဋ္ဌာန်းရွတ်ဖတ်ကြသော သံဃာတော်များကို နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ သက်သတ်လွတ်ဆွမ်းကပ်လှူသည်။

ထိုအချိန်မှစ၍ နှစ်စဉ် တော်သလင်းလပြည့်နေ့တိုင်း ပဋ္ဌာန်းပွဲကို ကျင်းပခဲ့ရာ ယနေ့အထိပင်ဖြစ်၏။ ပထမနှစ်များက ပဋ္ဌာန်းပါဠိတော် ရွတ်ဖတ်ပွဲသက်သက်ကိုသာ ပြုလုပ်ခဲ့သော်လည်း နောက်နောင်နှစ်တို့၌ ညတရားပွဲများထည့်၍ ကျင်းပလာခဲ့ပါသည်။

## ဥက္ကဋ္ဌ ဦးမြင့်ထူး၏ အခမ်းအနားဖွင့် လျှောက်ထားလွှာ

မဟာပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားဖွင့် လျှောက်ထားလွှာပါဘုရား -

ဂေါတမရှင်တော်ဘုရား၏ ရင်သွေးရင်နှစ် သားတော်အစစ် ဖြစ်ကြီး ဖြစ်တော်မူကြပေသော လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တဆရာတော်မြတ်တို့ဘုရား၊ ဘုရားတပည့်တော် မြင့်ထူးသည် မင်္ဂလာဗျူဟာအသင်းချုပ် ဥက္ကဋ္ဌအနေဖြင့် အသင်းသားများကိုယ်စား ရိုသေလေးမြတ်စွာ ခြေတော်ဦးခိုက် လျှောက်ထားဝံ့ပါသည် ဘုရား။ လျှောက်ထားရန်အကြောင်းမှာ ဆရာတော်ဘုရားတို့၏ ဩဝါဒအမိန့်ကို ခံယူ၍ မင်္ဂလာဗျူဟာအသင်းကြီးမှ အသံမစဲ

ပဋ္ဌာန်းပွဲကို ကျင်းပရန် စီစဉ်ရခြင်း ဖြစ်ပါသည်ဘုရား။ အဘိဓမ္မာ တရားတော်၏ အဆီအနှစ်ဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကြီးသည် အဆုံးမရှိ ကျယ်ပြန့်နက်နဲ သိမ်မွေ့သည်နှင့်အမျှ တန်ခိုးအာနိသင်မှာလည်း အလွန့်အလွန် ထက်မြက်ကြီးကျယ်ကြောင်း ဆရာတော်ဘုရားတို့ ဟောကြားအမိန့်ရှိတော်မူ၍ ဘုရားတပည့်တော်များ မှတ်သားနာယူမိပါသည်ဘုရား။

ယခုခေတ်သမယ နိုင်ငံကြီးများမှာ အချင်းချင်း မသင့်တင့် ပဋိပက္ခမျိုးများ ရှိနေကြသဖြင့် စစ်မက်ရေးရာဟူသော တိမ်တောင်တိမ်လိပ်တို့သည် အရပ်လေးမျက်နှာမှ ပေါ်တက်လျက်ရှိရာ ပဋ္ဌာန်းဒေသနာတည်းဟူသော လေပြည်လေညင်း၊ လေပြင်းမုန်တိုင်းတို့ဖြင့် ထိုတိမ်တိုက်တို့ကို တိုက်ခတ်လွင့်စင်စေပြီး သန့်ရှင်းစင်ကြယ်သော အဇ္ဇောပြင်ဝယ် နေမင်းရောင်ခြည် လွှမ်းမိုးဘိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှအစ ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ မြတ်ဗုဒ္ဓသာသနာတော်သည် အရပ်ရပ် အပြည်ပြည် ပျံ့နှံ့လျက် ယခုတည်ဆောက်ဆဲဖြစ်သော နတ်လူတို့ အားကိုးအားထား ကိုးကွယ်ရာဖြစ်သော ခြောက်ထပ်ကြီးခေါ်တွင် လျောင်းတော်ရှင် ရုပ်ပွားတော်ကြီးသည် အဆောတလျင် အောင်မြင်ပြီးစီးရန် ရည်သန်စိတ်မှတ်၍ ဤပွဲကြီးကို ကျင်းပဆင်ယင်ခြင်းဖြစ်ပါသည်ဘုရား။

သို့ပါသောကြောင့် ယခုအချိန်မှစ၍ အသံမစဲပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်သရဇ္ဈာယ်ပွဲကြီးကို စတင်ကျင်းပခွင့် ပေးသနားတော်မူပါရန် ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ထားဝံ့ပါ

သည် အရှင်မြတ်တို့ဘုရား။

## ရွှေဘုန်းပွင့် ပညာလင်္ကာရ ဆရာတော်ဦးပညာ၏ ဩဝါဒကထာ

ဩဝါဒပေးဖို့ လျှောက်ထားတဲ့အတွက် ဩဝါဒစကား အနည်းငယ် ပြောကြားပါမည်။ မင်္ဂလာဗျူဟာ အသင်းချုပ်အနေနှင့် ခြောက်ထပ်ကြီးဘုရားကြီး တည်ဆောက်ရာမှာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး လာရောက်ကူညီအားပေးတာ တွေ့ရတဲ့အတွက် ဘုန်းကြီးများ အလွန်ဝမ်းမြောက်ပါတယ်။ ရှေ့ကိုလည်း ဘုရားကြီး မပြီးသမျှ ဆက်လက်ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်။

## ရရစ်ဗြူဟာ ယပင့်ဗျူဟာ နှစ်မျိုးဖြစ်ပုံ

မင်္ဂလာဗျူဟာအသင်းချုပ်နဲ့ ပတ်သက်ပြီး နည်းနည်း ဩဝါဒ ပေးပါမည်။ ဗျူဟာက ရရစ်ဗြူဟာ ယပင့်ဗျူဟာရယ်လို့ နှစ်မျိုးရှိပါတယ်။ ရရစ်ဗြူဟာက "ဗြူဟေတိ ဝဍ္ဎေတီတိဗြူဟော"ဟု ဝစနတ္ထအရ တိုပွားစေတတ်၊ ပြန့်ပွားစေတတ်သော ပညတ်ပရမတ် ပုဂ္ဂလတရားဟု ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ မင်္ဂလဆိုတာက "မင်္ဂီ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"ဟု ဝစနတ္ထအရ မကောင်းမှု အကုသိုလ် ဒုစရိုက်တွေကို ရိတ်ဖြတ်ဖျက်ဆီးတတ်သော ကောင်းမှု ကုသိုလ် သုစရိုက်တရားတို့ကို မင်္ဂလလို့ အဓိပ္ပာယ်ရပါတယ်။ သို့ဖြစ်၍ မင်္ဂလနှင့် ဗြူဟာနှစ်ပုဒ်ကို ပေါင်းစပ်လိုက်လျှင် ကောင်းမှု

ကုသိုလ် သုစရိုက်တရားတို့ကို တိုးပွားစေတတ်၊ ပြန့်ပွားစေတတ်သော အသင်းအဖွဲ့ဟု အနက်အဓိပ္ပာယ်ရ၏။

ယပင့်နှင့် ဗျူဟာက "ဗျူဟတိ ဝိယူဟတီတိ ဗျူဟော သေနာသမူဟော-ဟူသော ဝစနတ္ထအရ ယက်ထုတ်တတ်သော စုရုံးတတ်သော စစ်ဆင်တတ်သော စစ်ရေးပြတတ်သော စစ်သားအပေါင်းကဲ့သို့ စစ်သားအပေါင်းစုနှင့်တူသော ကုသိုလ်ကောင်းမှုပြုတတ်သည့် သူတော်ကောင်း အသင်းအဖွဲ့အပေါင်းအစုဟု အနက်အဓိပ္ပာယ် ရပါသည်။ မင်္ဂလနှင့် ဗျူဟာနှစ်ပုဒ်ကို ပေါင်းစပ်လျှင် မင်္ဂလအမည်ရသော ကောင်းမှုကုသိုလ် သုစရိုက်တရားတို့ဖြင့် စုရုံးစစ်ဆင် စစ်ရေးပြတတ်သော အသင်းအဖွဲ့ဟု အဓိပ္ပာယ် ထွက်ပါသည်။ မင်္ဂလာဗျူဟာအသင်းချုပ်ကတော့ ယပင့်ဗျူဟာ မင်္ဂလာဗျူဟာဟု ဗဟုဝုစ်သံနှင့် သုံးနှုန်းထားတာ တွေ့ရပါသည်။ သို့ပင်ဖြစ်လင့်ကစား ရရစ်ပြုဟာ ယပင့်ဗျူဟာနှစ်မျိုးလုံးကို ရရစ်ပြုဟာက အကျဉ်းအားဖြင့် (၁) မင်္ဂလာတရားကို ပြန့်ပွားအောင် ပြုလုပ်အားထုတ်တတ်တဲ့ အသင်းချုပ်၊ ယပင့်ဗျူဟာက (၂) မင်္ဂလာတရားဖြင့် အသိဉာဏ်လိမ္မာ တိုးပွားအောင် စစ်ဆင်သကဲ့သို့ ပြုလုပ်အားထုတ်တတ်သော အသင်းချုပ်ဟု အဓိပ္ပာယ် အသီးသီးရသော်လည်း အကောင်းချည်း ထွက်နေသောကြောင့် ယပင့်နှင့် မင်္ဂလာဗျူဟာ အသင်းချုပ်အမည်ဟာလည်း သင့်မြတ်ပါသည်။

နောက်ဆုံး ဩဝါဒပေးလိုတာက မင်္ဂလာတရား (၃၈)ပါး တို့တွင် လောကီမင်္ဂလာ (၃၅) ပါး လောကုတ္တရာ မင်္ဂလာ သုံးပါးပေါင်း (၃၈)ပါးတို့ကို ပိုင်ပိုင်နိုင်နိုင် သိလာအောင် ကျင့်ချင်လာအောင်

အချိန်အပိုင်းအခြားထားပြီး ဟောပြောပြသနိုင်သော သင်တန်းဆရာဖြင့် လည်းကောင်း၊ ရက်ပိုင်းခြား၍ ဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် လည်းကောင်း၊ ဤနှစ်နည်းလုံးဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေးပါလျှင် အသင်းသားတိုင်း မင်္ဂလာတရား (၃၈)ပါးကို ကိုယ်တိုင်ကျကျနနသိ၍ တစ်စတစ်စ ကျင့်သွားပြီးလျှင် မိမိ၏ အိမ်သူအိမ်သား သားသမီးဇနီးကစ၍ အနည်းငယ် အချိန်ထားလျက် နေ့စဉ်ဟောပြောပေးလျှင် အိမ်သူအိမ်သား သားသမီးဇနီးတို့လည်း စိတ်ဝင်စားပြီးလျှင် ကျင့်ကြသဖြင့် အစစ အရာရာ ညီညီညွတ်ညွတ် အားထုတ်အလှူပေး ဝေဖန်ပိုင်းခြား လုံ့လရှိ ဗဟုသုတများ ခန္တီသောရစ္စ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ရှေ့ထား၍ ပြုလုပ်ပါလျှင် ပစ္စက္ခစီးပွားရေးလည်းခိုင်၊ ကုသိုလ်ရေးလည်း မြိုင်မြိုင်ဆိုင်ဆိုင် အရှည်တည်မြဲအောင် မင်္ဂလာဗျူဟာ အသင်းချုပ်ကြီးက ဦးဆောင်၍ ပြုလုပ်နိုင်ကြပါစေသော်ဟု သြဝါဒစကား မိန့်ကြားလိုက်ပါသတည်း။

## ဆရာတော်ဦးသေဋ္ဌိလ၏ သြဝါဒကထာ

ယခုလို ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်တွင် ရွှေသာလျောင်းဘုရားရှင်အား မဟာပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲကြီးမှာ ဘုန်းကြီးအနေနဲ့ သြဝါဒပေးခွင့်ရသည့်အတွက် ခြောက်ထပ်ကြီး ဆရာတော်ဘုရားကြီးနှင့်တကွ တိုက်တာရှိ သံဃာတော်အားလုံးကို လည်းကောင်း၊ ခြောက်ထပ်ကြီးလျောင်းတော်မှူ ရုပ်ပွားတော်ကြီး တည်ဆောက်ရေးအဖွဲ့နှင့် မင်္ဂလာဗျူဟာအသင်း

ချုပ်ကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါသည်။

## နိုင်ငံခြားဝါဒီများ

ဒီနေရာမှာ သုတ္တန္တ အဘိဓမ္မာ ပရိတ်ပဌာန်း ရွတ်ဖတ်လို့ အန္တရာယ်ကင်းပုံကို အနည်းငယ် ပြောကြားလိုပါတယ်။ နိုင်ငံခြား ဆွေးနွေးပွဲများမှာ ပရိတ်ပဌာန်းရွတ်၍ ရောဂါအန္တရာယ်ကင်း ပျောက်နိုင်တယ်ဆိုတာကို ဥရောပတိုက်သားတို့က အလွန်မေးကြပါတယ်။ ဘုရားတန်ခိုးတော် တရားတော်ဓမ္မစက်ကြောင့် ရောဂါအန္တရာယ် ကင်းပျောက်တယ်ဆိုတာကို လက်မခံနိုင်ကြဘူး။

## ယင်းဝါဒသမားများကို ပြောပြခဲ့ပုံ

အမှန်က ဒီလိုပါ။ ရောဂါဝေဒနာဖြစ်လာတဲ့အခါ ထိုးဆေး၊ စားဆေးများ စားလိုက်၊ ထိုးလိုက်လျှင် ထိုးဆေးများရဲ့ အာနိသင်များဟာ ခန္ဓာကိုယ်ထဲ တိုက်ရိုက်ရောက်သွားပြီး ရောဂါဝေဒနာများကို နှိမ်နင်းပစ်လိုက်သလို ပရိတ်ပဌာန်း ရှုဖတ်လိုက်တဲ့အခါမှာ ထိုဘုရားဟော ပရိတ်ပဌာန်းတို့ကို ယုံကြည်လေးစား(သဒ္ဓါတရား ရှိပြီးသား ပုဂ္ဂိုလ်များအဖို့) ပရိတ်ပဌာန်းသံကို ကြားလိုက်ရတာနှင့် စိတ်နှလုံး အေးမြကြည်နူးသွားပါတယ်။ စိတ်နှလုံးအေးမြကြည်နူးသွားတာနှင့်တစ်ပြိုင်နက် စိတ်ကြောင့်ဖြစ်သော သွေး၊ သည်းခြေ၊ သလိပ် စသည်တို့ဟာလည်း ကြည်လင်သွားပါတယ်။ အဲဒီလို ကြည်

လင်သွားသဖြင့် လေတွန်းကန်အားကောင်း၍ သွေးလမ်း၊ လေလမ်း ဖြောင့်မှန်ပြီး လည်ပတ်နေ၍ ကျန်းမာရေးကို အထောက်အကူပေး သွားပါတယ်။ ပရိတ်ပဌာန်းသံကြောင့် ဖြစ်ပေါ်လာတဲ့ ကြည်လင်တဲ့ စိတ္တဇရုပ်ကောင်းများက တွန်းကန်အားပေးလိုက်တဲ့အခါ ခန္ဓာကိုယ် ထဲမှာရှိတဲ့ မကောင်းတဲ့ ဥတုဇရုပ်၊ အာဟာရဇရုပ်များဟာလည်း ကြည်လင်သန့်ရှင်း ကြေညက်ပြီး ရုပ်ကောင်းအဖြစ် ပြောင်းလဲသွား ပါတယ်။ ကျန်းမာလာပါတယ်။ ပရိတ်ပဌာန်း ရွတ်ဖတ်ပူဇော်လို့ အန္တရာယ်ကင်းတယ်။ ကျန်းမာတယ်ဆိုတာဟာ ဒီသဘောကို ဆိုလို ရင်းဖြစ်ပါတယ်။ လောကဓာတ် ပါမောက္ခဆရာကြီးများနှင့် ဗုဒ္ဓ ဘာသာကို ကြည်ညိုလေးစားသော ဥရောပ စသည့် တိုက်သားများ လည်း လက်ခံကြပါတယ်။

## ရွတ်ဖတ်နာယူ စိတ်ကြည်ဖြူ

ဒါကြောင့် ရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်များကလည်း စိတ်စေတနာ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းနှင့် ရွတ်ဖတ်ပါ။ နာယူတဲ့ ပုဂ္ဂိုလ်များကလည်း ယုံယုံကြည်ကြည် လေးလေးစားစားနှင့် နာယူပါ။ အဲဒီလို စိတ်ကြည်လင်သန့်ရှင်းစွာ သဒ္ဓါယုံကြည်စွာ နာယူကြပါလျှင် ရောဂါဝေဒနာ ဘေးရန်အန္တရာယ်များလည်း ကင်းပါတယ်။ မိမိတို့ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများပါ ငြိမ်းချမ်း ပါတယ်။ မိမိတို့ လိုလားတောင့်တ ကောင်းမြတ်သည့် အကျိုး အာနိသင်များလည်း မုချပြည့်စုံနိုင်ကြောင်း ထပ်လောင်း၍ သြဝါဒ ကောင်း မိန့်ကြားလိုက်ပါတယ်။

# ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ၏ ဩဝါဒကထာ

မင်္ဂလာဗျူဟာအဖွဲ့မှ ဒါယကာကြီး ဦးလှထွန်းက သက်သတ်လွတ်စား၍ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ခြင်းသည် အကျိုးအာနိသင် ပို၍ထက်မြက်ကြောင်း ပြောဆိုကြသည်ကို ကြားရဖူးပါသည်။ ထိုစကား ဟုတ်မှန်ပါသလားဟု လျှောက်ထားလာသည်။ ဟုတ်မှတ်ကြောင်း ဖြေကြားလိုက်ရသည်။ ယခုလည်း မင်္ဂလာဗျူဟာအဖွဲ့နှင့် မဟာပဋ္ဌာန်း ပူဇော်ပွဲကျင်းပရေး ကော်မတီက ဩဝါဒပေးရန် လျှောက်ထားပြန်သောကြောင့် သက်သတ်လွတ်စား၍ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ခြင်းသည် အကျိုးအာနိသင်များကြောင်းကိုပင် အများသိရအောင် ထပ်မံ၍ ဩဝါဒပေးပါမည်။

ဓမ္မံ စရေ ယောပိ သမုဇ္ဇကံ စရေ၊

ဒါရဉ္စ ပေါသံ ဒဒမပ္ပကသ္မိံ။

သတံ သဟဿာနံ သဟဿယာဂိနံ၊

ကလမ္ပိ နာဂ္ဃန္တိ တထာဝိဓဿ တေ။

ဟူ၍ သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော် မစ္ဆရိယသုတ်၌ အသက်သတ်လွတ်အလှူ၏ အကျိုးကြီးမားပုံကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ဂါထာ၏ အနက်ကား-ယော ပုဂ္ဂလော-အကြင်သူဆင်းရဲသည်၊ သမုဇ္ဇကံ-လယ်ရှင်ယာရှင်တို့သည် စွန့်ပစ်အပ်ပြီးသော

ကောက်နယ်တလင်းတို့၌ တံမြက်စည်းလှည်း၍ ကောက်သင်းကောက်ခြင်းအလုပ်ကို၊ စရေ-ပြုလုပ်လျက် ဝမ်းစာကို ရှာရလေ၏၊ သော ပုဂ္ဂလော-တလင်းချေးခါလျက် ဆင်းရဲစွာ ဝမ်းစာရှာရသော ထိုဆင်းရဲသားယောကျ်ားသည်၊ ဒါရစ္စ-သားမယားကိုလည်း၊ ပေါသံ ပေါသန္တော-မွေးမြူလျက်၊ အပ္ပကသိဝ်-အနည်းငယ်မျှသော ပစ္စည်းဥစ္စာ၌၊ သံဝိဘာဂံ-ကတွာ-ခွဲခြမ်း ဝေဖန်ခြင်းကို ပြု၍၊ ဒဒံ ဒဒန္တော-စားဦးစားဖျား လှူဒါန်းလျက်၊ ဓမ္မံ-ကုသလကမ္မပထတရားကို၊ စာရေ-ကျင့်လေရာ၏။ သဟဿယာဂိနံ-အလှူခံ ပုဂ္ဂိုလ်ရဟန်းတစ်ထောင်စီ တစ်ထောင်စီအား ဆွမ်းကျွေးမွေးလှူဒါန်းကြကုန်သော၊ သတံ သဟဿာနံ-အလှူ ဒါယကာ တစ်သိန်းတို့၏၊ ယေ ယာဂါ-အကြင်အလှူကြီးတို့သည်၊ သန္တိ-ရှိကုန်၏။ တေယာဂါ-အလှူခံ ပုဂ္ဂိုလ်တစ်ထောင်စီအား ဆွမ်းလှူဒါန်းကြကုန်သော အလှူဒါယကာ တစ်သိန်းတို့၏ ထိုအလှူကြီးသည် တထာဝိဓဿ-တလင်းချေးခါ၍ ဆင်းရဲစွာဝမ်းစာရှာဖွေရသော ထိုဆင်းရဲသားအလှူ၏၊ ကလမ္ပိ-တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုလည်း၊ (ဝါ) အစိတ်တစ်ရာ၊ အစိတ်တစ်ထောင် စိတ်၍ တစ်စိတ်မျှကိုလည်း၊ နာဂ္ဃန္တိ-မထိုက်တန်ကြကုန်။

ဘာကြောင့် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတို့၏ အလှူကြီးသည် ဆင်းရဲသား၏အလှူကို မယှဉ်သာအောင် အကျိုးပေးနိမ့်ချာညံ့ဖျင်းရပါသနည်းဟု မေးလျှင် လူချမ်းသာတို့၏ အလှူကြီးသည် သတ္တဝါတို့၏အသက်ကို သတ်ဖြတ်ညှဉ်းဆဲ၍ လည်းကောင်း၊ သူတစ်ပါးတို့ကို မျက်ရည်စက်လက် စိုးရိမ်ပူဆွေး ငိုကြွေးစေ၍

လည်းကောင်း လျှုဒါန်းပြီးလျှင် သူဆင်းရဲမှာမူကား သတ္တဝါတို့၏ အသက်ကို မညှဉ်းဆဲ၊ မသတ်ဖြတ်ဘဲ မိမိစားသောက်ရသော ဟင်းရွက်ပြုတ်ကိုသာ လှူဒါန်းသောကြောင့် ဖြစ်ပေသည်ဟူ၍ မြတ်စွာဘုရားက ဖြေကြားခဲ့လေသည်။

ဘီလူးသဘက်တို့ ဖမ်းစား၍ အာဋ္ဌာနာဋိယသုတ် ပရိတ်ကို ရွတ်ဖတ်ရာ၌လည်း ပရိတ်တရားတော်၏ ဓမ္မစက် ထက်မြက်စေရန် ဘီးလူးသဘက်တို့ အလွန်ကြိုက်နှစ်သက်သော နှမ်းမုန့်ညက်ကို လည်းကောင်း၊ အသားကိုလည်းကောင်း မစားရဟု တံဘဏန္တေန ဘိက္ခုနာ ပိဋ္ဌံ ဝါ မံသံ ဝါ န ခါဒိတဗ္ဗံဟူ၍ အာဋ္ဌာနာဋိယ သုတ် အဋ္ဌကထာ မိန့်ဆိုသည်ကိုထောက်၍လည်းကောင်း၊ သဗ္ဗညု မြတ်စွာဘုရားသခင်သည် သုဇာတာသူဋ္ဌေးသမီး လှူဒါန်းအပ်သော အသက်လွတ် နို့ဃနာဆွမ်းကိုစား၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ခုနစ်သတ္တာဟ (၄၉) ရက်အတွင်း အခြားသောဆွမ်းကို မစားဘဲ စတုတ္ထမြောက် သတ္တာဟရတနာဃရ စံကျောင်းတော်သို့ အရောက်၌ အဘိဓမ္မခုနစ်ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူခဲ့သည်ကို နည်းယူလျက်လည်းကောင်း၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး အမြန်ပြီးစီးစေရန်နှင့် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့ ချမ်းသာသုခရရှိစေရန်အတွက် ရည်သန်၍ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ကြရာ၌လည်း အကျိုးပြီးမြောက်စေရန် မေတ္တာကရုဏာတရားတို့ကို ရှေ့ထားလျက် အသက်သတ်လွတ်ဆွမ်းကိုစား၍ ရွတ်ဖတ်ပူဇော်ခြင်းသည် အလွန်ပင်သင့်လျော်ကောင်းမြတ်ကြောင်းကို မိန့်ကြားလိုက်ရပေသည်။

## **အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၏ ပဋ္ဌာန်းပူဇော်ပွဲ ဩဝါဒကထာ**

လောကဌ် လူနတ်ပြဟ္မာ သတ္တဝါဟု ခေါ်နေကြသည်မှာ ကံ စသော အကြောင်းတရားများကြောင့် မပြတ်ဖြစ်သော အကျိုးနာမ်တရား အစဉ်မျှသာ ဖြစ်သည်။ ထိုအကြောင်းများစွာတို့တွင် ကံအကြောင်းကြောင့် ကောင်းကျိုး၊ ဆိုးကျိုး မျှဖြစ်နေပုံကို သုတ္တန်ဒေသနာတော်၌ မြတ်စွာဘုရားက စူဠကမ္မဝိဘင်္ဂသုတ်မှာ ဤသို့ ဟောတော်မူပေသည်။

ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ
ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏာ၊ ကမ္မံ သတ္တေ
ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယ။

မာဏဝသုဘလုလင်

သတ္တာ-သတ္တဝါတို့သည်။ ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏။ ကမ္မဒါယာဒါ-ကံ၏ အကောင်းအဆိုး အမွေကို ခံယူရကုန်၏။ ကမ္မယောနိ-ကံ၏အကြောင်း ရှိကုန်၏။ ကမ္မဗန္ဓု-ကံလျှင် ဆွေမျိုးရှိကုန်၏။ ကမ္မပဋိသရဏာ-ကံလျှင် အားကိုးရာ ရှိကုန်၏။ ဟီန ပဏီတတာယ-ယုတ်သည် မြတ်သည်၏ အဖြစ်ဖြင့်၊ ယဒိဒံ ဝိဘဇနံ-အကြင်ကွဲပြားခြင်းသည်၊ အတ္ထိ-ရှိ၏။ တေန-ထို အယုတ်အမြတ် အကွဲအပြားအားဖြင့်၊ သတ္တေ-သတ္တဝါတို့ကို၊ ကမ္မံ-

ကံက၊ ဝိဘဇတိ-ခွဲခြားဝေဖန်၏။

မိမိကိုယ်တိုင်ပြုလုပ်ထားသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံအားလျော်စွာ သတ္တဝါဟု ခေါ်ရသောအကျိုး ရုပ်နာမ်အစဉ်သည် အသက်ရှည်ခြင်း၊ တိုခြင်းစသောအမြတ်၊ အယုတ်အားဖြင့် ကွဲပြားလျက်ရှိသည်ဟု ဆိုလိုပေသည်။ ထို့ထက် အကျယ်အားဖြင့် အကြောင်းအကျိုးတရားတို့ကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ဖြင့် ဟောကြားတော်မူပေသည်။ ယင်း ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်၌ အဝိဇ္ဇာဟူသော အကြောင်းသက်သက် အင်္ဂါကတစ်ပါး။ ဇရာမရဏဟူသော အကျိုးသက်သက် အင်္ဂါကတစ်ပါး၊ သင်္ခါရမှ ဇာတိတိုင်အောင် အကြောင်းအကျိုး နှစ်ပါးလုံးဖြစ်သည့် အင်္ဂါက (၁၀)ပါးအားဖြင့် အင်္ဂါ (၁၂)ပါး ရှိသည်။ ယင်းပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကို ကြားနာခြင်း၊ လေ့လာခြင်း၊ ဆင်ခြင်ခြင်းဖြင့် သတ္တဝါဟူသည်မှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်၊ ရုပ် အစရှိသော အကြောင်းအကျိုး ရုပ်နာမ် အစဉ်မျှသာဖြစ်ကြောင်း သိနားလည်ရပေသည်။ ထို့ထက် အကျယ်အားဖြင့် အဘိဓမ္မာ ဒေသနာပဋ္ဌာန်းကျမ်းကြီး၌ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသည်ဖြင့် (၂၄) ပါးသော အကြောင်းတရားများနှင့် ယင်းတို့၏ အကျိုးတရားများကို ဝေဖန်ဟောကြားတော်မူပေသည်။ ယင်း ပဋ္ဌာန်းဒေသနာတော်၌ (၂၄) ပါးသော ပစ္စည်းတရားတို့တွင် အနန္တရနှင့် သမနန္တရ သည်လည်းကောင်း၊ အတ္ထိနှင့် ဝိဂတသည်လည်းကောင်း၊ နတ္ထိနှင့် အဝိဂတသည်လည်းကောင်း အမည်ဝေါဟာရမျှသာကွဲ၍ တရားကိုယ်အားဖြင့် အရတူနေသော

ကြောင့် ယင်းခြောက်ပစ္စည်းတို့မှ ထပ်တူပစ္စည်းသုံးပါးကို နုတ်လိုက်လျှင် ပဋ္ဌာန်းကျမ်းလာ ပဋ္ဌာန်းအကြောင်းတရားများသည် (၂၁)ပါးမျှသာဖြစ်သည်။ယင်း (၂၁)ပါးသော အကြောင်းများကြောင့် သတ္တဝါဟု ခေါ်ရသော ရုပ်နာမ်အကျိုးတရားများသည် အဆက်ဆက်ဖြစ်ပေါ်နေကြသည်။ ယင်းသို့ အကြောင်းအကျိုး အဆက်ဆက် မပြတ်ဖြစ်နေသမျှ ကာလပတ်လုံး သတ္တဝါဟုခေါ်ရသော ရုပ်နာမ်အစဉ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဆင်းရဲအမျိုးမျိုးတို့နှင့် အဖန်ဖန် တွေ့ကြုံခံစားလျက် ကာမ၊ ရူပ၊ အရူပ ဟူသော ဘုံသုံးပါး၌ ကျင်လည်နေရလေသည်။ ယင်း (၂၁)ပါးသော အကြောင်းပစ္စည်းတို့တွင် ပဋ္ဌာန်းအရ သတ္တဝါကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်း၊ မပိုင်မဆိုင်ရာ၌ မေထုန်ကာမကို ကျူးလွန်ခြင်း၊ လိမ်လည်ခြင်းစသော မကောင်းမှု အကုသိုလ်ကံ ကိုပြုလျှင် ထိုစေတနာကံကြောင့် ယုတ်ညံ့သော ငရဲ တိရစ္ဆာန်၊ ပြိတ္တာ ဘုံဌာနတို့၌ ပဋိသန္ဓေဝိညာဉ်စသော အကုသိုလ်ကံ၏အကျိုး ရုပ်နာမ်အစဉ် ဖြစ်ပွားသွားလေသည်။ ယင်းသို့ ဖြစ်ပွားသွားသည်ကိုပင် မည်သူဟာ မည်သည့်အကုသိုလ်ကံကြောင့် ငရဲသို့ ကျရောက် သွားသည်၊ တိရစ္ဆာန်ဘုံသို့ရောက်သွားသည်၊ ပြိတ္တာဖြစ်သွားသည် စသည်ဖြင့် ပြောဆိုရလေသည်။ ညှဉ်းဆဲသတ်ဖြတ်မှုမှ ကြဉ်ရှောင်ခြင်းစသော သီလကုသိုလ်ကံ၊ ပေးလှူခြင်း ဒါနကုသိုလ်ကံ၊ မေတ္တာပွားခြင်းစသော ဘာဝနာကုသိုလ်ကံတို့ကို ပြုစုပွားများစေလျှင် ထိုကုသိုလ်ကံစေတနာကြောင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့၌ ပဋိသန္ဓေ ဝိညာဏ်

စသော ကုသိုလ်ကံ၏အကျိုး ရုပ်နာမ်အစဉ်ဖြစ်ပွားသွားလေသည်။

ယင်းသို့ ဖြစ်ပွားသွားသည်ကိုပင် လူဖြစ်နေသည်၊ နတ်ဖြစ်နေသည်၊ ဗြဟ္မာဖြစ်နေသည် စသည်ဖြင့် ပြောဆိုရပေသည်။ သို့သော် အမှန်စင်စစ်အားဖြင့် ငရဲသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါ ၊ ပြိတ္တာသတ္တဝါ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါဟု ထင်မှတ်စွဲလမ်းအပ်သော အတ္တကောင်ကား ရှိသည်မဟုတ်ပေ။ ကမ္မပစ္စည်းနှင့် ယင်း၏ပစ္စယုပ္ပန်အကျိုးဖြစ်သော နာမ်ရုပ်အစဉ်မျှ သာရှိပေသည်။

ထိုနာမ်ရုပ်တို့သည်လည်း တစ်ကျံ့တည်း အမြဲတည်နေကြသည်ကားမဟုတ်။ အသစ်အဟောင်း ခဏမစဲ ဖြစ်ပျက်ပြောင်းလဲလျက်ရှိနေသည်။ ထို့ကြောင့် အနိစ္စ မမြဲသောတရားမျှသာဖြစ်သည်။ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်နေသောကြောင့် ဒုက္ခဆင်းရဲမျှသာဖြစ်သည်။ မိမိအလိုအတိုင်း မဖြစ်၊ အစိုးမရသောကြောင့် အနတ္တ-အတ္တကောင်မဟုတ် သဘောတရားမျှသာ ဖြစ်သည်။ ဤသို့ စသည်ဖြင့် ပဋ္ဌာန်းဒေသနာတော်အရ အကြောင်းအကျိုး အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ဉာဏ်သက်ဝင်နိုင်အောင် လေ့လာကြရသည်။ လေ့လာပြီးလျှင် မိမိသန္တာန်၌ တကယ်ဖြစ်ပျက်နေသော ရုပ်နာမ်တို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတို့ဖြင့် ပြည့်စုံစွာ သိမြင်သော အခါ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ဆိုက်ရောက် သွားနိုင်ပါသည်။ ထိုသို့ ဆိုက်ရောက်နိုင်အောင် ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ကြားနာခြင်း၊ လေ့လာ

ခြင်းများကို ပြုကြသည့်ပြင် မိမိတို့၏သန္တာန်၌ တကယ်ဖြစ်ပေါ် နေသော အကြောင်းအကျိုး ရုပ်နာမ်တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိအောင်လည်း ဖြစ်ဆဲရုပ်နာမ်တို့ကို အသိဉာဏ်ဖြင့် ရှုသိ ပွားများအားထုတ်နိုင်ကြပါစေ။

## ဘုံပျံဆရာတော် အရှင်ပညာသာမိ၏ ဩဝါဒ မိန့်ခွန်းတော်

ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် ပတ်သက်ပြီး တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းလောက်ကိုပဲ ဆရာတော် မိန့်ကြားလိုပါတယ်။ ဒီပဋ္ဌာန်းတရားတော်ကို ကိုယ်တိုင်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းတို့ကို မဆိုထားနှင့် နားကကြားနာရဖို့ပင် ကမ္ဘာအသင်္ချေ လွန်လေငြားသော်လည်း အလွန်တရာမှ ကြုံကြိုက်ခဲလှပါတယ်။ ပဋ္ဌာန်းဒေသနာတော်ဟာ အခက်ခဲဆုံး၊ အနက်နဲဆုံး၊ အသိမ်မွေ့ဆုံး တရားတော်ဖြစ်လို့ ဓမ္မသင်္ဂဏီ စတဲ့ အောက်အဘိဓမ္မာကျမ်းတို့ကို စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်မှာ သုံးသပ်တော်မူတဲ့အခါ ရောင်ခြည်တော်များ ထွက်တော်မမူသေးဘဲ ပဋ္ဌာန်းဒေသနာတော်ကို အပြန်ပြန်အလှန်လှန် သုံးသပ်တော်မူမှ ပကတိရောင်ခြည်တော်များ ထွက်တော်မူခဲ့ပါတယ်။ အဲဒီရောင်ခြည်တော် ခြောက်ပါးဟာ မြတ်စွာဘုရားရဲ့ အဓိဋ္ဌာန်တော်ကြောင့် ထွက်ပေါ်လာတဲ့ ဘာဝနာမယိဒ္ဓိလည်း မဟုတ်ပါဘူး။ တိမိရ တိမိင်္ဂလဆိုတဲ့ ငါးကြီးများဟာ ချောင်းငယ်၊မြောင်းငယ်တို့မှာ စိတ်တိုင်းကျ မကွန့်မြူးနိုင်ကြဘဲ ယူဇနာ ရှစ်သောင်းလေးထောင် အနက်ဆောင်သော

သမုဒ္ဒရာသို့ရောက်မှ စိတ်တိုင်းကျ လူးလွန့်ပြီး မြူးကွန့်နိုင်သလို အလွန်ကြီးကျယ်တော်မူလှတဲ့ ရွှေဉာဏ်တော်ဟာလည်း ဓမ္မသင်္ဂဏီစတဲ့ ကျဉ်းမြောင်းလှသော ဒေသနာတော်များကို သုံးသပ်တော်မူတဲ့အခါ မလွန့်လူး မကွန့်မြူးသာဘဲ အလွန်နက်နဲ ခက်ခဲကျယ်ဝန်းလှသော ပဋ္ဌာန်းဒေသနာတော်သို့ရောက်မှ ရွှေဉာဏ်တော်တစ်အားကုန်မြူးကွန့်ပြီး လူးလွန့်ခွင့်ရသဖြင့် ဘုရားရှင်၏ နှလုံးသွေးတော် ဟဒယဝတ္ထုတော် ကိုယ်ရေ ကိုယ်ဆင်းတော်တို့ဟာလည်း အလွန်အမင်း ကြည်လင်သန့်ရှင်းတော်မူခြင်း ဖြစ်လာပါသည်။

အဲဒီလို ကြည်လင်သန့်ရှင်း အရောင်တဝင်းဝင်း ဖြစ်နေသော ဟဒယဝတ္ထုတော်ပေါ်မှာဖြစ်တဲ့ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက မဟာကြိယာ စိတ်တော်ကြောင့်ဖြစ်သော စိတ္တဇဥတု၊ ထိုစိတ္တဇဥတုမြတ်သည် ဖြစ်စေအပ်သော ပကတိကိုယ်ရောင်တော်မြတ်ဟာလည်း ဘုရားရှင်၏ပတ်လည် အတောင် (၈၀) အတွင်းမှာ တဝင်းဝင်း တရှိန်ရှိန် တထိန်ထိန် အလိုလိုထွက်နေသည့်အပြင် -

(၁) ဆံတော် စသော ညိုမှောင်ရာအရပ်တို့မှ ပတ္တမြားညိုအဆင်းနှင့်တူသော နီလရောင်ခြည်တော်၊

(၂) ကိုယ်ရေတော် စသော ဝါဝင်းရာအရပ်တို့မှ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ပီတရောင်ခြည်တော်၊

(၃) သွေးတော်သားတော် စသော နီမြန်းရာအရပ်တို့မှ

သန္တာနီ အဆင်းကဲ့သို့ နီဝင်းသော လောဟိတရောင်ခြည်တော်၊

(၄) သွားတော် စသော ဖြူဖွေးရာအရပ်တို့မှ ဘော်သာခွာရောင်အဆင်းကဲ့သို့ ဖြူဝင်းသော ဩဒါတရောင်ခြည်တော်၊

(၅) အနီနုရောင်အရပ်တို့မှ နီပဆေးရောင် ပန်းနုရောင်အဆင်းကဲ့သို့ တပြောင်ပြောင်တောက်ပသော မဥ္ဇိဋ္ဌရောင်ခြည်တော်၊

(၆) ကိုယ်တော်အလုံးမှ ရောင်စုံရောယှက် တစ်ခဲနက်ပြိုးပြိုးပြက်ပြက် တစ်လက်လက်ထွက်နေသော ပဘဿရ ရောင်ခြည်တော်၊

အဲဒီ ဆိုအပ်ခဲ့ပြီးတဲ့ ရောင်ခြည်တော်များဟာ ယူဇနာနှစ်သိန်းလေးသောင်းရှိသော မြေထု၊ လေးသိန်းရှစ်သောင်းရှိသော ရေထု၊ ကိုးသိန်းခြောက်သောင်းရှိသော လေထုတို့ကို ဖောက်ထွင်းပြီး အောက်ဟင်းလင်း အဇဋာကာသသို့ လည်းကောင်း၊ လူ့ပြည်လောကဓာတ် နတ်ပြည်ခြောက်ထပ်နှင့်တကွ ဗြဟ္မာနှစ်ဆယ်ကိုပါ အုပ်ဖုံးပြီး အဆုံးမရှိတဲ့ အဇဋာကာသထက်ကောင်းကင် ပတ်ဝန်းကျင် စကြဝဠာအနန္တတို့၌ ရှိရှိသမျှသော အရောင်အမျိုးမျိုးတို့ကို လွှမ်းမိုးအုပ်ဖုံး၍ အဆုံးမရှိသော အနန္တလောကဓာတ်တို့ကို ယနေ့တိုင် တလျှပ်လျှပ် တဖျတ်ဖျတ် အံ့မခန်းအောင် ကြွမြန်းတော်မူ

နေဆဲပဲ ဖြစ်ပါတယ်။ ဤကဲ့သို့ မကြုံစည်အပ် အလွန်များမြတ်တော်မူလှသော တန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံတော်မူတဲ့ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြတဲ့ ကလျာဏနွယ်ဝင်သူတော်စင်တို့မှာလည်း မကြံစည်အပ် များမြတ်သော အကျိုးတရားတို့ကို တိုးပွားနိုင်ပါတယ်။

အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော-လို့ ဟောကြားတော်မူခဲ့သော ဒေသနာတော်ကို သေချာစွာလိုက်နာ မှတ်သားကြပြီးလျှင် ကြားရနာရ လေ့လာမှတ်သားကြရဖို့ အလွန် ကြုံကြိုက်ခဲယဉ်းလှစွာသော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို လသာတုန်း ဗိုင်းငင့်ဆိုတဲ့ စကားကဲ့သို့ မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ ရခဲလှစွာသော လူအဖြစ်ကို ရလာခိုက် သဒ္ဓမ္မဿဝနံ ဒုလ္လဘံဆိုတဲ့ ကြားနာရခဲလှစွာသော ပဋ္ဌာန်းတရားတော်ကြီးနှင့် တွေ့ကြုံခိုက် အလွန်အားစိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပူဇော်လိုက်ကြပါဟုဆရာတော် တိုက်တွန်းစကား မိန့်ကြားသတိပေးအပ်ပါကြောင်း။

## မမ္ဘာစရိယ ဦးကြင်မောင်၏ အာသီသ ပတ္ထနာ ဂါထာတော်များ

ပဋ္ဌာနံ သမ္မသန္တဿ၊ ဗုဒ္ဓဿ သဗ္ဗရံသိယော။
သဗ္ဗဒိသာ နိက္ခမိံသု၊ မောဒိံသု သဗ္ဗဒေဝတာ။

ပဋ္ဌာနံ- အနန္တနယ သမန္တပဟု ပါသာဒိက အဖုံဖုံအလုံးစုံ ပြည့်စုံပေလတ် ပဋ္ဌာန်းဒေသနာတော်မြတ်ကို၊ သမ္မာသန္တသ- ရတနာဃရ ရွှေအိမ်ဝမှာ ဟဒယကြည်လျှံ ဆင်ခြင်ဉာဏ်ဖြင့် ဖန်ဖန်ထပ်ထပ် သုံးသပ်တော်မူသော၊ ဗုဒ္ဓသ-အတုမမြင် ဇမ္ဗူ့ခွင်၌ လူတွင်ထင်ရှား ရှင်တော်ဗုဒ္ဓဘုရား၏၊ သဗ္ဗရံသိယော-နီဖြူညို့ရွှေ ကိုယ်တော်၏ ကာယေမှ ခြောက်ထွေပြိုးပြက် တစ်ခဲနက်ဖျတ်ဖျတ် ဇလပ်ပန်းရောင် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းသော ရောင် ခြည်တော်တို့သည်၊ သဗ္ဗဒိသာ သဗ္ဗဒိသာသု-လေးကျွန်းမက လူ ဌာနနှင့် အနန္တစကြဝဠာ ပြန့်ကျယ်စွာဖြင့် ဆယ်ဖြာသောအရပ် တို့၌၊ နိက္ခ မိံသု-နေတစ်သိန်း၊ လတစ်သိန်း ရေကိန်းမရ ထွန်းလင်း တောက်ပ အလွန်အေးမြလျက် ထိုမှဤမှ လူးလာပျံသန်း တင့်ဆန်း ကွန့်မြူးတော်မူကြကုန်၏။ တဒါ-ထိုရတနာဃရ ရွှေအိမ်ဝမှာ ခုနစ်ရက်စံချိန်ဝယ် ပဋ္ဌာန်းရှိန်အနန္တကြောင့် ထွန်းလင်းတောက်ပ ကွန့်မြူးတော်မူသောအခါကာလ၌၊ သဗ္ဗဒေဝတာ-ဘုမ္မဋ္ဌက အာကာသနှင့် မိုးဝပြဟ္မာ အလုံးစုံသော နတ်ဒေဝါတို့သည်၊ မောဒိံသု-စကြဝဠာအလုံး ပွဲတင်ချန်းမျှ အံ့မဆုံးအောင် ရွှင်ပြုံး ဟဒယ ဝမ်းမြောက်တော်မူကြလေကုန်သတည်း။

ဇိနာဒိစ္စော မဟာဗုဒ္ဓေါ၊ ရူပံသုနာ မဟာစလေ၊
ဥဒေတုဒါနိ ခိပ္ပံဝ၊ ဗောဓေတု ပဒုမေ ဇနေ။

မဟာဗုဒ္ဓေါ-ခြောက်ထပ်ကြီးဘုရား ခြောက်ထပ်ကြီး ဘုရားဟု ထင်ရှားရှေးရော် စိန်ဘွဲ့တော်ဖြင့် ပွင့်ပေါ်မြိုက်ထီး မိုးထိ နီးမျှ ရောင်ငြိုးစွင့်စွင့် ပုံမြင့်မြင့်ဖြင့် ထွန်းတင့်လေပြီး ဘုရားကြီး ဖြစ်တော်မူသော၊ ဇိနာဒိစ္စော-မာရာဒိဝိဇယ တြိဇနခေါင်ဦး အောင် ပွဲမှူးသနင်း ခြောက်ထပ်ကြီးဘုရားဟူသော ရှင်နေမင်းသည်၊ မဟာ စလေ-ခြောက်ထပ်ကြီးကုန်း ဂုဏ်ပိုက်ကျုံး၍ ညွှတ်ရုံးခံယူ မြေကြို လူသား လူသူတော်ကောင်း ကိန်းအောင်းဗွေချက် ရွှေတောင်ထက် ၌၊ ရူပံသုနာ-ဖူးမြော်မဝ ထူးပေါ်လှသား ပွင့်စယခင် ဘုရားရှင်၏ ပုံသွင်မပျက် သာလျောင်းစက်တွင် ပြိုးပြက်ရောင်ခြည် ခြောက် ရောင်လည်သို့ ဂုဏ်ရည်ပွားဆောင် ရုပ်ရှင်တော်မြတ်တည်းဟူသော အရုဏ်ရောင်ဖြင့်၊ ဥဒေတု-ထွန်းလင်းမသွေ ပွင့်ပေါ်တော်မူပါစေ သတည်း။ ဒါနိက္ကဒါနိ-သာသနာစက် တစ်ဝက်လည်ပြီး ယခုလို အခါကြီး၌၊ ခိပ္ပံဝ-ခပ်မြန်မြန်ပင်၊ ခိပ္ပံဝ-ဘာကြောင့် ညာကြောင့် ကြာမနှောင့်ဘဲ ရေးဖြောင့်တွင်တွင် ခပ်မြန်မြန်ပင်၊ ပဒုမေ ဇနေ- လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟူ ကြာဖြူ ကြာနီ တလီပဒုမာ ကုမုဒ်ကြာ ဟု များစွာလှဆန်း တောင်ထိပ်ကြာပန်းတို့ကို၊ ဗောဓေတု-သစ္စာ ရင့်မာ ပွင့်ချပ်လွှာဖြင့် ကောင်းစွာမသွေ ပွင့်စေတော်မူပါစေ သတည်း။

ခြောက်ထပ်ကြီး ယော မဟာဗုဒ္ဓေါ၊ ခိပ္ပံ ဗောဓယ ဗုဇ္ဈတံ။

ဧဝံ အာသီသမာနာဝ၊ အဘိပူဇေမ သွာဒရာ။

ယော-ခြောက်ထပ်ကြီး မဟာဗုဒ္ဓေါ-ခြောက်ထပ်ကြီး ဘုရား ခြောက်ထပ်ကြီးဘုရားဟု ထင်ရှားရှေးရော် စိန်ဘွဲ့တော်ဖြင့် ပွင့်ပေါ်မြိုက်ထီး မိုးထိနီးဖြင့် ရောင်ငြီးစွင့်စွင့် ပုံတော်တင့်သား အကြင်မြတ်စွာဘုရားသည်၊ ခိပ္ပံ-မာရသင်းပင်း ရန်ခပင်းမှ အမှန်ကင်း၍ အောင်ခြင်းမင်္ဂလာ အောင်ဇေယျာဖြင့် ကြာမမြင့်ဘဲ ခါသင့်သာယာ ဆောလျင်စွာ၊ ဗောဓာယ သောင်းစက္ကဝါ ပြဟ္မာလူနတ် အရပ်ရပ်တို့ အမြတ်တရား ပိုင်းခြားမယုတ် အဟုတ်သိစေခြင်းငှာ၊ ဗုဗ္ဗတံ ဗုဗ္ဗတု-ပွင့်တော်မူပါစေသတည်း။ ဇဝံ-အမြွက်ဖွင့်တင် ဤဆိုခဲ့သည့်အတိုင်းပင်၊ အာသီသမာနာဝ-တောင့်တလင့်ဆို အလိုရှိကြကုန်သည်ဖြစ်၍၊ သွာဒရာ-ကိုယ်စိတ်နှုတ်ပါ ကိုင်းရှိုင်းရိုသေလှစွာ၊ အဘိပူဇေမ-အသံမစဲ နဘံထဲ၌ ပျံ့ဝဲတင့်စေ ရန်မာန်ချေလျက် မြိုက်ရေစင်စမ်း သွန်းဆွတ်ဖျန်းဖို့ ပဋ္ဌာန်းဘိဓမ္မာ ကျမ်းရွှေစာဖြင့် ကောင်းစွာရွတ်ဖော် ပူဇော်ကြကုန်စို့ဘုရား။

## ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဌာပနာတိုက်ပိတ်ခြင်း

ဤသို့ ဗုဒ္ဓဘာသာဝင် စေတနာရှင်၊ ကုသိုလ်ရှင် အပေါင်းတို့က မိမိတို့ တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်း၍ အားထုတ်ကြသည့် အတွက်ကြောင့် ၁၃၃၁ ခုနှစ် ဝါခေါင်လပြည့်၊ ၂၈-၈-၆၉၊ ကြာသပတေးနေ့တွင် ပထမအကြိမ် ဌာပနာတော်တိုက် ပိတ်ပွဲကို ပြုလုပ်နိုင်ခဲ့ပါသည်။ ပထမဌာပနာတိုက်သည် ရွှေသာလျောင်း ဘုရားကြီး၏ ချိုင်းတော်အောက်မှ ပဒုမ္မာကြာပွင့်ကြီးသဏ္ဌာန် ပြုလုပ်ထားသော

ခေါင်းအုံးတော်ကြီးအတွင်း၌ တည်ရှိပါသည်။ ယင်း ပထမဌာပနာတိုက်၌ မူလခြောက်ထပ်ကြီးဘုရားကြီးမှ တူးဖော်ရရှိထားသော ဌာပနာပစ္စည်းဟောင်းများကို လည်းကောင်း၊ မိုးညှင်း ဆရာတော်ဘုရားကြီး လှူဒါန်းလိုက်သော အောင်မြေအောင်ပန္နက်တို့ကို လည်းကောင်း၊ အများပြည်သူတို့ ကြည်ဖြူစွာ လှူဒါန်းထားကြသော ဗုဒ္ဓရုပ်ပွားတော်များအစ ရှေးဟောင်းပစ္စည်းများနှင့် အမှတ်တရ အဖိုးတန် အမွန်အမြတ်ပစ္စည်းများကို လည်းကောင်း၊ စနစ်တကျပြုလုပ်ထားသော တိုက်ခန်းအတွင်းသို့ သွင်း၍ ပိတ်လိုက်ပါသည်။ ပထမအကြိမ် ဌာပနာတော်တိုက် ပိတ်ပွဲသို့ ဘုရားကြီးကျောင်းတိုက်မှ နာယကနှင့် ဂဏဝါစက ဆရာတော်များ၊ တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများ၊ ဥပုသ်သည်များ စုံညီစွာ တက်ရောက်ကြည်ညိုကြလျက် လုပ်အား လှူဒါန်းခဲ့ကြလေသည်။ ဌာပနာသွင်းခြင်းကို နေ့လယ် (၂) နာရီတွင်စ၍ (၃) နာရီမှာ ပြီးစီးပါသည်။ အလားတူ ဒုတိယအကြိမ် ဌာပနာတိုက်ပိတ်ခြင်းကို ၁၃၃၁ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၇) ရက်၊ ၁၆-၁၁-၆၉နေ့တွင် ပြုလုပ်ခဲ့သည်။ ထိုဒုတိယဌာပနာတိုက်သည် ပထမဌာပနာတိုက်၏ အထက်မှလက်ယာဘက် ရင်အုပ်တော်အတွင်း၌ တည်ရှိသည်။

## ဦးခေါင်းတော်ကြီးတပ်ဆင်ခြင်း

ကိုယ်လုံးတော် အကြမ်းထည် အုတ်ရိုးစီပြီးသောအခါ၌ ဦးခေါင်းတော်ကို နမူနာပုံတော်အတိုင်း အချိုးကျကျ ခိုင်ခံ့စွာ

တည်ရှိစေရန် အမာခံကွန်ကရစ်မဏ္ဍိုင်ကြီးကို ရှေးဦးစွာ တည်ဆောက်ရပါသည်။ ကွန်ကရစ်မဏ္ဍိုင်ကြီးကို တည်ဆောက်ပြီးစီးသောအခါတွင် မဏ္ဍိုင်ကြီးအပေါ်၌ ဦးခေါင်းတော်ကို တပ်ဆင်ရမည် ဖြစ်ပါသည်။ အလေးချိန်ပေါ့စေရန်အတွက် ဦးခေါင်းတော်ကြီးကို ကွန်ကရစ်ခေါင်းပွပြုလုပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် သံချောင်းများကို ဦးခေါင်းပုံစံရအောင် ချိုးကွေးပြီးလျှင် ဦးခေါင်းသဏ္ဍာန် သံခြင်းကြားကြီးဖြစ်အောင် သွပ်နန်းကြိုးတို့ဖြင့် တုပ်နှောင်ဖွဲ့ချည်ရသည်။ ဖွဲ့ချည်ပြီးနောက် သံဂဟေ အခိုင်အမာဆက်ပါသည်။ ၁၃၃၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်၊ ၃၀-၁၁-၆၉ တနင်္ဂနွေနေ့တွင် သံခြင်းကြား ဦးခေါင်းကြီးကို အမာခံ ကွန်ကရစ် မဏ္ဍိုင်ကြီးပေါ်သို့တင်ရန် စီစဉ်ကြပါသည်။ အပေါ်သို့ သယ်ယူတပ်ဆင်ရာ၌ လွယ်ကူစေရန် သံခြင်းကြား ဦးခေါင်းကြီးကို အပိုင်း(၁၈) ပိုင်း ဖြတ်ပိုင်းထားလိုက်သည်။ (၆) နာရီ (၄၅) မိနစ် ကောင်းမြတ်သော မင်္ဂလာနံနက်ခင်းအချိန်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါး အမှူးထားသော သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်လျက် တစ်ပိုင်းစီ တစ်ပိုင်းစီ စက်ကြိုးဖြင့်ဆွဲ၍ တင်ပေးကြသည်။ ဦးခေါင်းတော် အစိတ်အပိုင်းများကို အစုံအညီ နေသားတကျ တပ်ဆင်ပြီးစီးသောအခါ၌ကား မြဲမြံအောင် ဖွဲ့ချည်၍ ဖြတ်ပိုင်းထားသော အပိုင်းတို့ကို သံဂဟေဆော်၍ ပြန်လည်ဆက်ပါသည်။ ထို့နောက် ကွန်ကရစ်လောင်း၍ မျက်နှာတော်ပုံပေါ်အောင် တဖြည်းဖြည်း ပုံဖော်ယူရလေသည်။ ဦးခေါင်းတော်ကြီးအတွင်း၌ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များနှင့်

အဖိုးတန်ရတနာပစ္စည်းများကို ထည့်သွင်းဌာပနာရန် တတိယ ဌာပနာတိုက်ကြီးကိုလည်း ပြုလုပ်ထားပါသည်။

## ဖန်သားမျက်လုံးတော်နှစ်ဆူ ဆက်သလာခြင်း

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို မတည် ရသေးမီ ခပ်စောစောကပင် ပန်းကန်စက်ပိုင်ရှင် ဦးသော်က ဘုရား ကြီးအတွက် ကျောက်မျက်လုံးတစ်စုံနှင့် ကျောက်ခြေသည်း၊ လက် သည်းတို့ လှူဒါန်းပါမည်ဟု ဝန်ခံကတိ ပြုထားခဲ့ဖူးသည်။ သို့သော် လည်း မျက်လုံးတော် တပ်ဆင်ရန် အချိန်နီး၍ ဦးသော်နှင့် ဆက် သွယ်အကြောင်းကြားသောအခါ၌ကား အကြောင်းမညီညွတ်၍ မလှူဒါန်းနိုင်တော့ပါ။ သို့ဖြစ်၍ ဖန်မျက်လုံးတော် တပ်ဆင်ပူဇော် ရန်အတွက် ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက် နာယက ဆရာ တော်ဘုရားကြီး အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ရန်ကုန်မြို့ ရှစ်မိုင်ဓမ္မဝါဒီကျောင်း ဆရာတော်အမှူးပြုသော တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ကျပ်ငွေတစ်သောင်းစီ လှူဒါန်း ခဲ့ကြသည်။ တည်ဆောက်ရေးအဖွဲ့သည် ဖန်မျက်လုံးတော် ရရှိရေး အတွက် မန္တလေးမြို့မှ ဘုရားမျက်လုံးတော် ပြုလုပ်တတ်သော ပညာရှင်များထံသို့သွား၍ လည်းကောင်း၊ ပြည်တွင်းမှ ဖန်ချက် စက်ရုံများသို့သွား၍လည်းကောင်း၊ ဂျပန်ပြည်နှင့်ဆက်သွယ်၍ လည်းကောင်း နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ သို့ရာ တွင် မျက်လုံးတော်မှာ အလျား ၅ ပေ ၈ လက်မ၊ အနံ ၁ ပေ ၉ လက်မရှိသည် ဖြစ်၍ အလွန်ကြီးမားနေသောကြောင့် “ဤလောက်

ကြီးမားသော မျက်လုံးကို ကျွန်တော်တို့ ပြုလုပ်မပေးနိုင်ပါ” ဟူသော အဖြေကိုသာ ပေးခဲ့ကြပါသည်။ တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများသည် ဖန်မျက်လုံးတော်နှစ်ဆူ ရရှိရေးကို လက်လျှော့လိုက်ပြီး ကြာရှည်ခိုင်ခံ့သော ကြေးမျက်လုံးကိုသာ တပ်ဆင်ရန် စီစဉ်နေကြပါသည်။ ထိုအချိန်တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ဖောင်တော်ဦး ဘုရားကျောင်းဆရာတော် ဦးသောဘိတသည် ခြောက်ထပ်ကြီးဘုရားကြီး တည်ဆောက်ရေးအဖွဲ့ သို့ကြွလာ၍ ဖန်မျက်လုံးကြီးနှစ်ဆူရရှိအောင် ဘုန်းကြီးကြိုးစားကြည့်ပါဦးမည်၊ တစ်လ အချိန်ပေးပါဟု ပြောပါသည်။ တည်ဆောက်ရေးအဖွဲ့ကလည်း ဆရာတော်ဦးသောဘိတအား ခွင့်ပြုလိုက်ပါသည်။ ဦးသောဘိတသည် ကမာရွတ်မြို့နယ် နဂါးဖန်ချက်စက်ရုံပိုင်ရှင် ဦးကျင်ဝမ်-ဒေါ်စောလှိုင်တို့နှင့် ရင်း နှီးပြီးသော ဆရာဒကာများ ဖြစ်ကြသည့်အတိုင်း စက်ရုံသို့ ကိုယ်တိုင် သွား၍ ဆွေးနွေးသည်။ ဦးကျင်ဝမ်က လျှောက်ထားသည်မှာ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး၏ မျက်လုံးတော်သည် အလျား ၅ ပေ ၈ လက်မ၊ အနံ ၁ ပေ ၉ လက်မ ရှိပါသည်။ တပည့်တော်တို့၏ စက်ရုံမှ ဒီလောက်ကြီးသော ဖန်သားကို ပြုလုပ်မပေးနိုင်ပါ။ သို့ရာတွင် ဖြစ်နိုင်သည်ကတော့ နိုင်ငံခြားမှလာသော မှန်ပြားကြီးများကို လျှပ်စစ်အပူဓာတ်ပေး၍ မျက်လုံးပုံစံရရှိအောင် ပြုလုပ်မည်ဆိုပါက ဖြစ်ကောင်းဖြစ်ပါလိမ့်မည်ဟု လျှောက်ထားလေ၏။

ဆရာတော်ဦးသောဘိတကလည်း ဖြစ်နိုင်က စမ်းသပ်လုပ်ကိုင်ကြည့်ပါ။ ကုန်ကျစရိတ်ကို ဘုန်းကြီးတာဝန်ယူပါမည်ဟု တိုက်တွန်းမှာကြားခဲ့ပြီးနောက် ကုန်သွယ်ရေး(၁၅)သို့ မှန်ပြား

ဝယ်ယူရန် လျှောက်လွှာတင်ပါသည်။ ကုန်သွယ်ရေးဌာနကလည်း ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး တည်ဆောက်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မှန်ပြားကြီးလေးချပ်ကို ရောင်းချပေးခဲ့ပါသည်။ နဂါးဖန်ချက်စက်ရုံမှ ဦးကျင်ဝမ်၏သား ကိုမြကျော်နှင့် အလုပ်သမားများသည် ကြိုးစား၍ စမ်းသပ်လုပ်ကိုင်ကြသော်လည်း အောင်မြင်မှုကို မရရှိသောကြောင့် အားလျှော့နေကြပါသည်။ တစ်ပတ်ခန့်အကြာတွင် ဖောင်တော်ဦးဆရာတော်နှင့် သံဃာတော်များသည် အခြေအနေကို မေးမြန်းရန် စက်ရုံသို့ တစ်ခေါက်သွားကြပြန်၏။ အလုပ်သမားများက အောင်မြင်မှု မရသေးကြောင်း၊ အစိုးရထံမှ ထုတ်ပေးထားသော မှန်ပြားကြီး လေးချပ်လုံး ကွဲသွားပြီဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားကြသည်။ ထိုအခါတွင် စက်ရုံသို့ကြွသွားကြသော သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ပြီးနောက် ကန်တော့ပွဲပေးရန် အကြံပေးပြီး ဖောင်တော်ဦး ဆရာတော်က သစ္စာဓိဋ္ဌာန်ပြု၏။ ထို့နောက် အလုပ်သမားများကို နဝင်္ဂသီလ ဆောက်တည်ကြရန်နှင့် သက်သတ်လွတ်စားကြရန် မေတ္တာရပ်ခံ၍ နောက်ထပ်မှန်ပြားဝယ်ယူပြီး လုပ်ကိုင်ကြရန် မှာကြားခဲ့သည်။ အလုပ်သမားများသည် ဆရာတော် ညွှန်ကြားသည့်အတိုင်း လိုက်နာ၍ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုကို ရရှိခဲ့ကြလေ၏။

မှန်ပြားကိုခုံးခြင်း အောင်မြင်ပြီးသောအခါ၌ အနားသားတို့ကို စိန်သွားဖြင့် ဖြတ်တောက်ဖယ်ရှားကာ နိုင်ငံခြားမှ ခေတ္တအလည်လာသော တရုတ်အမျိုးသား ပန်းချီဆရာကြီးတစ်ဦးထံသို့

အပ်နှံ၍ မြတ်စွာဘုရားသခင်၏ မျက်လုံးတော်အစုံနှင့်တူအောင် ဆေးရေးခြယ်စေပါသည်။ ပန်းချီဆရာကြီးကလည်း စေတနာရှေ့ထား၍ သဘာဝကျကျ အသက်ဝင်အောင် ရေးခြယ်ပေးခဲ့လေရာ ဉာဏ်ပူဇော်ခမှာ မျက်လုံးတော်တစ်ဖက်လျှင် ကျပ်ငွေ (၅၀၀) စီ ပေးရကြောင်းသိရပါသည်။

## မျက်လုံးတော် တပ်ဆင်ပွဲကြီး ကျင်းပခြင်း

၁၃၃၅ ခုနှစ်၊ တန်ခူးလဆုတ် (၁၂) ရက်၊(၂၉-၄-၇၃) တနင်္ဂနွေနေ့ နံနက် (၈) နာရီတွင် မျက်လုံးတော်နှစ်ဆူကို ကမာရွတ်မြို့နယ် နဂါးဖန်ချက်စက်ရုံမှ ရွှေဂုံတိုင်လမ်း ဖောင်တော်ဦးကျောင်းတိုက်သို့ ပန်းရထားဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ကြသည်။ တန်ခူးလဆုတ် (၁၂) ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ (၁၈)ရက်တိုင်တိုင် ဖောင်တော်ဦးကျောင်း ဓမ္မာရုံကြီးပေါ်၌ မျက်လုံးတော်နှစ်ဆူကို အပူဇော်ခံထားပါသည်။ ရဟန်းရှင်လူ လုပ်သားပြည်သူတို့သည် အထူးအဆန်း ဝမ်းပန်းတသာ နေ့ညမစဲအောင် ထူးကဲစွာ လာရောက်ပူဇော်ကြလေ၏။

၁၃၃၅ ခုနှစ် ကဆုန်လပြည့် ၁၆-၅-၇၃ ဗုဒ္ဓဟူးနေ့တွင် ဖောင်တော်ဦးကျောင်းမှ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသို့ ရွှေဂုံတိုင်လမ်းမကြီးအတိုင်း စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်၍ ရွှေသာလျောင်းဘုရားကြီး၏ ရင်ပြင်တော်၌ မျက်လုံးတော် တပ်ဆင်ပူဇော်ပွဲကြီးကို ကျင်းပပါသည်။ ယင်းအခမ်း

အနားသို့ မူလမျက်လုံးတော် အလှူရှင်များဖြစ်ကြသော ပြည်မြို့ မူလတက္ကသိုလ် ဆရာတော် ၊ရှစ်မိုင်ဓမ္မဝါဒီကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ကြွရောက်ပူဇော်ကြသည့်အပြင် ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့သည်လည်း ရင်ပြင်တော်မဆံ့အောင် အထူးစည်ကားစွာ လာရောက်ပူဇော်ကြသည်ကို တွေ့မြင်ရပါသည်။မျက်လုံးတော်နှစ်ဆူကို ဖောင်တော်ဦး ဆရာတော်က တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး သီရိပျံချီ ဦးမောင်မောင်လက်သို့ လွှဲပြောင်းပေးအပ်၍ တည်ဆောက်ရေးအဖွဲ့ လူကြီးများက အသင့်ပြင်ဆင်ထားသော စက်ကြိုးယန္တရား ပန်းရထားဖြင့် တင်ဆောင်လျက် ဦးခေါင်းတော်ကြီးသို့ရောက်အောင် ပင့်ဆောင်ကြသည်။ မျက်လုံးတော်နှစ်ဆူ ဦးခေါင်းတော်ကြီးသို့ ရောက်ရှိသောအခါ၌ စောင့်ဆိုင်းနေကြသော စေတနာရှင် အငြိမ်းစား ဗိသုကာ အင်ဂျင်နီယာကြီး ဦးအောင်ခင်နှင့် ပန်းရန်ဆရာကြီးဦးသောင်း အမှူးပြုသော ပညာရှင်တို့က ရွှေသာလျောင်း ကိုယ်တော်ကြီး၌ စနစ်တကျ တပ်ဆင်ပေးကြပါသည်။ ထိုမျက်လုံးတော်နှစ်ဆူ တပ်ဆင်ပူဇော်ပွဲ အခမ်းအနားကြီးကို နိုင်ငံတော်အစိုးရ၏ မော်ကွန်းတင် ရုပ်ရှင်ရိုက်ကူးလျက် လုပ်သားပြည်သူတို့ ကြည့်ညိုနိုင်ရန် တင်ဆက်ပြသခဲ့ကြောင်းသိရ၏။

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ဖန်မျက်လုံးတော်တပ်ဆင်ပွဲ၌ ရွတ်ဖတ်ပူဇော်အပ်သော မော်ကွန်းတင်ရတုပိုဒ်စုံ

(၁) **မျက်လုံးတော်တည်** ။ ။ မြဖန်ရည်နှင့်၊ သာကြည်ဝင်းပြောင်၊ သက်တော်ဆောင်သို့၊ အခေါင်ပရမေ၊ ခြောက်ထပ်မြေဝယ်၊ တည်နေကိန်းအောင်း၊ ရွှေသာလျောင်းဟု၊ စုပေါင်းပြည်သူ၊ များဗိုလ်လူတို့၊ ကြည်ဖြူတည်ဆောက်၊ ဘုန်းဂုဏ်တောက်၍၊ ပြီးမြောက်ခဲ့ရာ၊ စောသတ္တာ၏၊ မဟာစက္ခု၊ ပြီးလုလုတွင်၊ ကျောက်ထုမြေသား၊ မလိုလား၍၊ ဖန်သားမြဆိုင်၊ မှန်မြေခိုင်မှ၊ မဏ္ဍိုင်ဗောဓိ၊ တုမရှိ၏၊ သီရိဘုန်းဝေ၊ ကျက်သရေနှင့်၊ လိုက်နေသင့်တော်၊ အောင်ခွင့်ပေါ်အောင်၊ ဆတော်ဉာဏ်ကိန်၊ ဣန္ဒာစာရ၊ ဖားကန့်မှလျှင်၊ ရှောဖမဟာ၊ ဒကာညီသော်၊ မြော်ခေါ်ကြံတွေး၊ ဉာဏ်ရည်သွေး၍၊ ရင့်ကြွေးမိဋ္ဌာန်၊ ရည်စိတ်သန်သည်. . . . .

**နိဗ္ဗာန်ရွှေမြို့ အောင်နန်းတည်း။**

(၂) **ခက်ဆုံးဖော်သည်** ။ ။ အောင်စေမည်ဟု၊ စိတ်ရည်သော်လည်း၊ နိဿရည်းနှင့်၊ လုပ်နည်းကိုယ်တွေ့၊ မတူ၍လျှင်၊ သိမ်မွေ့ခက်ခဲ၊ ကြိမ်ကြိမ်ကွဲခဲ့၊ အောင်ပွဲကြီးယင်၊ ဇာနည်ရှင်တို့၊ ထုံးစဉ်စံထား၊ သစ္စာအားသို့၊ ဘုရားမြတ်လျာ၊ သူတော်စွာနည်း၊ မဟာထေရ်မှူး၊ ဖောင်တော်ဦးဟု၊ မည်ထူးထင်ပေါ်၊ ဆရာတော်က၊ အဟော်ဝတ၊ မိဋ္ဌာန်ပြုမှ၊ သက္ကရာဇာ၊ ဒေဝိန္ဒာတို့၊ ချိန်ခါကူလင့်၊ အောင်ဓာတ်ဖွင့်သော်၊ မောင်မြကျော်မှ၊ ဖတော်မိမှန်၊ ဦးကျင်ဝမ်နှင့်၊ အခွင့်တော်ဆိုင်၊ ဒေါ်စောလှိုင်တို့၊

ဉာဏ်ခိုင်စွမ်းပြ၊ ဦးကျော်စသည်၊ များလှလူဗိုလ်၊ ခွန်အားပိုလျက် ကြည်ညိုစိတ်သန်၊ အောင်ပွဲခံသည့် . . . . **မိဋ္ဌာန်စေလို့ အောင် ပန်းတည်း။**

(၃) **စက်ဘုန်းကျော်မည်** ။ ။ မြရွှေစည်ကြီး၊ အောင် မြည်ဟည်းလျက်၊ အောင်ထီးလွှမ်းခြုံ နဂါးဘုံမှ၊ နိတုံမြသား၊ ဆက် လာငြားသို့၊ နဂါးဖန်မြေ၊ စက်ရုံဗွေမှ၊ အောင်မြေတင့်ထူး၊ ဖောင်တော်ဦးသို့၊ တန်ခူးကျော်တက်၊ (၁၂) ရက်တွင်၊ ဦးထက် ပင့်လာ၊ အဋ္ဌာရသ၊ ကိန်းဝပ်ရှင်ပြုံး၊ တစ်သုံးသုံးငါး၊ ပြည့်ငြား ကဆုန်၊ သောင်းလုံးတုံမျှ၊ နေ့ဗုဒ္ဓတွင်၊ ထေရ်ရှင်ထောင်ပေါင်း၊ ဆွမ်းတော်လောင်း၍၊ စုပေါင်းတစ်ခေတ်၊ ရာရှစ်နေ့ဆွမ်း၊ လှူဒါန်း ပြီးစီး၊ ခါတော်နီးက၊ ကြီးမားလှစွာ၊ လူဗိုလ်ပါနှင့်၊ သံဃာတော်မြတ်၊ ပရိသတ်တို့၊ ထပ်ထပ်ရင့်ကြွေး၊ အောင်သံပေးခေါ်၊ အောင်စည် ဆော်ရွှမ်း၊ မျက်ဝန်းတော်ဖန်၊ တပ်ဆင်ပြန်သည်၊ . . . . **ဗိမာန်နေ သို့ ရောင်လျှမ်းတည်း။**

ရေးသားပူဇော်သူ

ပထမကျော် **ဦးခင်မောင်ကြီး**

၂၀၁၊ ၃၂၊ ရန်ကင်း (၁၆-၅-၇၃)

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး အကြမ်းထည် ပြီးစီးခြင်း

မျက်လုံးတော်နှစ်ဆူကို တပ်ဆင်ပြီးသောအခါ၌ကား ဘုရားကြီးတစ်ဆူလုံး အကြမ်းထည် ပြီးစီးသွားပြီဟု ဆိုနိုင်ပါသည်။ ၁၃၂၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၄-၉-၆၆) တနင်္ဂနွေ နေ့မှစတင်၍ တည်ခဲ့သည်ဖြစ်ရာ (၇)နှစ်မျှ ကြာပါသည်။ ပလ္လင် တော်အတွက် ဘိလပ်မြေအိတ်ပေါင်း (၁၅၀၀)ကျော်၊ ကိုယ်လုံး တော်ကြီးအတွက် (၃၈၀၀)ကျော်နှင့် ဦးခေါင်းတော်အတွက် ဘိလပ်မြေအိတ်ပေါင်း (၁၁၀၀) ကျော် စုစုပေါင်း (၆၄၀၀)ကျော် အသုံးပြုခဲ့ရပြီးလျှင် အရပ်ရပ်စုစုပေါင်း တန်ဖိုးငွေ (၆) သိန်းကျော် ကုန်ကျသည်ဟု သိရပါသည်။ အကြမ်းထည် ပြီးစီးသောအခါ သင်္ကန်းတော်ကို နီညိုရင့်ရောင် ရေဆေးသုတ်ပါသည်။ ထို့နောက် ပြုပြင်သင့်သည်ကို ပြုပြင်ရန်အတွက် အဝေးမှ ကြည့်ရှု ဝေဖန်နိုင် ရန် ငြမ်းများကို ဖျက်ချလိုက်ပါသည်။ ငြမ်းကို ဖျက်ချပြီး သောအခါ တွင်ကား မိုးတိမ်ကြားမှ ထွက်ပေါ်လာသော ငွေစန္ဒာ လပြည့်ဝန်း ကြီးပမာ ဂုဏ်ကျက်သရေအဖြာဖြာ မင်္ဂလာအဝဝတို့ဖြင့် လှပတင့် တယ် အလွန်သပ္ပာယ်သော မျက်နှာတော်ကို ဖူးမြင်ရသူ ရှင်လူ အပေါင်းတို့မှာ တသိမ့်သိမ့်ကြည်နူးလျက် ဝမ်းမြောက်ရွှင်မြူး ဖူးမြော်၍မဝ ဦးချ၍အားမရ နေရာမှမထနိုင်အောင်ပင် ဖြစ်နေ ကြပါသည်။ ကဗျာဝိဒူ စာဆိုအကျော် အရှင်တိလောကသာရ ဆရာတော်ကလည်း နှလုံးသား၏ခံစားချက်ကို သိုဝှက်ထိမ်မြှုး၍ မထားနိုင်သဖြင့် အောက်ပါတေးထပ်နှစ်ပုဒ်ကို ရေးစပ်ကြည်နူး လျက် ဥဒါန်းသီကျူးခဲ့ပါသည်။

## ခြောက်ထပ်ရှင်ပင် မျက်နှာသွင် (တေးထပ်)

မျက်နှာတော်ဖူးမြင်ရ၊ ထူးရှင်ပြုံပြုံးလာ၊ ဦးတင်သနှုန်းရှာလျှင်၊ ဘုန်းဘဂဝါဂုဏ်ဖွင့်၊ သက်တော်ရှိ မြတ်သာကိန်လို၊ နတ်မာယိန် ဖန်ဆင်းလေရော့ထင့်၊ စက္ခုဓာတ် ပြုံးကြည်လင်၊ ခုံးချိုသွင်သာတင့်၊ မှုန်းနီလွင်မာလာပွင့်သည်သို့၊ သာယာဖွင့်နှုတ်နွယ်၊ ခမနီယာပနရယ်လို့၊ လာသမျှ ဆီးကြိုသည့်နှယ်၊ နှာတံကြော့နားနှစ်သွယ်မှာ၊ ပါးအဆွယ် မေးတော်ကျပုံက၊ ငေးမျှော်ရဖူးဝနိုင်ပါ၊ ဦးချ ထိုင်ကာ၊ ဖူးမိတိုင်း မြသဒ္ဒါတယ်၊ လွဲမခွာနိုင်ဘူးဘုရားလေး။

## ခြောက်ထပ်ကြီး လျောင်းတော်မူဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

ဂုဏ်မဟိမာနှိုးဆော်ဖွင့်၊ အကျိုးမျှော်လင့်နိမိတ်ဖန်၊ တန်ခိုးတော်ဖြင့် အဓိဋ္ဌာန်သလို၊ စိတ်သန်ထိပ်ပန် နိဗ္ဗာန်ရှင့်၊ နတ်လူခပ်သိမ်း ကြည်ညိုရန်ကို၊ သည်ကိုယ်သဏ္ဌာန် ဖန်ဆင်းလေရော့ထင့်၊ အနတ်နတ်ထက် အလှသာတယ်၊ ဗကပြဟ္မာ ချွတ်ဟန်သွင့်၊ သဏ္ဌာသဏ္ဌာ ထွတ်ဖန်ဆင့်၊ တမွတ်စံတင့်လှကေပန်၊ အလှကျက်သရေသည်တွင်ရုံး၊ အကြည်လင်ဆုံး ဖက်ကင်းတုမဲ့ပြန်၊ ဖိုလ်သမာပတ် ဝင်စားဟန်ငယ်၊ ရှင်ဖျားသဏ္ဌာန် လက်ယာစောင်း၍၊ စက်သာလျောင်း ညီမျှနေသာရုံ၊ သီဟသေယျာပုံ၊ ခွာနိုင်အားကြ ငြိအာရုံငယ်၊ ဝသိတာဂုဏ် လွန်ကြီးပါဘိလေး၊ အလှဓာတ်

မျိုး ယှက်ကာရုံတယ်၊ လက္ခဏာစုံ တင့်မျိုးကွယ်လို့လေး၊ မြူးတ ကြွကြွ ဦးချစုံတယ်၊ ဖူးမဝပုံ လွန်ထူးပါဘိလေး။

## မဟာစရိယ ဆရာကြီးဦးကြင်မောင်ကလည်း ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး ဂုဏ်တော်ဘွဲ့ပါဠိဂါထာကို ရေးသားဖွဲ့ဆိုခဲ့ပါသည်

မဟိမာဒိဂုဏူပေတံ၊ ခြောက်ထပ်ကြီးဝှယလဉ္ဆကံ။

နိပ္ပန္နဥ္စ ဝိရောစန္တံ၊ မဟာဗုဒ္ဓံ အဟံ နမေ။

မဟိမာဒိဂုဏူပေတံ. . . ဘဝဝါဂုဏ်အထူးမှ စုံမြူးဆက်ပွား ဘုန်းတော်အားကြောင့် မြတ်ဖျားရွှေကိုယ်ကြီးစေလိုက မြင်းမိုရ်ပြန်ရာ ထို့ထက်သာ၍ စကြဝဠာတိုက်လုံး ဘုန်းအုပ်ပတ်လည် ကိုယ်တော်ပြည့်အောင် တရှိမယွင်း သီတင်းသုံး နေထိုင်တော်မူငြား မဟိမာစသော ဂုဏ်တော်များနှင့် ထင်ရှားမသွေ ပြည့်စုံတော်မူပေထသော၊ ခြောက်ထပ်ကြီးဝှယလဉ္ဆကံ - ငါးထပ်ဘုံဆင့် ကျောင်းတော်ဖြင့်လျှင် ဖူးပွင့်ပေါ်ပြီး ငါးထပ်ကြီးတဲ့ ဘွဲ့သီးထင်ရှား အရှင်ဘုရား၏ နီးပါးကုန်းပေါ် မြေမဟော်တွင် ဉာဏ်တော်မားမား တည်ငြားနောက်ဖျား ရှင်ဘုရားမို့ အများနှုတ်တွင် မိုးနတ်ရှင်တို့ ကပ်ဝင်ရောယောင် စီး၍မြှောင်သို့ တဘောင်နိမိတ် ခေါင်အတိတ် ဖြင့် အောင်ဟိတ်တွင်ပြီး ခြောက်ထပ်ကြီးတည့်၊ တစ်နည်းတစ်ဝ ဆိုချင်ရကား ဆအသာဓာရဏ ဉာဏဂုဏ်လျှံ ရွှေဉာဏ်ခြောက်ထွင်၍ အတုလွတ်ကို ဦးညွတ်တော်ဆင် မြော်အမြင်ဖြင့် ခေါ်တွင်

မည်သီး ခြောက်ထပ်ကြီးဟု အတီးခါမှ ကမ္ပည်းသသော၊ နိမ္မနွဋ္ဌ-လက်ယာ နံတောင်း ကိုယ်တော်စောင်း၍ ကောင်းသောအနေ ယာဘက်ခြေတွင် ဘယ်ခြေတင်သား စဉ်းငယ်အလွှန်ထား၍ ခေါ် ပြားမှတ်ချွေ သီဟသေယျ ဥတ္တမသေယျ အနေလှ အနေကောင်း ရွှေသာလျောင်းလည်း ဖြစ်တော်မူပေထသော၊ ဝိရောစန္တိ-ဘုရားရှင့် ဂုဏ်သရေစုံကို တက်စေတော်လွှန်း ဖော်ညွှန်းဥဒါန်း ကျူးသီတန်း ၍ အောင်ခန်းဖွင့်သွယ် အလွှန်လည်းတင့်တယ်တော်မူပေထသော၊ မဟာဗုဒ္ဓ-သက်တော်ထင်ရှား ရှင်ဘုရားနှင့် အမြင်အလား အသွင် အားဖြင့် မခြားတစ်ပြီး တစ်သားတည်းလို ကြည်ညိုမငြီး ဘုရားကြီး ကို၊ အဟံ- ဖူးမြော်မဝ ဦးတော်ချတွင် ဘုရားဂုဏ်ပေါင်း အစုံ အောင်းဟု ကြံအောင်းကြံတွေ့ ပြန်အောက်မေ့လျက် ချမ်းမြေ့နှလုံး ပီတိဖုံးသည့် ဘုရားတပည့်တော်သည်၊ နမေ-ယခုသက်လုံး ဘက်မ နှုန်းသည့် ကံဘုန်းလည်းတောက် သံသာနောက်လည်း မျက်မှောက် ရှင်ပင် ဖူးတွေ့မြင်လျက် လေးအင်သစ္စာ သိအောင်ဌာဟု သဒ္ဓါဖြိုး ဖြိုး ဆုယူကြိုးလျက် ရှိခိုးထပ်ထပ် ဦးတော်ညွတ်သည် ခြောက်ထပ် မည်ဟည်း ရွှေသာလျောင်းရုပ်ရှင်တော်မြတ်ကြီးဘုရား။

## အနေကဇာတင်ရန် မဟာနာယက ဆရာတော်ကြီးက တိုက်တွန်းတော်မူခြင်း

၁၃၃၅-ခုနှစ် သီတင်းကျွတ်လဆန်း (၈) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် သိင်္ဂီဦးတိုက်ကျောင်း၌ လစဉ်ပြုလုပ်နေကျဖြစ်

သော နာယကဆရာတော်များနှင့် ဂဏဝါစက စာချဆရာတော်များ၏ အစည်းအဝေး၌ ဘုရားကြီးတိုက် ပထမနာယကဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်က မိမိ၏ဆန္ဒကို အောက်ပါအတိုင်း ထုတ်ဖော်မြွက်ကြားခဲ့မည်၊ ဘဝနတ်ထံ ပျံလွန်တော်မူလေပြီးသော ကျေးဇူးရှင် ဆရာတော်ဘုရား မပျံလွန်မီက ရည်ရွယ်ချက်ဆန္ဒ လေးခု ရှိခဲ့ကြောင်း တပည့်တော် သိရှိမှတ်သားထားခဲ့ပါသည်။

(၁) ပထမအချက်မှာ ဘုရားကြီးကို ပြန်လည်ပြုပြင်လိုသောဆန္ဒ။

(၂) ဒုတိယအချက်မှာ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီး ဆောက်လုပ်လိုသောဆန္ဒ။

(၃) တတိယအချက်မှာ နာရီစင်ကြီး ဆောက်လုပ်လိုသောဆန္ဒနှင့်။

(၄) စတုတ္ထအချက်မှာ သိမ်တော်ကြီး၏အရှေ့ဘက်ခေါင်းရင်း၌ ဓမ္မာရုံကြီး ဆောက်လုပ်လိုသောဆန္ဒတို့ ဖြစ်ကြောင်း။

ကျေးဇူးရှင် ဆရာတော်၏ ရည်ရွယ်ချက် လေးခုအနက်မှ ဒုတိယနှင့် တတိယ ရည်ရွယ်ချက်နှစ်ခုတို့ကို ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ယခုပထမရည်ရွယ်ချက်ဖြစ်သော ဘုရားကြီးပြန်လည်တည်ထားခြင်းကိစ္စသည် ပုံတော်ကြမ်း ပြီးစီးနေပြီဖြစ်၍ အလွန်ဝမ်းမြောက်မိပါကြောင်း၊ ဂဏဝါစကများကို မိမိမေတ္တာရပ်ခံလိုသည်မှာ ကျေးဇူးရှင်ဆရာတော်နှင့်တကွ ဘုရားကြီးတည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများသည်

သင်္ခါရသဘောအတိုင်း အသက်အရွယ်အိုမင်း၍ ကွယ်လွန်သွားကြသည်မှာ အတော်များနေပြီ ဖြစ်ပါသည်။ မိမိလည်း အသက်(၈၀) ရှိနေပြီဖြစ်၍ မကြာမီ သေတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိ မသေမီ ဘုရားကြီးကို အနေကဇာတင်လိုကြောင်း၊ အချောကိုင် မွမ်းမံပြီးမှ အနေကဇာတင်မည်ဆိုပါက သေခြင်းတရားက စောင့်ဆိုင်းနေမည်မဟုတ်၍ တပည့်တော်များ ရှိချင်မှရှိတော့မည်ဖြစ်ပါသည်၊ သို့ဖြစ်၍ လာမည့် ၁၃၃၆ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာသဘင် ဆင်ယင်နိုင်အောင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဤသို့ မေတ္တာရပ်ခံတော်မူပါသည်။ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ အာစိဏ္ဏ ဆရာတော်ကြီးနှင့်တကွ ဂဏဝါစက ဆရာတော်များက မဟာနာယကဆရာတော်ကြီး ဘဒ္ဒန္တကုသလထေရ်၏ဆန္ဒအတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပါမည်ဟု တညီတညွတ်တည်း ဝန်ခံကတိပေးခဲ့ကြပါသည်။

## ပထမအကြိမ် ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပခြင်း

ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယကဆရာတော်များနှင့် ဂဏဝါစက စာချဆရာတော်များက ဦးစီးပြီးလျှင် ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့မှ ကမ္မကထ(ကမကထ)ပြုလုပ်လျက် ၁၃၃၆ ခု၊ ကဆုန်လပြည့်နေ့ ၅-၅-၇၄ မှအစပြု၍ ကဆုန်လပြည့်ကျော် (၈) ရက် (၁၃-၅-၇၄) နေ့အထိ (၉) ရက်တိုင်တိုင် နေ့စဉ် နံနက်အရုဏ်တက်တွင်တစ်ချိန်၊ ညဉ့်ဦးယံတွင် တစ်ချိန်

အားဖြင့် တစ်နေ့လျှင်နှစ်ကြိမ်ကျ ကျောင်းတိုက်တွင်းမှ သံဃာ (၃၀၀) ကျော်တို့ဖြင့် ဗုဒ္ဓါဘိသေကမင်္ဂလာသဘင် အနေကဇာတင်ပွဲကြီးကို ဆင်ယင်ကျင်းပပါသည်။ ကုသိုလ်ရှင်အပေါင်းတို့က သံဃာ (၃၀၀)ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ကပ်လှူကြသည်။ နောက်ဆုံးနေ့ဖြစ်သော ကဆုန်လပြည့်ကျော် (၈) ရက်နေ့ နံနက်အရုဏ်တက်တွင်ကား သံဃာ (၁၁၀၀) တစ်ထောင့်တစ်ရာတို့က အနေကဇာ တင်တော်မူကြသည်။ တင်ပြီးသောအခါ ထိုအရှင်မြတ်တို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သောင်းသောင်းဖြဖြ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်း၊ သင်္ကန်း၊ ထီး၊ မျက်နှာသုတ်ပဝါ အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို စာရေးတံမဲချ၍ အစေ့အငှ လှူဒါန်းကြပါသည်။ ဧည့်ခံဖျော်ဖြေရေးအဖွဲ့ကလည်း ဧည့်ပရိသတ်တို့ကို ပျော်ပွဲရွှင်ပွဲများဖြင့် ညစဉ် စည်ကားသိုက်မြိုက်စွာ ဧည့်ခံဖျော်ဖြေခဲ့ကြလေသည်။

## ၁၉၇၆ ခုနှစ် တည်ဆောက်ရေးအဖွဲ့အမှုဆောင်လူကြီးများ

၁၉၆၅ ခုနှစ်မှ ဖွဲ့စည်းခဲ့သော တည်ဆောက်ရေးအဖွဲ့အမှုဆောင်လူကြီးများသည် သင်္ခါရတရားကို မလွန်ဆန်နိုင်ကြသည့်အတိုင်း အချို့မှာ အသက်အရွယ်ကြီးပြီဖြစ်၍ တာဝန်မှအနားယူသွားကြပြီး အချို့မှာ ကွယ်လွန်သွားကြသဖြင့် လစ်လပ်သွားသောနေရာတို့၌ ထပ်မံဖြည့်စွက်၍ တည်ဆောက်ရေး အဖွဲ့သစ်ကို ဖွဲ့စည်းရန်လိုအပ်လာပါသည်။ ထို့ကြောင့် ခြောက်ထပ်ကြီးဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ အခြေခံစည်းမျဉ်း

ဥပဒေနှင့်အညီ ၁၉၇၆ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် တည်ဆောက်ရေးအဖွဲ့သစ်ကို ထပ်မံ၍ အားဖြည့်ဖွဲ့စည်းလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | သီရိပျံချီဦးမောင်မောင်(မြို့တော်ဝန်ဟောင်း) နှင့် လူမျိုးစုလွှတ်တော်အမတ်ဟောင်း | ဥက္ကဋ္ဌ |
| ၂။ | ဦးစောဦး (နာရီစင်နှင့် သိင်္ဂီဦးတိုက်ကျောင်း ဒါယကာကြီး) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးညွန့်သာ (ကျောင်းဒါယကာကြီး) | ״ |
| ၄။ | ဦးအောင်ကင်း | အတွင်းရေးမှူး |
| ၅။ | ဦးတင်အောင် | တွဲဖက် ״ |
| ၆။ | ဦးမောင်မောင်ကြည် | ״ |
| ၇။ | ဦးခန့် | ဘဏ္ဍာထိန်း |
| ၈။ | ဦးကျော်ဇံ(အာရ်အေ) | စာရင်းစစ် |
| ၉။ | ဦးညွန့်လှိုင် | ဥပဒေအကြံပေး |
| ၁၀။ | သီရိပျံချီဦးသန်းစိန် | အမှုဆောင် |
| ၁၁။ | ဒေါ်တင်တင် | ״ |
| ၁၂။ | ဦးအေးမောင် | ״ |
| ၁၃။ | ဦးအောင်ရှိန် | ״ |
| ၁၄။ | ဦးအောင်မြင့် | ״ |
| ၁၅။ | ဦးချစ်ထွန်း | ״ |

၁၆။ ဦးဘရင် ။

၁၇။ ဦးကံညွန့် ။

၁၈။ ဦးကျော်ဇော ။

၁၉။ ဦးထွန်းအောင် ။

၂၀။ ဦးထွန်းလှိုင် ။

၂၁။ ဒေါ်ထွေးရှိန် ။

၂၂။ ဦးသာလှိုင် ။

၂၃။ ဦးကျော်ဌေး ။

၂၄။ ဦးစိုးညွန့် ။

## ဂဏဝါစက ဆရာတော်များ
## နာယကအဖြစ် အလှည့်ကျ ဆောင်ရွက်ကြခြင်း

ဘုရားကြီးကျောင်းတိုက်ကြီးသည် ခြောက်ထပ်ကြီးဘုရားကြီးကို အမှီပြုလျက် ဖြစ်ပေါ်တည်ရှိလာပြီးလျှင် ကြီးပွားတိုးတက်ခဲ့ခြင်းဖြစ်ရာ မိမိ၏မှီရာဖြစ်သော ဘုရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စအဝဝတို့ကို ပြုလုပ်ကြရမည်မှာ မြတ်စွာဘုရားသခင်၏ သားတော်များဖြစ်ကြသည့် သံဃာတော်များအဖို့ ရှောင်လွှဲ၍မရသော တာဝန်ကြီးတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်သည် ဟောင်းနွမ်း

အိုမင်းယိုယွင်း ပျက်စီးနေသော ခြောက်ထပ်ကြီးဘုရားကြီးကို ပြန်လည်ပြုပြင်ရန် ရဲဝံ့စွာ ဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော် မရှိသည့်နောက် ကျေးဇူးရှင်ဆရာတော်၏ ဆန္ဒပြီးမြောက်အောင် ဆောင်ရွက်ကြရမည့် တာဝန်သည် တပည့်များအပေါ်သို့ ကျရောက်လာခဲ့ပါ၏။ အထူးသဖြင့် တပည့်ကြီးများဖြစ်ကြသော နာယက ဆရာတော်နှင့် ဂဏဝါစက စာချဘုန်းကြီးများသည် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များ ဖြစ်လာကြပါသည်။ ထို့ကြောင့် စာချဘုန်းကြီးများသည် ကြောင့်ကြမှု၊ တာဝန်မှု၊ မနေထိုင်ကြဘဲ ဗုဒ္ဓကိစ္စ၊ ဗုဒ္ဓဝေယျာဝစ္စတို့ကို မိမိတို့ စွမ်းဆောင်နိုင်သည့်ဘက်မှ တာဝန်ယူ ဆောင်ရွက်ကြရန် နာယကဆရာတော်က မေတ္တာရပ်ခံသဖြင့် ဂဏဝါစက စာချဘုန်းကြီးများသည် အသစ်ပြန်လည်ဖွဲ့စည်းထားသော ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့၏ နာယကအဖြစ် အလှည့်ကျ ဆောင်ရွက်ကြရန် အောက်ပါအတိုင်း အဖွဲ့(၅)ဖွဲ့ခွဲလျက် တစ်ဖွဲ့လျှင် (၂) လခွဲကျစီ အလှည့်ကျ ဆောင်ရွက်ခဲ့ကြပါသည်။

## ပထမအဖွဲ့

၁။ ဘဒ္ဒန္တ ကောသလ၊

၂။ ဘဒ္ဒန္တ ဥတ္တမသာရ၊

၃။ ဘဒ္ဒန္တ စန္ဒောဘာသ၊

၄။ ဘဒ္ဒန္တ ဝါယမိန္ဒ၊

## ဒုတိယအဖွဲ့

၁။ ဘဒ္ဒန္တ ကောဏ္ဍည၊
၂။ ဘဒ္ဒန္တ ပညာဝံသ၊
၃။ ဘဒ္ဒန္တ နန္ဒောဘာသ၊
၄။ ဘဒ္ဒန္တ ခေမိန္ဒသာမိ၊

## တတိယအဖွဲ့

၁။ ဘဒ္ဒန္တ ကုမာရ၊
၂။ ဘဒ္ဒန္တ ဇဋိလ၊
၃။ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ၊
၄။ ဘဒ္ဒန္တ ဝါသဝ၊

## စတုတ္ထအဖွဲ့

၁။ ဘဒ္ဒန္တ ပညာဇောတ၊
၂။ ဘဒ္ဒန္တ အာဒိစ္စရံသီ၊
၃။ ဘဒ္ဒန္တ စန္ဒာဝရ၊
၄။ ဘဒ္ဒန္တ တေဇောသာရ၊

## ပဥ္စမအဖွဲ့

၁။ ဘဒ္ဒန္တ သာဂရ၊
၂။ ဘဒ္ဒန္တ နေမိန္ဒရ၊
၃။ ဘဒ္ဒန္တ သူရိယ၊
၄။ ဘဒ္ဒန္တ ပညောဘာသ၊

## သဗ္ဗညုဘုရားရှင်တို့သည် လက်ယာနံစောင်းဖြင့်သာ လဲလျောင်းတော်မူကြသည်

နားနားနေနေ အပန်းဖြေသောအခါနှင့် အိပ်စက်သော

အခါတို့၌ သတ္တဝါတို့သည် လျောင်းခြင်း ဣရိယာပုတ်ဖြင့်သာ အနားယူ အိပ်စက်လေ့ရှိကြပေသည်။ ထိုသို့ အိပ်စက်နားနေကြရာတွင် သတ္တဝါတို့၏ ဓလေ့စရိုက်အားလျော်စွာ အိပ်စက်ခြင်းလေးပါးကို ခွဲခြား၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ၎င်းတို့မှာ. . .

၁။ ပေတသေယျာ = ပြိတ္တာတို့၏ အိပ်စက်ခြင်း၊

၂။ ကာမဘောဂိသေယျာ = ကာမဂုဏ်ချမ်းသာကို ခံစားသူတို့၏ အိပ်စက်ခြင်း၊

၃။ သီဟသေယျာ = ကေသရာဇာ ခြင်္သေ့မင်းတို့၏ အိပ်စက်ခြင်းနှင့်

၄။ တထာဂတသေယျာ = သဗ္ဗညုဘုရားရှင်တို့၏ ကျိန်းစက်တော်မူခြင်းတို့ ဖြစ်ကြ၏။

(အံ - ၁-၅-၆၆)

သွေးသားမရှိသော အရိုးစုပြိတ္တာတို့သည် နံပါးတစ်ဖက်ဖက်သို့ စောင်းလျက် အိပ်စက်နိုင်ခြင်း မရှိကြသောကြောင့် အများအားဖြင့် ပက်လက်သာလျှင် အိပ်စက်ကြရ၏။

ကာမဂုဏ်ချမ်းသာကို ခံစားကြသောသူတို့သည်ကား အများအားဖြင့် လက်ဝဲဘက်သို့စောင်းလျက် အိပ်လေ့ရှိကြ၏။ သားတို့သနင်း ကေသရာဇာခြင်္သေ့မင်းမှာမူ အမြီးဖျားကို ပေါင်ကြား၌ ထည့်၍ လက်ယာဘက်သို့စောင်းလျက် အိပ်လေ့ရှိ၏။ သဗ္ဗညုဘုရားရှင်တို့ စတုတ္ထစျာန် သမာပတ် ဝင်စားတော်မူနေခြင်းကို

တထာဂတသေယျဟု ဆိုရ၏။

ထိုအိပ်ခြင်း လေးပါးတို့တွင် လက်ယာဘက်သို့စောင်း၍ အိပ်ခြင်းသည် ဘုန်းတန်ခိုးကြီးသူတို့ အိပ်လေ့အိပ်ထရှိသော ဣရိယာပုတ်ဖြစ်ခြင်းကြောင့် မြင့်မြတ်သော အိပ်ခြင်းမည်၏။ ကေသရာဇာခြင်္သေ့မင်း၏ အိပ်စက်ခြင်းနှင့်တူသောကြောင့် သီဟသေယျဟူ၍လည်း ဆိုရ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကျိန်းစက်တော်မူသည့်အခါ၌ဖြစ်စေ၊ အပန်းဖြေ နားနေတော်မူသည့်အခါ၌ဖြစ်စေ လက်ယာဘက်သို့စောင်းလျက် ညာဘက်ခြေပေါ်၌ ဘယ်ဘက်ခြေတော်ကို အထက်သို့ အနည်းငယ် အလွန်ထား၍ လျောင်းတော်မူလေ့ရှိပါသည်။ ထို့ကြောင့် လျောင်းတော်မူပုံ ရုပ်ပွားဆင်းတုတော်များကို ထုလုပ်သည့်အခါ၊ တည်ထားသည့်အခါတို့၌ မည်သည့်အရပ်ကို ဦးခေါင်းတော်ပြုသည်ဖြစ်စေ လက်ယာနံစောင်းဖြင့် လဲလျောင်းနေသောပုံတော်ကိုသာ ထုလုပ်ရ၊ တည်ထားရလေသည်။

## လျောင်းတော်မူ ရုပ်ပွားတော် လေးမျိုး

ထိုသို့ လက်ယာနံစောင်းဖြင့် လဲလျောင်းနေပုံ ဆင်းတုတော်များကို တည်ထားရာတို့၌ ဆင်းတုတော်၏ ဦးခေါင်းပြုရာအရပ်မျက်နှာကို အစွဲပြု၍ "အရှေ့ပေါင်းလဲ၊ တောင်လွှဲသာလျောင်း၊ နောက်စောင်းနေရဗာန်၊ မြောက်မှာ ပရိနိဗ္ဗာန်"ဟု ဘွဲ့တော်လေးပါးဖြင့် ခွဲခြားမှည့်ခေါ်ကြကြောင်း သိရ၏။ "သမာပတ်၊ နိဗ္ဗာန်၊ ညှော့ခံ၊ မေ့းစက်၊ လေးချက်ခါညောင်း သာလျောင်း

ရှေ့ဖျား ဦးခေါင်းထားသည် ရုပ်ပွားသခင် မြတ်အရှင်ဟူ၍လည်းတစ်နည်း ဆိုကြသေး၏။

**အဓိပ္ပာယ်မှာ** ။ ။ မြတ်စွာဘုရားသည် သမာပတ်ဝင်စားတော်မူသောအခါ၊ ပရိသတ်လေးပါးကို ဒေသနာခံလျက်

အာလာပ သလ္လာပ စကားပြောကြားတော်မူသောအခါနှင့် ကျိန်းစက်တော်မူသောအခါတို့၌ လျောင်းခြင်းဣရိယာပုထ်ဖြင့် သီတင်းသုံးတော်မူလေ့ရှိကြောင်း၊ ယင်းသို့ သီတင်းသုံးဟန်ကို ရည်သန်၍ ထုလုပ်တည်ထားအပ်သော ရုပ်ပွားတော်များ၏ ဘွဲ့အမည်တော်သည် ပေါင်းလဲပုံတော်၊ ရွှေသာလျောင်းပုံတော်၊ နေရဗာန်ပုံတော်၊ ပရိနိဗ္ဗာန်ပုံတော်ဟူ၍ (၄)မျိုးရှိသည်ဟု ဆိုလိုပေသည်။

## မနူဟာဘုရားကြီး

ထိုလျောင်းတော်မူ လေးပါးတို့တွင် အရှေ့အရပ်သို့ ဦးခေါင်းတော်ပြုလျက် မြောက်သို့ မျက်နှာတော်ပြုထားသော လျောင်းတော်မူ ရုပ်ပွားတော်ကြီးများကို တံတားဦးမြို့နှင့် မန္တလေးမြို့ အစရှိသော ထိုထိုမြို့ရွာတို့၌ ဖူးမြော်နိုင်ကြ၏။ ထိုလျောင်းတော်မူ ဘုရားကြီးများကို ပေါင်းလဲကြီးဟူ၍လည်းကောင်း၊ ပေါင်းလဲကိုယ်တော်ကြီးဟူ၍လည်းကောင်း လူတို့ခေါ်နေကြပါသည်။ ထိုပေါင်းလဲဘုရားကြီးများကို အမှီပြု၍ ဖြစ်ပေါ်လာသော ကျောင်းတိုက်ကိုလည်း ပေါင်းလဲကျောင်းတိုက်ဟူ၍ပင် ခေါ်ကြလေ၏။

သုသောမိတ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်ကြီးတို့၌ကား ပရိနိဗ္ဗာန်ပုံတော်နှင့် ပေါင်းလဲပုံတော်ကို ထပ်တူပြု၍ ဆိုထားသည်ကို အောက်ပါအတိုင်း တွေ့ရ၏။ "မနူဟာမင်းသည် ထိုစက်ရောင်ကွယ်ရာတွင်မှ ငါကြံဖြူးသော်လည်း မဖြစ်နိုင်ရာဟူ၍ နှလုံးချသောဟူ၏။ ယင်းသို့ သံဝေဂရသည်ဖြစ်၍ သံသရာဝယ် ကျင်လည်၍ သူနိုင်သည်ကို မဖြစ်လိုဟူ၍ ကြီးစွာသော ဘုရားထက်ဝယ်တော်တစ်ဆူ ပရိနိဗ္ဗာန် ပြုတော်မူဟန် ပေါင်းလဲတစ်ဆူ တည်လေ၏။"

(သုသောမိတ-ပ-၂၅၂) (မှန်နန်း-ပ-၂၅၀)

မှတ်ချက် ။ ။ မနူဟာမင်း တည်ထားခဲ့သော ဘုရားကြီးများသည် ယနေ့တိုင်အောင် ပုဂံမြို့ဟောင်း မြင်းကပါအရပ်၌ အထင်အရှား ရှိနေသေး၏။ မနူဟာဘုရားဟု ခေါ်နေကြလေသည်။ သို့ရာတွင် ပရိနိဗ္ဗာန်ပုံတော်နှင့် ပေါင်းလည်း(ပေါင်းလဲ) ပုံတော်တို့သည် ပရိနိဗ္ဗာန်ဝင်စံပြီးသော မြတ်စွာဘုရားသခင်၏ ပုံတော်များချည်း ဖြစ်ကြသော်လည်း အချိန်ကာလနှင့် တည်ရာဌာန သို့လိုက်၍ ပုံတော် တစ်ခုနှင့်တစ်ခုသည် ဦးခေါင်းတော်ပြုရာ အရပ်ချင်း မတူညီကြကြောင်းကို အောက်ပါအတိုင်း လေ့လာသိရှိရပေသည်။

## ပရိနိဗ္ဗာန်ပုံတော်

သဗ္ဗညုမြတ်စွာဘုရားသခင်သည် သက်တော် (၈၀) ဝါတော် (၄၅) ဝါအရတွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း

ဥယျာဉ် အတွင်းဝယ် အင်ကြင်းပင်ပျိုတို့၏ အလယ်၌ ခင်းထားအပ်သော ညောင်စောင်းငယ်ထက်မှာ မြောက်သို့ဦးခေါင်း ပြုလျက် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။ ယင်းသို့ ပရိနိဗ္ဗာန် ဝင်စံတော်မူဟန် မြောက်အရပ်သို့ ဦးခေါင်းတော်ပြုလျက် တည်ထားအပ်သော လျောင်းတော်မူပုံတော်များကို ပရိနိဗ္ဗာန်ပုံတော်ဟူ၍လည်းကောင်း (ကုသိနာရုံပုံတော်ဟူ၍လည်းကောင်း) ရဟန်းရှင်လူတို့ သိရှိနားလည်ထားကြပြီးပင် ဖြစ်ပေသည်။

## ပေါင်းလည်းပုံတော်

ထိုသို့ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံရာဖြစ်သော အင်ကြင်းဥယျာဉ်သည် ကုသိနာရုံမြို့တော်၏ အနောက်တောင်ထောင့်(စနေထောင့်)အရပ်၌ တည်ရှိသည်။ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ဥယျာဉ်တော်မှ ပင့်ဆောင်၍ မြို့တော်၏တောင်ဘက်၌ မီးသင်္ဂြိုဟ်ရန် စီစဉ်ကြ၏။ ယင်းအစီအစဉ်ကို နတ်တို့က သဘောမတူကြသဖြင့် အလောင်းတော်ကို ပင့်ဆောင်၍ မရအောင် ပြုလုပ်ထားကြလေ၏။ နတ်တို့မကြိုက်သဖြင့် တားမြစ်ထားကြောင်းကို အရှင်အနုရုဒ္ဓါမထေရ်ပြောပြ၍ သိရသောကြောင့် ထိုအစီအစဉ်ကို ဖျက်သိမ်းလိုက်ရ၏။ ထို့နောက် နတ်တို့၏ဆန္ဒနှင့်အညီ အရှင်အနုရုဒ္ဓါမထေရ် ညွှန်ကြားတော်မူသည့် အစီအစဉ်ဖြင့် မြတ်စွာဘုရား၏ အလောင်းတော်ကို မြို့၏ အနောက်ဘက်မှပတ်၍ မြို့တော်၏ မြောက်တံခါးသို့ ပင့်ဆောင်ခဲ့ပြီးလျှင် ၎င်းတံခါးမှ မြို့တော်တွင်းသို့ သွင်းယူခဲ့ကြ၏။ မြို့လယ်

သို့ရောက်လတ်သော် အရှေ့အရပ်သို့ ပင့်ဆောင်ပြန်၍ မင်းဧကရာဇ် တို့သာ ဝင်ထွက်အသုံးပြုရသော မင်္ဂလာတံခါးမှထွက်ပြီးလျှင် မြို့ဦး မြို့ထိပ်၌ တည်ရှိသော မကုဋ္ဌဗန္ဓနမည်သော အဆောက်အအုံသို့ ပင့်ဆောင်သွားကြ၏။ အလောင်းတော်ကို မီးမသင်္ဂြိုဟ်မီအတွင်း ထို မကုဋ္ဌဗန္ဓန အဆောက်အအုံပေါ်၌ ခင်းကျင်းပူဇော်ထားကြောင်းကို မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၌ ဂယနကာ သေချာစွာ ဖော်ပြထားလေ သည်။ (ဒီ ၂-၁၃၂)

## မကုဋ္ဌဗန္ဓနအဆောက်အအုံ

မကုဋ္ဌဗန္ဓန အဆောက်အအုံဟူသည်(မကုဋ္ဌ-မကိုဋ်မှတော်-ပေါင်းတော်ကို + ဗန္ဓန ဖွဲ့ချည်ရာ = ဆင်မြန်းရာ လဲလှယ်ရာ) အဆောက်အအုံပင် ဖြစ်လေသည်။ ၎င်းအဆောက်အအုံသည် မြန်မာမင်းတို့၏ ပေါင်းတော်ဆောင်နှင့် လုံးဝတူညီသည်ဟု မဆိုနိုင်စေကာမူ တစ်စိတ်တစ်ဒေသအားဖြင့် သဘောချင်း ဆင်တူသည်ဟု ယူဆနိုင်၏။ ပေါင်းတော်ဆောင်ကို ရွှေဘုံ နိဒါန်းကျမ်း၌ ဤသို့ဖော်ပြထားလေသည်။

ပေါင်းတော်ဆောင် ဟူသည်မှာ - ပေါင်းတော်ထားသည့် အထွတ်အမြတ် အဆောက်အအုံဖြစ်၍ နန်းမနန်းဦးတည့်တည့် ဆောက်လုပ်သည်။ ပေါင်းတော်သရဖူတော်၊ မကိုဋ်မှ တော်၊ ပတ္တမြားပေါင်းတော်၊ နဝရတ်ပေါင်းတော်၊ ပကတိ ပေါင်းထုပ်တော်တွင် ရွှေသားရွှေတွန့်ပေါင်းတော်၊ စိန်တွယ်

ပေါင်းတော်၊ မြတွယ်ပေါင်းတော်များကို ခေါက်တုံ့ပြင်ဆင်ထားရာဖြစ်၍ ပေါင်းတော်ဆောင်ဟု ခေါ်ဝေါ်သမုတ်လေသည်။

ဤရွှေဘုံနိဒါန်းကျမ်း၏အဆိုအရ ဘုရင်မင်းမြတ်တို့၏ဦးခေါင်း၌ ဆင်မြန်းအပ်သော မကိုဋ်သရဖူ အစရှိသော တန်ဆာများကို ပေါင်းတော်ခေါ်ကြောင်းကိုလည်း သိရ၏။ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဋီကာတို့ကလည်း မကုဋဗန္ဓန အဆောက်အအုံဟူသည် မလ္လမင်းတို့၏ ရာဇအဘိသိက်ခံယူပွဲ ကျင်းပသောအခါ၌ တန်ဆာဆင်ရာ အဝတ်အစားလဲရာ အထွတ်အမြတ်ထားသော မင်္ဂလာအဆောက်အအုံပင်ဖြစ်ကြောင်း ဖွင့်ပြကြပါသည်။

(ဋ္ဌ-၁၈၈၊ ဋီ-၁၈၈)

အဝတ်အစားလဲလှယ်သည်ဟု ပြောဆိုရာ၌ အဟောင်းကိုချွတ်၍ အသစ်ကို လဲလှယ်ဝတ်ဆင်ခြင်းဖြစ်သကဲ့သို့ မလ္လမင်းတို့၏ အဘိသိက်ပွဲ ကျင်းပသောအခါ၌လည်း ပေါင်းတော်ဟောင်းကိုချွတ်၍ အဘိသိက်ပွဲနှင့် သင့်လျော်သော ပေါင်းတော်သစ်ကို ဆင်မြန်းရာဖြစ်သောကြောင့် ထိုအဆောက်အအုံကို မကုဋဗန္ဓန (ပေါင်းလဲဆောင်) ဟု ခေါ်ခြင်းဖြစ်ပေသည်။ ဤ မကုဋဗန္ဓနမည်သော ပေါင်းလဲဆောင်၌ မြတ်စွာဘုရားသခင်၏ အလောင်းတော်ကို ခင်းကျင်းပူဇော်ထားရာတွင် ဦးခေါင်းတော်ပြုရာ ဦးခေါင်းတော်ထားရာအရပ်ကို ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ တိုက်ရိုက်ဖော်ပြထားခြင်း မရှိသော်လည်း ပေါင်းလဲတော် အဆောက်အအုံ

သည် နန်းမြို့တော်၏ အရှေ့တည့်တည့် မြို့ဦးမြို့ထိပ်၌ တည်ရှိသည်ဖြစ်ရာ အရှေ့သို့ ခေါင်းပြုသော အဆောက်အအုံပင် ဖြစ်နိုင်၏။ ထို့ကြောင့် အရှေ့သို့ ခေါင်းပြုထားသော အဆောင်ပေါ်၌ ခင်းကျင်းထားသော အလောင်းတော်ကိုလည်း အဆောက်အအုံနှင့် အလိုက်သင့်၊ အလျားသင့် အရှေ့သို့ ဦးခေါင်းတော်ပြု၍ ထားမည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် နောင်အခါတွင် အရှေ့သို့ ဦးခေါင်းတော်ပြု၍ တည်ထားသော ရုပ်ပွားဆင်းတုတော်များကိုလည်း ပေါင်းလဲဆောင်၌ ခင်းကျင်းပူဇော်ထားသော ဘုရားရှင်၏ပုံတော်နှင့် အလားတူသောကြောင့်(သဒိသူပစာ) အားဖြင့် ပေါင်းလဲပုံတော်ဟူ၍သာ ဘွဲ့အမည်တော် တပ်ခဲ့ကြခြင်းဖြစ်သည်ဟု ယူဆရပေသည်။

## ရွှေသာလျောင်းပုံတော်

ဝေနေယျသတ္တဝါတို့အား တရားဓမ္မ ဟောပြဆုံးမတော်မူရင်း ထိုင်၍ချည်းသာနေရသဖြင့် ညောင်းညာတော်မူသောအခါ၌ အညောင်းပြေ အညာပြေ ခြေဆန့်လက်ဆန့် သက်သောင့်သက်သာ အနားယူ လဲလျောင်းနေသောပုံတော်ကို ရွှေသာလျောင်းပုံတော်ဟု ဆိုကြပါသည်။

အနားယူလဲလျောင်းခြင်းသည် ပတ်ဝန်းကျင်အခြေအနေနှင့် အဆောက်အအုံ၏ အနေအထားသို့လိုက်၍ သင့်လျော်ရာ အရပ်သို့ ဦးခေါင်းတော်ပြုပါလိမ့်မည်။ သို့သော်လည်း မြတ်စွာ

ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က သီတင်းသုံးတော်မူခဲ့ဖူးသည့် ထင်ရှားသော အကြောင်းဝတ္ထုတစ်ခုခုကို အမှီပြု၍ သာလျှင် တောင်အရပ်သို့ ဦးခေါင်းတော်ပြု၍ တည်ထားသော ရုပ်ပွားဆင်းတုတော်များကို ရွှေသာလျောင်းပုံတော်ဟု ဘွဲ့အမည်တော် ပေးခဲ့ကြဟန်တူပါသည်။

အခါတစ်ပါး ဂဏာမင်းများဖြစ်ကြသော သာကီဝင်မင်းသားတို့သည် ကပိလဝတ္ထု နေပြည်တော်ဝယ် တင့်တယ်ခမ်းနားသော လွှတ်တော်အဆောက်အအုံကြီးတစ်ခုကို ဆောက်လုပ်ကြ၏။ ပြီးစီးသောအခါတွင် လွှတ်တော်သစ်ဖွင့်ပွဲ အခမ်းအနား၌ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ပင့်ဖိတ်၍ တရားပွဲကြီးကျင်းပရန် စီစဉ်ကြလေ၏။ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ရန်အတွက် တပည့်သံဃာများစွာ ခြံရံလျက် ကိုယ်တော်တိုင် ကြွရောက်၍ တရားဟောကြားတော်မူသည်။ လွှတ်တော်သစ်၏ အလယ်ဗဟိုလောက်တွင် အရှေ့အရပ်သို့ မျက်နှာလှည့်၍ ဓမ္မာသန တရားဟောပလ္လင်ကို ခင်းကျင်းပြင်ဆင်ထား၏။ ဘုရားရှင်သည် ထိုဓမ္မာသန တရားဟောပလ္လင်တော်၌ အနောက်အရပ်ကို ကျောပေးလျက် အရှေ့အရပ်သို့ မျက်နှာတော်လှည့်၍ ထိုင်တော်မူသည်။ သံဃာတော်များသည် လွှတ်တော်၏ အနောက်ဘက် နံရံကို ကျောပေးပြီးလျှင် မြတ်စွာဘုရားသခင်ကို ရိုသေစွာ ရှိခိုးကြကုန်လျက် တရားတော်ကို ရိုသေစွာနာယူကြကုန်၏။ လူပရိသတ်သည်ကား လွှတ်တော်၏အရှေ့နံရံကို ကျောပြုကုန်ပြီးလျှင် မြတ်စွာဘုရားနှင့် သံဃာတော်များ သီတင်းသုံးရာ အနောက်

အရပ်သို့လှည့်၍ ထိုင်ပြီးလျှင် တရားတော်ကို ရိုသေစွာနာယူကြပါသည်။

ဤတရားပွဲ၏ အနေအထားကို အကဲခတ်လေ့လာပါက လှုတ်တော်အဆောက်အအုံသည် အနောက်သို့ ခေါင်းပြု၍ ဆောက်ထားသော အဆောက်အအုံဖြစ်ကြောင်း သိရှိနိုင်၏။ မြတ်စွာဘုရားသည် ပရိသတ်အပေါင်းအား တရားဟောကြားတော်မူ၍ ညဉ့်ဦးယံလွန်မြောက်သော် တရားပွဲသိမ်းပြီးလျှင် လူများကို ပြန်ခွင့်ပေးတော်မူလိုက်၏။ လူပရိသတ်များ ပြန်သွားကြပြီးနောက်တွင် အရှင်မောဂ္ဂလာန်မထေရ်ကို ခေါ်၍ "မောဂ္ဂလာန် ရဟန်းအပေါင်းသည် ထိနမိဒ္ဓ မကပ်ငြိဘဲ ပကတိကြည်လင်လန်းဆန်းလျက် ရှိနေ၏။ သင်သည် ဆက်လက်၍ ရဟန်းတို့အား တရားဟောကြားပါဦးလော့။ ငါဘုရားသည် အထိုင်ကြာသဖြင့် ညောင်းညာတော်မူနေပြီ အညောင်းပြေအောင်ကျောဆန့်၍ နားနေဦးမည်"ဟု မိန့်တော်မူပြီးလျှင် အသင့်ပြင်ဆင်ထားသော နေရာတော်၌ တစ်ပါးတည်းလျောင်းတော်မူလျက် အရှင်မောဂ္ဂလာန်မထေရ် ဟောကြားနေသောတရားကို လေးလေးစားစား နာကြားတော်မူလေသည်။

(သံ-၂-၃၉၀။ သံ ၄-၃-၉၄)

ထိုစဉ်အခါက မြတ်စွာဘုရားသခင်သည် တောင်အရပ်သို့ဦးခေါင်းတော်ပြုလျက် ပရိသတ်များရှိရာ အရှေ့ဘက်သို့ မျက်နှာတော်ပြု၍ လျောင်းတော်မူနေကြောင်းကို လှုတ်တော်အဆောက်အအုံ၏ အနေအထားနှင့် ပရိသတ်၏တည်နေပုံကို လေ့လာ၍ သိရှိနိုင်ပေသည်။

## နေရဗာန်ပုံတော်

နိဝါနပုဒ်မှ နိဗ္ဗာန၊ နိဗ္ဗာနမှတစ်ဖန် နိဗ္ဗာန်ဟူသော ပါဠိသက်ဝေါဟာရပုဒ်သည် ဖြစ်လာသကဲ့သို့ နေရဗာန်သည်လည်း နိဝါနပုဒ်နှင့် အလားတူသော နိရဝါနပုဒ်မှ ပြောင်းလဲလာသော ပါဠိသက် ဝေါဟာရပင် ဖြစ်သည်။ (ဝါန-တဏှာမှ+နိရ=ကင်းခြင်း=မရှိခြင်း) တဏှာကင်းရာဖြစ်သော နိဗ္ဗာန်ကို နေရဗာန်ဟုဆိုခြင်းဖြစ်သည်။ ထို့ကြောင့် သုဂတပုဒ်၏အနက်ကို "သုဂတော=နန်းမခေမံ နေရဗာန်သို့ ဧကန်ကြွသွားတော်မူသော မြတ်စွာဘုရား" ဟူ၍ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ် အနက်ပြန်တော်မူခဲ့လေသည်။ နရဗန္ဓပုဒ်မှ နရဗန်ဖြစ်လာရသည်ဟုကြံ၍ လူတို့ကို နှောင်ဖွဲ့ခြင်းကို နရဗန်ခေါ်ကြောင်း၊ ပရိသတ်လေးပါးတို့ ထ၍မပြန်နိုင်အောင် ဖွဲ့နှောင်လျက် ဩဝါဒ စကားပြောနေသော ပုံတော်ကို နရဗန်ပုံတော်ဟူ၍ဆိုသော ဝါဒလည်း ရှိသေး၏။ အမှန်မှာ နေရဗာန်ဟုဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် (သို့မဟုတ်) နိရောဓသမာပတ် ဝင်စားနေသောပုံကိုသာ နေရဗာန်ပုံတော်ဟု ဆိုခြင်းဖြစ်သည်။ သမာပတ်ဝင်စားခြင်းကို အများအားဖြင့် ထိုင်ခြင်း၊ လျောင်းခြင်း၊ ဣရိယာပုတ် နှစ်ပါးဖြင့် ဝင်စားကြသော်လည်း သတ်မှတ်ဖော်ပြထားခြင်းမျိုးကိုကား ကျမ်းဂန်တို့၌ မတွေ့ရပါ။ ခြားနားစေရန် အနောက်သို့ ဦးခေါင်းတော်ပြုသောပုံကို နေရဗာန်ပုံတော်ဟူ၍ မှည့်ခေါ်ခဲ့ကြဟန်တူပါသည်။

ဤပုံတော်လေးမျိုးတို့တွင် ပရိနိဗ္ဗာန်ပုံတော်နှင့် ပေါင်း

လည်း(ပေါင်းလဲ) ပုံတော်တို့သည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော အဝိညာဏက(သက်မဲ့)ချည်း ဖြစ်ကြ၍ ခေါင်းအုံး၌ ဦးခေါင်းတော် ချလျက် ဒိဋ္ဌဓမ္မသုခကို(မျက်မှောက်ချမ်းသာကို) ခံစားနေဟန်ဖြစ်၍ ကျိန်းစက်နေတော်မူသည့် ပုံတော်မျိုးပင် ဖြစ်သင့်၏။ ရွှေသာလျောင်းပုံတော်သည် ပရိသတ်မှ ဖယ်ခွာ၍ ကိုယ်တော်တစ်ပါးတည်း သက်သောင့်သက်သာ နားယူလဲလျောင်းနေသောပုံတော်မျိုးဖြစ်ရမည်။ ပရိသတ်လေးပါး၏ ဖူးမြော်ကန်တော့ခြင်းကို ခံယူလျက် သာရဏီယကထာ(မပြတ်မလပ် တစ်သက်ပတ်လုံး စွဲမှတ်ထိုက်သောစကား)ကို မိန့်ကြားပြောဆိုနေသော ပုံတော်သည်ကား အထက်အဆိုပါ ပုံတော်လေးမျိုးလုံး၌ အကျုံးမဝင်ပါ။ တစ်သီးတခြားသာ ဖြစ်ပါသည်။ ရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ပရိသတ်လေးပါးကို ဧည့်ခံ၍ သာရဏီယကထာကို မြွက်ကြားခြင်းသည် နေရာအတော်များများ၌ ကြိမ်ဖန်များစွာပင် ရှိနိုင်ပါသည်။ ထိုကြိမ်ဖန်များစွာထဲမှ မှတ်သားဖွယ်ရာကောင်း၍ ထင်ရှားသော ဝတ္ထုတစ်ပုဒ်ကို ရွေးထုတ်ဖော်ပြလိုပါသည်။

## ရာဟုအသူရိန် နတ်မင်းကြီးဝတ္ထု

ရာဟုအသူရိန် နတ်မင်းကြီးသည် ဤလောက၌ သတ္တဝါတို့တွင် ကိုယ်ခန္ဓာအကြီးမားဆုံး ပုဂ္ဂိုလ်ကြီးဖြစ်၏။ အသူရိန်နတ်မင်းကြီး၏ အရပ်အမြင့်သည် ယူဇနာလေးထောင့်ရှစ်ရာရှိ၍ လုံးပတ်သည် ယူဇနာခြောက်ရာရှိ၏။ ဦးခေါင်းမှာ ယူဇနာကိုးရာရှိသည်ဟု ဆိုပါသည်။ ထိုရာဟုအသူရိန် နတ်မင်းကြီးက စဉ်းစား

သည်မှာ ငါ၏ကိုယ်ခန္ဓာသည် အလွန်တရာ ကြီးထွားမြင့်မား၏။ လူသားဖြစ်သော အရှင်ဂေါတမသည် သေးငယ်လှသည်ဖြစ်ရာ သူ့ကို ကြည့်ရှုလျှင် သေးသေးကွေးကွေးလေးသာ မြင်ရမည်ဖြစ်၍ စိတ်ပျက်စရာ ကောင်းပါဘိ၏။ ဤသို့ စဉ်းစားမိသဖြင့် အခြားသော နတ်ဗြဟ္မာအသူရာတို့ မြတ်စွာဘုရားထံသို့ ဆည်းကပ် ခစားဝင်ထွက် သွားလာနေကြငြားသော်လည်း ရာဟုအသူရိန် နတ်ကြီးသည် တစ်ကြိမ်တစ်ခါမျှ ဘုရားထံသို့ ရောက်မလာခဲ့ဖူးချေ။ တစ်နေ့သောအခါ၌ အပေါင်းအသင်းရောင်းရင်း မိတ်ဆွေတို့၏ တဖွဖွ ချီးကျူးပြောဆိုကြသော မြတ်စွာဘုရား၏ ဂုဏ်တော်များကို ကြားရဖန်များသဖြင့် ကိုယ်တိုင်ဖူးမြော်ရန် လာခဲ့လေ၏။ မြတ်စွာဘုရားသခင်သည် ရာဟုအသူရိန်၏ စိတ်နေသဘောထားကို မြင်တော်မူပြီးဖြစ်သောကြောင့် သီတင်းသုံးတော်မူမြဲဖြစ်သော ဂန္ဓကုဋီ ကျောင်းအတွင်း၌ အဖူးမြော်မခံဘဲ ဂန္ဓကုဋီ ပရိဝုဏ်အတွင်း ဥပစာ မြက်ခင်းဝယ် အရန်သင့် ခင်းထားအပ်သော ညောင်စောင်းငယ်တစ်ခု၌ လက်ယာနံစောင်းဖြင့် လဲလျောင်းတော်မူ၍ အသူရိန် နတ်မင်းကြီး၏ ဖူးမြော်ခြင်းကို ခံယူတော်မူပါသည်။

ရာဟုအသူရိန်နတ်မင်းကြီးသည် ညောင်စောင်းငယ်တစ်ခုပေါ်၌ လျောင်းတော်မူနေသော ဘုရားရှင်ကို “အဇ္ဈောဝေဟင်ထက်ကောင်းကင်မှ လပြည့်ဝန်းကြီးကို လူသားတို့ ကြည့်ရှုရဘိသကဲ့သို့ မော်၍ ဖူးမြော်နေရလေ၏။” ထို့ကြောင့် ဘုရားရှင်က “ဘယ်လိုသဘောရသလဲ ရာဟု” လို့ အကဲစမ်း၍ မေးမြန်းပြီးနောက် ဤသို့ ဩဝါဒစကားကိုလည်း တစ်ဆက်တည်း မိန့်ကြား

တော်မူခဲ့ပါသည်။ "န မယာ အသုရိန္ဒ အခေါမုခေန ပါရမိယော ပူရိတော ဥဒ္ဓဂ္ဂမေဝ ကတွာ ဒါနံ ဒိန္နံ = အသူရိန်နတ်မင်း ငါဘုရားသည် ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်စဉ်အခါက အောက်သို့ ဦးခေါင်းငုံ့လျက် ဖြည့်ကျင့်ခဲ့သည်မဟုတ်။ ဝမ်းမြောက်ရွှင်လန်း လန်းဆန်းတက်ကြွစွာသာလျှင် ဒါနပါရမီကို ဖြည့်ကျင့်လှူဒါန်းခဲ့သည်။ ဤသို့ဖြည့်ကျင့် လှူဒါန်းခဲ့သောကြောင့် သူတစ်ပါးတို့သည် ငါဘုရား၏ မျက်နှာတော်ကို ငုံ့၍မကြည့်ရ မော်၍သာ ဖူးမြော်ကြရလေသည်"ဟု ထုတ်ဖော်ဟောကြားတော်မူပါသည်။ ရာဟုအသူရိန် နတ်မင်းကြီးသည် သရဏဂုံတည်၍ ပြန်သွားပါသည်။

ဤခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို ကျယ်ဝန်းပြန့်ပြူးသော ဥပစာမြေအနေအထားအရ အရှေ့တောင်ယွန်းယွန်းကို ဦးခေါင်းတော်ပြု၍ တည်ထားခြင်းကြောင့် ပေါင်းလဲပုံတော်ဟု ဆိုလိုက ဆိုနိုင်သော်လည်း ပရိနိဗ္ဗာန်ဝင်စံနေသည့် ပုံတော်မျိုးမဟုတ်ဘဲ ပရိသတ်လေးပါးအား သရဏဂုံ တရားစကားကို ဟောကြားလျက် ဧည့်ခံနေသော ပုံတော်ဖြစ်သောကြောင့် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အသူရိန်နတ်မင်းကြီးကို တရားဟောနေသော ပုံတော်ဟူ၍ ဆိုပါက ပို၍ သင့်လျော်မည်ဟု ယူဆရပေသည်။

## အနုစိတ်အချောကိုင် လုပ်ငန်းများကို ဆောင်ရွက်ခြင်း

တည်ဆောက်ရေးအဖွဲ့သစ်ကို အားဖြည့်၍ ထပ်မံဖွဲ့စည်းပြီးနောက် ရွှေသာလျောင်းဘုရားကြီး၏ အနုစိတ်အချောကိုင်လုပ်

ငန်းများကို ဆက်လက်၍ ဆောင်ရွက်ခဲ့ကြပါသည်။

## (၁) သင်းကျစ်တော်၌ ကျောက်စီရွှေချခြင်း

ခြောက်ထပ်ကြီးရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ နဖူးသင်းကျစ်တော်သည် အလျားအရှည် ၄၆ ပေ ၉ လက်မ၊ အနံအကျယ် ၅ ပေ ၃ လက်မရှိ၏။ ပန်းရန်ဆရာကြီး ဦးသောင်း ဒီဇိုင်းပုံစံထုတ်၍ အင်္ဂတေကနုတ်ပန်း ပြုလုပ်ခြင်း၊ ကျောက်စီခြင်း၊ ရွှေချခြင်းစသော အနုစိတ်မွမ်းမံခြင်းလုပ်ငန်းကို ပြုလုပ်သည်။ လက်ခကျပ် ၉၀၀၀(ကျပ်ကိုးထောင်) ပေးရကြောင်း သိရ၏။ သင်းကျစ်တော်၌ မိုးကုတ်တွင်းထွက် အချင်း ခြောက်လက်မ၊ အမြင့် လေးလက်မစီရှိသော စလင်းကျောက်ကြီး ငါးလုံးကို တပ်ဆင်ထားရာ ကျောက်တစ်လုံးစီ၏တန်ဖိုးမှာ ကျပ် ၃၅၀၀စီ ဖြစ်သည်။ အလယ်ဗဟိုမှ စလင်းကျောက်ကြီးကို ကျောင်းဒါယကာ ကြီး ဦးစောဦး-ဒေါ်သိမ်နှင့် ဦးတင်မောင်-ဒေါ်မြင့် အမှတ် (၁၆၂) (စီ) ပထမသီရိရိပ်သာ၊ အလုံတို့က လှူဒါန်းကြပါသည်။ ကြွင်းသော ကျောက်များမှာမူ အများပြည်သူတို့၏ ကောင်းမှုဖြစ်ကြပါသည်။ သင်းကျစ်တော်ကြီးအတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ သုံးသောင်း ခန့် ဖြစ်ကြောင်းသိရ၏။

## ဥဏ္ဏာလုံမွေးရှင်တော်

ဥဏ္ဏာသဒ္ဒါသည် အမွေးဟူသော အနက်သာမညကို

ဟောသော်လည်း မဟာပုရိသလက္ခဏာကို ပြဆိုသော အရာ၌ကား-

ထူးကဲမြင့်မြတ်သော အမွေးဟူသော အနက်ဝိသေသကို ဟောသည်။ ထို့ကြောင့် "ဥဏ္ဏာတိဥဏ္ဏာလောမံ"ဟူ၍ ပရိယာယ်ပုဒ်နှစ်ပုဒ်ဆင့်လျက် အဋ္ဌကထာဆရာဖွင့်ပြတော်မူသည်။ အနုလောမသဒ္ဒါကို အနုလုံဟူ၍လည်းကောင်း၊ ပဋိလောမသဒ္ဒါကို ပဋိလုံဟူ၍လည်းကောင်း အနက်မြန်မာပြန်ကြသကဲ့သို့ ဥဏ္ဏာလောမသဒ္ဒါကိုလည်း ဥဏ္ဏာလုံဟု အနက်မြန်မာပြန်ထားခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ထူးကဲမြင့်မြတ်သော အမွေးတော်ဟု ဆိုလိုသည်။

ဤဥဏ္ဏာလုံတော်သည် မြတ်စွာဘုရား၏ မျက်လုံးနှစ်ဖက်အလယ် နှာခေါင်းတော် အထက်တည့်တည့်၌ပေါက်ပြီး အထက်သို့အဖျားကော့ထောင်လျက် နဖူးပြင်၏အလယ်ဗဟို၌ လက်ယာရစ်လှည့်ခွေ၍ တည်နေသည်။ အရှည်ပမာဏမှာ အကြိမ်တစ်ရာ ဖတ်အပ်သော ဝါဂွမ်းလွှာ၏ အမွေးကဲ့သို့ နူးထွေးသိမ်မွေ့ပြီး အလျားတစ်တောင်ခန့်ရှိ၏။ အသွေးအရောင်မှာ ဘော်သားငွေစင်ကဲ့သို့ ကြည်လင်ဖွေးဖြူနေပြီး သောက်ရှူးကြယ် အရောင်ထွက်သကဲ့သို့ တဖျတ်ဖျတ် အရောင်လက်လျက်ရှိသည်။ လက်ယာရစ်ခွေနေသော ဥဏ္ဏာလုံတော်၏အဖျားကို ဆွဲဆန့်သော် တစ်တောင်ခန့်အထိဆန့်ပြီး လွှတ်လိုက်လျှင် လက်ယာရစ် ပြန်ခွေနေသည်။ ဤသို့ဆန့်တန်းထားရာမှ ပြန်၍ခွေတတ်သောကြောင့် အမွေးရှင် မွေးရှင်ဟု ခေါ်စမှတ်ပြုကြပြီး ဥဏ္ဏာလုံနှင့် တွဲဖက်လျက် ဥဏ္ဏာလုံမွေးရှင်တော်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၌ ဥဏ္ဏလုံ မွေးရှင်တော် ကပ်လှူခြင်း

ဆင်းတုတော်ငယ်များ၌ ဥဏ္ဏာလုံတော် တပ်ဆင်လေ့ရှိသည်ကို မတွေ့ရ။ ရွှေသာလျောင်းဘုရားကြီး၌မူကား ဗုဒ္ဓ၏မဟာပုရိသ လက္ခဏာတော်များနှင့် ပြည့်စုံအောင် ပြုလုပ်နိုင်သမျှ ပြုလုပ်လိုသော အာသီသရှိကြသဖြင့် ဥဏ္ဏာလုံတော်ကို တပ်ဆင်လှူဒါန်းထားသည်။ ဘုရားကြီး၌ တပ်ဆင်ထားသော ဥဏ္ဏာလုံတော်၏ ပမာဏမှာ အမြင့်တစ်ပေခွဲရှိပြီး အချင်းတစ်ပေရှိသည်။ ၎င်း၌ အချင်း ခြောက်လက်မ၊ ထု လေးလက်မရှိသော စလင်းကျောက်ကြီးတစ်လုံးနှင့် စလင်းကျောက်များ တပ်ဆင်ထားသည်။ စလင်းကျောက်ကြီးကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဗားကရာလမ်းနေ အငြိမ်းစားသစ်တောမင်းကြီး ဦးဘသော်မိသားစုတို့က လှူဒါန်းကြသည်။ တန်ဖိုးမှာ ကျပ် ၃၅၀၀ ဖြစ်၏။

၁၃၄၈ ခုနှစ် သီတင်းကျွတ်လပြည့်(၁၈-၁၀-၈၆) စနေနေ့တွင် ရန်ကုန်မြို့၊ ဗဟန်း ရေတာရှည်လမ်းဟောင်း ခြံအမှတ်(၉၀)နေ ဦးဘဆင်-ဒေါ်ရင်မြ သားသမက် ဦးသက်ထွန်း၊ သမီးဒေါ်ကြည်ကြည်ညွန့်နှင့် သားသမီးများက ရွှေစင်ရွှေသားဖြင့် ပြုလုပ်ပြီး စိန်များစီခြယ်ထားသော ကာလတန်ဖိုး နှစ်သိန်းခန့်တန်သည့် ဥဏ္ဏာလုံတော်တစ်ဆူကို ထပ်မံ၍ ကပ်လှူပူဇော်ကြသည်။ ဦးဘဆင်-ဒေါ်ရင်မြတို့၌ ဥဏ္ဏာလုံတော် ကပ်လှူရန် အကြောင်းဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ် လေ့လာမှတ်သားဖွယ်ကောင်းသောကြောင့် အနည်းငယ် ဖော်ပြပါဦးမည်။

## မသေမီ သရဏဂုံ တင်လိုခြင်း

ဦးဘဆင်-ဒေါ်ရင်မြတို့သည် ဧရာဝတီတိုင်း မြန်အောင်မြို့ ဇာတိ ဖြစ်ကြသည်။ ရတနာမြတ်သုံးပါး ကံ၊ ကံ၏ အကျိုးတရားကို ယုံကြည်ကြသော သမ္မာဒိဋ္ဌိ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြသည့်အားလျော်စွာ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ကုဋီနှင့် ဆေးရုံများကို ဆောက်လုပ်လှူဒါန်းခြင်း၊ ခေါင်းလောင်းနှင့် မဟာရာမ်တံတိုင်း လှူဒါန်းခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်လှူခြင်း၊ ရဟန်းခံရှင်ပြုပေးခြင်း အစရှိသော ကုသိုလ်ကောင်းမှု မြောက်မြားစွာတို့ကို ပြုလုပ်ခဲ့ကြသည်။ အသက်အရွယ်ကြီးလာသောအခါတွင် ဒေါ်ရင်မြ၌ ကျန်းမာရေးချို့တဲ့ပြီး နာတာရှည်ရောဂါ စွဲကပ်လာသည်။ တတ်ကျွမ်းလိမ္မာသော သမားတော်ကြီးများနှင့် ဆေးဝါးကုသခံသော်လည်း သက်သာပျောက်ကင်းသည်မရှိ တိုးလျက်သာရှိသည်။ ထို့ကြောင့် ဆေးကောင်းဝါးကောင်း ဆရာသမားကောင်းများနှင့် နီးနီးနားနား ပြသကုသနိုင်ရန် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ရောဂါမှာ သက်သာခြင်းမရှိဘဲ တိုးမြဲတိုးလျက် အစာမဝင် အရည်သာဝင်ပြီး အိပ်ရာထဲလဲနေသည့် အခြေအနေသို့ ရောက်လာသည်။ ထို့ကြောင့် ဝေဒနာရှင်ကိုယ်တိုင်က မိမိသည် ကြာကြာနေရတော့မည်မဟုတ်။ မကြာမီသေလိမ့်မည်ဟု ယူဆလျက် မိမိအား ပစ်မထားရန်နှင့် ဂရုစိုက်ပြီး စောင့်ကြည့် ကြရန် မှာကြားထားသည်။ ၁၃၄၈ ခုနှစ်၊ နယုန်လပြည့် မဟာသမယအခါတော်နေ့ နံနက်တွင် မြန်မာ့အသံရေဒီယိုမှ ဆရာ တော်၊

သံဃာတော်များ ဟောကြားရွတ်ဖတ်အပ်သော မဟာသမယ တရားတော်ကို အိပ်ရာထဲမှ အာရုံစိုက် နာယူရင်း အိုခြင်းတရား၊ နာခြင်းတရားတို့ကိုလည်းကောင်း မကြာမီ သေရမည့် သေခြင်း တရားကိုလည်းကောင်း၊ ရှုမှတ်၊ ဆင်ခြင်၊ ပွားများလျက် အသက် ဇီဝိန်မချုပ်မီ မိမိ၏ လက်ဝတ်ရတနာများကို လှူဒါန်းပြီး သရဏဂုံ တင်ရန် ဆန္ဒဖြစ်ပေါ်လာသည်။ ထို့ကြောင့် မိမိဆန္ဒကို ခင်ပွန်းသည် ဦးဘဆင်နှင့် သားသမီးများကို ပြောပြရာ ၎င်းတို့ကလည်း ကြည်ကြည်ဖြူဖြူ လိုက်လျောသဘောတူညီကြပြီး ဒေါ်ရင်မြ၏ဆန္ဒ ပြည့်ဝအောင် အမြန်ဆုံး ဆောင်ရွက်ပေးကြပါ သည်။ ဒေါ်ရင်မြက မိမိလက်ဝတ်တန်ဆာများကို ရွှေပြားခတ်၍ ရွှေတိဂုံစေတီတော်မြတ် ကြီးအား ရွှေသင်္ကန်းကပ်လိုကြောင်း ပြောသဖြင့် ဦးဘဆင်ကိုယ်တိုင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံသွားပြီး မေးမြန်းစုံစမ်းသည်။ ရွှေတိဂုံစေတီ တော်ကြီး၌ ရွှေပြားများကပ်လှူပြီးစ အချိန်ဖြစ်၍ စာရင်းများ မရှင်းရ သေးသောကြောင့် လောလောဆယ် လက်မခံနိုင်သေးကြောင်း နောင်ကပ်လှူရန်အတွက် ပစ္စည်းများ လှူဒါန်းထားမည်ဆိုပါက လက်ခံနိုင်ကြောင်း သက်ဆိုင်ရာပုဂ္ဂိုလ်များက ရှင်းပြပါသည်။ ဒေါ်ရင်မြမှာ မကြာမီသေမည်ဟု ယူဆထားသဖြင့် မသေမီ ကိုယ်ထိလက်ရောက် သဟတ္ထိကမြောက်အောင် ရွှေပြားများကို လှူဒါန်းချင်သည်။

## ဆရာတော်ကြီးတစ်ပါးကြွလာခြင်း

ဤသို့ရှိနေစဉ် နယုန်လပြည့်ကျော် (၈) ရက်

ညသန်းခေါင်ယံတွင် ကြည်ညိုလေးစားဖွယ် ဥပဓိရုပ် ခံ့ခံ့ညားညား နှင့် သက်တော် (၇၀)ကျော်အရွယ်ရှိ ဆရာတော်ကြီးတစ်ပါး ကြွလာပြီး ဒေါ်ရင်မြအား ဤသို့မိန့်ကြားသည်။ "ရင်မြ နင့်ပစ္စည်း တွေ လှူမှာဖြင့် ခြောက်ထပ်ကြီးဘုရားကြီးသွားလှူချေ။ ခြောက်ထပ် ကြီး ဘုရားရောက်လျှင် နင်တို့ ဘာကိုလှူရမည်ဆိုတာ တွေ့ရလိမ့် မည်။ အဲဒီလို လှူလိုက်လျှင် နင့်ရောဂါလည်း သက်သာသွားလိမ့် မည်။ ငါကတော့ ဆေးမကုဘူး။ ရတနာသုံးပါးကိုသာ ကိုးကွယ် ဆည်းကပ်ပါ" ဟု ပြောကြားပြီး ပျောက်ကွယ်သွားသည်။

ဒေါ်ရင်မြသည် အိပ်မက် မက်နေခြင်းမဟုတ်။ အိပ်လည်း အိပ်မပျော် အိပ်ရာထဲလှဲနေရာမှ မျက်ဝါးထင်ထင် ဖူးမြင်ကြားသိ လိုက်ရခြင်း ဖြစ်၏။ ထို့ကြောင့် အနီး၌အိပ်နေသူ ခင်ပွန်းသည် ဦးဘဆင်ကို နှိုး၍ ချက်ချင်းပြောပြသည်။ ဦးဘဆင်သည် ဒေါ်ရင်မြ ပြောပြသည့်အတိုင်း (၉) ရက်နေ့ နံနက် (၈) နာရီခန့် တွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသို့သွား၍ ဖူးမြော် ကန်တော့ပြီးလျှင် ဘုရားကြီးကို လှည့်ပတ်၍ ကုသိုလ်ပြုရန် သင့်လျော်မည့် နေရာဌာနကို ကြည့်ရှုရှာဖွေရာ ဘုရားကြီး မျက်နှာ တော်မှ ဥဏ္ဏာလုံတော်ဆီသို့ စိတ်ညွှတ်သွားခဲ့သည်။ ထို့ကြောင့် နိဗ္ဗာန် ဆော် ဥပါသကာကြီးထံ မေးမြန်းစုံစမ်းပြီး ဥပါသကာကြီး လမ်းညွှန်သည့်အတိုင်း နာယကဆရာတော်များနှင့် ဂေါပက အဖွဲ့ဝင် လူကြီးများကို တွေ့ဆုံ၍ ဥဏ္ဏာလုံတော်ကို စိန်၊ ရွှေ ရတနာ များဖြင့် စီခြယ်၍ ကပ်လှူပူဇော်လိုကြောင်း လျှောက်ထားပန်ကြား သည်။ နာယကဆရာတော်များနှင့် ဂေါပကအဖွဲ့ကလည်း

ဝမ်းမြောက်စွာ သဘောတူ ခွင့်ပြုလိုက်ပါသည်။ အကြောင်းစုံကို ဒေါ်ရင်မြအား ပြန်လည် ပြောပြရာ သဘောကျလက်ခံသဖြင့် ဥဏ္ဏာလုံတော် လှူဒါန်းရန်နှင့် သရဏဂုံတင်ရန် စီစဉ်ကြသည်။

## လက်ဝတ်ရတနာများကို ရေစက်ချလှူဒါန်းခြင်း

မိမိကွယ်လွန်ပါက သက်စေ့သံဃာ ၇၂ ပါးကို ပင့်၍ လှူဒါန်းရန်အတွက် သင်္ကန်းဒွိစုံ ၇၂ စုံကိုလည်းကောင်း၊ သီလရှင် ၇၂ပါးကိုပင့်၍ တစ်ပါးလျှင် ၂၅ကျပ်စီ လှူဒါန်းရန် ငွေကျပ် ၁၈၀၀ ကိုလည်းကောင်း၊ ထို့နောက် ဥဏ္ဏာလုံတော် ကပ်လှူပူဇော်ရန်အတွက် မိမိမြတ်မြတ်နိုးနိုး ဝတ်ဆင်သုံးစွဲခဲ့သော -

၁။ ရွှေသားအချိန် ရှစ်ပဲသားရှိ စိန်ဆွဲပြားကြီးတစ်ခု။

၂။ စိန်လုံးရေ (၅၀) ရှစ်ရတီခွဲရှိသော ကြစုသီးပုံ စိန်လက်စွပ်တစ်ခု။

၃။ ရွှေစိုက်ဘီး သုံးချောင်း။

၄။ ရွှေပတ်ဘီး နှစ်ချောင်း။

၅။ ရွှေဘော်ဒီကြိုး သုံးကုံး။

၆။ ရွှေကြယ်သီး တစ်စုံနှင့်

၇။ ရွှေဇွန်း တစ်ချောင်း

စုစုပေါင်း ရွှေသား ၁၅ ကျပ်၊ ၃ ပဲ၊ ၂ ရွေး(တစ်ဆယ့်ငါးကျပ် သုံးပဲ နှစ်ရွေး) တို့ကိုလည်းကောင်း၊ ၁၃၄၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၅)

ရက်(၂၁-၇-၈၆) တနင်္လာနေ့ ဓမ္မစကြာအခါတော်နေ့တွင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စရံသီ ဆရာတော်အမှူးပြုသော သံဃာတော်ငါးပါးကိုပင့်၍ သရဏဂုံ ထပ်မံဆောက်တည်ခြင်း၊ ဥပုသ်သီလ ခံယူကျင့်သုံးခြင်းတို့ကို ပြုပြီးလျှင် အထက်ပါ လှူဖွယ်ဝတ္ထုပစ္စည်းများကို ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။ ထို့နောက် ကြွလာသော ဆရာတော်များကိုလည်း ဆွမ်းဆက်ကပ်၍ ဝါဆိုသင်္ကန်းတစ်စုံစီ အလှူရှင် ဒေါ်ရင်မြကိုယ်တိုင် သဟတ္ထိကမြောက် ကပ်လှူသည်။ ဤသို့ ဒေါ်ရင်မြသည် မိမိစိတ်ဆန္ဒရှိသည့်အတိုင်း ကုသိုလ်ဒါနများကို စိတ်တိုင်းကျ လှူဒါန်းလိုက်ရသောကြောင့် ကျေနပ်ဝမ်းမြောက်ခြင်း ပီတိသောမနဿများ အဖန်ဖန် ဖြစ်ပွားလျက် ကိုယ်စိတ်နှစ်ပါး လန်းဆန်းပေါ့ပါးပြီး ရောဂါဝေဒနာလည်း လျော့နည်းသက်သာလာသည်။ မလှူမီက တစ်ရက်နှစ်ရက်အတွင်း သေတော့မည်ဟု ထင်ရသော်လည်း လှူပြီးသောအခါမှာမူ ထူထူထောင်ထောင် ဖြစ်နေပါသည်။

## ဥဏ္ဏာလုံတော်သစ်ကို ထပ်မံပြုလုပ်ခြင်း

ဂေါပကအဖွဲ့နှင့် ဥဏ္ဏာလုံတော်အလှူရှင်တို့က ပထမ ဥဏ္ဏာလုံတော်ကို ပြင်ဆင်မွမ်းမံ၍ စိန်ရွှေရတနာများကို ကပ်လှူပူဇော်ရန် ကြံစည်ခဲ့ကြသော်လည်း ငြမ်းများဆင်၍ ဖြုတ်ယူကြည့်ရှုသောအခါ၌ကား ပထမ ဥဏ္ဏာလုံတော်မှာ ကြေးပြား၌ သစ်စေးသားရိုးကိုင်၍ ကျောက်စီ၊ ရွှေချထားခြင်းဖြစ်သောကြောင့် ကာလကြာမြင့်စွာ ခိုင်ခန့်ဖွယ်လည်း မရှိ။ မွမ်းမံပြုပြင်ရုံ မွမ်းမံပြုပြင်၍လည်း

မဖြစ်နိုင်သောကြောင့် ပညာရှင်များနှင့်တိုင်ပင်ပြီး မူလပုံစံအတိုင်း ဥက္ကာလုံတော်အသစ် ထပ်မံပြုလုပ်ရန် ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်ကျော် (၅) ရက်(၂၆-၇-၈၆) နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ရွှေပန်းတိမ်ဆရာကြီး ဦးသန်းမောင်ထံ အပ်နှံသည်။

အထက်၌ ဖော်ပြခဲ့ပြီးသော လှူဒါန်းရာပါ စိန်ထည်၊ ရွှေထည် ပစ္စည်းတို့တွင် စိန်ဆွဲပြားနှင့် စိန်လက်စွပ်မှတစ်ပါး ကျန်ရွှေထည်များကို ရွှေပြားခတ်ရန် အရည်ကျိုပြီး ငရဲမီးသုံးကြိမ်စားစေရာ အသားတင် ရွှေစင်ရွှေသား ၁၂ ကျပ်၊ ၈ ပဲ၊ ၆ ရွေး ရရှိသည်။ ၎င်းတို့ကို ရွှေပြားခတ်၍ အောက်ခံကြေးပြား၌ ဓာတုဗေဒကော်ဖြင့် ကပ်ပြီးလျှင် ရွှေသားဖြင့် အနားကုတ်၍ ဝက်အူစုတ်ပါသည်။ ထို့နောက် စိန်ဆွဲပြားနှင့် စိန်လက်စွပ်တို့ကို လည်းကောင်း၊ (၈၃)ရတီရှိသော အဏူမြူစိန်လုံးကြီးနှင့် အဏူမြူစိန်ပွင့် (၅၅၀) တို့ကိုလည်းကောင်း လှပတင့်တယ်ရှုမငြီးဖွယ်ဖြစ်အောင် ဥက္ကာလုံတော်၌ တန်ဆာဆင်၍ တပ်ဆင်ပါသည်။ သီတင်းကျွတ်လဆန်း (၆)ရက်နေ့ ပြီးစီးသည်။ ပြုလုပ်ရသည့်ကာလ နှစ်လခွဲကြာပြီး လက်ခ ၇၅၀၀ ကျပ်တိတိပေးရသည်။

## ဥက္ကာလုံမွေးရှင်တော် ကပ်လှူပူဇော်ခြင်း

ဥက္ကာလုံတော် ပြုလုပ်ပြီးစီးသောအခါ အလှူ့ရှင်များက မိမိတို့နေအိမ်သို့ ပင့်ဆောင်၍ နှစ်ညကြည်ညိုပူဇော်ကြသည်။

သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင် အလှူရှင်တို့၏ ဗဟန်းရေတာရှည်လမ်းဟောင်း၊ ခြံအမှတ် (၉၀) နေအိမ်မှ ပန်းရထားဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်လျက် ရန်ကုန်မြို့တွင်း လှည့်လည်အပူဇော်ခံပြီး ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ရင်ပြင်တော်၌ အများပြည်သူတို့ ကြည်ညိုပူဇော်ဖွယ်ကြရန် အပူဇော်ခံထားသည်။ ၁၃၄၈ ခုနှစ် သီတင်းကျွတ်လပြည့် (၁၈-၁၀-၈၆) အဘိဓမ္မာ အခါတော်နေ့တွင် ဗဟန်းမြို့နယ် ပါတီကောင်စီမှ ဥက္ကဋ္ဌ လူကြီးမင်းများ ဦးဆောင်ဦးရွက်ပြုလျက် နာယကဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဥပုသ်သည်များ ကြွရောက်ပူဇော်ကြပြီးလျှင် ဘုရားကြီးရင်ပြင်တော် မဆံ့အောင် စည်ကားသိုက်မြိုက်စွာ ပူဇော်ပွဲကြီး ကျင်းပ၍ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကို ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၌ တပ်ဆင်ပူဇော်ကြပါသည်။

## ဥဏ္ဏာလုံမွေးရှင်တော်၏ ကာလတန်ဖိုး

၁။ ရွှေသား ၁၂ ကျပ်၊ ၈ ပဲ၊ ၆ ရွေး၊ နှုန်း တစ်ကျပ်သား။
၈၇၀၀ ကျပ်၊ သင့်ငွေ = ကျပ် ၁၀၉၁၈၅။

၂။ စိန်လုံးရေ ၅၀ ရှစ်ရတီခွဲ၊ နှုန်း တစ်ရတီ ကျပ် ၈၄၀၀၊
သင့်ငွေ = ၇၁၄၀၀ ကျပ်။

၃။ အဏုမြူစိန်လုံးကြီးတစ်လုံး ၈၃ ရတီ
သင့်ငွေ = ၈၃၀ ကျပ်။

၄။ အကျုမြူစိန်ပွင့် ၅၅၀၊ ၁၀၅၂ ရတီ
သင့်ငွေ = ၃၆၈၂ ကျပ်။

၅။ လုပ်ခပေးရငွေ = ၇၅၀၀ ကျပ်

၆။ တပ်ဆင်ပူဇော်ပွဲကုန်ကျစရိတ် = ၁၅၀၀ ကျပ်

စုစုပေါင်း ကုန်ကျငွေ = ၁၉၄၀၉၇ ကျပ် ဖြစ်ပါသည်။

## (၃) ကျောက်သားတင်ခြင်း

မျက်နှာတော်နှင့်တကွ သက်န်းတော်မှလွတ်သော လက်၊ ခြေ စသည့် ကိုယ်အင်္ဂါတို့၌ စကျင်ကျောက်ဖြူကဲ့သို့ ဖြူဝင်းပြောင်ချောနေအောင် ကျောက်သားတင်ခြင်းလုပ်ငန်းကို ပန်းရန်ဆရာကြီး ဦးသောင်းပင် ပြုလုပ်သည်။ တည်ဆောက်ရေးအဖွဲ့မှ လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ဝယ်ပေး၍ လုပ်အားခ သက်သက်ချည်း ကျပ်ငွေ ၇၀၀၀၀(ကျပ်ခုနစ်သောင်း)ပေးရသည်။ ကျောက်သားတင် ခြင်းလုပ်ငန်းအတွက် စုစုပေါင်း ကျပ် ၇၇၂၁၂ ကုန်ကျသည်။ အများ ပြည်သူတို့၏ ကောင်းမှုဖြစ်ပါသည်။

## ဆရာသောင်း၏ ကျောက်သားတင်နည်း

အုတ်အင်္ဂတေဖြင့် တည်ထားသော ရုပ်ပွားဆင်းတုတော်တို့၌ စကျင်ကျောက်ဖြူသားကဲ့သို့ ဖြူဝင်းပြောင်လက်နေအောင် ကျောက်သားတင်ခြင်းသည် မြန်မာ့ရိုးရာ ရုပ်ပွားဖမ်းသည့် ပန်းပု

ဆရာကြီးတို့၏ နည်းပညာတစ်ရပ်ဖြစ်ပေသည်။ "တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသည့်စကားအတိုင်း ဆရာကြီးများမှာ ကိုယ့်နည်းနှင့်ကိုယ် တစ်မျိုးစီရှိကြသော်လည်း အခြေခံ အချက်အလက်အားဖြင့်မူ တူညီကြလေသည်။ စာရှုသူတို့ ဗဟုသုတ ဖြစ်စေရန် ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး၌ ကျောက်သားတင်သွားသော မြိတ်ဆရာသောင်း၏ ကျောက်သား တင်နည်းကို လေ့လာဖော်ပြလိုက်ပါသည်။

## ကျောက်သားတင်ရန် အင်္ဂတေဖော်စပ်နည်း

(၁) မဖောက်ထုံးအကောင်းစားကို မေမြို့သို့ ကိုယ်တိုင် သွား၍ စိတ်ကြိုက်ဝယ်ယူခဲ့ပြီးလျှင် တိုင်ကီစည်ပုံးကြီးများ၌ ထည့်၍ ရေစိမ်သည်။ ထို့နောက် အကြိမ်ကြိမ်စစ်ပြီးလျှင် ထုံးနှစ်များကို အုတ်ကန်အတွင်းသို့ ထည့်၍ နှပ်ထားသည်။ ထိုအခါ ထုံးများသည် နူးနပ်၍ နူးညံ့နေပါသည်။

(၂) ကန့်ကူဆန်အကောင်းစားအမှုန့်။

(၃) စကျင်ကျောက်ဖြူသန့်သန့်အမှုန့်နှင့်

(၄) ကျွဲကော်ရည်တို့ဖြစ်ကြ၏။

ကျွဲသားရေစစ်စစ် အစိုကို သားသတ်ရုံမှ ဝယ်ယူပြီး နောက် အညစ်အကြေးများကို သန့်စင်စေပြီးလျှင် မိုးပြဲဒယ်ကြီး၌ထည့်၍ အရည်ကျိုသည်။ ရက်သတ္တတစ်ပတ်ခန့်ကြာအောင်

ကျို၍ စစ်ယူသည်။ ထိုလေးမျိုးကို အချိုးကျအောင် အင်္ဂတေ စပ်ပြီးလျှင် သံလက်ဖြင့် ခပ်ပါးပါးကပ်သည်။ အချိန်အနည်းငယ် စောင့်ပြီးလျှင် အင်္ဂတေ ခပ်ထတ်ထတ်ရှိသောအခါ၌ ညီညာ၍ ပြောင်ချောနေသော ကျောက်ကလေးများဖြင့် အသာအယာ ခပ်ဖြည်းဖြည်းချင်း ပြောင်လက်မာကျောလာသည်အထိ ပွတ်တိုက်ပေးရလေသည်။ ထိုသို့ ကျောက်သားတင်ရာ၌ အင်္ဂတေများများကပ်ထားပြီး ခိုင်အောင် ကျောက်မတိုက်နိုင်ပါက ကျောက်သားသည် ပြောင်လက်ချောမွေ့ခြင်း မရှိပေ။ ထို့ကြောင့် အင်္ဂတေကို နည်းနည်းချင်းကပ်၍ စိတ်ရှည်ရှည်ဖြင့် အသာအယာ ခပ်ကြာကြာ ပွတ်တိုက်နိုင်မှ ပိုမိုပြောင်လက်ချောမွေ့သည်ကို တွေ့ရှိရပေသည်။

## (၄) မျက်တောင်တော်များ တပ်ဆင်ခြင်း

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၌ ဖန်မျက်လုံးတော်နှစ်ဆူကို ရတောင့်ရခဲ မဖြစ်မနေ ကြိုးစားအားထုတ်လျက် မွန်မွန်မြတ်မြတ် တပ်ဆင်ပူဇော်ခဲ့ပြီးနောက် ထိုမျက်လုံးတော်နှစ်ဆူနှင့် သဘာဝကျကျ ပဏာတော်ရစေရန်အတွက် ဆရာကြီး ဦးသောင်းက မျက်တောင်တော်များကိုလည်း ပြုလုပ်တပ်ဆင်ခဲ့သည်။ အထက်မှ မျက်တောင်မွေးတို့သည် အရှည်တစ်ပေစီရှိကြ၍ လုံးပတ်သုံးမူး တစ်ပဲလုံးခန့် ရှိ၏။ မျက်လုံးတော် တစ်ဖက်တစ်ဖက်၌ အပင်အရေ အတွက် (၇၁)ပင်စီ ရှိကြ၏။ အောက်မျက်တောင်မွေးများသည် အရှည် ခြောက်လက်မ၊ လုံးပတ် သုံးမူးလုံးခန့်စီ ရှိကြ၍ အပင်အရေ အတွက်မှာ တစ်ဖက်လျှင် အပင် (၆၀) စီရှိကြောင်း သိရ၏။

## (၅) တတိယအကြိမ်မြောက် ဌာပနာတော်တိုက်ပိတ်ခြင်း

မျက်နှာတော်နှင့်တကွ ဦးခေါင်းတော်ပိုင်းကို ကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပာယ်အောင် အချောကိုင် မွမ်းမံပြင်ဆင်ပြီးနောက် ၁၃၃၉ ခုနှစ်၊ တန်ဆောင်းမုန်လပြည့်နေ့ (၂၅-၁၁-၇၇)တွင် တတိယ အကြိမ်မြောက်နှင့် နောက်ပိတ်ဆုံး ဌာပနာတော်တိုက်ပိတ်ပွဲကို ခမ်းနားစွာ ကျင်းပခဲ့လေသည်။ တတိယ ဌာပနာတော်တိုက်ကို ဘုရားကြီး၏ ဦးခေါင်းတော်အတွင်း၌ ပြုလုပ်ထား၏။ အခမ်းအနားကို နေ့လယ် (၁၂)နာရီတွင် စတင်ကျင်းပသည်။ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏမထေရ်က ကြွရောက်လာကြသော စေတနာရှင် ကုသိုလ်ရှင် ဥပါသကာ၊ ဥပါသိကာမအပေါင်းတို့အား နဝင်္ဂသီလကို ချီးမြှင့်ပေးသနားတော်မူ၍ ဂဏဝါစက စာချဆရာတော်များနှင့် သံဃာတော်များက အန္တရာယ်ကင်းသဗ္ဗမင်္ဂလိက ပရိတ်တော်များကို ရွတ်ဖတ်ကြသည်။ ထို့နောက် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး မြို့တော်ဝန်ဟောင်း၊ လူမျိုးစုလွှတ်တော်အမတ်ဟောင်း သီရိပျံချီဦးမောင်မောင်က သဒ္ဓါကြည်လင် ကုသိုလ်ရှင်အပေါင်းတို့အား နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားမှူးဖြစ်သူ တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး ဦးတင်အောင်က ဘုရားကြီး၏ သမိုင်းအကျဉ်းချုပ်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဖတ်ကြား အစီရင်ခံပါသည်။ အစီရင်ခံပြီးနောက် ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်းတို့က

ထက်သန်သော စေတနာဖြင့် လှူဒါန်းပူဇော်ထားကြသော ဓာတ်တော်၊ မွေတော်များနှင့် ဥဒ္ဒိဿက ရုပ်ပွားဆင်းတုတော်များကိုလည်းကောင်း၊ အဖိုးတန် ကျောက်မျက်ရတနာများနှင့် ရွှေငွေလက်ဝတ်တန်ဆာများကိုလည်းကောင်း၊ အခြား မွန်မြတ်သော ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ စက်ကြိုး ယန္တရားနတ်မြင်းပျံ ပန်းရထားဖြင့် အသီးသီး တင်ဆောင်ပြီးလျှင် ဦးခေါင်းတော်ဌာပနာတိုက်သို့ တပျော်တပါး ရွှင်လန်းဝမ်းမြောက်စွာ ပေးပို့ကြလေသည်။

ဂဏဝါစက ဆရာတော်များနှင့် တည်ဆောက်ရေးအဖွဲ့လူကြီးတို့က ကြီးကြပ်စောင့်ရှောက်ပေးကြသည်။ ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များနှင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာပစ္စည်းများကို ငွေသေတ္တာ၌ ထည့်သွင်းပြီးလျှင် ၎င်းငွေသေတ္တာကို ဦးခေါင်းတော်ကြီးအတွင်း၌ အသင့်ပြုလုပ်ထားသော ကွန်ကရစ်ကျောက်သေတ္တာကြီး၌ ထည့်သွင်း၍ ပူဇော်လိုက်ပါသည်။ အခြားသော ဌာပနာပစ္စည်းများ ဌာပနာတိုက်အတွင်းသို့ အစုံအညီရောက်ရှိ၍ နေရာတကျ ချထားပြီးသောအခါ၌ကား ဌာပနာတိုက်ကြီးကို အုတ်အင်္ဂတေတို့ဖြင့် အပြီးပိတ်ထားလိုက်ကြလေသတည်း။

## (၆) ရွှေသင်္ကန်းကပ်လှူခြင်း

ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ ကိုယ်လုံးတော်အရှေ့ဘက်ခြမ်းကို ရွှေသင်္ကန်းကပ်လှူ၍ သင်္ကန်းတော်အနားများ

ကို မှန်စီရာ ရွှေဆိုင်းပေါင်း နှစ်ထောင့်ခြောက်ရာရှစ်ဆယ့်ရှစ်ဆိုင်းခွဲ(၂၆၈၈. ၅) ကပ်လှူခဲ့ရသဖြင့် ငွေပေါင်း ၃၂၃၄၈၁ (သုံးသိန်းနှစ်သောင်းသုံးထောင့်လေးရာရှစ်ဆယ့်တစ်ကျပ်) ကုန်ကျပါသည်။

သင်္ကန်းတော်အနား မှန်စီစရိတ်မှာ ကျပ် ၁၄၅၆၃၆ (တစ်သိန်းလေးသောင်းငါးထောင်ခြောက်ရာသုံးဆယ့်ခြောက်ကျပ်) ဖြစ်သည်။ နှစ်ရပ်ပေါင်း ကုန်ကျငွေကျပ်မှာ ၄၆၉၁၁၇ ဖြစ်ကြောင်း သိရ၏။ အားလုံးအများပြည်သူတို့၏ ကောင်းမှုများချည်း ဖြစ်ပါသည်။ ဘုရားကြီး၏ နောက်ကျောဘက်သို့ ဆက်လက်၍ ရွှေသင်္ကန်း ကပ်လှူသောအချိန်၌ ရွှေဈေးတက်နေသဖြင့် ရွှေဆိုင်းရာဆိုင်း တစ်ဆိုင်းမှာ နှစ်ရာကျပ် ပေးရပါသည်။ ရွှေဆိုင်းပေါင်း တစ်ထောင့်ငါးရာ ကပ်လှူရသောကြောင့် တန်ဖိုးငွေကျပ် သုံးသိန်းကျော် ကုန်ခဲ့ပါသည်။ အများပြည်သူတို့၏ ကောင်းမှုများဖြစ်ပါသည်။

## (၇) သံဝင်းထရံကာခြင်း

ရွှေသင်္ကန်းကပ်လှူပြီးနောက် လုံခြုံရေးအတွက် သံဝင်းထရံကာထားရန် တည်ဆောက်ရေးအဖွဲ့က စဉ်းစားဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ရှေးဦးစွာ နမူနာအခန်းတစ်ခန်းကို ပြုလုပ်၍ တန်ဖိုးတွက်ချက်ပြီးလျှင် ဘုရားကြီး၏ ရှေ့မျက်နှာစာမှ ရှစ်ပေအခန်းတစ်ခန်းကို ကောင်းမှုရှင် ကမ္ပည်းထိုး၍ ဆေးသုတ်ပြီး ကျပ် ၁၄၀၀ဖြင့် လည်းကောင်း၊ ခေါင်းရင်းနှင့် ခြေရင်းတို့မှ တစ်ခန်းလျှင် ကျပ် ၁၂၀၀ဖြင့် လည်းကောင်း၊ နောက်ကျောမှ တစ်ခန်းလျှင်

ကျပ် ၁၀၀၀ စီဖြင့်လည်းကောင်း ရဟန်းရှင်လူ ပြည်သူတို့ထံမှ အလှူခံ ယူခဲ့ရာ အလှူရှင်များ ပြည့်စုံသွားခဲ့ပါသည်။ အခန်းပေါင်း ၇၂ ခန်း ရှိ၍ ငွေပေါင်းကျပ် ၈၆၄၀၀ ကုန်ကျခဲ့ပါသည်။

## (၈) ပလ္လင်တော်ကြီး မှန်စီပြီး ကျောက်ပြားခင်းခြင်း

ပလ္လင်တော်ကြီးသည် အလျားပေ ၂၃၀ ၊ အနံ ပေ ၅၀၊ အမြင့် ၅ပေ ရှိပါသည်။ ခေါင်းရင်းနှင့်ခြေရင်းမှ ဖောင်းနှစ်ဖက်ကို ချန်လှပ်၍ အနားနှစ်ဖက်ညီတိုင်းသော်ကား အလျားမှာ ၂၂၅ ပေသာ ရှိသည်။ ၎င်းတို့ကို ငါးပေပတ်လည် အခန်းဖွဲ့ရာ၌ အခန်းပေါင်း (၁၁၀) ရပါသည်။ တစ်ခန်းလျှင် မှန်စီစရိတ်(ပစ္စည်းဖိုးနှင့် လက်ခပါ) ကျပ် ၅၀၀စီ ကုန်ကျသောကြောင့် စုစုပေါင်းကျပ်ငွေ ၅၅၀၀၀(ငါးသောင်းငါးထောင်ကျပ်တိတိ) ဖြစ်ပါသည်။ ထိုစရိတ် ငွေကျပ် ၅၅၀၀၀တို့တွင် တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောင်းဒါယကာကြီး ဦးစောဦးက ၁၀ ပေခန်း (၁၁) ခန်းအတွက် ငွေကျပ် ၁၁၀၀၀ လှူဒါန်းခဲ့ပြီး မှန်စီရွှေချဆရာ ဦးကျော်က ၅ပေ လေးခန်းအတွက် တန်ဖိုးငွေကျပ် ၂၀၀၀ လှူဒါန်းကြောင်းကို သူတော်စင်အပေါင်းတို့ ဝမ်းမြောက်နိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

## ပလ္လင်တော်ကြီးပေါ်၌ ကျောက်ပြားခင်းခြင်း

၁၉၇၉ ခုနှစ်က အများပြည်သူတို့၏ ကောင်းမှုဖြင့်

ပလ္လင်တော်ကြီးကို မှန်စီပြီးစီးခဲ့သော်လည်း ပလ္လင်တော်ကြီး မျက်နှာပြင်၌ကား စကျင်ကျောက်ဖြူပြားများ မခင်းလျှရသေးပါ။ ၁၉၈၃ ခုနှစ် ဧပြီလ၏ တစ်နေ့သောနံနက် (၉) နာရီခန့်အချိန်တွင် ခေါင်းဆောင်ကြီးတစ်ဦး၏ ဇနီးဖြစ်သူ အမျိုးသမီးကြီးသည် အမှတ်မထင် မထင်ရှားသောအသွင်ဖြင့် ရွှေသာလျောင်း ဘုရားကြီးကိုလာ၍ ဖူးမြော်ပါသည်။ ထိုအမျိုးသမီးကြီးသည် ရန်ကုန်မြို့၌ နေထိုင်သော်လည်း ယခုရာဝါသ လူမှုကိစ္စ အဝဝတို့ ကြောင့် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး အသစ်ပြန် လည် တည်ထားပြီးနောက် တစ်ကြိမ်တစ်ခါမှ မဖူးမြော်ဖူးသေး ပါ။ မိတ်ဆွေသင်္ဂဟများက "ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး အလွန်သပ္ပာယ်ကြောင်း ကြည်ညိုဖွယ် သိပ်ကောင်း ကြောင်း" စသည်ဖြင့် ချီးမွမ်းပြောဆိုကြသည်ကို မကြာခဏ ကြားနေရသဖြင့် ဖူးမြော်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ် နေခဲ့သော်လည်း အခွင့်မသာသောကြောင့် မလာနိုင်ခဲ့ပါ။ ယနေ့ သော်ကား အနည်းငယ် အချိန်ရသဖြင့် ထပြီး လာခဲ့ခြင်းဖြစ် ကြောင်း သိရ၏။

အမည်မဖော်ပြစေလိုသော အဆိုပါ အမျိုးသမီးကြီးသည် ရွှေသာလျောင်းဘုရားကြီးကို ဝမ်းမြောက်ရွှင်မြူးကြည်နူးနှစ်သက် စွာ အားပါးတရ ဖူးမြော်ကန်တော့ပြီးနောက် ဘုရားကြီးရင်ပြင် တော်ရှိ နိဗ္ဗာန်ဆော်ဥပါသကာကြီးထံသွား၍ အလှူငွေများ လှူဒါန်း သည်။ ထိုအချိန်က အလှူခံဌာနတွင် လွိုင်ကော်ကျောက်ပြား အချို့ ကို နမူနာအဖြစ်ထား၍ အလှူခံနေပါသည်။ သဒ္ဓါဖြူစင် အလှူရှင်

အမျိုးသမီးကြီးသည် အလှူငွေများ လှူဒါန်းရင်း "ဤကျောက်ပြား တွေက ဘယ်မှာခင်းမှာလဲ"ဟု စုံစမ်းမေးမြန်းရာ ဥပါသကာကြီးက "ပလ္လင်တော်ကြီးပေါ်မှာ ခင်းမည့်အကြောင်း" ရှင်းပြသည်။

ထိုအခါ အမျိုးသမီးကြီးက ပလ္လင်ကြီးပေါ်မှာ ခင်းမည်ဆိုလျှင် လှိုင်ကော်ကျောက်ပြားထက် စကျင်ကျောက်ဖြူပြားကို ခင်းလျှင် ပိုပြီးကောင်းလိမ့်မည်။ စကျင်ကျောက်ဖြူပြားများရအောင် မိမိဆောင်ရွက်ပေးမည့်အကြောင်း ပြောသည်။ ထို့နောက် အမျိုးသမီးကြီးသည် နိဗ္ဗာန်ဆော် ဥပါသကာကြီးကိုခေါ်၍ ဘုရားကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်လျက် ပလ္လင်ကြီးကို ကြည့်ရှုရင်း သူသည် မည်သူမည်ဝါဖြစ်ကြောင်း ပြောပြပြီး "ကျောက်ပြားတွေ ဘယ်လောက်ဝယ်ယူဖို့ လိုမည်ဆိုတာကို အတွက်ခိုင်းပါ"။ "ကျောက်ပြားအားလုံးကိုတော့ သူမလှူနိုင်ကြောင်း သို့သော်လည်း လိုအပ်သော ကျောက်ပြားတွေရအောင် ဆောင်ရွက်ပေးပြီး မိမိတတ်နိုင်သရွေ့ လှူဒါန်းမည်ဖြစ်ကြောင်း" ပြောပြသည်။ ဥပါသကာကြီးက ဒီလိုဆိုပါက ဆရာတော်များထံသွား၍ ကိုယ်တိုင်လျှောက်ထားရန် အကြံပေးပြီး ဆရာတော်များထံ လိုက်ပို့သည်။ စေတနာရှင်အမျိုးသမီးကြီးသည် ဆရာတော်များကိုလည်း အထက်ပါအတိုင်း လျှောက်ထားပြီး စကျင်ကျောက်ဖြူပြားများနှင့် ငုင်းကျောက်ပြားတို့ကို ခင်းရန်အတွက် လိုအပ်သော ဘိလပ်မြေကိုပါ ရရှိအောင် ဆောင်ရွက်ပေးမည့်အကြောင်း တာဝန်ယူထားပါသည်။ အမည်မဖော်ပြစေလိုသူ အဆိုပါ စေတနာရှင် အမျိုးသမီးကြီး၏ ဆောင်ရွက်ပေးမှုကြောင့် မကြာမီ တစ်ပေပတ်လည် စကျင်ကျောက်ဖြူများ

အချပ်ပေါင်း (၄၁၄၁)ချပ်နှင့် ဘိလပ်မြေအိတ် (၅၀)တို့ကို သက်ဆိုင်ရာ အစိုးရဌာနများမှ ဝယ်ယူခွင့်ရရှိသည်။ စရိတ်စက လုပ်အားခနှင့်တကွ ကျောက်ပြားတစ်ချပ်လျှင် (၂၇) ကျပ်ကျရာ စေတနာရှင် အမျိုးသမီး ကြီးနှင့် မိသားစုတို့က ကျောက်ပြားအချပ် (၄၀၀) ခင်းရန်အတွက် ကျသင့်သော အလှူတော်ငွေတစ်သောင်း ကို မတည်လှူဒါန်းကြပါသည်။ ၎င်းပြင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောင်း ဒါယကာကြီး ဦးစောဦးကလည်း အလားတူပင် အလှူငွေ တစ်သောင်းကို လှူဒါန်းပါသည်။ ကျန်သော ကျောက်ပြားများကို အများပြည်သူတို့က တစ်ချပ်လျှင် (၂၇) ကျပ် နှုန်းဖြင့် မိမိတို့ စွမ်းအားရှိသမျှ ဝိုင်းဝန်းလှူဒါန်းကြသောကြောင့် မကြာမီ အလှူငွေများ ပြည့်စုံပြီး ၁၉၈၃ ခုနှစ်၊ ဇွန်လတွင် ပလ္လင်တော်ကြီး ကို စကျင်ကျောက်ဖြူပြားများခင်း၍ ပြီးစီးသည်။ လုပ်အားခ ကျပ် ၁၇၅၀၀ အပါအဝင် ၁၃၄၆၂၃ ကျပ် ပြား ၂၀ ကုန်ကျကြောင်း သိရပါသည်။

## (၉) စက်လက္ခဏာတော်ထုလုပ်ခြင်း

နာယကဆရာတော်များနှင့် တည်ဆောက်ရေးအဖွဲ့ အမှူး ဆောင် လူကြီးများသည် ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ရှင် တော်မြတ်ကြီးကို သဗ္ဗဝဗုဒ္ဓရှင်တော်မြတ်ဘုရား၏ (၃၂) ပါးသော မဟာပုရိသ လက္ခဏာတော်များနှင့် တစ်သားတည်း ပြည့်စုံညီညွတ် စေလိုသည့်အပြင် ဖူးမြော်ကြသူ လုပ်သားပြည်သူအပေါင်းတို့ကို

လည်း သဒ္ဓါတရား ထက်သန်တိုးပွားစေ၍ အသိဉာဏ် ဗဟုသုတ ရစေလိုသော အာသီသဖြင့် ခြေဖဝါးတော်နှစ်ဖက်တို့၌ တစ်ရာ့ရှစ် ကွက်သော စက်လက္ခဏာတော်များကို ထုလုပ်ထားရန် ဆုံးဖြတ်ခဲ့ ကြပါသည်။

ခြေဖဝါးတော်နှစ်ဖက်သည် အလျား ၃၂ ပေ၊ အနံ ၁၁ ပေ စီရှိ၏။ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်မူကို ခြောက် ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ဂဏဝါစက ဆရာတော်များအဖွဲ့ က ပုဂံခေတ်မှ စက်လက္ခဏာတော်မူကို အခြေပြုလျက် အခြား သော စက်လက္ခဏာတော်မူများနှင့်လည်းကောင်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ဂန္ထန္တရကျမ်းစာ အစောင်စောင်တို့နှင့် လည်းကောင်း အဖန်ဖန်အထပ်ထပ် ညှိနှိုင်းတည်းဖြတ်၍ ပေးပါ သည်။

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များ

ရွှေခြေနင်းကဲ့သို့ ညီညာသော ဖဝါးတော်၏အလယ်၌ အကန့်တစ်ထောင် ပုံးတောင်းချက်မအကွပ်နှင့်တကွဖြစ်သော စကြာရတနာသည် တည်ရှိနေသည်။ တစ်ရာ့ရှစ်ပါးသော စက်လက္ခဏာတော်များသည် လက်ယာရစ် ခရုသင်းကဲ့သို့ စကြာ ရတနာကို လက်ယာရစ် လှည့်လည်၍ တည်ရှိနေကြပေသည်။ ၎င်းတို့မှာ -

၁။ သတ္တိ-လှံမ

၂။ သိရီဝစ္ဆ-အိမ်မွှန်(စုလစ်မွန်းချွန် အထွတ်တင်သော အိမ်)

၃။ နန္ဒိယာဝဋ္ဋ=ဇလပ်ပန်း (လက်ယာရစ်လည်သော ဇလပ်ပန်းသဏ္ဌာန် ပြုလုပ်အပ်သောကလပ်)

၄။ သောဝတ္ထိက=လည်ရေးသုံးဆင့်

၅။ ဝဋံ့သက-ဦးဆောက်ပန်း

၆။ ဝဍ္ဍမာနက-ထမင်းပွဲ

၇။ ဘဒ္ဒပီဌ-ရွှေအင်းပျဉ်(ရွှေသလွန်)

၈။ အင်္ကုသ-ချွန်းတောင်း

၉။ ပါသာဒ-ပြာသာဒ်

၁၀။ တောရဏ-တုရိုဏ်တိုင်(တံခါးတိုင်)

၁၁။ သေတစ္ဆတ္တ-ထီးဖြူ

၁၂။ ခဂ္ဂ-သန်လျက်

၁၃။ တလဝဏ္ဍ-ထန်းရွက်ယပ်ဝန်း

၁၄။ မယူရဟတ္ထ-ဥဒေါင်းမြီးယပ်

၁၅။ စာမရ-စာမရီသားမြီးယပ်

၁၆။ ဥဏှီသ-သင်းကျစ်

၁၇။ မဏိ-ပတ္တမြား

၁၈။ ပတ္တ-သပိတ်

၁၉။ သုမနဒါမ-မြတ်လေးပန်းဆိုင်း

၂၀။ နီလုပ္ပလ-ကြာညို

၂၁။ ရတ္တုပ္ပလ္လ-ကြာနီ

၂၂။ သေတုပ္ပလ-ကြာဖြူ

၂၃။ ပဒုမ-ကြာပဒုမ္မာ

၂၄။ ပုဏ္ဍရိက-ကြာပုဏ္ဍရိက်

၂၅။ ပုဏ္ဏဃဋ္ဋ-ရေပြည့်အိုး

၂၆။ ပုဏ္ဏပါတိ-ရေပြည့်ဖလား

၂၇။ သမုဒ္ဒ-သမုဒ္ဒရာ

၂၈။ စက္ကဝါဠပဗ္ဗတ-စကြဝဠာတောင်

၂၉။ ဟိမဝန္တပဗ္ဗတ-ဟိမဝန္တာတောင်

၃၀။ သိနေရုပဗ္ဗတ-မြင်းမိုရ်တောင်

၃၁။ သူရိယမဏ္ဍလ-နေဝန်း

၃၂။ စန္ဒမဏ္ဍလ-လဝန်း

၃၃။ နက္ခတ္တ-နက္ခတ်

၃၄။ ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း

၃၅။ အပရဂေါယာန-အနောက်ကျွန်း

၃၆။ ဇမ္ဗူဒီပ-တောင်ကျွန်း

၃၇။ ဥတ္တရကုရု-မြောက်ကျွန်း

၃၈။ ဒွိပရိတ္တဒီပသဟဿာ-ကျွန်းငယ်နှစ်ထောင်

၃၉။ စက္ကဝတ္တိ-စကြဝတေးမင်း

၄၀။ သခ်-လက်ယာရစ်ခရုသင်း

၄၁။ မစ္ဆယုဂဠ-ငါးကြင်းအစုံ

၄၂။ စက္ကာဝုဓ-စက်လက်နက်(အသွားတပ်သော စက်လက်နက်)

၄၃-၄၉။ သတ္တမဟာဂင်္ဂါ-ဂင်္ဂါမြစ်ကြီးခုနစ်စင်း(အိုင်ကြီး ခုနစ်အိုင်)

၅၀-၅၆။ သတ္တကုလပဗ္ဗတာ-တောင်စဉ်ခုနစ်ထပ်

၅၇-၆၃။ သတ္တသီဒန္တရာ-သီတာခုနစ်တန်

၆၄။ သုပဏ္ဏကရာဇာ-ဂဠုန်မင်း

၆၅။ သံသုမာရ-မိကျောင်း

၆၆။ ဓဇပဋ္ဌာကာ-တံခွန်ကုက္ကား

၆၇။ သုဝဏ္ဏသိဝိကာ-ရွှေသန်လျင်း(ရွှေထမ်းစင်)

၆၈။ ကေလာသပဗ္ဗတ-ကေလာသငွေတောင်

၆၉။ သီဟရာဇာ-ခြင်္သေ့မင်း

၇၀။ ဗျဂ္ဃရာဇာ-ကျားမင်း

၇၁။ ဝလာဟကအဿရာဇာ-ဝလာဟကမြင်းမင်း

၇၂။ ဥပေါသထဆဒ္ဒန္တနာဂရာဇာ- ဥပေါသထ ဆင်မင်း သို့မဟုတ် ဆဒ္ဒန်ဆင်မင်း

၇၃။ ဝါသုကိနာဂရာဇာ-ဝါသုကိနဂါးမင်း

၇၄။ ဟံသရာဇာ-ရွှေဟင်္သာမင်း

၇၅။ ဥသဘရာဇာ-နွားလားဥသဘမင်း

၇၆။ ဧရာဝဏဟတ္ထိရာဇာ-ဧရာဝဏ်ဆင်မင်း

၇၇။ သုဝဏ္ဏမကာရ-ရွှေမကာရ်း

၇၈။ စတုမုခသုဝဏ္ဏနာဝါ-မုခ်ထွက်လေးခုရှိသော ရွှေလှေ

၇၉။ သဝစ္ဆကာဓေနု-နို့စို့နွားငယ်ရှိသော နွားမ

၈၀။ ကိံပုရိသော-ကိန္နရာဖို

၈၁။ ကိန္နရီ-ကိန္နရာမ

၈၂။ ကရဝီက-ကရဝိက်ငှက်

၈၃။ မယူရရာဇာ-ရွှေဥဒေါင်းမင်း

၈၄။ ကောဉ္စရာဇာ-ကြိုးကြာငှက်မင်း

၈၅။ စက္ကဝါကရာဇာ-စက္ကဝါက်ငှက်မင်း

၈၆။ ဇီဝဇီဝက္ကကရာဇာ-ဇီဝဇိုးငှက်မင်း

၈၇-၉၂။ ဆဒေဝလောကာ-ကာမာဝစရ နတ်ပြည်ခြောက်ထပ်

၉၃-၁၀၈။ သောဠသဗြဟ္မလောကာ-ရူပါဝစရဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံတို့ ဖြစ်ကြပါသည်။

## စက်လက္ခဏာတော် လက်ဝဲ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျဂေါတမ၏ ဝါဒ မြွတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လျစ် တစ်ရာ့ရှစ်ကို စိစစ် ကောင်းထွေ လှည့်လည်ရေအံ့ ချီထွေအစ လုံမအိမ်မွန် မကြံပွင့်ချပ် ဇလပ်ပုံ့မွှေး လည်ရေးသုံးဆင့် လှတင့်ရွှန်းရွှန်း ဦးဆောက်ပန်းက စသည်မကွဲ ထမင်းပွဲတည်ဟန် ရွှေသလွန်ချွန်းတောင်း ရောင် မောင်း ပြာသာဒ် အထွတ်မြင့်ခိုင် တံခါးတိုင်နှင့် အပြိုင်ထီးဖြူ အတူသန်လျက် ထန်းရွက်ယပ်ကောင်း ဥဒေါင်းမြီးချီ စာမရီ တစ်ဆစ် သင်းကျစ်တခြား ပတ္တမြားရောင်ဖိတ် သပိတ်ပန်းဆိုင်း တုန္နိုင်းမရ ပွင့်လှထွားထွား ငါးပါးကြာမျိုး ရေအိုးဖလား ထူးခြား သမုဒ္ဒရာ စကြဝဠာသဏ္ဍာန် ဟိမဝန်မြင်းမိုရ် ထိုထိုနေလ နက္ခတ် စသား ဒီပလေးခု ဇမ္ဗူဒီပါ ပြုဗ္ဗာဥတ္တရ အပရ ဂေါယီ တလီအံ့ဖွယ် ကျွန်းငယ်နှစ် ထောင် ဘုန်းခေါင်လျှံဝင်း စကြာမင်းနှင့် ခရုသင်း ဖြူဆွတ် ငါးကြင်း ပွတ်စကြာ သီတာခုနစ်တန် သတ္တရဇ္ဇန်မြောင် တောင်စဉ်ခုနစ်ထပ် ကြပ်ကြပ်မြင့်ခိုင် ခုနစ်အိုင်တသုန် ဂဠုန် တစ်ကြောင်း မိချောင်းရေသား ကုက္ကားတံခွန် မင်းတန်သံလျှင်း မကြွင်းတဖြာ ကေလာပဗ္ဗတ သီဟ ကျား မြင်း ဆင်မင်းမြတ်စွာ ဥပေါသထာယဉ်မွန် ဆဒ္ဒန်တူပြိုင် ဗာသုကိဝမ်းဘဲ မကွဲတူကွ ဥဘသ မကျန် ဧရာဝဏ် မကာရ်း ထူးဆန်းအံ့ဖွယ် တင့်တယ်လှပေ မုဒ် လေးထွေနှင့် ရွှေလှေတစ်စီး ထိုပြီးနောက်ကား နွားသားမိစစ် အဖြစ်များစွာ ကိန္နရာ ကိန္နရီ တူပြိုကရဝိက် ဖိတ်ဖိတ်မောင်းမောင်း ဥဒေါင်းကြိုးကြာ သံသာစက္ကဝါက် ငှက်၏အမျိုး ဇီဝဇိုးအစုံ

ခြောက်ဘုံနတ်ရွာ ဆကာမာနှင့် ပြဟ္မာနတ်ရပ် ဆယ့်ခြောက်ထပ်က စေ့စပ်မကြွင်း ခပင်းများစွာ ရန်စကာနှင့် စကြာခြေမွန် တင့်တယ်ဟန်ကို ထက်စွန်မိုးဖျား သိကြား ပြဟ္မာ ရေးထုလာလည်း ဘယ်မှာတမျှ အတူရချိမ့် အသမသမာ သုံးလူ့ချာ၏ ရတနာ ထွန်းဝင်းညီရှင်းသန့်သန့် အကန့်တစ်ထောင် ရွှေရောင်ခြယ်ကာ သန္တာအကွပ် ထိန်လျှပ်မြကောင်း ပုံတောင်း ပြိုးပြက် ခြေတော် စက်ကိုစုံမက်မြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုးလျင်ဆော ပြည့်စေသောဝ်။

ဂဏဝါစကဲ ဆရာတော်များအဖွဲ့မှ တည်းဖြတ်ပေးသော ဤစက်လက္ခဏာတော်မူအတိုင်း ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဌာန ပန်းချီပန်းပုဌာနခွဲမှ ပန်းပု ပညာရှင် ဦးလွင်မောင်က ခေတ်မီနည်းစနစ်ဖြင့် တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော် ရုပ်လုံးများကို ထုလုပ်ပါသည်။ ၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလ၊ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် စက်လက္ခဏာများ ထုလုပ်ပြီးစီး၍ တန်ဆောင်းမုန်းလဆုတ် (၁၅) ရက်(၇-၁၂-၈၀) တနင်္ဂနွေနေ့တွင် စက်လက္ခဏာတော်ဖွင့်လှစ်ပူဖော်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ပန်းပုပညာရှင်အား ဉာဏ်ပူဇော်ခ ကျပ်ငွေ နှစ်သောင်းပေးရသည်။ စက်လက္ခဏာတော် နှစ်ဆူအတွက် အရပ်ရပ် ကုန်ကျငွေမှာ ၃၂၇၇၈ ကျပ်ဖြစ်ကြောင်းသိရ၏။ ၎င်းငွေများကို ကုသိုလ်ရှင်အပေါင်းက ထက်သန်သော စေတနာဖြင့် ဝိုင်းဝန်း လှူဒါန်းခဲ့ကြပါသည်။ ပန်းပု ပညာရှင် ဦးလွင်မောင်ကလည်း ကျပ်ငွေသုံးထောင်တိတိ ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရလေသည်။

## (၁၀) ရင်ပြင်တော်ပေါ်၌ တာရာဇိုခင်းခြင်းနှင့် အုံးတော်ကြီး မှန်စီခြင်း

ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးအတွင်း၌ ရဟန်းရှင်လူ ဘုရားဖူးသူတော်စင်အပေါင်းတို့ ချမ်းသာစွာ ဘုရားဝတ်ပြုကြည် ညိုနိုင်ကြစေရန် တည်ဆောက်ရေးအဖွဲ့က တာဝန်ယူကြီးကြပ်၍ တာရာဇိုခင်းခဲ့ရာ ဆယ်ပေပတ်လည် တစ်ကွက်လျှင် ကျပ်ငွေ ခုနစ် ဆယ်ကုန်ကျကြောင်း သိရ၏။ ရွှေသာလျောင်း ဘုရားကြီး၏ ရှေ့တော် ဥပစာရင်ပြင်၌ မစ္စဘက်တက် မိသားစုတို့က လှူဒါန်း ကြပါသည်။ ခြေရင်းတော်၌ တာရာဇိုခင်းသည့် ကုန်ကျစရိတ် သည်ကား အများပြည်သူတို့၏ ကောင်းမှုဖြစ်ပါသည်။ ရွှေသာ လျောင်းဘုရားကြီး၏ လက်မောင်းတော်အောက်မှ ကြာပွင့်ကြီး သဏ္ဌာန် ပြုလုပ်ထားသော အုံးတော်ကြီး၏ အလှူရှင်မှာ ရန်ကုန် မြို့ ဝင်ဆာလမ်း အမှတ်(၁၁) မှ ကျောင်းအမကြီး ဒေါ်စောမြ ဖြစ်ပါသည်။ အုံးတော်ကြီး၌ မှန်စီခြင်းလုပ်ငန်းကို ဆရာသောင်းနှင့် သားများက လုပ်ကိုင်ပေး၍ လုပ်အားခ နှစ်သောင်းငါးထောင် ကုန်ကျခဲ့ကြောင်းသိရ၏။

## အာရုံခံတန်ဆောင်းကြီးကို တိုးချဲ့ဆောက်လုပ်လျက်ရှိခြင်း

ကောဇာသက္ကရာဇ် ၁၃၁၃ ခုနှစ်၊ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်တွင် ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်ကြီး ကျယ် ဝန်းလာခြင်းကို လည်းကောင်း၊ ထိုကျယ်ဝန်းလာသော ကျောင်းမြေ

သစ်၌ စနစ်တကျ အကွက်ချ၍ လမ်းများဖောက်ပြီးလျှင် ဘုရားကြီး ရင်ပြင်တော်မှ ကျောင်းဆောင်များကို ရွှေ့ပြောင်းဆောက်ခဲ့ခြင်း ကိုလည်းကောင်း အထက်၌ ဖော်ပြခဲ့ပါသည်။ ထိုသို့ မြေသစ်တိုး ချဲ့၍ ရင်ပြင်တော်မှ ကျောင်းဆောင်များကို ရွှေ့ပြောင်းစဉ်က ပင်လျှင် ကျေးရူးရှင် ဆရာတော်ဘုရားကြီးသည် ဘုရားကြီးကျောင်း တိုက် ဓာတ်မီးနှင့် ဝေယျာဝစ္စအသင်းကြီးမှ လူကြီးများနှင့် တိုင်ပင် လျက် ဘုရားမြေနှင့် ကျောင်းမြေကို ပိုင်းခြား၍ သတ်မှတ်ထား ခဲ့ကြောင်းသိရ၏။ ၁၃၁၉ ခုနှစ်(၁၉၅၇ခုနှစ်)တွင် မူလ ခြောက်ထပ်ကြီးဘုရားကြီးကို အသစ်ထပ်မံ၍တည်ရန် ဖျက်ပြီး လျှင် ရင်ပြင်တော် တစ်ခုလုံးကို ရှင်းလင်းကြစဉ်ကလည်း နာယက ဆရာတော်များနှင့် တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများ ညှိနှိုင်းတိုင်ပင်ကြလျက် ဘုရားကြီး၏ ဥပစာမြေ အပိုင်းအခြားနှင့် ကျောင်းတိုက်၏ မြေအပိုင်းအခြားကို ထပ်မံ၍ အတည်ပြု သတ်မှတ် ထားခဲ့ကြကြောင်း သိရပါသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီး၏ ဥပစာမြေ အပိုင်းအခြားမှာ အရှေ့အနောက် အလျား ၃၄၆ ပေ၊ တောင် မြောက် အနံ ၂၁၃ ပေ ရှိပါသည်။ ထိုမြေပေါ်၌ ရွှေသာလျောင်း ဘုရားကြီးကို မတည်မီ ရှေးဦးစွာ အလျားပေ၂၈၀ ၊ အနံပေ ၉၀၊ အမြင့် ၆၅ ပေရှိသော ဂန္ဓကုဋီ သံတန်ဆောင်းကြီးကို ဆောက်လုပ်ခဲ့ကြ၏။ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးအတွင်း၌ အလျား ဉာဏ်တော် ၂၁၆ ပေ၊ အမြင့် ၅၈ ပေရှိသော ရွှေသာလျောင်း ဘုရားကြီးကို တည်ထားပြီး စီးသောအခါ၌ကား ဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီးမှာ

အနေတော်မျှသာဖြစ်၍ ဘုရားဖူးများ ဝတ်ပြုရှိခိုးရန်ပင် နေရာ လုံလောက်ခြင်း မရှိအောင် ဖြစ်နေခဲ့ပေသည်။ ဘုရားဖူးများသည် မြန်မာနိုင်ငံတော်အတွင်းမှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သာမက ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့် ခရီးသည်များသည်လည်း နေ့စဉ်လာ ရောက်၍ လေ့လာဖူးမြော်နေကြသည်မှာ တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလျက် ရှိနေပါသည်။ ထို့ကြောင့် ဘုရားဖူးများ ချမ်းချမ်းသာသာ ဝတ်ပြုရှိခိုးနိုင်ကြရန်နှင့် နားနားနေနေ တရား ဘာဝနာပွားများအားထုတ်နိုင်ကြရန် အကျိုးငှာလည်းကောင်း၊ ဗုဒ္ဓ ပူဇနိယပွဲတော်များနှင့် ဘာသာရေး၊ သာသနာရေးနှင့်စပ်သော ပွဲတော်များကို ကျယ်ကျယ်ပြန့်ပြန့် ထည်ထည်ခန့်ခန့် ကျင်းပနိုင်ရန် အကျိုးငှာလည်းကောင်း ရည်ရွယ်၍ ရွှေသာလျောင်းဘုရားကြီး၏ မျက်နှာတော်မူရာ မြောက်ဘက် ဥပစာ မြေကွက်လပ်၌ အာရုံခံ တန်ဆောင်းကြီးကို တိုးချဲ့ဆောက်လုပ်ရန် တည်ဆောက်ရေးအဖွဲ့မှ စီစဉ်ခဲ့လေသည်။ ကျွမ်းကျင်နားလည်သူ ဗိသုကာ အင်ဂျင်နီယာ ကြီးများ၏ တိုင်းထွာတွက်ချက်၍ အစီရင်ခံ တင်ပြထားသည့် ပုံစံအရ အာရုံခံတန်ဆောင်းသစ်ကြီး၏ အလျားမှာ ပေ ၂၈၀၊ အနံ ၄၅ ပေ ရှိ၍ အမြင့်မှာ ၃၈ ပေ ၆လက်မ ရှိမည် ဖြစ်၏။ ၁၀ ပေပတ်လည် တစ်ခန်းလျှင် တစ်သောင်းခန့် ကုန်ကျမည်ဖြစ်၍ တိုးချဲ့အာရုံခံတန်ဆောင်းသစ်ကြီး၏ စုစုပေါင်း ကုန်ကျစရိတ်မှာ (၁၅) သိန်းခန့်ရှိမည်ဟု သိရ၏။ ၁၃၄၀ ပြည့်နှစ်၊ တန်ခူးလပြည့် ကျော် (၁) ရက်၊ (၂၃-၄-၇၈) တနင်္ဂနွေနေ့ နံနက် (၈)နာရီ အချိန်တွင် အာရုံခံတန်ဆောင်းသစ်ကြီး အုတ်မြစ်ချမင်္ဂလာ

အခမ်းအနားကို ကျင်းပခဲ့ရာ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ဘုရားကြီးကိုယ်တိုင် အုတ်မြစ်ချပေးခဲ့သည်။ အာရုံခံ တန်ဆောင်းကြီး၏ ခေါင်းရင်းခြေရင်းနှစ်ဖက်မှ အလျား ၆၅ ပေစီရှိသော (ပရပ်) အခန်းနှစ်ခန်းကို ဆောက်လုပ်ပြီးစီးပြီးနောက် အလယ်မှ အလျားပေ ၁၅၀၊ အနံ ၄၅ပေရှိသော ပင်မ အဆောက်အအုံကြီးကို လည်းဆက်လက်ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

## ၁၉၈၁ ခုနှစ်ရှိ တည်ဆောက်ရေးအဖွဲ့ အမှုဆောင်လူကြီးများ

၁၉၈၁ ခုနှစ်တွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စကို ဆောင်ရွက်နေကြသော တည်ဆောက်ရေးအဖွဲ့အမှုဆောင်လူကြီးများမှာ -

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးစောဦး | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးညွန့်သာ | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးတင်အောင် | အတွင်းရေးမှူး |
| ၅။ | ဦးမောင်မောင်ကြည် | တွဲဖက်အတွင်းရေးမှူး |
| ၆။ | ဦးသောင်း | တွဲဖက်အတွင်းရေးမှူး |
| ၇။ | ဦးထွန်းအောင် | ငွေထိန်း |
| ၈။ | ဦးစံသိန်း | စာရင်းစစ် |

| | |
|---|---|
| ၉။ ဒေါ်တင်တင် | အမှုဆောင် |
| ၁၀။ ဦးသန်းစိန် | အမှုဆောင် |
| ၁၁။ ဦးဘသစ် | အမှုဆောင် |
| ၁၂။ ဦးအေးမောင် | အမှုဆောင် |
| ၁၃။ ဦးအောင်မြင့် | အမှုဆောင် |
| ၁၄။ ဦးညွန့်မောင် | အမှုဆောင် |
| ၁၅။ ဦးထွန်းစိန် | အမှုဆောင် |
| ၁၆။ ဦးထွန်းလှိုင် | အမှုဆောင် |
| ၁၇။ ဦးအုန်းသွင်ကြီး | အမှုဆောင် |
| ၁၈။ ဦးထွန်းဝင်း | အမှုဆောင် |

တို့ ဖြစ်ကြပါသည်။

## ဆင်းတုတော်ထုနည်း လင်္ကာ

"အရှည်ဒီဃ ငါးရပ်ပြ၍ ပဉ္စဟတ္ထာ တောင်ငါးဖြာနှင့် ဒွါဝီသတိထွာဖြင့်ညှိ၍ တရိဒသ မှင့်နေပြသည် အင်္ဂုလသစ် ရှစ်အစွန်းကယ် နှစ်ဆယ်မှန်မော မုယောပန္နရသ် ပေါင်းမှတ်စုံဖွဲ့ ရာ့တစ်ဆယ့်ရှစ် ဤစနစ်ဖြင့် ဤခေတ်ကာလ လူထိုမျှတို့ ဗုဒ္ဓရူပေါ် ဆင်းတုတော်ကို လူကျော်လူစော ငါကောကောထိုက် ရွှေတိုက်တော်ဝင် ကျော်ထင်ကဝိ ခံစဘိသို့" ဟူ၍ ရုပ်ပွားဆင်းတုတော်

ထုလုပ်နည်းစနစ်ကို မုံရွေးဇေတဝန် ဆရာတော်ဘုရား ရေးသား တော်မူခဲ့၏။ အကျယ်ကို သမန္တစက္ခုဒီပနီကျမ်း ပထမတွဲ၌ လေ့လာ နိုင်ပါသည်။ သို့သော်လည်း မုံရွေးဇေတဝန်ဆရာတော်၏ နည်း စနစ်တို့မှာ တင်ပလ္လင်ခွေ ဆင်းတုတော်၏ အချိုးစနစ်များသာ ဖြစ်၏။ လျောင်းတော်မူ ဆင်းတုတော်၏ အချိုးအစား နည်း စနစ်များကို ဗဟုသုတအဖြစ် လေ့လာမှတ်သားနိုင်ရန် ဆရာကြီး ဦးသောင်း၏ နည်းစနစ်များကို ဖော်ပြလိုက်ပါသည်။

## ဆရာသောင်း၏ လျောင်းတော်မူရုပ်ပွားတော် အချိုးစနစ်များ

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို တည်ထား သူ မြိတ်မြို့မှ ရုပ်လုံးရုပ်ထု ပန်းပု ပန်းရန်ဆရာကြီး ဦးသောင်း၏ လျောင်းတော်မူ ရုပ်ပွားဆင်းတုတော် အချိုးအစားနည်းစနစ် များစွာ အောက်ပါအတိုင်းဖြစ်၏။

၁။ လျောင်းတော်မူရုပ်ပွား၏ ညာဖက်တော်အလျားကို (၄) တောင် (၁၅)သစ် မှုတည်ထားပါ။

၂။ ညာဖက်တော်အလျား၏ လေးချိုးတစ်ချိုးကို (တစ် တောင် ၃$\frac{၃}{၄}$သစ်ကို) အောက်စမွခဖက်၏ အနံထား ပါ။

၃။ စမွခဖက်အလျားကို ညာဖက်တော်အလျားထက် ခြေရင်း ခေါင်းရင်းမှ (၁၀ လက်သစ်)စီပို၍ထားပါ။

၄။ မျက်နှာတော်အလျားကို ဉာဏ်တော်၏ ခုနစ်ချိုး တစ်ချိုး (၁၅ $\frac{၆}{၇}$ သစ်) ထားပါ။

၅။ နဖူးတော်ကို လက်လေးသစ်ထားပါ။

၆။ သင်းကျစ်ကို လက်နှစ်သစ်ထားပါ။

၇။ မေးကို လက်လေးသစ်ထားပါ။

၈။ ရောင်လျှံတော်ကို လေးသစ်ထားပါ။

၉။ နှာခေါင်းတော်ကို လက်ငါးသစ်ထားပါ။

၁၀။ နားရွက်အရှည်ကို ရှစ်သစ်ထားပါ။

၁၁။ လည်တိုင်အရှည်ကို ခြောက်သစ်ထားပါ။

၁၂။ လည်မျိုမှ ခြေဖျားအထိ ဉာဏ်တော်၏ ခုနစ်ချိုး ခြောက်ချိုး(လေးတောင်၊ ခြောက်သစ်) ထားပါ။

၁၃။ ထောက်ထားသော တစ်ထောင်မှ သင်းကျစ် အလယ် ဗဟိုအထိ ဉာဏ်တော်၏ သုံးချိုး တစ်ချိုး(၂၁ သစ်) ထားပါ။

၁၄။ စမ္ပခဏ်မှ အောက်ပါးတော်အထိ ၁၅ သစ်ထားပါ။

၁၅။ ကိုယ်ပေါ်၌ ဆန့်တန်း၍တင်ထားသော လက်ဖျားကို ဒူးဆစ်နှင့် လက်သုံးသစ်ကွာ၍ထားပါ။

၁၆။ ကိုယ်လုံးတော်ဗဟိုမှ အလယ်လက်မောင်းတော်အထိ ရင်ဘတ်အကျယ်ကို မျက်နှာတစ်ပြန်နှင့် လက်ရှစ်သစ် (၁၇ $\frac{၆}{၇}$ သစ်) ထားပါ။

၁၇။ ပခုံးစွန်းမှ ချိုင်းအထိ ခြောက်သစ်ထားပါ။

၁၈။ ချိုင်းမှ လက်မောင်းရင်းအရှည်ကို (၁၉ $\frac{၆}{၇}$ သစ်) ထားပါ။

၁၉။ တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ မျက်နှာတစ်ပြန်နှင့် လေးသစ်(၁၉ $\frac{၆}{၇}$ သစ်) ထားပါ။

၂၀။ ခြောဖဝါးတော်အရှည်ကို မျက်နှာတစ်ပြန်နှင့် လက်သုံးသစ် (၁၈ $\frac{၆}{၇}$ သစ်) ထားပါ။

၂၁။ ပေါင်အရှည်ကို မျက်နှာနှစ်ပြန်ထားပါ။

၂၂။ လက်ကောက်ဝတ်မှ လက်ဖျားအထိ မျက်နှာတစ်ပြန်ထားပါ။

## ခြောက်ထပ်ကြီးရွှေသာလောင်း ရုပ်ရှင်တော်မြတ်ကြီး၏ အတိုင်းအထွာ ပမာဏတော်များ

| | | |
|---|---|---|
| ၁။ | ပလ္လင်တော်ကြီး အလျားပေ | ၂၃၀ |
| ၂။ | ပလ္လင်တော်ကြီး အနံအကျယ်ပေ | ၅၀ |
| ၃။ | ပလ္လင်တော်ကြီး အမြင့်ပေ | ၅ |
| ၄။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ ဦးဏှက်တော်အရှည်ပေ | ၂၁၆ |
| ၅။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ ဦးဏှက်တော်အမြင့်ပေ | ၅၈ |

| | | |
|---|---|---|
| ၆။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | ရောင်လျှံတော်အမြင့်ပေ | ၈ |
| ၇။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | ရောင်လျှံတော်လုံးပတ် | ၄၈ ပေ ၆ လက်မ |
| ၈။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | ဦးခေါင်းတော်လုံးပတ် | ၈၉ ပေ ၉ လက်မ |
| ၉။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | သင်းကျစ်တော်အရှည် | ၄၆ ပေ ၉ လက်မ |
| ၁၀။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | သင်းကျစ်တော်အနံ | ၅ ပေ ၃ လက်မ |
| ၁၁။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | ဥဏ္ဏာလုံမွေးရှင်တော် | ၁ ပေ ၆ လက်မ |
| ၁၂။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | မျက်နှာတော်အရှည် ပေ | ၂၄ |
| ၁၃။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | မျက်နှာတော်အကျယ်ပေ | ၃၈ |
| ၁၄။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | နှာတံအရှည်ပေ | ၉ |

၁၅။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
မျက်ခုံးတော်အရှည် ၉ ပေ ၃ လက်မ

၁၆။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
မျက်လုံးတော်အရှည် အလျား ၅ ပေ ၈ လက်မ

၁၇။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
မျက်လုံးတော် ထက်အောက်အနံ ၁ ပေ ၆ လက်မ

၁၈။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
နှုတ်ခမ်းတော်အလျား ၁၀ ပေ ၂ လက်မ

၁၉။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
နှုတ်ခမ်းတော် ထက်အောက်အနံ ၁ ပေ ၆ လက်မ

၂၀။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
အထက်မျက်တောင်မွေးတော်
အရေအတွက် ၇၁ ပင်

၂၁။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
အောက်မျက်တောင်မွေးတော်
အရေအတွက် ၆၀ ပင်

၂၂။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
နှာခေါင်းတော်အပေါက်အကျယ်အဝန်း ၄ ပေ

| | | |
|---|---|---|
| ၂၃။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | နားရွက်တော်အလျားအရှည် ၁၇ ပေ ၇လက်မ | |
| ၂၄။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | နားရွက်တော်အချင်းအနံ ၄ ပေ ၇ လက်မ | |
| ၂၅။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လည်ပင်းတော်အရှည်ပေ | ၈ |
| ၂၆။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လည်ပင်းတော်လုံးပတ်ပေ | ၄၈ |
| ၂၇။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လက်ကောက်ဝတ်လုံးပတ်ပေ | ၂၁ |
| ၂၈။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လက်ဖဝါးတော်အရှည်ပေ | ၂၅ |
| ၂၉။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လက်ဖဝါးတော်အနံပေ | ၁၂ |
| ၃၀။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လက်ရုံးတော်လုံးပတ်ပေ | ၃၆ |
| ၃၁။ | ရွှေသာလျောင်းကိုယ်တော်ကြီး၏ | |
| | လက်ရုံးတော်အရှည်ပေ | ၂၈ |

၃၂။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
လက်မောင်းတော်လုံးပတ်ပေ ၂၅
၃၃။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
ခြေဖဝါးတော်အရှည်အလျားပေ ၃၂
၃၄။ ရွှေသာလျောင်းကိုယ်တော်ကြီး၏
ခြေဖဝါးတော်အနံ့အကျယ်ပေ ၁၁

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး၏ ပမာဏအတိုင်းအထွာတော်များ သံပေါက်လက်ာ

၁။ မြို့တော်ရွှေဂုံ၊ သာမျိုးစုံ၊ ရန်ကုန်နေပြည်ဝယ်။

၂။ ရှင်ပင်ကျော်ဟည်း၊ ခြောက်ထပ်ကြီး၊ မငြီးရှုမောဖွယ်။

၃။ သက်တော်ဝိညာဉ်၊ရှိသောသွင်၊ ကြည်လင်လွန်တင့်
တယ်။

၄။ သူရိန်နတ်မင်း၊ ဖူးမြော်ခြင်း၊ မယှဉ်းခံသည့်နှယ်။

၅။ ထို့ကြောင့်သာပင်၊ မြတ်စောရှင်၊ တိုင်းခွင်လွန်ကြီး
ကျယ်။

၆။ နှစ်ရာ့သုံးဆယ်၊ပေဖြင့်ကွယ်၊ မှတ်ဖွယ်ပလ္လင်အလျား။

၇။ အနံ့အကျယ်၊ ပေငါးဆယ်၊ တစ်သွယ်မှတ်၍ထား။

၈။ အမြင့်ငါးပေ၊ ပလ္လင်ဗွေ၊ တစ်တွေမြဲမှတ်သား။

၉။ စွန်းဆယ့်ခြောက်ပေ၊ လွန်ကဲနေ၊ ညာဏ်ရှည်နှစ်ရာထား။

၁၀။ ငါးဆယ့်ရှစ်ပေ၊ ညာဏ်တော်နေ၊ မှတ်လေအမြင့်ကား။

၁၁။ ရောင်တော်လျှံတင့်၊ ရှစ်ပေမြင့်၊ ဦးကင်းထိပ်တော်ထား။

၁၂။ လေးဆယ်ထက်ကဲ၊ ရှစ်ပေခွဲ၊ မှတ်မြဲလုံးပတ်အား၊

၁၃။ လက်မကိုးခု၊ အစွန်းပြုလျက်၊ စတုသီတိ လုံးပတ်ရှိမဏိဦးခေါင်းကား။

၁၄။ သင်းကျစ်တော်ရှည်၊ လေးခြောက်ပေ၊ ကဲလေကိုးလက်မ။

၁၅။ အနံ့အရွယ်၊ ငါးပေကျယ်၊ တစ်သွယ်သုံးလက်မ။

၁၆။ ဥဏ္ဏာလုံမွေ၊ ငွေနန်းခွေ၊ တစ်ပေခြောက်လက်မ။

၁၇။ နှစ်ဆယ့်လေးပေ၊ မျက်နှာရှည်၊ မသွေမှတ်လေကြ။

၁၈။ မျက်နှာအကျယ်၊ တိုင်းရာဝယ်၊ သုံးဆယ့်ရှစ်ပေရ။

၁၉။ နှာတံဖြောင့်စင်း၊ ကိုးပေချင်း၊ မယွင်းသင်္ချာရ။

၂၀။ သုံးလက်မကိုးပေ၊ အလျားရှည်၊ မှတ်လေ ဘမုခ။ (မျက်ခုံးက)

၂၁။ ရှစ်လက်မငါးပေ၊ အလျားရှည် မှတ်လေ နယန။ (မျက်လုံးက)

၂၂။ ထက်အောက်အကျယ်၊ အနံ့ငယ်၊ မှတ်ဖွယ်တစ်ခွဲရ။

၂၃။ သန္တာရောင်ပြေး၊ နီထွေးပါးလှပ်၊ ပါးစပ်အလျား၊ ဆယ်ပေထား၊ မှတ်သားနှစ်လက်မ။

၂၄။ ထက်အောက်အနံ၊ ဧကန်မသွေ၊ တိုင်းတာလေ၊ တစ်ပေခြောက်လက်မ။

၂၅။ အထက်မျက်တောင်၊ ကော့ယောင်ယောင်၊ ပင်ထောင် ခုနစ်ဆယ့်တစ်။

၂၆။ အောက်မျက်တောင်မွေး၊ ကော့သေးသေး၊ ပင်ရေးခြောက်ဆယ်ဖြစ်။

၂၇။ နှာဝအကျယ်၊ မသေးငယ်၊ မှတ်ဖွယ်စင်စစ်၊ လေးပေဖြစ်။

၂၈။ နားတော်ဖားဖား၊ အရှည်ကား၊ မှတ်သားဆယ့်ခုနစ်။

၂၉။ အစွန်းလက်မ၊ ဖော်ညွှန်းပြ၊ သတ္တဂဏန်းစစ်။

၃၀။ အချင်းလေးပေ၊ သချီာနေ၊ သတ္တေလက်မဖြစ်။

၃၁။ ရွှေမရိုးစည်၊ သွင်တူညီ၊ရွှေလည်တိုင်မြတ်၊ရှစ်ပေမှတ်။

၃၂။ ရှစ်ပေခြောက်လီ၊ သချီာသည်၊ ရွှေလည်လုံးပတ်၊ ထုံးဖြင့်မှတ်။

၃၃။ ဧကဝီသ၊ လုံးပတ်ရ၊ မှတ်ကြလက်ကောက်ဝတ်။

၃၄။ ရှည်နှစ်ဆယ့်ငါး၊ နံကားဆယ့်နှစ်၊ လက်ဝါးဖြစ်၊ စိစစ်ရေတွက်မှတ်။

၃၅။ သုံးဆယ့်ခြောက်ပေ၊ လုံးပတ်နေ၊ မှတ်လေလက်ရုံး တော်။

၃၆။ နှစ်ဆယ့်ရှစ်ပေ၊ အလျားနေ၊ တစ်ထွေလက်ရုံးတော်။

၃၇။ ပေနှစ်ဆယ့်ငါး၊ လုံးပတ်ထွား၊ မှတ်သားလက်မောင်း တော်။

၃၈။ အလျားသုံးနှစ်၊ နံဆယ့်တစ်၊ မှတ်လစ်ခြေဖဝါးတော်။

၃၉။ ခြောက်ထပ်ရှင်ပင်၊မြတ်စောရှင်၊ဤတွင်အတိုင်းတော်။

၄၀။ မှတ်လွယ်စေလို၊ သံပေါက်ဆို၊ ထေရ်ပျိုရဟန်းတော်။

၄၁။ သိလိုသူများ၊ ကျက်မှတ်ထား၊ တိုးပွားကုသိုလ်တော်။

## ခြောက်ထပ်ကြီးရွှေသာလျောင်းရုပ်ရှင်တော်မြတ်ကြီးကို တည်ထားသူ ပန်းပု ပန်းရန်ဆရာကြီး မြိတ်ဆရာသောင်း၏ အတ္ထုပ္ပတ္တိအကျဉ်း

ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီးကို ကမ္ဘာကျော်အောင် အနုပညာလက်ရာပြောင်မြောက်စွာဖြင့် တည်ထားခဲ့သူ ပန်းပု ပန်းရန်ဆရာကြီး ဦးသောင်းကို ဂုဏ်ပြုသောအားဖြင့် သူ၏အတ္ထုပ္ပတ္တိကိုလည်း မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။

ဆရာကြီး ဦးသောင်းသည် တောင်မြောက်အလျားလိုက်တည်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ဘက်အစွန်း၌ တည်ရှိသော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့

နယ်တွင် အခြေချနေထိုင်ခဲ့သူဖြစ်သော်လည်း သူ၏ဇာတိချက်မြှုပ် အရပ်မှာ မြန်မာ့ရိုးရာ အနုပညာသည်တို့၏ မွေးဖွားရာ စစ်ကိုင်း တိုင်း၊ မုံရွာမြို့ဖြစ်သည်။ ၁၂၇၇ ခုနှစ် ဝါခေါင်လဆုတ် (၁၃) ရက် အင်္ဂါနေ့တွင် အထက်အညာ မုံရွာမြို့၌ အဘဦးကြွယ်-အမိ ဒေါ်နှင်းရီတို့မှ ဆရာသောင်းကို မွေးဖွားခဲ့သည်။ ဆရာသောင်း လေးနှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့သည် မိမိတို့၏ဇာတိ ဖြစ်သော ကျောက်မျက်ရွာသို့ ပြန်လည် ပြောင်းရွှေ့ခဲ့ကြပြီးလျှင် ကိုယ်ပိုင် စက်လှေကြီးတစ်စင်းကို ဝယ်ယူလျက် ချင်းတွင်းမြစ်ရိုး တစ်လျှောက်၌ ထက်အောက်ဆန်စုန်၍ ကူးသန်းရောင်းဝယ်ကာ နေထိုင်ခဲ့ကြသည်။

အထက်အညာတောရွာ ဓလေ့ထုံးစံအတိုင်းဆရာသောင်း ခုနစ်နှစ်သား ရှစ်နှစ်သားအရွယ်တွင် ကျောက်မျက်ရွာဘုန်းတော် ကြီးထံသို့ အပ်နှံ၍ ပညာသင်ယူစေသည်။ ဆရာသောင်းသည် ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သော်လည်း စာပေသင်ယူခြင်း ထက် မိမိ၏ ဝါသနာပါဇာအလျောက် အရုပ်ရေးခြင်း၊ ရွှံ့စေးဖြင့် အရုပ်အမျိုးမျိုးကို ထုလုပ်ခြင်းများကို ပြုလုပ်၍ ဆော့ကစား တတ်သောကြောင့် ဆရာဘုန်းကြီး၏ ဆုံးမခြင်းကို အကြိမ်ကြိမ် ခံရကြောင်း သိရ၏။ အသက် (၁၇) နှစ် (၁၈) နှစ်သားအရွယ်တွင် ရှင်လူထွက် တစ်ဦးတည်းသော သားဖြစ်သူ၏ ဝါသနာဗီဇကို အကဲခတ် လေ့လာပြီး အဘဖြစ်သူ ဦးကြွယ်က ပန်းရန်ပန်းပု ဆရာကြီး ဦးမြထံသို့ အပ်နှံ၍ ပေးခဲ့သည်။

ဆရာသောင်းသည် ဆရာမြထံ၌ မိမိဝါသနာပါသော

ပန်းပုပညာကို ကျိုးနွံစွာ သင်ယူလျက် ဆရာမြ သွားလေရာသို့ အတူလိုက်ပါ၍ အလုပ်လုပ်ရင်း ပညာသင်၊ ပညာသင်ရင်း အလုပ်လုပ်ခဲ့သည်။ ထိုသို့ ဆရာမြနှင့်အတူ အထက်အောက် မြို့ရွာအနှံ့ လှည့်လည်၍ ပညာသင်ယူနေရင်း အလုပ်လုပ်ကိုင်နေစဉ် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်ရွာသို့ ရုပ်ပွားတော်တစ်ဆူ ဖမ်းရန်(တည်ရန်) ရောက်ရှိသွားကြသည်။ ဆရာသောင်းသည် ထိုစဉ်က ပညာပြည့်စုံတတ်မြောက်နေပြီဖြစ်၍ ဆရာမြ မျက်နှာလွှဲရသော လက်ထောက်ဆရာတစ်ဦးအဖြစ်ဖြင့် လုပ်ကိုင်နေပြီဖြစ်သည်။ ဆရာမြမှာ အလုပ်ကိုလက်ခံရုံ၊ အလုပ်ရှင်တို့နှင့် စကားပြောရုံလောက်ကိုသာ လက်ခံပြောဆို၍ အထက်နှင့် အောက် သွားလိုက်ပြန်လိုက်သာ လုပ်နေသည်။ အစအဆုံး လုပ်ငန်းပြီးစီးသည်အထိ ဆရာသောင်းသာလျှင် လုပ်ကိုင်နေရသည်။ ထို့ကြောင့် ပုလောမြို့နယ်တွင် အနေကြာသဖြင့် ပလောက်ရွာမှ ဘုရားဒါယကာ ဦးဘငြိမ်း-ဒေါ်ငြိမ်းမယ်တို့၏သမီးနှင့် လူငယ်ချင်း နီးစပ်ပြီး အိမ်ထောင်ကျလေသည်။

အိမ်ထောင်ကျပြီးနောက် အထက်အညာသို့ ဆရာနှင့်ပြန်၍ မလိုက်တော့ဘဲ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်တို့အတွင်းမှ မြို့ရွာတို့၌ ဘုရားတည်ခြင်း၊ ဝေဿန္တရာဇာတ်တော် အစရှိသော ဇာတ်နိပါတ် ရုပ်လုံးရုပ်ကြွများကို ထုလုပ်ခြင်း စသည်တို့ကို လုပ်ကိုင်လျက် မြိတ်မြို့၊ သန်းဖိုရပ်၊ ပုလဲလမ်း၌ အခြေချ နေထိုင်ခဲ့သည်။ မြိတ်မြို့ ပထက်ဇတောင်မှ ညာဏ်တော်အတောင် (၁၂၀) ရှိသော ရွှေသာလျောင်း ဘုရားကြီးနှင့် ဘုရားငါးဆူရပ်မှ လူ့အရွယ်လောက်

ပမာဏရှိကြသော ဝေဿန္တရာဇာတ်ထုပ် ရုပ်လုံးပေါင်း (၁၂၀)ခန့်တို့သည် ဆရာသောင်း၏ ထင်ရှားသောလက်ရာကောင်းများပင် ဖြစ်ကြလေသည်။

ထားဝယ်မြို့မှ ရှစ်မိုင်ကွာသော ညောင်ဇင်ရွာတွင် အရပ်ငါးပေခန့်အရွယ်ရှိသော ဝေဿန္တရာဇာတ်ထုပ် ရုပ်လုံးပါင်း (၂၀၀) ကျော်သည်လည်း ဆရာသောင်း၏ လက်ရာကောင်းများပင် ဖြစ်ကြ၏။ ဝေဿန္တရာဇာတ်နိပါတ်ကို ထုလုပ်သရုပ်ဖော်ပုံ ကောင်းမွန်လှသောကြောင့် ဝေဿန္တရာ ဆရာသောင်းဟုပင် ကျော်စောနေကြောင်းသိရ၏။ ထိုသို့ ထားဝယ်မြို့၌ ဝေဿန္တရာဇာတ်နိပါတ်ရုပ်လုံးများကို ထုလုပ်နေစဉ် အချိန်အတွင်း၌ပင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့မှ အမှုဆောင်လူကြီး ဒေါ်တင်တင်၏ ဆက်သွယ်ဖိတ်ခေါ်မှုကြောင့် ထားဝယ်မြို့မှ ရန်ကုန်သို့ လေယာဉ်ဖြင့် လိုက်လာခဲ့ပြီး နမူနာ ပုံတော်တစ်ဆူကို ထုလုပ်၍ တင်ပြရာ တည်ဆောက်ရေးအဖွဲ့က သဘောကျသဖြင့် စာချုပ်ချုပ်ဆို၍ အလုပ်အပ်နှံခြင်းကို ခံခဲ့ရသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို တည်ထားပြီးနောက် မအူပင်၊ သာယာဝတီ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အစရှိသော တိုင်းနှင့်ပြည်နယ် အသီးသီးတို့၌ လျောင်းတော်ပုံ၊ ထက်ဝယ်ဖွဲ့ထိုင်တော်မူပုံ၊ ရပ်တော်မူပုံစသော ဆင်းတုတော်ပုံ အမျိုးမျိုးနှင့် ဆရာတော်ကြီးများ၏ပုံတော် ရုပ်လုံးအများအပြားကိုလည်း ထုလုပ်ပေးခဲ့ရသည်။

၁၃၄၂ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့

စခန်းကြီး ဉာဏစာဂီရိပ်သာတွင် ဗျာဒိတ်ပေးရပ်တော်မူ ဘုရားကြီး တစ်ဆူကိုတည်နေစဉ် မကျန်းမာသဖြင့် တောင်ကြီးမြို့ စပ်စံထွန်း ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရာ ရောဂါမသက်သာဘဲ ၁၃၄၃ ခုနှစ် ကဆုန်လဆန်း (၄) ရက်နေ့တွင် ဆေးရုံ၌ပင် ကွယ်လွန်သွား ရှာလေသည်။ ကွယ်လွန်ချိန်၌ အသက် (၆၆) နှစ်ရှိ၍ ဇနီးဒေါ်မြ လှိုင်နှင့်အတူ သားသုံးယောက်၊ သမီးလေးယောက် ကျန်ခဲ့သည်။

## နိဂုံးနှင့် ဆုတောင်း

(၁) သတ္တာဒေဝမနုဿာနံ၊ တိဝိဓသုခကာရဏံ။
ဝေနေယျာနံ ကတေတွာန၊ ပရိနိဗ္ဗာယိ အစ္စုတံ။

(၂) ပရိနိဗ္ဗာနာနန္တရေ၊ ဟိတာယ သဗ္ဗပါဏိနံ။
သာသနံ ဌပယိတွာန၊ စေတိယာနိစ ဒေသယိ။

(၃) ပဋိဣပနပူဂဿ၊ ဥက္ကဋ္ဌေန သုယာစိတော။
ခြောက်ထပ်ကြီးဝှယ ဗိမ္ဗဿ၊ အတ္ထုပ္ပတ္တိ သုလေခိတာ။

(၄) ဣမိနာ ပုညကမ္မေန၊ စရန္တော ယဒိ သံသာရေ။
သညာပေန္တော ပရေသမ္ပိ၊ မတိမန္တော ဘဝါမဟံ။

(၅) ပစ္ဆိမေ အတ္တဘာဝေပိ၊ ကဝိသေဋ္ဌော ဝိဘာဝိနံ။
အဂ္ဂမဂ္ဂံ လဘိတွာန၊ သစ္ဆိကရောမိ နိဗ္ဗုတိံ။

(၁) ဒေဝမနုဿာနံ- လူနတ်ပြဟ္မာ သတ္တဝါတို့၏၊

သတ္ထာ-ဆရာတစ်ဆူဖြစ်တော်မူသော သဗ္ဗညုတ မြတ်စွာဘုရား သခင်သည် တိဝိဓသုခကာရဏံ တိဝိဓသုခကာရဏာနိ- လူနတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရရာရကြောင်း စစ်မှန်သော နည်းလမ်းကောင်းတို့ကို၊ ဝေနေယျာနံ- ဝေနေယျကြာ သတ္တဝါတို့အား၊ ကတေတွာန ဟောကြားညွှန်ပြဆုံးမတော်မူ၍၊ အစ္စုတံ-ရွေ့လျော ပြတ်ကြွေ နောင်တစ်ဖန်သေရခြင်းမရှိသော နိဗ္ဗာန်သို့ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေပြီ။

(၂) ပရိနိဗ္ဗာနာနန္တရေ-ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်၏ အခြားမဲ့၌၊ သဗ္ဗပါဏိနံ- ခပ်သိမ်းကုန်သော သတ္တဝါတို့၏၊ ဟိတာယ-အကျိုးစီးပွားအလို့ငှာ၊ သာသနံပို့ချသင်ယူ တမူကျင့်ကြံ အမှန်ထိုးထွင်း ထင်လင်းသိရာ သာသနာသုံးရပ် တရားမြတ်ကို၊ ဌပယိတွာန-ချန်ထားတော်မူခဲ့၍၊ စေတိယာနိစ-ရိုသေလေးမြတ် ဆည်းကပ်ဝပ်စင်း ရှိခိုးခြင်း၏ မယွင်းမှန်စွာ တည်ရာအပြား စေတီတော်လေးပါးတို့ကိုလည်း၊ အဒေသယိ- မိမိကိုယ်စား ကုသိုလ်ပွား ဖို့ ဝပ်တွားကော်ရော် ပူဇော် နေ့ညပြုလေကြဟု မိန့်ဟထုတ်ဖော် ဟောကြားတော်မူခဲ့လေပြီ။

(၃) ပဋိဌပန ပူဂဿ - ခြောက်ထပ်ကြီးရွှေသာလျောင်း ဘုရားကြီး ပြန်လည်တည်ဆောက်ထားရေးအဖွဲ့၏ ဥက္ကဋ္ဌေန- အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သော၊ ရာဇဒိန္နလဒ္ဓလဉ္ဆေန- ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရမင်းသည် ချီးမြှင့် မြှောက်စား ပေးသနားအပ်သည်ဖြစ်၍ သီရိပျံချီ ဟူသောဘွဲ့တံဆိပ် ကို ရရှိထသော ဦးမောင်မောင် နာမမဟာဥပါသကေန- ဦးမောင်

မောင် အမည်ရှိသော ဒါယကာကြီးသည်၊ သုယာစိတော-ရိုသေလေးမြတ်စွာ ကောင်းစွာ တောင်းပန်အပ်သည်ဖြစ်၍၊ ခြောက်ထပ်ကြီး ဝှယဗိမ္ဗဿ-ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ အတ္ထုပ္ပတ္တိံ-ကြောင်းရာစုံလတ် သမိုင်းအတ္ထုပ္ပတ်ကို၊ အဟံ-ခေမိန္ဒသာမိ မည်ရှိသမုတ် အကျွန်ုပ်သည်၊ သုလေခိတာ- ကောင်းစွာပီပြင်ကြည်လင်ပြတ်သား သဒ္ဒါအားဖြင့် ရေးသားစီရင်ခဲ့ပြီ။

(၄) အဟံ-ငါသည်၊ ဣမိနာ ပုညကမ္မေန-ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ အတ္ထုပ္ပတ္တိသမိုင်းကို ရေးသားရသော ဤကုသိုလ်ကောင်းမှုကြောင့်၊ သံသာရေ-ဘဝများစွာ သံသရာ၌၊ ယဒိစရန္တော-အကယ်၍ ကျင်လည်ရသေးသည်ရှိသော်၊မတိမန္တော-အသိဉာဏ်ပညာနှင့် ပြည့်စုံသူသည်၊ ဟုတွာ-ဖြစ်၍၊ ပရေသမ္ပိ-သူတစ်ပါးတို့ကိုလည်း၊ သညာပေန္တော-ကိုယ်နှင့်မခြား မေတ္တာထား၍ သိနားလည်အောင် လမ်းညွှန်နည်းပြ ဆုံးမနိုင်သူသည်၊ ဘဝါမိ-ဖြစ်ရပါလို၏။

(၅) ပစ္ဆိမေ အတ္တဘာဝေပိ- နောက်ဆုံးဖြစ်သော ဘဝ၌လည်း၊ ဝိဘာဝီနံ-ကဝိကျော်ထင် ပညာရှင်ပုဂ္ဂိုလ်အပေါင်းတို့တွင်၊ ကဝိသေဋ္ဌော-အမြတ်ဆုံးပညာရှိပုဂ္ဂိုလ်သည်၊ ဟုတွာ-ဖြစ်၍၊ အဂ္ဂမဂ္ဂံ-မြတ်သော အရဟတ္တမဂ်ဉာဏ်ပညာကို၊ လဘိတွာန-ရ၍၊ နိဗ္ဗုတိံ-ဒုက္ခခပ်သိမ်းငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကို သစ္ဆိကရောမိ-မုချပိုင်ပိုင် မျက်မှောက်ပြုနိုင်ရပါလို၏။

**ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသမိုင်း ပြီး၏။**

# ဓမ္မဒါနအလှူရှင်များ

၁။ ဦးဇော်မိုး + ဒေါ်ဥမ္မာကို
သား မင်းထက်ကို၊ ဘုန်းမြတ်ကို
အမှတ်(၂၂၃)၊ ဗောဓိရိပ်သာလမ်း၊
ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်။
**အုပ်ရေ (၂၀၀၀)**

၂၀၄၇၇
၁၈.၁.၁၆

၂။ ဖေဖေ ဦးသိန်းဆောင်၏ (၈၂) နှစ်ပြည့်
မွေးနေ့အလှူ
သားညီညီလွင် + ရီရီခင် (မတိုး)
M&H မိသားစုကောင်းမှု
**အုပ်ရေ (၁၀၀၀)**

## ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ

(၁) မူလ ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးကို ၁၂၆၉ ခုနှစ်တွင် ဘုရားဒါယကာ သူဌေးကြီး ဆာဦးဘိုးသာက တည်ထားသည်။

(၂) ၁၃၁၉ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက် (၂.၉.၅၇) နေ့တွင် အသစ်ထပ်မံ၍ ပြုပြင်တည်ထားရန် မူလ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးကို ခြေတော်ရင်းမှ စတင်၍ ဖျက်သည်။

(၃) ဂန္ဓကုဋီသံတန်ဆောင်းတော်ကြီးကို တည်ဆောက်ရန် ၁၃၂၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း (၅)ရက် (၁၀-၇-၅၈) နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အုတ်မြစ်ချပေးသည်။

(၄) ၁၃၂၅ ခုနှစ်၊ ဝါဆိုလဆန်း (၃) ရက် (၂၃-၆-၆၃) နေ့တွင် ဂန္ဓကုဋီသံတန်ဆောင်းတော်ကြီး တည်ဆောက်ပြီးစီးသည်။

(၅) သံတန်ဆောင်းတော်မှာ အလျား ပေ ၂၈၀၊ အနံ ပေ ၉၀၊ အမြင့် ၆၅ ပေ ရှိသည်။

(၆) ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၄-၉-၆၆) နေ့တွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးကို အသစ်တစ်ဖန် ထပ်မံ၍ တည်သည်။

(၇) ၁၃၃၆ ခုနှစ်၊ ကဆုန်လပြည့် (၅-၅-၇၄) ဗုဒ္ဓနေ့တွင် အကြမ်းထည် ပြီးစီး၍ ပထမအကြိမ် ဗုဒ္ဓါဘိသေကသဘင် အနေကဇာတင်ပွဲ ကျင်းပသည်။

(၈) ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ အတိုင်းအဆ ပမာဏတော်များမှာ ပလ္လင်ကြီး အလျား ပေ ၂၃၀၊ အနံပေ ၅၀၊ အမြင့် ၅ ပေ၊ ဆင်းတုတော်ကြီး၏ ဉာဏ်တော် အလျား ၂၁၆ ပေ၊ အမြင့် ၅၈ ပေ ရှိသည်။